
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၁၃၂၆၀၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၃၉၄၀၂

ဖြန့်ချီရေး
အောင်မြင်စာပေ
အမှတ်(၁)
အောင်ဘာလေ
ကျောက်မြောင်း

အတွင်းနှင့်
မျက်နှာဖုံးပုံနှိပ်
ဦးအောင်မြင့်
အောင်မြင်ပုံနှိပ်တိုက်
သုဝဏ္ဏ၊ ရန်ကုန်မြို့

ပထမအကြိမ်
ဇွန်လ၊ ၂၀၁၁
တန်ဖိုး(၁၅၀

ထုတ်ဝေသူ
ဦးအောင်မြင့်
အမှတ်(၇)၊ သီတာလမ်း
ကျောက်မြောင်း၊ ရန်ကုန်မြို့

ဇ၉၅.ဇ၃
မြပုလဲခင်
ချစ်သူငြိမ်းစေ / မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၁။
၂၆၀ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်



# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com








## အခန်း(၁)

မိုးက သဲသဲမဲမဲကို ရွာသွန်းနေပြီကော 'သားလေး' ရယ်။ မိုးနဲ့ အိမ်ခေါင်မိုးထိသံကို ထူးဆန်းအံ့ဩဖွယ်ရာတစ်ခုလို နားစွင့်ရင်း အငိုတိတ်ကာ စူးစမ်းသော မျက်လုံးလေးတွေနဲ့ လူ့လောကကို စတင်ရောက်လာခဲ့တဲ့ မွေးနေ့ဆိုတဲ့နေ့ကို ထပ်ရောက်လာပြန်ပြီ 'သားလေး' ရယ်။

ငါ့ရင်ထဲမှာ ငိုကြွေးနေတဲ့ ငိုချင်းမိုးဟာ ပြင်ပလောကမှာ ဖြစ်ပျက်နေတဲ့ မိုးသဲသဲမဲမဲ ရွာသွန်းမိုးထက် သာလွန်နေမယ်ဆိုတာကို နင်ကတော့ သိနိုင်မယ် မထင်ဘူးနော်။

အေးလေ. . . ငါဆိုတဲ့ငါကလည်း အင်မတန်ကို ဟန်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကောင်းတဲ့ 'ကောင်မလေး' တစ်ယောက် ဖြစ်နေခဲ့တာကိုး။ ကြည့်ပါဦး 'သားလေး' ရယ်။ အရှိန်အဟုန်ပြင်းစွာနဲ့ ကျလာတဲ့ မိုးသီးမိုးပေါက်တွေဟာ မြေပြင်နဲ့ ထိအတွေ့မှာ လွင့်ပေါက်ပြီး အထက်ဘက်ကို ခုန်စဉ်သွားတယ်။

ဒါတွေကိုလေ. . . နင်နဲ့ငါ ငယ်ငယ်ကတည်းက သဘောကျစွာနဲ့ မိုးပေါက်လေးတွေနဲ့အတူ ခုန်ပေါက်ပြေးလွှား ဆော့ကစားရင်းနဲ့ 'မိုးရွာရင် မိုးရေချိုးမယ်၊ ဖေဖေလာရင် အုန်းသီးခွဲစားမယ်၊ သရက်သီး ကြွေရင် လုကောက်မယ်' လို့ သံပြိုင်အော်ဆိုရင်း မိုးရေချိုးခဲ့တာတွေကို ငါ့မျက်ဝန်းမှာ ထင်ဟပ်လာပြန်တယ်။

သရက်ကင်းလေးတွေ ကြွေအကျ လုကောက်ရင်း စာဆိုမှာ မရှိတဲ့ 'သရက်သီး ကြွေရင် လုကောက်မယ်၊ ခရေကြွေရင်လည်း လုကောက်မယ်' လို့ ဖြည့်စွက်ပြီး နင်နဲ့ငါ သရက်သီး အကင်းလေးတွေကစပြီး သရက်သီး မှည့်သည်အထိ လုကောက်ခဲ့တာတွေ၊ ခရေလေးတွေ ကောက်ပြီး အတူသီကုံးပြီး မိုးတိတ်ချိန်မှာ ရွှေမျက်မှန်ဘုရား၊ တစ်ခါတစ်ရံ ချမ်းသာကြီးဘုရား၊ အဲ. . . လူကြီးတွေ လစ်ရင် ရွှေနတ်တောင်ဘုရားအထိ သွားပြီး ခရေပန်းကုံးတွေကို အတူကပ်လှူပြီး 'စာမေးပွဲ အောင်ရပါလို၏ဘုရား' လို့ ဆုတောင်းခဲ့တာတွေ နင်မှ မှတ်မိပါလေစ 'သားလေး' ရယ်။

ငါကတော့လေ. . . မိုးစက်လေးတွေနဲ့အတူ နှလုံးသား မျက်ရည်စက်တွေ ကျရင်းနဲ့ 'သားလေးနဲ့ရွှန်း' တို့ရဲ့အတိတ်ပုံပြင်ဟာ ထင်ဟပ်နေဆဲပါ။

သရက်ကင်းလေးတွေကို အတူလုကောက်ကြပေမယ့် ပြီးရင် ရသမျှ စုပုံပြီး ညီတူညီမျှ ခွဲဝေယူပြီးမှ အကျႌကိုချွတ် ထုပ်ပိုး





ပြီး အိမ်ကိုပြန် မိခင်ကို အသီးသီး မျက်နှာပြန်လုပ်ကြတယ်နော်။ အဲဒီအခါ မေမေက ငါ့မျက်နှာကို မျက်နှာသုတ်ပုဝါနဲ့ ဆီးကြိုသုတ်ပေးရင်း. . .

"ဒီကလေးနှစ်ယောက်ဟာလေ. . . အအေးမိတော့မှာပဲ၊ ပြောလို့ကိုမရဘူး၊ သရက်သီးကင်းက မိုးတိတ်မှ ကောက်လဲ ရပါတယ်"

"သူများတွေ ကောက်သွားမှာပေါ့"

"ကောက်သွားလို့ မရှိရင် ဝယ်စားလို့ရတာပဲ၊ အအေးမိမှ ဆေးဖိုးကုန်နေဦးမယ်"

"ကုန်ပါစေ. . . ဘယ်တုန်းက ဖျားဖူးလို့လဲ"

"မေမေ့ကို ခံမပြောနဲ့၊ နောက်တစ်ခါ မိုးရွာထဲ ဆင်းဆော့ရင် အရိုက်ခံရမယ်"

"ဆင်းဆော့တာ မဟုတ်ဘူး၊ ရေဆင်းချိုးတာပါ၊ မိုးရေချိုးရင် မိတ်ပျောက်တယ်လို့ မေမေပဲ ပြောထားပြီးတော့"

"ရွှန်းနော်"

မေမေ ဘယ်တော့မှ မရိုက်ဘူးလို့ ယုံကြည်ထားတဲ့ ငါဟာ မေမေ့ကို မကြောက်ဘူး၊ ဒါပေမယ့် အိမ်သားအားလုံးထဲမှာ မေမေ့ကို အချစ်ဆုံးပဲ။

"သားလေးကော ပြန်သွားပြီလား"

"အင်း"

"ဘာအင်းလဲ. . . ပြန်ပြော"

"ဟုတ်. . . ဟုတ်ကဲ့ပါရှင့်"

ငါက သွားပိုးစားထားတဲ့ သွားလေး ကျိုးတိုးကွဲတာနဲ့ ရယ်



www.burmeseclassic.com

www.burmeseclassic.com



ခမာပြီး ဖြေလိုက်တဲ့အခါ မေမေက ငါ့ကို. . .

'ဒီကောင်မလေးဟာလေ' လို့ ဆိုပြီး ငါ့ပါးကို ရွှတ်ခနဲ နမ်းပြီး နွေးထွေးစေတဲ့ အဝတ်အစား ထူထူထဲထဲလေးတွေ ဝတ်ပေးတယ်။

ငါ့လိုပဲ နင်ဟာလည်း နင့်အမေရဲ့ အပြုအစုကို ကျေနပ်စွာ ခံယူခဲ့ရတယ်နော်။

ဒါကြောင့် ထင်ပါတယ်။

နင်နဲ့ငါဟာ မတိုင်ပင်ဘဲနဲ့ မိုးရွာပြီဆိုရင် တို့နှစ်အိမ်ကြားမှာ ရှိနေတဲ့ သရက်ပင်ကြီးနဲ့ ခရေပင်ကြီးအောက်ကို ရောက်သွားကြတယ်နော်။

ပြီးရင် နှာတဆတ်ဆတ် ချေသည့်အထိ ပြေးလွှား ဆော့ကစားကြတယ်။

လူကြီးမိဘတွေ အော်ဟစ်ခေါ်သံကိုလည်း ကြားလျက်နဲ့ မိုးသံကြောင့် မကြားရဘူးဆိုတဲ့ ဆင်ခြေတစ်ခုနဲ့ မကြားဟန်ပြုပြီး နှစ်ဦးစလုံး စိတ်ကျေနပ်မှုရတဲ့အထိ ကစားကြစမြဲနော်။

ခိုက်ခိုက်တုန် ချမ်းလာတော့မှ သရက်သီးထုတ်လေး ပိုက်ပြီး အိမ်ကို ပြန်ပြေးကြပြီး မိခင်ရဲ့မေတ္တာနဲ့ အကြင်နာကို ကျေနပ်စွာ ခံယူ တတ်စမြဲ။ ဒါကိုကပဲ ကလေးဘဝရဲ့လိုအပ်မှုတစ်ရပ်အဖြစ် သတ်မှတ်ပြီး တမင်ပဲ ဆင်းဆော့ကစားမိကြတာ ထင်ပါရဲ့။

"ရွှန်း. . . ရွှန်းရေ၊ တယ်လီဖုန်း လာတယ်"

မေမေ့အသံ ကြားလိုက်ရတော့မှ မိုးစက်မိုးပေါက်တွေနဲ့ အတူ အတိတ်ကို ပြန်လည်ရောက်ရှိနေတဲ့ ငါ့ရဲ့စိတ်ဟာ ပြန်လည် နိုးထလာတယ်။





"ရှင်. . . လာပြီ မေမေ"

ဧည့်ခန်းမှာ ရှိတဲ့ တယ်လီဖုန်း ထားတဲ့နေရာကို ငါ အပြေးအလွှား ရောက်ခဲ့တယ်။

"ဘယ်သူ့ဆီကလဲ မေမေ"

"သားလေးဆီကပဲပေါ့"

ငါ ရင်ထဲမှာ နွေးခနဲ ဖြစ်သွားတယ်။

နင့်အကြောင်း တွေးနေတုန်း နင့်ဆီက ဖုန်းလာတယ်ဆိုတော့ နင်လည်းပဲ ငါ့လိုပဲ မိုးနဲ့အတူ အတိတ်ဘဝက ငါ့ကို သတိတရ ရှိလို့ နေမှာပေါ့နော်။

ငါ ရွှင်မြူးအားရ ကျေနပ်မှုနဲ့အတူ ချထားတဲ့ တယ်လီဖုန်းခွက်ကို ကောက်ကိုင်လိုက်တယ်။

"ဟဲလို. . . သားလေး"

"ရွှန်း. . . ငါ့ကို ကူညီပါဦးဟာ"

ငါ့ရဲ့ပျော်ရွှင်မှုဟာ အလိုအလျောက် ရပ်တန့်သွားတယ်။

"ပြော. . . ငါဘာကူညီရမှာလဲ"

ငါ့အသံဟာ အလိုမကျမှုကြောင့် မာဆတ်ဆတ် ဖြစ်နေလိမ့်မယ်၊ သည်အသံကို နင် နားဝင်ဘယ်ချိုနိုင်မလဲနော်။

"မြတ်လေ"

ငါ သက်ပြင်းချလိုက်မိတယ်။

"မြတ် ငါ့ကို စိတ်ကောက်နေပြန်ပြီ"

"ဟဲ့. . . နင့်ရည်းစား နင့်ကို စိတ်ကောက်တာ ငါနဲ့ဘာ ဆိုင်လို့လဲ"

"ရွှန်းရယ်. . . နင် ငါ့စကားကို သေသေချာချာ နား



www.burmeseclassic.com

www.burmeseclassic.com



ဒုထောင်ပြီးမှ ပြန်ပြောပါဟာ၊ ငါ တောင်းပန်ပါတယ်၊ ငါ့ရင်ထဲမှာ သိပ်ခံစားနေရလို့ပါ"

"အင်း. . . ပြော"

"ဟင့်အင်း. . . ငါ ဖုန်းနဲ့ မပြောတော့ဘူး၊ ငါကိုယ်တိုင် နင့်ကို လာခေါ်မယ်၊ ပြီးရင် နင်ကြိုက်တဲ့ကြေးအိုး လိုက်ကျွေးမယ်"

"ကြေးအိုးကိုက်ရင်း ငါ့နားကိုပါ အပူတိုက်တော့မယ် ဆိုပါတော့"

"နင်က ဒီလိုယူဆတယ်လား"

"အလကားပါဟာ၊ ကိုင်း. . . ဒါပဲလား၊ ငါ အကျီလဲထား လိုက်တော့မယ်"

"အင်း. . ဩော်. . နေဦး၊ နင်သတိမရဘူးလား"

"ဘာကိုလဲ"

"နင်နဲ့ငါ မိုးရေထဲ ရေချိုးခဲ့တာလေ"

"ဝေးသေး"

ငါဟာ ဘာဖြစ်လို့ မှုသားစကားကို လွယ်လင့်တကူ ထွက်သွားတယ်ဆိုတာ ငါ့ကိုယ်ငါ မသိလိုက်ခင်မှာဘဲ တယ်လီဖုန်းခွက်ကို ငါချပြီးသားဖြစ်သွားတယ်လေ။

သားလေးရယ်. . . နင်ဟာလည်း ငါ့လိုပဲ ကလေးဘဝကို သတိရနေပါလျက် ငါ့နှလုံးသားကို နင် မမြင်တွေ့နိုင်တာကိုတော့ ငါ အံ့ဩပါရဲ့ဟယ်။

အေးလေ. . . နင်က ငါ့နှလုံးသားထက် နင့်နှလုံးသားကို နင်မြင်တွေ့ ဂရုစိုက်နေတာကိုး၊ ဒါလည်း သဘာဝကျပါတယ်လေ။

နင့်နှလုံးသား အလိုကျစေဖို့ ငါက ဖြည့်စွမ်းပေးရမှာပေါ့





လေ။ ငါ တယ်လီဖုန်းကို ချပြီး မေမေ ရှိမယ်ထင်တဲ့ မီးဖိုချောင်ဘက်ကို လှမ်းခဲ့လိုက်တယ်။

"မေမေ"

"ဘာလဲ ရှန်း"

"သားလေး လာခေါ်လိမ့်မယ်"

"ဘယ်သွားကြမလို့လဲ"

"သားလေး အားတယ်ဆိုလို့ ရုပ်ရှင်ပြခိုင်းလိုက်တာ မေမေ"

"အေးအေး. . သွားတော့. . သွားကြ၊ ဒါပေမယ့် မိုးသိပ်မချုပ်စေနဲ့"

"ဟုတ်"

ငါ့ကို မေမေတို့ဟာ နင်နဲ့ပတ်သက်လာရင် လွတ်လပ်ခွင့်ပေးထားကြသလို နင့်ကိုလည်း ငါနဲ့ ပတ်သက်လာရင် အမေးအမြန်းမရှိ ခွင့်ပြုထားကြတယ်။

သည်တော့ နင်နဲ့မြတ်အတွက် ငါဟာ ပေါင်းကူးတံတားလေး ဖြစ်မှန်းမသိ ဖြစ်နေခဲ့ပြီနော်။

ဒါပေမယ့် ငါကျေနပ်ပါတယ် သားလေးရယ်။

ဘာဖြစ်လို့လဲဆိုတော့ ငါဟာ နင့်ကို ဖော်မပြတတ်တဲ့ ချစ်ခြင်းတစ်ရပ်နဲ့ ချစ်နေလို့ပဲပေါ့ သားလေးရာ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂)

"ဟိုကောင်တွေ ပြောတာ ဟုတ်တယ်ဟ"

ကားပေါ် တက်တက်ချင်း အဆက်အစပ် မရှိဘဲ ပြောလိုက်တဲ့ နင့်စကားကြောင့် ငါဟောင် ကြောင်တောင်တောင် ဖြစ်သွားတယ်၊ ကားတံခါးကို ချက်ကျအောင် ဆောင့်ပိတ်လိုက်ပြီး. . .

"ဘယ်ကောင်တွေက ဘာပြောလို့လဲ"

ငါ့မေးခွန်းကို နင်က မဖြေဘဲ အပိုးမကျိုးတဲ့မျက်နှာနဲ့ ကားကို မောင်းထွက်တော့ ငါက စိတ်မရှည်နိုင်ဘဲ. . .

"သားလေး. . . ပြောမလား မပြောဘူးလား၊ ငါ့လက်





သည်းတွေက အခုမှ ချွန်ထားတာနော်"

ငါက ကားစတီယာတိုင်ရှေ့ လက်ချောင်းတွေကို ဖြန့်ပြရင်း ပြောလိုက်တယ်ဆိုရင်ပဲ နင်က ဟန်ပါပါနဲ့ ပခုံးကို တွန့်ပြီးမှ. .

"ကြောက်ပါတယ် ကြောင်မလေးရယ်. . . ပြောမယ်"

"ပြော"

"ငါ့သူငယ်ချင်းက ပြောတယ်"

နင်က တစ်လုံးချင်း ပြောနေတာ၊ ငါ ဘယ်စိတ်ရှည်နိုင်မှာလဲ။

"နင်နော်. . . ငါအသည်းယားအောင် မလုပ်နဲ့ သိလား"

စတီယာတိုင်ပေါ်က နင့်လက်ဖမိုးကို ငါ ဆွဲဆိတ်ပြီး ဖြစ်သွားလို့. . .

"အားလားလား. . . ကြောင်ကုတ်တယ်ဗျ"

နင်က အာပြဲနဲ့ အော်တယ်။

"သေလိုက်"

"မသေပါရစေနဲ့. . . မြတ်နဲ့ မရသေးဘဲ သေသွားရင် လောကကြီးမှာ လူဖြစ်ရကျိုးမနပ်ဘဲ နေသွားမှာပေါ့"

"သားလေးနော်. . . နင် ငါ့ကို ဒီလောက် စ,နေရင် မြတ်ကို ဘာမှပြောမပေးတော့ဘူး သိလား"

"မလုပ်လိုက်ပါနဲ့ ကျေးဇူးရှင်မလေးရယ်၊ ကျွန်ုပ် ပြောပါ့မယ်"

"ဒါဖြင့် အတည်ပေါက်ပြော"

"ဟုတ်ကဲ့"

နင်က မျက်နှာကြောကို တင်းနေအောင် ပြင်လိုက်ပြီးမှ. .



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါ့သူငယ်ချင်းတွေက ပြောတယ်၊ ရွှန်းလဲ့ရွှေရည်ဟာ နာမည်နဲ့ လိုက်အောင်ပဲတဲ့၊ သူ့အသားအရည်လေးဟာ ရွှေရောင်ဝင်းနေတယ်တဲ့၊ မျက်လုံးလေးတွေဟာ တဖိတ်ဖိတ်နဲ့ ရွှန်းလဲ့နေတာပဲတဲ့၊ အဲ. . . ပြီးတော့ ပြောသေးတယ်၊ ဘာဝတ်ဝတ် သူ့အသားပေါ် ရောက်ရင် အသားရောင်နဲ့ ဟပ်ပြီး သိပ်ကို လှတာပဲကွာတဲ့၊ ပြီးတော့ ငါ့ကို ပြောပေးပါလား ပြောတယ်"

"ဘယ်သူကလဲ"

"ဘာလုပ်ဖို့ နင်က သိချင်ရတာလဲ"

"ဩော်. . . သိထားရတာပေါ့"

"သိစရာ မလိုဘူး၊ ငါကလဲ ဘယ်သူနဲ့မှ ပြောပေးမှာ မဟုတ်ဘူး၊ ပြောခိုင်းပြီး လွှန်လွှန်ကျူးကျူး ပြောတဲ့လူဆိုရင် ငါ ဆွဲထိုးပစ်လိုက်တာပဲ"

"ဟင်"

ငါ အံ့ဩရပြီကော သားလေး။

နင့်မျက်နှာပြင်မှာ တကယ်ပဲ ငါနဲ့ ပတ်သက်ပြီး ဝန်တိုမှုတွေ တွေ့ရတယ်။

ဝန်တိုမှုဆိုတာ ချစ်ခြင်းရဲ့သင်္ကေတဆိုတာ နင် တကယ်ပဲ မသိဘူးလား။

ငါ သက်ပြင်းချလိုက်ပြီး. . .

"ငါ့ကိစ္စ အသာထားပါလေ၊ နင်နဲ့မြတ် ဘာဖြစ်ကြလို့လဲ"

"ဟိုနေ့ကလေ. . . သူနဲ့ ချိန်းထားတဲ့အချိန်မှာ ဖုန်းဆက်နောက်ကျသွားလို့တဲ့၊ အဲဒါ ငါဖုန်းခေါ်လဲ မကိုင်ဘူး၊ ကျောင်းမှာသွားတွေ့လဲ အတွေ့မခံဘူး"





"ဘယ်နေ့ကလဲ"

"နင်နဲ့ငါ့ မွေးနေ့ကပေါ့"

"ဩော်"

ငါလေ. . . ရင်ထဲမှာ နင့်ခနဲဖြစ်သွားပြီး စကားပြောချင်စိတ် ကုန်ဆုံးသွားသလို ခံစားလိုက်ရတယ်။

တစ်ဆက်တည်း မေမေတို့ ပြောပြခဲ့တဲ့ အိပ်ရာဝင်ပုံပြင်တစ်ပုဒ်လို နင်နဲ့ငါတို့ မွေးဖွားသန့်စင်ခဲ့တဲ့ နေ့ရက်လေးကို သတိရလိုက်တယ်။

ခေါင်းရင်းအိမ်က ဦးဘကျော်နဲ့ ဒေါ်ဝသုန်ကလည်း သမီးနှစ်ယောက်ကို ဗိုက်ခွဲမွေးထားရတာဆိုတော့ နောက်သားသမီး တစ်ယောက်တည်း ယူလို့ရတော့မယ်လေ၊

အဲ. . . သားရှူး,ရှူးနေတာ။

ဗုဒ္ဓဟူးနေ့ နံနက်လေးနာရီလောက်မှာ ဒေါ်ဝသုန် ဗိုက်နာလို့ ဆေးရုံကို ပို့လိုက်လို့မှ ကားပေါ်မှာပဲ ရှိဦးမယ် ထင်တယ်၊ မေမေက ဗိုက်နာလို့ ဆေးရုံကို လိုက်ရတယ်။

ဆေးရုံလည်း ရောက်ရော မေမေ့ကို မွေးခန်းတန်းပို့တယ်။ တန်းမွေးတာပဲ၊ ဟောဒီမှာ သမီးလေးလည်း ဆိုလိုက်ရာ မေမေ ခန်းသာလိုက်တာ မပြောနဲ့တော့။ သားသုံးယောက် မွေးပြီး သမီး လိုချင်နေတဲ့ မေမေ့အတွက် လိုရာဆန္ဒ ပြည့်ဝသလို မေမေ့ထက် နာရီ နောက်ကျပြီးမှ ခွဲစိတ်မွေးဖွားလိုက်တဲ့ ဒေါ်ဝသုန်ကလည်း သားလေးတဲ့လေ။

ဒေါ်ဝသုန်ရဲ့မေမေတို့ မိသားစုနှစ်စုလုံးအတွက် လာခြင်းကောင်းတဲ့ သားနဲ့သမီးအတွက် ပြောမနေနဲ့တော့၊ ပျော်လိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ရက်ပြည့်မှာ မြို့လုံးကျွတ်နီးပါးကို လှူဒါန်းပစ်လိုက်တာပေါ့။

သမီးက သားလေးထက် နှစ်နာရီနဲ့ သုံးမိနစ် ကြီးတယ်၊ သမီးတို့ မွေးတော့ မိုးကလည်း ရွာလိုက်တာ သဲသဲမဲမဲပါပဲ။ ဒါပေမယ့် မိုးရွာတာကိုတောင် မေ့နေတယ်။

"ရွှန်း"

"......"

"ရွှန်း"

နင့်ရဲ့လက်တစ်ဖက်က ပခုံးပေါ် ရောက်လာတော့မှ ငါဟာ မေမေ့ရဲ့အိပ်ရာဝင်ပုံပြင်ကနေ နိုးထလာတယ်။

"ဘာလဲ"

"နင် ဘာတွေးနေတာလဲ"

"နင်နဲ့ငါ မွေးနေ့ဆွမ်းကျွေးတယ်ဆိုတာ သူ မသိဘူးလား၊ နင် သူ့ကို မဖိတ်ဘူးလား"

"ကြိုတင်ပြီး ဖိတ်တာပဲ၊ ဒါပေမယ့် သူက မန္တလေး သွားစရာရှိတယ်၊ ဖျက်လို့မရဘူးဆိုပြီး မလာတာ၊ ငါလဲ အတင်းအကျပ် မဖိတ်ချင်ဘူးလေ၊ ပြီးတော့ မွေးနေ့ရက်မှာ နင်နဲ့ငါက ထုံးစံအတိုင်း ဘုရားသွားမယ်၊ ရေသပ္ပါယ်မယ်၊ ဆီမီးထွန်းမယ်၊ ပြီးရင် ငါးသွားလွှတ်မယ်၊ ဒါတွေရှိနေတော့ သူ့အတွက် အချိန်ပေးနိုင်မှာ မဟုတ်ဘူး၊ သူ့ဆီကို ဖုန်းဆက်မယ်လို့ပဲ ချိန်းထားခဲ့တာ"

"ဖုန်းဆက်ဖို့ ချိန်းထားတာ ဘယ်အချိန်လဲ"

"ညကိုးနာရီ"

**ငါ့ရင်ထဲ**မှာ တကယ်ပဲ ထိရှသွားတယ်၊ အဲသည်နေ့က ဖြစ်ချင်တော့ ငါကလည်း ညဘက် ဘုရားသွားချင်တယ်၊ ပြီးတော့





ညစာစားချင်တယ်လို့ မပူဆာစဖူး ပူဆာခဲ့တာကို နင်က မငြင်းဆန်ဘဲ လိုက်ပို့ပေးခဲ့တယ်နော်။ တကယ်ဆိုရင် နင်ဟာ အဲသည်အကြောင်းကို ငါ့ကို ကြိုတင်ပြောပြဖို့ကောင်းတာ။

"နင်ဘာဖြစ်လို့ ငါ့ကို ကြိုမပြောခဲ့သလဲ"

"အသေးအမွှားလေးပါ၊ နင့်အတွက်. . အဲ. . ငါ့အတွက်လဲ ပါတယ်၊ တစ်နှစ်မှာမှ ဒီတစ်ရက်လေးပဲ အချိန်ပေးရတာ၊ ဒါကို သူက ဝန်တိုတယ်ဆိုတော့ ရှိပါစေတော့. . . မလွှမ်းလောက်ဘူး"

"မလွှမ်းလောက်ဘူးသာ ဆိုတယ်၊ နင်ဘာဖြစ်လို့ ပြောနေရတာလဲ"

"ဒါကတော့ နင့်ကို ငါမရှင်းတတ်ဘူး၊ ငါ မြတ်ရဲ့အမုန်းကို မလိုချင်ဘူး၊ မြတ်က ငါ့ကို မခေါ်ဘဲ နေတာကို ငါနေလို့ထိုင်လို့ကို မရဘူး"

"ရောဂါပဲ"

"အေးလေ. . . အဲဒီခံစားနေရတဲ့ ဝေဒနာရောဂါကို ငါ ဆက်မခံစားနိုင်လို့ နင့်ကို စစ်ကူတောင်းရတာ"

"ငါပြောရင် ရမယ်လို့ နင်ထင်သလား"

"ထင်တာမဟုတ်ဘူး. . . ယုံကြည်တာ"

ငါ ဘာမှမပြောချင်တော့ဘူး၊ နင် စိတ်ချမ်းသာဖို့ပဲ အရေးကြီးပါတယ်။

"ဒါများဟယ်. . . ဖုန်းနဲ့ ပြောလဲ ရရဲ့သားနဲ့"

"သိသားပဲ. . . ဒါပေမယ့် မိုးအေးအေးမှာ နင့်ကို နွေးထွေးသွားအောင် ကြေးအိုးတိုက်ချင်တာလဲ ပါတယ်၊ မြို့ထဲမှာ ကြေးအိုး သွားသောက်မလို့ တမင်ခေါ်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



သားလေးရယ်. . . နင့်ရဲ့မျက်နှာချောချောလေးကို ကြည့်ပြီး ငါ သက်ပြင်းပဲ ချလိုက်မိတယ်။ နင်ဟာ ငါ့အပေါ်မှာ အလိုက်တသိ ရှိပြီး အမြဲကောင်းခဲ့တာတွေကို ငါက ထောက်ထားပြီး နင့်အပေါ်မှာလည်း ငါက ဘာမဆို စွန့်လွှတ်ပေးရန် အသင့်ရှိနေခဲ့တာတွေကို နင်သိရဲ့လား။

"နေပါစေတော့ သားလေးရာ၊ ငါ့ကို မြတ်အိမ်ကိုသာ ပို့ခဲ့ပြီးတော့ နင် ဖုန်းစောင့်နေလိုက်၊ ငါ အခြေအနေကို ဖုန်းဆက်လိုက်မယ်"

"ဟာ. . . ဒါ အရေးမကြီးပါဘူး၊ ကြေးအိုးသောက်ပြီးမှ သွား"

"မိုးချုပ်သွားမှာပေါ့"

"မိုးချုပ်ရင် နောက်နေ့ ကျောင်းမှာ တွေ့တော့ ပြောလိုက်ပေါ့၊ နင်ကလဲ ဘယ်လိုဖြစ်နေတာလဲ"

"နင်ပဲ သေတော့မယ့်မျက်ခွက်နဲ့ဆိုတော့ ငါက အလိုက်တသိ ရှိရမှာပေါ့"

မြတ်သာ သိရင် တော်တော်စိတ်နာသွားမှာ၊ နင့်မျက်နှာက စပ်ဖြဲဖြဲနဲ့။

"ဟဲ. . . ဟဲ. . . ရည်းစားပူမိတဲ့မျက်နှာက ဒီလောက်တော့ ရှိမှာပေါ့၊ နင်ကလဲ. . . အိုးကမပူ စလောင်းက ပူမနေနဲ့"

နင့်ကို ငါ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး သားလေး၊ နင်ဟာ မြတ်အချစ်ကိုမှ မရတော့ရင် ဘဝပျက်တော့မယ်ဆိုလို့ ငါပဲ မြတ်နဲ့နင့်ကို အောင်သွယ်ပေးခဲ့တာ။ နင်နဲ့မြတ်နဲ့ကြားမှာ အဖုအထစ်လေးတွေ ရှိခဲ့ရင်လည်း ဖြေပေးခဲ့ရတာလည်း ငါပဲ။





နင်တို့နှစ်ဦးကြားမှာ ငါဟာ ကြားခံနယ်တစ်ရပ်ပဲ။

"ရှမ်း"

"ဘာလဲ"

"ငါပေးတဲ့ မွေးနေ့လက်ဆောင် ကြိုက်ရဲ့လား"

"နင်ပေးခဲ့တဲ့ မွေးနေ့လက်ဆောင်မှန်သမျှကို ငါမကြိုက်တာ ရှိဖူးလို့လား သားလေးရာ"

"ဒီတစ်ခါ အဖိုးတန်တယ်"

"သိသားပဲ. . . နင် အန်ကယ့်ဆီကလဲ တောင်းသေးတာဆို"

"ဘိုးတော်ဆီကတင် မကဘူး၊ ဘွားတော်ဆီကပါ တောင်းတာ၊ ငါတောင်းတာကို သိလျက်နဲ့ သူတို့က တမင်မသိချင်ဟန်ဆောင်နေတာ"

"တွေ့လား"

ငါက စပို့ရှပ်လက်ကို ပင့်ပြလိုက်တယ်။

နင်ဝယ်ပေးတဲ့ ဟန်းဒ်ချိန်းလေးက ရွှေရည်ဝင်းဝင်းနဲ့ ပေါ်လာတယ်။

"လှတယ်. . . နင့်အသားနဲ့ သိပ်လိုက်တယ်၊ အမြဲဝတ်နော်၊ နောက်နှစ်ကို လည်ကပ်ဝယ်ပေးမယ်၊ ထပ်စုလိုက်ဦးမယ်"

"ထပ်တောင်းဦးမယ် ပြောပါ"

"တောင်းတာက မပြည့်လို့ နည်းနည်းလိုတာကို ယူတာပါ၊ နေ့စဉ်နဲ့အမျှ စုထားတာတော့ နင် မသိဘူး မဟုတ်လား"

"ဘယ်သိမှာလဲ. . . နင့်အခန်းထဲကို ငါလာကြည့်တာမှ မဟုတ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com

"နင်ကိုက တစ်မျိုးဖြစ်နေတာ၊ ငါဦးလေးအိမ်ပေမယ့် နင့်ရွှေတောင်မှာလိုပဲ တံခါးမရှိ ဓားမရှိ ဝင်ထွက်လို့ရပါတယ်ဟာ၊ နင်က ရန်ကုန်ရောက်ပြီးမှ ငါ့အပေါ် စိမ်းကားသွားသလိုပဲ"

"နင် ထင်လို့ပါ"

ဟုတ်တယ် သားလေး၊ နင့်အပေါ် ငါပြောင်းလဲသွားတာ အချစ်ဆိုတာကို စူးစမ်းမိလိုက်ချိန်ကစပြီး ပြောင်းလဲသွားခဲ့တာလို့ ငါ့ရင်ထဲကပဲ ပြောလိုက်မိတယ် သားလေးရယ်။

"ရွှန်း"

"ဘာလဲ"

"နင့်ကို ငါ တစ်ခုတော့ သတိပေးမယ်နော်"

"ဆယ်ခုပေး"

"တကယ်လို့များ နင် ရည်းစားထားတော့မယ်ဆိုရင် ငါ့ကို အရင်ဆုံး အသိပေးနော်"

"ဘာလုပ်မလို့လဲ"

"နင်နဲ့ သင့်တော်တော် မတော်တော်ကို ငါဆုံးဖြတ်ပေးမလို့"

"ဟုတ်ကဲ့ အဖေ၊ အမေ့ကို သမီးအရင်ဆုံး အသိပေးပါ့မယ်"

"ဟဲ. . . ဟဲ. . . ဒီလိုမှပေါ့ သမီးရဲ့"

ငါ့ရဲ့အငေါ်အတူးကို နင်က ကျေနပ်စွာ ခံယူလိုက်တယ်။ ငါ့ရင်ထဲမှာလေ။

နင်နဲ့ငါ့ကြားမှာ မြတ်ဆိုတဲ့ "မြတ်ပန်းပွင့်ဖြူ" မရှိရင် သိပ်ကောင်းမှာပဲလို့တောင် မကောင်းတဲ့စိတ်ကလေး ဝင်ရောက်





တာကို မနည်းကို ချိုးနှိမ်ပစ်လိုက်ရတယ်။

နင်ကတော့ ဘာမှ အပူအပင် မရှိသလိုဘဲ အမြဲတမ်း ပြုံးပျော်နေတာပဲနော်။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"မဟုတ်သေးပါဘူး မြတ်၊ အဲဒါ ကျုပ်အပြစ် သိလား၊ ရှင် အပြစ်တင်လဲ ကျုပ်ပဲ ခံရတော့မှာပဲ"

မြတ်ကို ခေါ်ထုတ်ပြီး ပညာရေးတက္ကသိုလ်ဝင်းက စားသောက်တန်းမှာ ထိုင်လိုက်ရင်း ငါ့မှာ နင့်ဘက်က ရှေ့နေလိုက်ရတော့တာပဲ သားလေးရာ။

"ရှင်နဲ့ မဆိုင်ဘူး ရွှန်းရာ၊ ဒါ သူ့ရဲ့ပေါ့ဆမှု၊ ကျုပ်အပေါ် ဂရုမစိုက်မှု၊ အလေးမထားမှုတွေဆိုတာ သိပ်ကို သိသာထင်ရှားပါတယ်"





မြတ်ရဲ့စွဲချက်လုံးကြီးတွေက ပြင်းပြင်းထန်ထန်နဲ့ ငါ့ရင်ကို လာမှန်တယ် သားလေး။

"မြတ်ရယ်. . . ဒီလောက်အထိ ဖြစ်ဖို့မဟုတ်ပါဘူး၊ ကျုပ်ပြောတာကို ရှင်နားထောင်ပြီးမှ ရှင် ဆုံးဖြတ်ချက်တစ်ခု ချပါ၊ အဲဒီဆုံးဖြတ်ချက်ကို ကျုပ် သားလေးဆီကို ယူသွားပေးပါ့မယ်"

"ကျုပ်အတွက် ဆုံးဖြတ်ချက်ဆိုတာ ရှိပြီးသားပါ၊ ဒါပေမယ့် ရှင့်ကို အားနာတဲ့အတွက် ရှင့်စကားတွေကို ဆုံးအောင် နားထောင်ပေးမယ်"

မြတ်က ပိုက်တံလေးနဲ့ စတော်ဘယ်ရီ ဖျော်ရည်ခွက်ကို မွှေနှောက်ရင်း ပြောလိုက်တယ်။

မြတ်ဟာ စတော်ဘယ်ရီကို စွဲစွဲမြဲမြဲ သောက်တတ်သလို ငါကလည်း ထောပတ်သီးဖျော်ရည်ကိုပဲ သောက်တတ်တယ်နော်။ နင်လည်း ငါ့လိုပဲ ထောပတ်သီးဖျော်ရည်ပဲ။

"ကျုပ်က သူ့ကို စချင်လို့ တမင်ဆွဲထားမိတာ၊ သူ့ပုံစံကလေ. . . ကိုးနာရီနား ထိုးခါနီးလေ မျောက်မီးခဲကိုင်မိသလို ဂနာမငြိမ်တော့ဘူး၊ ဟိုတယ်မှာ ဖုန်းဆက်မယ် လုပ်တော့ ကျုပ်က ပြန်မယ်ဆိုပြီး ထပြန်လာခဲ့တော့ သူ ငွေရှင်းပြီး ကျုပ်နောက် ပြေးလိုက်ခဲ့တယ်၊ ကျုပ်က ကျုပ်ကို အရင်ပို့ခိုင်းပြီးမှ သူ့ကို ပြန်ခိုင်းလိုက်တာ၊ ကျုပ် တမင်ကျီစယ်လိုက်တာ၊ မြတ် ဒီလောက်အထိ ခံစားရလိမ့်မယ်လို့ ကျုပ် မထင်လို့ပါ၊ ကျုပ်အပြစ်ပဲ၊ ခုတော့ သူ့မှာ စိတ်ပူနံးပူနံးကျပြီး အိပ်ရာထဲက မထနိုင်လို့"

"မြတ် ပြောမယ်နော်၊ မနေ့ကတောင် သူ့ကို တွေ့သေးတာပဲ"


www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . မထနိုင်ဆိုတာ အိပ်ဆေးသောက်အိပ်လို့ စောစောမနိုးတာကို ပြောတာ"

ငါ့မှာလေ. . . နင့်အတွက် ကံငါးပါးကို လုံအောင် မထိန်းနိုင်တော့ဘူး သိရဲ့လား သားလေး။ ဒါပေမယ့် ငါ့ရဲ့လိမ္မာခြင်းဟာ တစ်ဖက်သူတွေရဲ့အကျိုးကို ထိခိုက်နစ်နာစေတဲ့ လိမ္မာမှုမှ မဟုတ်ဘဲ။ ငါ ငရဲမကြီးနိုင်ပါဘူး၊ အေးလေ. . . လိမ္မာမှုတိုင်း ငရဲကြီးမယ်ဆိုရင်လည်း နင်စိတ်ချမ်းသာဖို့အတွက် ငါ ငရဲအကြီးခံပါ့မယ်လေ။

"တကယ်ပဲကွာ. . . အစာလဲ မစားလို့မနေ့က သူ့ဦးလေး ဖုန်းဆက်မှ ငါသိရတာ၊ သိသိချင်း လာမလို့ဟာ မိုးတွေက သဲသဲမဲမဲ ဆိုတော့"

"ရှင်ကတော့ ရှင့်သူငယ်ချင်းဘက်ကပေါ့၊ ကျုပ်မှာ ခံစားနေရတာကိုရော ရှင်သိရဲ့လား"

ငါ့ရဲ့မျက်နှာကို ငါ မနည်း ပိုးသတ်ထားရတယ် သားလေးရာ။ ပင်ပန်းဆင်းရဲလိုက်တာ မပြောပါနဲ့တော့။ ငါ့စကားတွေမှာ အမှန်ဆိုလို့ တစ်လုံးမှ မပါဘူးနော်။

"ပြောပါဦး. . . ကျုပ်လဲ ရှင်တို့နှစ်ယောက်ကြား ပုဏ္ဏားတိုင်ဘဝက ကျွတ်ချင်လှပါပြီ"

"ရှင် စဉ်းစားကြည့်လေ၊ ကျုပ်လဲ ကျုပ်ချစ်သူရဲ့ မွေးနေ့ကို လာချင်တာပေါ့၊ ဒါပေမယ့် ဘွားအေ နေမကောင်းလို့ ရတဲ့အချိန်လေး ပြေးပြုစုရတာ၊ ဒါကိုလဲ သူ နားမလည်ဘူး၊ သူ့ရဲ့မွေးနေ့မှာ ကျုပ်က ဟတ်ပီဘက်ဒေး တူးယူလောက်တော့ နှုတ်ခွန်းဆက်သချင်သေးတာပေါ့"





"ဟုတ်တာပေါ့"

ငါ့မှာ သူ့စကားကို ထောက်ခံနေရပေမယ့် စိတ်မပါဘူး။

"ကျုပ် ဖုန်းဆက်မယ်ဆိုတော့လဲ မဆက်နဲ့၊ အားမှာ မဟုတ်ဘူး၊ ညကိုးနာရီလောက်မှ သူဆက်မယ်ဆိုလို့ ကျုပ်မှာလေ ဖုန်းနားက မခွာဘဲ ဖုန်းစောင့်သရဲကို ဖြစ်လို့"

"ဖြစ်ရလေ"

"ဒါပေမယ့် သူဖုန်းမခေါ်ပါဘူး၊ ကျုပ် ဖုန်းနားမှာပဲ အိပ်ပျော်သွားခဲ့တာ"

"ဖုန်းခေါ်ဖို့ ကြည့်လိုက်တော့ ဆယ့်တစ်နာရီကျော်နေပြီတဲ့၊ လမ်းမှာ ကားဘီးပေါက်လို့ ကြာသွားတာတဲ့လေ၊ နောက်ပြီး ဖုန်းခေါ်လိုက်ရင် မြတ်အိပ်နေရင် အိပ်ရေးပျက်သွားမှာစိုးလို့ပါလို့တော့ ကျုပ်ကို ပြောတာပဲ"

"ဆင်ခြေဆိုတာ ပါးစပ်ဖျားက ထွက်ပေါ်လာတတ်တဲ့ လေတွေပါလေ"

မြတ် စကားတတ်တယ်။ ငါက သူ့လို မပြောတတ်ဘူး။ ဒါပေမယ့် မြတ် နင့်ကို ချစ်တယ်ဆိုတာ သိတယ်။ မြတ်ရဲ့မျက်နှာလေးမှာ ခံစားမှုအပြည့်အဝနဲ့ တကယ့်ကို ကြေကွဲနေတဲ့အသွင်က ပေါ်လွင်တယ်။

"ဒီလိုမဟုတ်ဘူး မြတ်ရယ်၊ ကျုပ်တကယ်ပြောတာပါ၊ ရှင်နဲ့ သူ့ကြားမှာ နားလည်မှု လွဲနေလို့ပါ၊ သူက ရှင့်အပေါ် ဂရုစိုက်ပါတယ်၊ ချစ်လဲ ချစ်တယ်၊ ဒါကြောင့် မနေသာလို့ ရှင်နဲ့ အောင်သွယ်ပေးရတဲ့အဖြစ်"

"ထားပါတော့လေ. . . ရှင့်လောက်တောင် သူနဲ့ကျုပ်က



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးတာ မဟုတ်တဲ့အတွက် ရှင့်စကားတွေကို အမှန်လို့ပဲ ကျုပ် ယူဆလိုက်ပါ့မယ်"

'ဟူး' ခနဲ ကျုပ်ရင်ထဲက သောကလုံးကြီး ပြုတ်ကျသွားတော့တယ်။

"ဘယ်မိန်းမ,မဆို ချစ်သူရဲ့ယုယမှု၊ ဂရုစိုက်မှု၊ ကြင်နာမြတ်နိုးမှုကို ခံချင်ကြတာချည်းပါပဲ ရွှန်းရယ်၊ မြတ်လဲ မိန်းမထဲက မိန်းမပါပဲ၊ မောင့်ကို သိပ်ချစ်ပါတယ်၊ ချစ်လွန်းလို့ အရမ်းခံစားရတယ်၊ အသေးအမွှားလေးလို့ သတ်မှတ်ထားတဲ့အရာအချို့မှာတောင် ခံစားနိုင်တဲ့ စွမ်းအင်မရှိလို့ပါ ရွှန်းရယ်၊ ကျုပ်ကို မိန်းမချင်း ကိုယ်ချင်းစာပြီး ရှင်နားလည်ပေးစမ်းပါ"

"ကျုပ်နားလည်လို့ ရှင့်ကို လာတောင်းပန်ပေးနေတာပေါ့။ ကျုပ် အာမခံပါတယ်၊ နောက်ကို ရှင် မခံစားစေရပါဘူး၊ ကျုပ်လဲ မကျီစယ်တော့ပါဘူး"

နင့်အပြစ်ဟူသမျှကို ငါ့အပေါ်ပဲ ပုံချတာဝန်ယူလိုက်ရပြန်ပြီ သားလေး၊ တကယ်ဆို နင့်ရဲ့ချစ်သူအပေါ် လျှော့တွက်ထားမှုဟာ အမှားမှ တကယ့် မဟာ့မဟာ အမှားတစ်ခုပဲ။

"ဒီလိုဆို မောင့်ကို ပြောလိုက်ပါ"

မောင်တဲ့လား။ ငါ့ရင်မှာ မြတ်ဆီက နင့်ကို မောင်ဆိုတဲ့ တစ်လုံးထွက်တိုင်း ထွက်တိုင်း နှလုံးသားကို လှံဖျားနဲ့ အထိုးခံရသလို နာကျင်စေတယ်ဆိုတာ မြတ်ကတော့ ဘယ်သိနိုင်ပါ့မလဲ။

"အင်း. . . ဘာပြောပေးရမလဲ"

"ညနေ ကြိုနေကျနေရာမှာ လာကြိုပေးပါလို့"

"စိတ်ချ"





ငါတော့ အတန်းတွေ ပျက်ဦးတော့မှာပဲ။ ခြေထောက်မှာ ဘီးပါတဲ့ နင့်ကို လိုက်ဖမ်းရတာ လွယ်တဲ့အလုပ် မဟုတ်ဘူး။ ဒါပေမယ့် နင့်ကို မတွေ့,တွေ့အောင်တော့ ရှာရမှာပဲ။ ဝိုင်အိုင်တီ ဝင်းထဲကတော့ နင် ထွက်မသွားတန်ကောင်းပါဘူး။

"ကိုင်း. . . ကျုပ်တို့ သွားရအောင်"

မြတ်က သတိပေးမှ ငါလည်း ဖန်ခွက်ထဲမှာ တစ်ဝက်နီးပါး ကျန်တဲ့ ထောပတ်သီးဖျော်ရည်ကို မော့သောက်ချလိုက်တယ်။ ပြီးတော့ ပိုက်ဆံရှင်း၊ နောက် နင့်ရဲ့ရွှေမင်းသမီး မြတ်ကို လိပ်ခုံးကို ပြန်ပို့ပြီးတော့မှ နင့်ကို ရှာပုံတော်ဖွင့်ရတာ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၄)

"ရွှန်း. . . လာ. . လာပါဦး သမီးရယ်၊ သမီးကို မေးစရာရှိလို့"

ကြီးမေ ဘယ်တုန်းကများ ရွှေတောင်က ရောက်လာတယ် မသိလိုက်ဘူး။ ငါ အိမ်ကို ပြန်တော့ ဧည့်ခန်းမှာ မေမေနဲ့ စကားပြောနေရာက ငါ့ကို လှမ်းခေါ်တယ်။

"ကြီးမေ ဘယ်တုန်းက ရောက်တာလဲ၊ သားလေးလဲ ပြောသံမကြားဘဲနဲ့"

"မကြားဆို သားလေးနဲ့ကော တွေ့ဖြစ်လို့လား"





ငါ့ရင်ထဲမှာတော့ "ဗုဒ္ဓေါ" တ,လိုက်မိပြီ ကိုရွှေသားလေး။ နင်လုပ်ပုံနဲ့တော့ ငါ့မှာ ကံငါးပါး ကျိုးပေါက်ရတော့မယ့်အဖြစ်။

"ဘာဖြစ်လို့ မတွေ့ရမှာလဲ ကြီးမေကလဲ၊ သားလေးနဲ့ရွှန်းက တစ်ကျောင်းတည်းဟာ"

"ဝသုန်. . . သမီးကို မေးစရာရှိတာတွေ မေးပေတော့၊ မဋ္ဌုတော့ ဝသုန်အကြိုက် လက်ဖက်သွားသုပ်လိုက်ဦးမယ်"

မေမေက ခေါင်းရှောင်သွားတာ။ ငါသိပါတယ်၊ ငါ့အသက်က ဆယ့်ရှစ်နှစ်ပြည့်ခဲ့ပြီပဲ။ လူကြီးတွေရဲ့ဆန္ဒနဲ့ အရိပ်အကဲကို ငါက အကင်းပါးစွာနဲ့ တွေ့မြင်ပြီးသားပဲ။ နင်ကသာ မြတ်ပန်းပွင့်ဖြူအတွက် လူဖြစ်နေ။

"မြတ်ဆိုတာ ဘယ်သူလဲ သမီး"

မြတ်တို့ ရွှေတောင်မှာ နှစ်နှစ်လောက် လာနေခဲ့ဖူးပေမယ့် ဆရာဝန်ကြီးသမီးက အခြေကြီးပြီး ငါတို့အိမ်တွေဘာတွေ လာလည်ဖူးခြင်းမှ မရှိဘဲ။ မေမေတို့ ကြီးမေတို့ မြတ်ကို မသိတာ အဆန်းမဟုတ်ဘူးဆိုတာကို ငါ ချက်ချင်းသဘောပေါက်မိတယ်။

"မြတ်ဆိုတာ ရွှန်းတို့သူငယ်ချင်းပဲ ကြီးမေ. . . ဘာဖြစ်လို့လဲ"

"မြတ်နဲ့ သားလေး တွဲနေတယ်လို့ ကြီးမေကြားတယ်၊ အဲဒါ ဘယ်လိုအခြေအနေမျိုးနဲ့ တွဲတာလဲဆိုတာ အန်တီ အမှန်အတိုင်းသိချင်တယ်၊ ရွှန်း ကြီးမေကို မှန်မှန်ဖြေနော်"

"အမယ်လေး. . . ဘာများလဲလို့ ကြီးမေရယ်၊ မထိတ်သာ မလန့်သာ ရှိလိုက်တာ၊ မြတ်က ရွှေတောင်မှာ (၉)တန်းနှစ်နဲ့ (၁၀)တန်းနှစ် လာနေကတည်းက ရွှန်းနဲ့အတူထိုင်ခဲ့တာ၊ ရွှန်းနဲ့ ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သားလေးနဲ့ပါ ရင်းနှီးခဲ့တာ၊ ခုမြတ်က အမ်စီမှာလဲ အေးတော့ အပေါင်းအသင်း နည်းတယ်၊ အဲဒါ ရွှန်းနဲ့ သားလေးကပဲ အကူအညီ လိုက်ပေးနေရတာ၊ ရွှန်း မအားတဲ့အခါ သားလေးကို လွှတ်လိုက်မိတယ်"

ဟန်ကိုယ့်ဖို့ဆိုသလို မျက်နှာပြင်ပေါ်မှာ မုသားရိပ်တွေ မပါစေဖို့ ဟန်ဆောင်ဖုံးဖိပြီး လိမ်ညာရတဲ့ ငါ့ရဲ့ပင်ပန်းဆင်းရဲမှုကိုတော့ နင် သိမယ်မထင်ဘူး။

"ရွှန်းက ဘာဖြစ်လို့ လွှတ်နေရတာလဲ"

"မြတ်နဲ့သားလေး နှစ်ယောက်တည်း လွှတ်ထားရင် ကြာရင် အိုးချင်းထား အိုးချင်းထိသွားမှာ မစိုးရိမ်ဘူးလား"

"အဲဒီလို မယုံသင်္ကာ ဖြစ်နေရင် သူတို့ရဲ့ဖြူစင်ရိုးသားတဲ့ စိတ်ကို အရောင်ဆိုးပေးလိုက်သလို ဖြစ်နေမှာကော ကြီးမေ မစိုးရိမ်ဘူးလား၊ စိတ်ချပါ. . . သားလေး ဒုက္ခရောက်မယ့်ကိစ္စဆိုရင် ရွှန်း ဘယ်တော့မှ လက်မခံပါဘူး၊ ရွှန်း သိသမျှ ကြီးမေတို့ကို ဖွင့်ပြောမှာပါ"

"အေးလေ. . . သားလေးအနားမှာ ရွှန်း ရှိနေသရွေ့ ကြီးမေတို့က စိတ်ချပါတယ်၊ ခုခေတ်လူငယ်တွေဟာ မျက်စိတစ်ဆုံး မကြည့်တတ်ကြဘူး၊ မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်း ဖြစ်ပေါ်လာတဲ့အာရုံအပေါ်မှာ ယစ်မူးသာယာပြီး ဆုံးဖြတ်ချက်တစ်ခုကို ချချင်,ချလိုက်ကြတာမျိုး ရှိတတ်တော့ ကြီးမေက စိုးရိမ်တယ်"

"အန်တီကလဲ. . . သားလေးက ကလေးမှ မဟုတ်တော့တာ"





"အဲ့ဒီ ကလေးမဟုတ်လို့ ပူပင်ရတာပေါ့၊ မြတ်ဟာ အမျိုးကောင်းသမီး ဖြစ်ခဲ့သည့်တိုင်အောင် မြတ်ရဲ့ သားလေးအပေါ်ထားရှိမယ့်မေတ္တာတရားကို ကြီးမေအနေနဲ့က ခွန်းလောက် စိတ်မချနိုင်တာ အမှန်ပဲ"

"ဟာ. . . . ကြီးမေကလဲ ပေါ်တင်ကြီး၊ ရွှန်း သားလေး မျက်နှာ မကြည့်ရဲအောင် မလုပ်နဲ့နော်"

ငါ့ကို နင့်အမေက ချွေးမတော်ချင်တယ်။ သည်လိုပဲ ငါ့အမေကလည်း နင့်ကို သမက်တော်ချင်တယ်။ ဒါကို နင်ရောငါရော သိပြီးသား။ ဒါပေမယ့် မသိဟန်ပြုခဲ့တယ်။ နင်နဲ့ငါဟာ အမြွှာမောင်နှမတွေလို တပူးတွဲတွဲနဲ့ သန့်ရှင်းစွာ နေထိုင်ခဲ့ကြတယ်နော်။ ဒါပေမယ့် သည်ကြားကာလမှာပဲ ငါ့နှလုံးသားဟာ အဖြူရောင်အပြင် အခြားအရောင်ပါ ရောစွက်လာပြီဆိုတာ ငါ့ကိုယ်ငါ အသိဆုံး၊ ဒါပေမယ့် ငါဟာ မိန်းမသားပါ။ အချစ်အတွက်နဲ့တော့ ငါ့ရဲ့ မိန်းမသားသိက္ခာကို အကျမခံနိုင်ဘူး။

"သားလေးကိုတော့ ရှင်းရှင်းလင်းလင်း သတိပေးထားတော့မယ်"

"ဘာကိုလဲ မေကြီး"

"ရွှန်းကလွဲရင် ဘယ်သူ့ကိုမှ သမီးအဖြစ် မခေါ်နိုင်ဘူးလို့"

"ဟာ. . . ကြီးမေကလဲ ရှက်စရာကြီး၊ ဘာမှန်းလဲ မသိဘူး"

ငါက ရှူးသလိုလို ပေါ်သလိုလို လုပ်ပြီး ရှောင်ထွက်ခဲ့တယ်။

ငါစိတ်ညစ်တယ် သားလေးရာ။

နှင်နဲ့မြတ်ကြားမှာ ငါက ကန့်လန့်ကန့်လန့်နဲ့ ဗီလိန်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှာပဲ။

ငါ စားပွဲပေါ်ကို လွယ်အိတ်ပစ်တင်ပြီး အိပ်ရာပေါ်ကို ပစ်လှဲချလိုက်တယ်။ ပြီးတော့ နဖူးပေါ် လက်တင် စဉ်းစားကြည့်တယ်။

နင်နဲ့မြတ် ချစ်ခရီးလမ်း ဖြောင့်ဖြူးဖို့အတွက် ငါ ဘယ်လို အကျိုးတော်ဆောင်ပေးရမလဲဆိုတာ။

ငါက နင့်ပျော်ရွှင်မှုအတွက် မျက်ရည်နဲ့ တံတားခင်းပေးဖို့ ကိုတောင် ဝန်မလေးတဲ့သူဆိုတော့. . .

အေးလေ. . . . ငါဟာ နင်တို့အပါးက အရင်ဆုံး ဖယ်ကျဉ်သင့်တယ်လို့ တွေးမိလိုက်တယ်။

ဒါမှ အပြစ်ဟူသမျှတို့ဟာ နင့်ထံက ပျောက်ကွယ်ပြီး ငါ့ထံကို စုပြုံရောက်လာလိမ့်မယ်လို့ ငါတွေးလိုက်မိတယ်။

"သမီးရေ. . . ရွှန်း၊ ကြီးမေ ပြန်တော့မယ်"

ကြီးမေက အိမ်ခန်းဝကနေ လိုက်ကာလှန်ပြီး ငါ့ကို နှုတ်ဆက်တော့ ငါက အိပ်ရာက ထပြီး. . .

"ဟုတ်ကဲ့ ကြီးမေ"

"သားလေးကို ဘာမှာဦးမလဲ"

"မနက်ဖြန် ခုနစ်နာရီ ရွှန်းကို လာခေါ်လို့"

"အေး. . . အေး၊ ဒါပဲလား"

"ဟုတ်"

နင့်အမေ ပြန်ထွက်သွားမှ ငါ သက်ပြင်းချပြီး အသက်ရှူ ချောင်သွားတယ်။

အခုခေတ်လူငယ်တွေ ဘယ်လောက်လျှင်တယ်ပြောပြော





လူကြီးမိဘဆိုတာက လူငယ်ဘဝကို ဖြတ်သန်းခဲ့ကြတာဆိုတော့ လူငယ်တွေရဲ့ခြေလှမ်းကို သူတို့တွေ မြင်ကြပြီး ဖြစ်မှာပါ။ ဒါကြောင့် ငါ့ရဲ့စကားကို ကြီးမေ လုံးဝယုံကြည်သွားမယ်လို့ ငါမထင်ဘူး။

သည်တော့ နင့်ကို ငါသတိပေးချင်လို့ တမင် ကျောင်းအသွား ဝင်ခေါ်ခိုင်းလိုက်တာ။

အရွယ်ရောက်လာတဲ့ဘဝကို ငါ မလိုချင်အောင် မုန်းမိပြီ သားလေးရာ။

နင်နဲ့ငါ ကလေးဘဝက လွတ်လပ်ပျော်ရွှင်ခြင်းကို ငါ လိုလားတယ်။ ပြန်တမ်းတ အောက်မေ့တယ် သားလေးရာ. . . တကယ်ပါ။

လူကြီးဘဝကို ငါမလိုချင်တော့ဘူး။ ကလေးဘဝချည်းသာ ရှိခဲ့ရင် သိပ်ကောင်းမှာပဲ သားလေးရာ။

ဒါမှ 'မြတ်ပန်းပွင့်ဖြူ' ဟာ နင့်ဘဝထဲကို ဝင်မလာမှာ။ ခုတော့. . .။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၅)

"နင် ဘာတွေ ချွန်တွန်းလုပ်လိုက်တာလဲ ရွှန်း"

ခရီးရောက်မဆိုက် နင်ဟာ ငါ့အတွက် နင့်ဘေးက ကား[illegible] တံခါးကို တွန်းဖွင့်ပေးရင်းနဲ့ လှမ်းမေးလိုက်တော့ ငါ့ဒေါသဟာ ထောင်းခနဲဖြစ်သွားတယ်။

"နင် ဘယ်လိုမေးလိုက်တာလဲ သားလေး"

နင်ဖွင့်ပေးထားတဲ့ ကားတံခါးထဲကို ငါလှမ်းကိုင်ရင်း ဝင်[illegible] မထိုင်သေးဘဲ နင့်ကို ငုံ့ကြည့်ပြီး ခပ်မာမာ ပြန်မေးလိုက်တယ်။

"ငါက မေးခွန်းအရင်ထုတ်ထားတာလေ ရွှန်း၊ နင် အရ[illegible]





[illegible]ဦး"

"နင်နဲ့ငါ့ကြားမှာ နင် အဲဒီမေးခွန်း မေးသင့်သလားလို့ [illegible]ပြန်စဉ်းစားဦး"

"ဝင်လေ"

"မဝင်ဘူး. . . နင့်မေးခွန်းအတွက် ငါ နင့်ကို နာတယ်၊ [illegible]ချက်နာကို ငါ ဆွဲမကုတ်မိဘူးလို့ ငါ့ကိုယ်ငါ အာမ,မခံနိုင်ဘူး"

ငါက နင့်ကားတံခါးကို ဆောင့်ပိတ်ပြီး ငါ့ကားကိုဒေါင် [illegible]ကို ချာခနဲ လှည့်ထွက်လိုက်တယ်။

ငါ သိပ်ခံစားရတယ်၊ ငါ့အချစ်ကို နင် အသိအမှတ်မပြုချင် [illegible] သားလေး မစော်ကားနဲ့။ ငါဟာ နင် ပျက်စီးရာ ပျက်စီး[illegible]ကြောင်းကို ငါ့အသက်နဲ့ လဲပြီး စောင့်ရှောက်ပေးမယ့်လူဆိုတာ [illegible]မသိပေမယ့် ငါ့ကိုယ်ငါ သိနေတော့ ငါသိပ်ခံစားရတယ်။

"ရွှန်း. . . ခွေးဆိုး၊ နင်ကလဲဟာ၊ ငါ မေးခွန်းမှားသွားတယ်၊ [illegible]ချပ်သိမ်းပါတယ်၊ လာ. . . လာ၊ ဟိုမှာ အန်တီမေ ကြည့်နေပြီ၊ [illegible]. . . လွယ်အိတ်"

ငါ့ပခုံးပေါ်က လွယ်အိတ်ကို နင်က လှမ်းဆွဲယူတယ်။

[illegible]င်းဘူးရောပဲ။

ငါကောက်ရင် နင်ချော့တယ်၊ နင်ကောက်ရင် ငါချော့[illegible]ယ်။ ဒါက ငယ်ငယ်လေးကတည်းက ရှိနေပြီ။ လူကြီးမိဘတွေက [illegible]ည်း နင်နဲ့ငါ့ကြားမှာ ဘယ်တော့မှ ဝင်ပါပေးလေ့ မရှိဘူး။ နာရီ [illegible] ပြည့်အောင်တောင် မခေါ်ဘဲ မနေနိုင်ကြတာ။ ဝင်မပါနဲ့၊ [illegible]နှစ်ယောက်ကြား ဝင်ပါရင် ဝင်ပါတဲ့လူက အရှုံးဖြစ်မှာလို့ [illegible]ောင် ပြောင်ကျကျ ပြောဆိုအသိအမှတ်ပြုထားကြတာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မေမေလည်း ကြာရှည်ရပ်မကြည့်ပါဘူး။ အိမ်ထဲ ပြန်ဝင်သွားတယ်။

“မေမေက ငါ့ကို တစ်ညလုံး ဆူပူသတိပေးလိုက်တာ ငါ့ နားထဲ လက်ဖက်ခြောက် ခတ်လို့တောင် ရတယ်သိလား”

“ခတ်လိုက်ပေါ့”

“ငါ ညက နင့်ဆီကို ဖုန်းဆက်မလို့၊ ဒါပေမယ့် ဘွားတော်ကြီးက အလစ်မပေးတာနဲ့ မဆက်ဖြစ်ဘူး၊ မိုးလင်းတော့မှ သားကျောင်းသွားရင် ရွှန်းက ဝင်ခေါ်တဲ့၊ သွားခေါ်လိုက်လို့ အမိန့်ပေးမှ နင့်ဆီကို ဘွားတော် အရင်ရောက်ခဲ့ပြီးမှန်း ငါက သိရတာ”

“ငါနဲ့ကြီးမေ တွေ့ပြီးတာနဲ့ ငါ့ကို ချွန်တွန်းလို့ စွပ်စွဲတာ နင် မလွန်လွန်းဘူးလား”

“ငါမှားသွားပါတယ်၊ ရုပ်သိမ်းပါတယ်လို့ ပြောပြီးပြီပဲ၊ ကဲ. . . ဝင်ထိုင်ပါတော့ ကျေးဇူးရှင်”

ငါ ကားထဲ ဝင်ထိုင်လိုက်ပါတယ်။ စိတ်လျှော့လိုက်တာ၊ နင်နဲ့ ပတ်သက်လာရင် ငါက အမြဲလျှော့ပေးပြီးသားချည်းပါပဲ။

“မနေ့က ငါ ကျောင်းက ပြန်လာတော့ ကြီးမေ ရောက်နေတယ်၊ ခရီးရောက်မဆိုက်ပဲ ငါ့ကို သူ့ဘေးနား ခေါ်ထိုင်ပြီး နင်နဲ့ မြတ်အကြောင်းကို အစ်အောက်တော့တာပဲ”

“ဒီတော့”

ဒီတော့ ငါက သူငယ်ချင်းတွေပါလို့ အစချီပြီး ကြီးမေကို ငါပြောခဲ့တာတွေ မခြွင်းမချန် ပြောပြသလို ကြီးမေရဲ့စကားတွေကိုလဲ ငါပြောပြလိုက်တယ်။

မျက်နှာတော့ အပူသားပဲ။

“ရှက်စရာကောင်းလိုက်တာ၊ တစ်သက်လုံး မောင်နှမလို





နေလာတာကို ဘွားတော်တို့က ဘာစိတ်ကူးမှန်းလဲ မသိဘူး၊ ငါ့ကိုလဲ ဒီအတိုင်းပဲ ပြောတယ်၊ ငါက နင့်ကို သွားမပြောနဲ့နော်၊ သားရှက်တယ်လို့တောင် ပြောလိုက်သေးတာ၊ လက်စသတ်တော့ နင်နဲ့ အရင်တွေ့ပြီးပြီကိုး”

နင့်စကားကြောင့် နင့်မျက်နှာကို ငါ ငုံ့စောင်းကြည့်တော့ လား. . လား. . အိုးကမပူ စလောင်းက ပူတဲ့အဖြစ်မျိုး။ နင့်မျက်နှာကြီးက နီရဲတွတ်ပြီး ရှက်ပြုံးနဲ့ တကယ့်ကို မျက်နှာပူနေတဲ့ပုံ။

“သေလိုက်ပါလား. . . အဲဒါ အခုမှ မဟုတ်ဘဲ၊ ငါ ငယ်ငယ်ကတည်းက နင့်အမေက ငါ့ချွေးမလေး ချွေးမလေးနဲ့ စ,ခဲ့တာဟာ”

“အေးလေ. . . ငယ်ငယ်တုန်းကတော့ အကြောင်းလား၊ အခုတော့ မျက်နှာပူစရာကြီး၊ နင်ကော မပူဘူးလား”

“ပူတာပေါ့. . . ဒါပေမယ့် ရိုးနေပြီ၊ အရေးကြီးတာ နင်နဲ့ငါ နားလည်မှု ရှိရင် ပြီးတာပဲ၊ ဒီအကြောင်းတွေ မြတ် မသိစေနဲ့”

“ဘာဖြစ်လို့လဲ”

“ဟဲ့. . . မိန်းမဆိုတာ ဝန်တိုတဲ့မျိုးဟဲ့၊ တော်ကြာ နင့်မြတ်က ငါ့အပေါ် ဝန်မတိုဘူးလို့ နင်အာမခံနိုင်ပါ့မလား”

“အေး. . . ဒါလဲ ဟုတ်တာပဲ”

“နင်နဲ့ မြတ်ကြားမှာ ငါဟာ ဆူးငြောင့်ခလုတ်တော့ အဖြစ်မခံနိုင်ပါဘူး၊ ဒါပေမယ့် ကျောင်းမပြီးခင်တော့ နင်တို့ အနေအထိုင်ကလဲ ဆင်ခြင်ကြ၊ လူကြီးတွေ မရိပ်မိစေနဲ့”

“အေးပါ”

နင်က အေးပါတစ်ခွန်းနဲ့ ငြိမ်သက်သွားတယ်၊ နင်ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com




တွေးနေမယ်ဆိုတာ ငါ မခန့်မှန်းတတ်ပေမယ့် မြတ်အကြောင်းနဲ့ မြတ်နဲ့ လျှောက်လှမ်းရမယ့် ခရီးလမ်းအတွက် စိတ်ကူးနဲ့ စီမံကိန်း ချနေမယ်ဆိုတာတော့ ငါမှန်းဆတတ်ပါတယ်။

အေးလေ. . . အချစ်ဆိုတာ ဘဝလမ်းတစ်ခု လျှောက်လှမ်းခြင်းအတွက် အင်အားတစ်မျိုးပဲ။ နင်သတ္တိရှိမှာပါ။

မြတ်ကို ယူဖို့အတွက် နင့်မှာ သတ္တိတွေအပြည့် စွမ်းအားတွေအပြည့် ရှိလိမ့်မယ်ဆိုတာ ငါယုံကြည်သားပဲ။







## အခန်း(၆)

"နင် နန္ဒအကြောင်း ဘယ်လောက်သိလို့လဲ၊ နင် နန္ဒကို ပေါ့သေးသေးကောင်လို့ အောက်မေ့နေလို့လား"

ငါဟာ ရှုံးရှုံးရှားရှား ဖြစ်လာတဲ့ နင့်ကို ပါးစပ်အဟောင်းသားနဲ့ ကြည့်ပြီး နားမလည်နိုင်အောင်ဘဲ ဖြစ်ရတယ်။

"နန္ဒကို နင် ဘာသဘောကျတာလဲ၊ ရုပ်ကိုလား. . . ကားထည်လဲစီးနိုင်တာကိုလား"

"နေစမ်းပါဦး သားလေး၊ ငါ့နဲ့နန္ဒက ဘာဖြစ်နေလို့လဲ"

"နေ့လယ်က ကင်တင်းမှာ နင်နဲ့နန္ဒနဲ့ နှစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ထိုင်တယ်ဆို”

“ဪ. . . ဒါလား၊ သူငယ်ချင်းတွေနဲ့ အတူပါဟာ၊ နှစ်ယောက်တည်း မဟုတ်ပါဘူး”

“သူငယ်ချင်းတွေ ပါပါ မပါပါ နင် ဒီကောင်နဲ့ ဆက်ဆံစရာအကြောင်း လုံးဝမရှိဘူး”

“ဘာဆိုင်လို့လဲ. . . နန္ဒက ငါတို့ကျူရှင်တုန်းက သိခဲ့တာပဲဟာ၊ အကြောင်းတိုက်ဆိုင်မှု ရှိရင်တော့ ဆက်ဆံရမှာပဲ”

“ရှမ်း”

နင်က ငါ့ကို ဒေါသတကြီး ကြည့်တယ်၊ ငါသိတယ်၊ နင်လက်သီးဆုပ်ပြီး ငါ့ကို မထိုးရက်လို့ တစ်စုံတစ်ခုကို ထိုးတော့မယ်ဆိုတာ။

“နင် ဘာဖြစ်နေတာလဲ”

“ဘာဖြစ်ရမှာလဲ. . . နန္ဒက နင့်ကို ခိုက်နေတာ နင်မသိဘူးလား၊ အဲဒီလိုကောင်ကို နင်က ညှို့တောင့်ခံတယ်ဆိုတော့ နင်က လက်ခံလိုက်တဲ့သဘော မရောက်ဘူးလား”

“အတွေးမခေါင်စမ်းပါနဲ့ သားလေးရာ”

“နင်နော်. . . ငါဆွဲထိုးလိုက်ရ”

“ထိုးရဲ ထိုးကြည့်ပါလား”

“တောက်”

နင် ချာခနဲ လှည့်ပြီးမှ အနားမှာ ရှိတဲ့ တရုတ်စံကားပန်းပင်ကို နင် လက်သီးဆုပ်နဲ့ ထိုးပစ်လိုက်တယ်။

တရုတ်စံကားပန်းတွေ ဖြာခနဲ လွင့်စဉ်ကျလာတော့. . .

“အတော်ပဲ. . . တရုတ်စံကားပွင့် သုပ်စားရမယ်၊ ည





ရောက်ရင် နင်လာခဲ့ပါလား”

“သေတာတောင် မလာဘူးမှတ်၊ နောက်တစ်ခါ နန္ဒနဲ့နင်တွဲတာ တွေ့ရင် ငါ့ကို အဆိုးမဆိုနဲ့”

နင် ရှူးရှူးရှားရှားနဲ့ ပြန်သွားတာကို ကြည့်ပြီး ငါ့ရင်ထဲမှာ ခံစားလိုက်ရတယ်။

အဲသည် ခံစားမှုက ကြေကွဲမှုပဲ။

နင့်နှလုံးသားမှာ ငါရှိနေသလား မရှိဘူးလားဆိုတာကို ငါမတွေးတတ်ဘူး၊ ဒါပေမယ့် နင့်ရဲ့ပေါက်ကွဲမှုက ညီမတစ်ယောက်ကို လူရှုပ်လူပွေတစ်ယောက်နဲ့ ကြိုက်သွားမှာကို စိုးရိမ်တဲ့ ပေါက်ကွဲမှုတစ်ရပ်ပါနော်. . . ဟုတ်မှာပါ။ ဒါကို ငါ တလွဲတွေးမိရင် ငါသိပ်ကိုမှားသွားမှာပေါ့။

“သားလေး”

“. . . .”

ကားပေါ် တက်ခါနီး နင့်ခြေလှမ်း တုံ့ဆိုင်းသွားတယ်။ ဒါပေမယ့် ငါ့ကို လှည့်မကြည့်ဘူး။

“အိမ်ရောက်ရင် နင့်လက်ကို တင်ချာနဲ့ ပွတ်လိုက်ဦး. . . သိလား”

“နင့်အလုပ် မဟုတ်ဘူး”

နင်က ကားပေါ်တက် ကားတံခါးကို ဆောင့်ပိတ်ပြီး ထွက်သွားတယ်။

ငါ့ရဲ့ရယ်သံက တိုးတိုးတိတ်တိတ် ထွက်လာတယ်။

မေမေက အိမ်ရှေ့က လှမ်းကြည့်ပြီး. . .

“ဟဲ့. . . သားလေး ကားသံမှတ်လား၊ ပြန်သွားပြီလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"အိမ်ပေါ် တောင် မတက်သွားဘူး၊ ဒီမှာ သူကြိုက်တဲ့ ဝက်သားနီ ချက်လို့ စားသွားခိုင်းမလို့ဟာ၊ ရွှန်းနဲ့ ဘာဖြစ်သွားသလဲ"

"ဘာမှ မဖြစ်ပါဘူး မမေ"

ငါညာလိုက်တယ်။ မညာလို့ မဖြစ်ဘူးလေ။ ငါ အမှန်အတိုင်း ဖြေလိုက်ရင် နန္ဒနဲ့ငါ့ကို မမေတို့ကပါ အထင်မှားပြီး ချုပ်ချယ်လာရင် ပြဿနာပဲ။

မမေတို့ကလည်း ငါနဲ့ အသင့်တော်ဆုံးလူဟာ နင်က လွဲပြီး အခြားဘယ်သူ့ကိုမှ မြင်မှာမဟုတ်ဘူး။

တကယ်တော့ နန္ဒဟာ နင်ပြောသလောက် မဆိုးပါဘူး။ ရုပ်ချောပြီး ဥစ္စာပေါဆိုတော့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်အဖြစ် ပေါ်ပြူလာ ဖြစ်တာပေါ့။

အပြောကလေးတွေကလည်း နားဝင်ပီယံပြီး ငြိမ့်ညောင်းစေတယ်။ ဂီတသံတစ်ခု နားဆင်နေရသလိုပဲ။

ဒါပေမယ့် ငါ နန္ဒကို စိတ်မဝင်စားဘူး။ ချစ်သူအဖြစ် ခပြောနဲ့။ အပေါင်းအသင်းအဖြစ်တောင် ငါမတွဲဘူး။

ခုလို နင်က ရှူးရှူးရားရားနဲ့ လာကန့်ကွက်တော့မှ ငါ ၊န္ဒကို သတိပြုမိတယ်။

မဆိုးပါဘူး။

နန္ဒက ငါ့ကို ကျနေတာ ငါသိတယ်။

နန္ဒကို နင် ဘာဖြစ်လို့ ငါနဲ့ သဘောမတူရတာလဲ။

ငါ အိမ်ပေါ် တက်ခဲ့တယ်။ နေ့လယ်က နန္ဒ ငါ့ဆီကို ၁အုပ်တစ်အုပ် ငှားသွားတယ်။ ကြည်အေးကဗျာစာအုပ်။





ရှိုးသားမှုတစ်ခုနဲ့ အမြဲတမ်း ဆန်းသစ်နေမယ့်အလုပ်တစ်ခုကို နန္ဒ လုပ်တော့မယ်လို့ ငါကြိုတင်တွက်ဆမိတယ်။

ငါ အိမ်ပေါ်အရောက်မှာပဲ တယ်လီဖုန်းက မြည်လာတယ်။

"ဟဲလို"

"ရွှန်းမြတ်ပါ"

"ဆို့. . . . . . . . . မြတ်"

"မင်းရဲ့သားလေး ကျုပ်ကို လာမခေါ် လို့ ကျုပ် တက္ကစီနဲ့ ပြန်ခဲ့ရပြီ"

"ကောင်းတာပေါ့. . . ဒါ အတွေ့အကြုံတစ်ခုအနေနဲ့ ရှင် ခံစားကြည့်ပေါ့"

"တော်စမ်းပါ. . . ရှင်ပဲ ခံစား"

"ကျုပ်ကတော့ ခံစားရတာတွေ များလွန်းလို့ ရိုးနေပြီ"

"ခု ဖုန်းဆက်ကြည့်တော့လဲ အိမ်မှာ မရောက်သေးဘူးတဲ့"

"ဒီလိုဆိုရင် ရှင်ကို သွားကြိုတာ လွဲသွားလား မသိဘူး၊ ရှင်ကလဲ နည်းနည်းတော့ စောင့်ပေါ့"

"စောင့်ပါတယ်. . . ကျုပ် နာရီဝက်တောင် စောင့်တယ်၊ မိန်းမတစ်ယောက်အတွက် ချစ်သူကို ချိန်းဆိုထားတဲ့နေရာမှာ နာရီဝက်အထိ စောင့်ဆိုင်းနိုင်တယ်ဆိုတဲ့ စိတ်ရှည်ခြင်းကို တော်ရုံတန်ရုံ အချစ်နဲ့ မရနိုင်ဘူးလို့ မယူဆဘူးလား"

ငါလေ. . . တစ်ခါတစ်ရံ မြတ်နဲ့ စကားပြောရတာ သိပ်ကို စိတ်ရှည်ရတယ်။

"ကျုပ် ဘယ်သိမလဲ၊ ကျုပ်က ရည်းစားမှ မထားဖူးတာ"



www.burmeseclassic.com

www.burmeseclassic.com

"ထားကြည့်လိုက်လေ"

"အေးအေးဆေးဆေး နေပါရစေ၊ ရှင့်လိုအပူမျိုး ကျုပ်မလိုချင်ဘူး၊ ကိုင်း. . . ရှင့်ကို ကျုပ် ဘာကူညီပေးရမလဲဆိုတာ ပြောပါဦး"

"ရှင် သားလေးကို ပြောလိုက်၊ ကျုပ်စိတ်ကောက်သွားတယ်လို့"

"ဟတ်. . . ဟားဟား. . ဟား. . . ဟား"

ငါ အော်ရယ်ပစ်လိုက်မိတယ် သားလေးရယ်။ မြတ်က သူ စိတ်ကောက်ခြင်းကို ကြေညာလိုက်တယ်တဲ့လား။ ဒါဆို အခြေအနေ ကောင်းတယ်။

"ဘာရယ်တာလဲ မိန်းမ"

"ကျုပ်လဲ ရှင့်လို စိတ်ကောက်ချင်လို့"

"ကောက်ချင်ရင် ရည်းစားထားလိုက်"

"အင်း. . . စဉ်းစားရမလိုတော့ ဖြစ်လာပြီ၊ ကိုင်း. . . ကျုပ်သဘောပေါက်နေပြီ၊ ကျုပ်ပဲ သူ့ဆီကို ဖုန်းခေါ်ပြီး ရှင်ကောက်နေတဲ့အကြောင်း သတင်းပို့လိုက်ပါမယ်"

"ကျေးဇူးကမ္ဘာပါပဲ ခွန်း"

မြတ်နဲ့ ဖုန်းဆက်အပြီးမှာ ငါ တော်တော်ပဲ ဦးနှောက်အလုပ်ပေးလိုက်ရတယ်။

နင်က ငါ့ကို ကောက်သွားတယ်၊ နင့်ကို မြတ်က ကောက်တယ်။ ဒါပေမယ့် နင်ချော့လိုက်ရင် ပြေမယ့်သဘော ရှိတယ်။

ဝင့်ဆိုတာ ချက်ချင်းလည်တယ်နော်၊ နောင်ဘဝအထိ တောင် မဆိုင်းဘူး။





ဘာပဲဖြစ်ဖြစ် ညရောက်ရင် နင့်ဆီကို ငါဖုန်းဆက်ပြီး မြတ်အကြောင်း သတင်းပေးရမှာ ငါ့ရဲ့သူငယ်ချင်းကောင်း ဝတ္တရားပဲ။

ငါ့ရင်ထဲမှာ မွှန်းကျပ်လိုက်တာ သားလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၇)

"ရွှန်းလဲ့ရွှေရည်"

ငါတစ်ယောက်တည်း သစ်ပုပ်ပင်အနီးက ခုံတန်းလျားလေးမှာ ထိုင်နေတာ။ အမှန်တော့ သူငယ်ချင်းတွေ ပါတယ်၊ မိန်းထဲက သူငယ်ချင်းတွေကို လာရှာတာ။

အဲဒီမှာ အဓိပတိလမ်းကို လျှောက်လှမ်းရင်း ငါ့စိတ်တွေဟာ တစ်မျိုးပဲ ဖြစ်လာတယ်။ ဘာဖြစ်လို့လဲဆိုတော့ သစ်ပုပ်ပင်ကြီးကို မြင်လိုက်လို့ပဲ၊ သူဟာ ထီးတည်းနော်။ ငါနဲ့ ဘဝတူလိုက်တာလို့ ငါ တွေးမိပြီး ကြေကွဲမှုက စတင်လာတယ်။





"ရှင်တို့ဘာသာ သွားရှာကြဟာ. . . ကျုပ်မောတယ်၊ ဒီမှာ ထိုင်စောင့်နေမယ်၊ လူစုံရင် ကျုပ်ကို လာခေါ်"

"ဗွေကတော့ ဖောက်လာပြန်ပြီ"

လို့ ပြောပြီး ငါ့ကို ထားခဲ့ကြတယ်။

ငါလည်း သစ်ပုပ်ပင်ကြီးနဲ့ စကားပြောနေတာ။ ငါ့စိတ်ထဲက ပြောတာတွေကို သစ်ပုပ်ပင်ကြီးပဲ ကြားတယ်။ သူက ငါ့ကို အားပေးစကားတွေ ပြောတယ် သိလား။

လောကကြီးမှာ ချစ်သူနဲ့ ကွေကွင်းရခြင်းဆိုတဲ့ ဒုက္ခဆင်းရဲကို ရင်ဆိုင်ကြရတဲ့သူတွေ အများကြီးပါတဲ့လေ။

"ရွှန်းလဲ့ရွှေရည်"

ငါ့ဘေးနားကို အရိပ်တစ်ခု လာမိုးတယ်။ ရေစီးသံနဲ့ တူတဲ့ ငြိမ့်ညောင်းတဲ့လေသံတစ်ခုဟာလည်း ငါ့နားစည်ကို ရိုက်ခတ်လာတယ်။

ငါမော့ကြည့်လိုက်တော့. . .

"နန္ဒ"

"ကျွန်တော် ထိုင်ခွင့်ရှိသလား"

နန္ဒကို ငါဘယ်လိုယူဆရမလဲ၊ သူဟာ ငါ့ရဲ့အိပ်မက်ထဲက မင်းသားမဟုတ်ပေမယ့် အမျိုးသမီးတော်တော်များများရဲ့ မင်းသားလေးပဲ။

"ရပါတယ်. . . အများဆိုင်နေရာပဲ"

"အများဆိုင်နေရာပေမယ့် ရွှန်းလဲ့ရွှေရည်က ဦးသူဖြစ်နေတယ်လေ၊ ဒီတော့ အရင်ဦးသူထံမှာ ခွင့်တောင်းရမှာ လူ့ဖြစ်ရေး ဥပဒေသတစ်ရပ်လို့ ကျွန်တော် နားလည်ထားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါ နန္ဒ"

နန္ဒက ခုံတန်းလျားရဲ့တစ်ဖက်စွန်းမှာ ဝင်ထိုင်တယ်။ ပြီးတော့ စာအုပ်တစ်အုပ် ထုတ်ပေးတယ်။

"တစ်နေ့က ရွှန်းလဲ့ရွှေရည်ဆီက ကျွန်တော်ငှားသွားတဲ့ စာအုပ်ပါ။ ကျေးဇူးတင်ပါတယ်လို့သာ ပြောပါရစေ"

"ရပါတယ်. . . ကျေးဇူးတင်ရလောက်တဲ့ ကူညီမှုမျိုး ကြီးကြီးကျယ်ကျယ်မှ မဟုတ်ဘဲ"

ငါက သူပေးတဲ့စာအုပ်ကို လွယ်အိတ်ထဲ ထည့်မယ် လုပ်တော့. . .

"စာအုပ်ကို ပြန်စစ်ကြည့်ပါဦး"

"ဘာဖြစ်လို့လဲ"

ငါ ယောကျ်ားလေးတွေရဲ့စိတ်ကို နားမလည်နိုင်တော့ဘူး။

"ကျွန်တော် ရွှန်းလဲ့ရွှေရည် စာအုပ်ကြားထဲကို ဘာသဝဏ်လွှာမှ ညှပ်မထားဘူးဆိုတာ သံသယ ကင်းစေချင်လို့ပါ"

"သြော်. . . ဒါလား၊ ဒါ အရေးမကြီးပါဘူး၊ ညှပ်ထားလဲ ကျွန်မက အရေးတယူ ရှိလိမ့်မယ် မထင်ပါနဲ့၊ ယောင်လို့တောင် ဖတ်မိမှာ မဟုတ်ဘူး"

နန္ဒက ငါ့အပြောကြောင့် မျက်နှာပြင်ရိပ် လုံးဝပြောင်းလဲသွားမယ်လို့ နင်ထင်သလား သားလေး၊ လုံးဝမပြောင်းလဲဘူး၊ ဒါ့အပြင် တည်ငြိမ်စွာနဲ့ပဲ ကျုပ်ကို ခွန်းတုံ့ပြန်တယ်။

"ဟုတ်ပါတယ်. . . ကျွန်တော်ရိပ်မိပါတယ်၊ ရွှန်းလဲ့ရွှေရည်ဟာ အဲဒီလိုနည်းနဲ့ ချဉ်းကပ်လို့ ရနိုင်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ဘူးဆိုတာ"





"ထားပါတော့လေ. . . နန္ဒ ဒီကို ဘာလာလုပ်တာလဲ"

"ရွှန်းလဲ့ရွှေရည် ဒီကို လာတယ်ဆိုလို့ လိုက်လာတာ"

"သြော်"

"ဒီနေရာလေးက အေးချမ်းလိုက်တာနော်၊ စိတ်ကူးယဉ် ကဗျာတစ်ပုဒ် ရေးဖွဲ့ဖို့ ကောင်းတဲ့နေရာပဲ"

"နန္ဒက ကဗျာဖွဲ့တတ်လို့လား"

"ကာရန်တွေ ဘာတွေနဲ့ ဖွဲ့တဲ့ ကဗျာတော့ မဟုတ်ဘူး၊ ဒါပေမယ့် စောစောက သစ်ပင်အောက်မှာ ရွှန်းလဲ့ရွှေရည် တစ်ယောက်တည်း ထိုင်နေတာဟာ ဆွတ်ပျံ့လွမ်းမောဖွယ်ကောင်းတဲ့ ကဗျာတစ်ပုဒ်လိုပဲ ကျွန်တော်ခံစားရတယ်၊ ကျွန်တော့်စိတ်ကူးထဲမှာ ပေါ်လာတယ်၊ အဲဒီရွှန်းလဲ့ရွှေရည်ဘေးနားမှာ တစ်စုံတစ်ယောက် ရှိခဲ့ရင် ဆွတ်ပျံ့လွမ်းမောဖွယ်ရာကနေ သာယာကြည်နူးဖွယ်ရာ ကဗျာတစ်ပုဒ် ဖြစ်သွားနိုင်တယ်လို့တော့ သိနေတယ်"

ငါ ပြုံးလိုက်မိတယ် သားလေး၊ တကယ်တော့ နန္ဒ ဘာကို ဆိုလိုတယ်ဆိုတာ ငါမသိဘူး။

"ကျွန်တော် ရွှေရည်ဘေးက ကွက်လပ်ကို အမြဲဖြည့်စွမ်းချင်တယ် ရွှေရည်"

"ရွှေရည်တဲ့လား"

"ဟုတ်တယ်. . . အဲဒီလိုပဲ ခေါ်ခွင့်ပြုပါ"

"ဘယ်သူမှ ကျွန်မကို အဲဒီလို မခေါ်ဘူး"

"ဘယ်သူမှ မခေါ်တဲ့အခေါ်ကို ကျွန်တော်ခေါ်ချင်သလို ဘယ်သူမှ မရဖူးတဲ့ အခွင့်အရေးတစ်ခုကို ကျွန်တော်ရယူချင်တယ်"

". . . . ."



www.burmeseclassic.com

www.burmeseclassic.com



ငါဘာပြောရမှန်း မသိဘူး၊ သူ ငါ့ကို ရည်းစားစကား ပြောနေတယ်ဆိုတာတော့ ငါသိတယ်၊ ရင်ခုန်မိတာလည်း အမှန်ပဲ။

"ရွှေရည်ရဲ့အပါးတော်မြဲ ချစ်သူရာထူးကိုပါ"

"ကျွန်မက ကဂျီကဂျောင်နိုင်တယ်"

"ကျွန်တော်က အင်မတန် စိတ်ရှည်တတ်ပါတယ်"

"ဒီလိုဆိုရင် စိတ်ရှည်ရှည်နဲ့ စောင့်ပါဦး၊ ဘယ်အလုပ်မဆို စဉ်းစဉ်းစားစားက အကောင်းဆုံး မဟုတ်လား"

နန္ဒက ပြုံးတယ်။

အမှတ်မထင်ပဲ နန္ဒကို ငါငေးကြည့်လိုက်မိတယ်၊ နန္ဒရဲ့ မျက်ဝန်းက အရည်တွေ လက်ပြီး တောက်ပြောင်နေတယ်၊ အဝါရောင်ပြေးတဲ့ အဖြူရောင်အသားအရေကြောင့် ထင်တယ်၊ သူ့ရဲ့ မျက်ခုံးကအစ စိမ်းညိုနေတယ်၊ ပါးချိုင့်နှစ်ဖက်က မိန်းမချော အသွင်ကို ဆောင်ပြီး ညီညာဖြူဖွေးတဲ့ သွားစွယ်တန်းလေးက ကျက်သရေ ရှိစေသလိုပဲ။

"အချိန်နဲ့ဒီရေဟာ လူကို မစောင့်ဘူးတဲ့"

"လက်ဖက်ကောင်း စားချင်ရင် ပလောင်တောင်တက် နှေးတယ်လေ"

နန္ဒက အရှုံးပေးတဲ့သဘောနဲ့ လက်မြှောက်ပြတယ်။

ငါ တဒင်္ဂတော့ ပျော်ရွှင်နေမိတာ အမှန်ပဲ သားငယ်။

ဒါပေမယ့် အဲသည်တဒင်္ဂပါပဲ။ ငါတို့ရဲ့ဘဝလမ်းကြောင်းကို ပြောင်းလဲသွားစေတဲ့ ကံကြမ္မာမုန်တိုင်းတစ်ခု တိုက်ခတ်ခြင်းကို ခံလိုက်ရတယ်။

"ဒါ. . . ဒါ. . . ဘာလုပ်နေကြတာလဲ"





ငါတို့ရှေ့ကို ဘွားခနဲ ရောက်လာတာက သားလေး။

"ဟင်. . . သားလေး

"မိစ္ဆန်း ထစမ်း၊ နင်. . . နင်. . . ဒါဘာလုပ်တာလဲ"

နင်က ငါ့ကို အတင်းဆွဲထူတယ်။

"လွှတ်စမ်း. . . ငါဘာလုပ်နေလို့လဲ"

နန္ဒက အေးဆေးစွာ ရပ်ပြီး. . .

"ဝသုန်ကျော်. . . မင်းအပြုအမူတွေ ရပ်တန်းက ရပ်လိုက်ရင် ကောင်းမယ်၊ အေးအေးဆေးဆေး ပြောလဲ ဖြစ်ပါတယ် သူငယ်ချင်း"

"မင်း. . . မင်းနဲ့ ဘာဆိုင်လို့လဲ"

"ကိုယ်တို့အားလုံးဟာ သူငယ်ချင်းတွေပဲ"

"နင်ပြန်တော့ သားလေး"

"ဘာ. . . နင်လိုက်ခဲ့"

"ငါမလိုက်သေးဘူး. . . ငါ့သူငယ်ချင်းတွေနဲ့ ချိန်းထားတယ်"

ငါက ငါ့လက်မောင်းပေါ်က နင့်လက်ကို ဖြေရင်း ပြောတယ်။ ဒါပေမယ့် မရဘူး။

နင်ဟာ မျက်နှာကြီး ရဲတွတ်ပြီး မုန်ယိုနေတဲ့ ဆင်တစ်ကောင်လိုပဲ ဖြစ်နေတယ်။

"ဘာသူငယ်ချင်းတွေလဲ. . . နင်တို့ဟာနင်တို့ အလေလိုက်"

"ဒီမှာ ဝသုန်ကျော်"

နန္ဒက နင့်ပခုံးကို လှမ်းပုတ်ပြီး သတိပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို နင်က မြန်ဆန်လွန်းအားကြီးတယ်။ နန္ဒကို နင်ဆွဲထိုးလိုက်တာ ငါ ဘယ်လို လှမ်းဆွဲဖို့ အချိန်မရလိုက်ဘူး။

နန္ဒက နောက်တစ်ချီမှာ ရှောင်တိမ်းပြီး နင့်ကို ဖမ်းချုပ်ဖို့ ကြိုးစားတယ်။

"မင်း သိပ်လွန်နေပြီ ဝသုန်ကျော်၊ ငါသည်းခံနိုင်တဲ့ အတိုင်းအတာ ကုန်တော့မယ်"

"တော်ပါတော့. . . သူများကျောင်းမှာ လာရန်ဖြစ်တာ နင် မရှက်ဘူးလား သားလေး၊ နင်ပြန်တော့၊ နင် ငါ့ရဲ့လူ့အခွင့်အရေးကို စွက်ဖက်တယ်၊ ဒီနေ့ကစပြီး နင့်ကို ငယ်စာရင်းက ပယ်လိုက်ပြီ. . . ဒါပဲ"

ငါ တကယ်ကို ရှက်လည်းရှက်၊ ဒေါလည်း ကန်သွားခဲ့တာ။

ငါ့စကားအဆုံးမှာ နင့်ရဲ့လှုပ်ရှားမှုဟူသမျှဟာ ရပ်တန့်သွားပြီး နင်ဟာ ချာခနဲ လှည့်ထွက်သွားတယ်။

သည်တော့မှ ကားနားမှာ ရပ်နေတဲ့ မြတ်ကို ငါတွေ့လိုက်ရတယ်။

မြတ် ပါလာလျက်နဲ့ သည်အထိအောင် ဖြစ်ရသလားလို့လည်း သားလေးအပေါ် နားမလည်နိုင်အောင် ဖြစ်ရတယ်။

"အစစအရာရာအတွက် ကိုယ်ကပဲ တောင်းပန်ပါတယ် ရွှေရည်"

နန္ဒရဲ့ပါးစောင်းမှာ သွေးတွေ စို့ထွက်နေတယ်။

သည်ကိစ္စမှာ နန္ဒဟာ အပြစ်လုံးဝမရှိတဲ့သူလို့ ငါယုံကြည်တယ်။ ဒါကြောင့် ငါ့ရဲ့လွယ်အိတ်ထဲက လက်ကိုင်ပုဝါကို နှိုက်ပြီး နန္ဒကို လှမ်းပေးလိုက်တယ်။





"ကျွန်မသာ တောင်းပန်ရမှာပါ၊ ရော့. . . သုတ်လိုက်ပါ

"မသုတ်ရက်ပါဘူး. . . ဒါပေမယ့် အမှတ်တရအနေနဲ့တော့"

နန္ဒဟာ ငါ့လက်ကိုင်ပုဝါကို ယူပြီး သူ့ပါး ဘယ်ဘက်နှုတ်ခမ်းထောင့်စွန်းက သွေးတွေကို အသာသုတ်လိုက်တယ်။

နန္ဒမျက်နှာဟာ ပြုံးနေတယ်။

ပြီးတော့ လက်ကိုင်ပုဝါကို မပေးတော့ဘဲ အသာခေါက်ပြီး သူ့အိတ်ကပ်ထဲကို ထည့်လိုက်တယ်။

"ကိုယ်နဲ့မကွာ တစ်သက်လုံး အမှတ်တရ သိမ်းသွားပါရစေ"

"မဟုတ်တာ"

"ဟုတ်ပါတယ်. . . ဒါဟာ ကိုယ့်ဘဝရဲ့ လူမှန်းသိတတ်တဲ့အချိန်ကစပြီး ပထမဦးဆုံး ထွက်တဲ့သွေးစက်ပဲ၊ ဒါပေမယ့် ဒီသွေးစက်ဟာ ရွှေရည်ကြောင့် ရခဲ့ခြင်းဆိုတာကိုလည်း မမေ့ရအောင် ရွှေရည်လက်ကိုင်ပုဝါလေးပါ သိမ်းထားခွင့်ပြုပါ"

ငါ့ရင်ထဲမှာ မောဟိုက်သလိုပဲ ခံစားလိုက်ရတယ်။ ငါ့ရဲ့ပျော်ရွှင်မှုဟာ တဒင်္ဂလေးပါပဲ။

သားလေးရယ်. . . နင့်စိတ်ကို ငါဘယ်လိုနားလည်ရမှာလဲ။

"ဟော. . . ရွှေရည့်သူငယ်ချင်းတွေ လာပြီ၊ ကိုယ်သွားတော့မယ်"

နန္ဒကို ငါ ပြုံးပြီး ခေါင်းညိတ်ပြလိုက်တယ်။ နန္ဒက လှိုင်



www.burmeseclassic.com

www.burmeseclassic.com

မိမိ ခြေလှမ်းတွေနဲ့ လှမ်းထွက်သွားတယ်။ မလှမ်းမကမ်းမှာ ရပ်ထားတဲ့ ပါဂျဲရိုကားပေါ် တက်ပြီး ထွက်သွားတယ်။


ဒါတွေအားလုံးဟာ အိပ်မက်တွေလား။
အိပ်မက်ဆိုရင် ကောင်းမှာပဲ သားလေးရယ်။
ဘာဖြစ်လို့လဲဆိုတော့ နင့်ကို ငါစိတ်မဆိုးချင်လို့ပါပဲ။






www.burmeseclassic.com

www.burmeseclassic.com








## အခန်း [၁]

"မောင်. . . ကားကို ရပ်တော့လို့ ပြောနေတယ်"

"ဟာကွာ"

စိတ်တိုပါတယ်ဆိုမှ ငါ့နားက အမျိုးသမီးကလည်း သခွတ်ပင်က မီးတကျိုကျို လုပ်နေတယ်။

"ကားအရှိန်လျှော့ရင်လျှော့. . . မလျှော့ရင် ရပ်လို့ ပြောနေတာ"

ကားကို အရှိန်လျှော့လိုက်ရတယ်။ အစကတော့ ငါရပ်ပေးလိုက်မလို့ပါပဲ။ ဒါပေမယ့် ငါ့အသိတရား သည်လောက်အထိ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းကွာဘူး။ မြတ်ကို လမ်းမှာ ချပေးလိုက်လို့ ဖြစ်မလား။

မြတ်ကို သူ့တိုက်ခန်းရှေ့အထိ ပို့ပေးလိုက်တယ်။

"မြတ်တော့ ဆုံးဖြတ်ချက်တစ်ခုခုကို ချရတော့မယ် ထင်တယ် မောင်"

မြတ်က ငါ့ကို သွေးအေးအေးနဲ့ စကားပြောတယ်။ မြတ်ရဲ့ မျက်လုံးတွေဟာ အေးစက်မာကျောနေတယ်။

"ဘာကိုလဲ"

"ရှင်နဲ့ ရှေ့လျှောက် လက်တွဲဖို့ သင့်မသင့်ကိုပေါ့"

"သဘော. . . ခင်ဗျားသဘောပဲ"

ငါ့ရင်ထဲမှာ မျက်ခန် ဖြစ်သွားတယ်။ ငါ့ရဲ့ နင့်အပေါ် ဖြစ်ပေါ်လာတဲ့ ဒေါသကို ငြိမ်းအေးအောင် မလုပ်ပေးတဲ့အပြင် ရေနစ်သူကို ဝါးကူလို့ ထိုးရက်တယ်။ ဒါလား ချစ်သူ။

ငါ ကားမောင်းထွက်ခဲ့တယ်။

မြတ် ဘယ်လိုဖြစ်ကျန်ခဲ့တယ်ဆိုတာကို ငါကြည့်မနေအားဘူး။

ငါ့ရင်ထဲမှာ နင်နဲ့ ပတ်သက်ပြီး ဒေါသမီးတွေဟာ ဟုန်းဟုန်းတောက်နေတယ်။

နင်နဲ့နန္ဒ တကယ်ကြိုက်သွားကြပြီကိုး။

နင်တို့နှစ်ဦး ပျော်နေလိုက်တာ လောကကြီးကိုတောင် မေ့နေကြတဲ့ပုံမျိုး။

ဒါတင် ဘယ်ကမလဲ။ နင့်မျက်နှာလေးက အမည်နဲ့ လိုက်ဖက်အောင် ရွှန်းလဲ့တောက်ပနေလိုက်တာ။

ပြီးတော့ နင်တို့နှစ်ယောက်ဟာ သိပ်ကို လိုက်ဖက်ညီတဲ့





စုံတွဲတစ်တွဲဖြစ်နေတယ်။

ဒါကလည်း မြတ်က ပြလို့ ငါမြင်လိုက်တာ။

"ကြည့်စမ်း မောင်၊ ရွှန်းက လျှိုထားလိုက်တာ၊ ဟယ်. . . သူ့လူနဲ့သူက အတော်လိုက်တာပဲနော်၊ တကယ့် နေနဲ့လ ရွှေနဲ့မြပဲ" တဲ့။

ငါက ဘယ်မှာလဲ ဘယ်မှာလဲ ဆိုပြီး ငါ့ရင်ထဲမှာ မိုးကြိုး ပစ်ချခံလိုက်ရသလိုပါပဲ ခံစားလိုက်ရတာ။

နင့်မှာတော့ ကြည်လို့ ရယ်လို့။

ငါလေ. . . ငါ နင့်ကို ဘယ်သူ ဘယ်အကောင်နဲ့မှ သဘောမတူနိုင်ဘူး။ နင့်ကို ငါ့ညီမတစ်ယောက်လိုပဲ။ အဲ. . . အစ်မ တစ်ယောက်လို။ နင်က ငါ့ထက် နှစ်နာရီ ကြီးလို့။ ထားပါတော့လေ။ အစ်မတစ်ယောက်လိုပဲ။ အစ်မတောင် အမွှာအစ်မအနေနဲ့ ငါ့အိမ်မှာ အိမ်ဦးခန်းမှာ ထားပြီး တစ်သက်လုံး လုပ်ကျွေးသွားချင်တာ။

ခုတော့ နင်က ငါနဲ့ အဝေးဆုံးလမ်းကို ရွေးချယ်လိုက်ပြီ ပေါ့။

ခွင့်မလွှတ်နိုင်ဘူး။

နင် နန္ဒကို မချစ်ရဘူး။ ယူလည်း မယူရဘူး။

ဟာကွာ. . . နန္ဒမှ မဟုတ်ဘူး။ ဘယ်ယောကျ်ားကိုမှ မယူ ရဘူး။

ငါ ကားကို နင်တို့အိမ်ကို ဦးတည်လိုက်မိပြီ။

မိုးလေးက တဖြောက်ဖြောက် ရွာသွန်းလာတယ်။

ရွှေတောင်တုန်းက ငယ်ဘဝကို တမ်းတမိတယ် ရွှန်းရယ်။

နင်ဟာ ငယ်စဉ်ကလေးဘဝလိုပဲ ငါနဲ့ ဘောင်းဘီဆင်တူ



www.burmeseclassic.com

www.burmeseclassic.com



အကျီဆင်တူဝတ်ပြီး အတူဆော့ကစားနေတဲ့အရွယ်က မတက်ရင် သိပ်ကောင်းမှာပဲနော်။ ဒါတင် ဘယ်ကမလဲ။ တစ်ခါတစ်ခါ နင်က ဂါဝန်လှလှလေး ဝတ်တဲ့အခါ ငါ့ကိုပါ ဝတ်ခိုင်းလို့ ငါပါ ဝတ်ခဲ့ရတာကို မှတ်မိသေးရဲ့လား။

အဲသည်အခါ နင်က သိပ်ဆိုးတာပဲ။ ငါ့ကို့ . .

"မဝသုန်"

"ညီမလေး"

ဆိုပြီး ခေါ်တတ်တယ်။ စ,လည်း စ,တယ်။ ငါ နင်နဲ့ ခွဲခွာပြီး ဘယ်လိုလုပ် နေရက်မှာလဲ ရွှန်းရယ်။

နင်တို့အိမ်ရှေ့ကို ငါရောက်ခဲ့ပြီ။

ငါ ကားကို မရပ်သေးဘဲ ခေါင်းထဲ ဝင်ရောက်လာတဲ့ အတွေးစ,ရဲ့အမျှင်တန်းကိုပါ လိုက်ဖမ်းလိုက်တယ်။

အဲသည်မှာလည်း . .

ငါဟာ နင်နဲ့နန္ဒအကြောင်းကို နင့်မေမေကို တိုင်လိုက်တယ်ထား၊ ငါဘာဖြစ်သွားမလဲ။

ကုန်းတိုက်သူလား၊ ကုန်းချောသူလား၊ ဒါမှမဟုတ် မိန်းမလို မိန်းမရ ဆန်သူလား။ တစ်ခုအနေနဲ့ နင်ယူဆလိုက်နိုင်တယ်။

ကောင်းပြီ။

နင်နဲ့ပဲ သည်ပြဿနာကို ဖြေရှင်းတော့မယ်။

ဆုံးဖြတ်ချက်နဲ့အတူ ငါ ကားကို နောက်ကြောင်းပြန်လှည့်ခဲ့တယ်။

သည်မှာပဲ အိမ်ရှေ့တံခါးဝမှာ အန်တီမေက တအံ့တသြ ရပ်ကြည့်နေတာကို ငါ့ ကားနောက်ကြည့်မှန်က လှမ်းမြင်လိုက်ရ





တယ်။

အန်တီမေရဲ့ပါးစပ်က တစ်စုံတစ်ခုကို လှမ်းခေါ်တယ်။ အဲသည်အသံကို ငါမကြားရပါဘူး။ ဒါပေမယ့် သိတယ်။ အဲဒါက. .

"သားလေး"



www.burmeseclassic.com

www.burmeseclassic.com





## အခန်း [၉]

"တားရေး"

"ဘာရဲဟ. . . နင့်ကို တားရေးလို့ မခေါ်နဲ့ရို့ ငါပြောထားတယ်ရေ"

နင်နဲ့ငါ ကျောင်းစ,နေပြီ၊ မူကြိုလေ။

တစ်တန်းတည်း တစ်ခုံတည်းပဲ ထိုင်တယ်။

အကျီဘောင်းဘီလည်း ဆင်တူပဲ။

နင့်ကို မသိတဲ့သူတွေက ယောကျ်ားလေးလို့ပဲ ထင်ကြတယ်။





"မရဘူး. . . ခေါ်မှာဘဲ"

"မခေါ်နဲ့ဟာ. . . သူများခေါ်သရို့ ဝသုန်ရို့ပဲခေါ်"

ငါ့ကို နင်က ကျောင်းမှာလည်း "သားလေး" လို့ ခေါ်တော့ သူငယ်ချင်းတွေကပါ "သားလေး" လို့ လိုက်ခေါ်ချင်ကြတယ်။

ငါ မကြိုက်ဘူး။ ငါ့မိဘနဲ့ အစ်မတွေရယ်၊ ပြီးတော့ နင်တို့မိသားစုရယ် သည်နှစ်စုပဲ ငါ့ကို သားလေးလို့ခေါ်တာကို ငါလက်ခံတယ်။

"မဟုတ်ဘူးရေဟာ၊ သူညားတွေရှေ့မှာ မခေါ်နဲ့ဟာ"

"ဘာခြစ်ရဲ. . . ငါခေါ်သရို့ ရိုက်မခေါ်နဲ့ရို့ ကြောရိုက်မှာပေါ့ဟ"

ငယ်ငယ်ကတည်းက နင်ဟာ သိပ်ကိုခေါင်းမာခဲ့တယ်နော်ချွန်း။

နင့်ကို ငါဘယ်လိုမှ တားမြစ်လို့မရခဲ့တဲ့အစွဲပါ။

ယနေ့ထက်ထိ နင်ဟာ ငါ့ကို သားလေးပဲနော်။

"တားရေး. . . မိုးရွာရင် မိုးရေချိုးကြမယ်နော်"

"အင်း"

ငါက အမှန်တော့ မိုးရေထဲမှာ ဘောလုံးကစားချင်တာ။ ဒါပေမယ့် . . .

"ပန်းကောက်မယ်"

"အင်း. . . ."

"သရက်သီးတွေ ကောက်ကြမယ်"

"အင်း. . . ."

အဲဒါနဲ့ ငါနဲ့နင် မိုးရွာတိုင်း ပန်းကောက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သရက်သီး ကောက်ကြတယ်။

ရွှေတောင်မြို့ ညောင်ပိုင်းရပ်မှာ ရှိတဲ့ ညောင်ပင်ကြီးက ခုလောက်ဆိုရင် ငါတို့ကို လွမ်းနေလောက်ပြီ။

မိရွှန်းနဲ့ သားလေး ဘယ်ရောက်သွားကြပြီလဲလို့။

မိရွှန်းတို့က ရန်ကုန်မှာ အိမ်တစ်လုံး ဝယ်ထားတယ်။ အဲဒါ မိရွှန်းအစ်ကိုတွေ ရန်ကုန်မှာ ကျောင်းတက်ကတည်းက။ မိရွှန်းမေမေ ကြီးမေကတော့ မိရွှန်း ဗိုင်အိုင်တီ တက်တော့မှ ရွှေတောင်အိမ်ကို ပစ်ပြီး မိရွှန်းနဲ့အတူ လိုက်နေတာ။ မိရွှန်းအဖေကတော့ လာလိုက်သွားလိုက်နဲ့။

ငါကျတော့ ရန်ကုန်မှာ နေစရာ အိမ်သုံးလုံး ရှိတယ်။ မေမေ့ညီမ အန်တီငယ်နဲ့ လေးငယ်မှာ သားသမီး မရှိလို့ ငါ့ကိုဆို အလိုလိုက်ပြီး သူတို့အိမ်မှာ နေစေတယ်။ မမကြီးကလည်း အိမ်ထောင်ကျပြီး သူ့အိုးသူ့အိမ်နဲ့ ရန်ကုန်မှာ ရှိတော့ ငါ့ကို သူတို့အိမ်မှာ နေစေချင်တယ်။ ဖေဖေ့အစ်ကို ဘဘကြီးတို့ လင်မယားရောပဲ။ ငါ မလာလို့ မျက်ရည်နဲ့ မျက်ခွက်။

ငါကလည်း ငါ့ကို အလိုလိုက်ဆုံး အန်တီငယ်နဲ့ လေးငယ်ဆီမှာပဲ ဗိုလ်ကျပြီး နေတာ။ ဒါပေမယ့် ငါ အလည်အပတ်ဆုံးအိမ်က နင့်အိမ်ပဲနော်။

မိရွှန်းရယ်. . . ငါ အခုဘဝကို ငါမလိုချင်တော့ဘူး။ ကလေးဘဝကိုပဲ လိုချင်တယ်။

ကလေးဘဝတုန်းက. . .

ငါ့ရင်ထဲမှာ မမေ့တဲ့အကြောင်းလေးတစ်ခု ရှိသေးတယ် သိလား။





နင်နဲ့ငါဟာ နို့စို့ဖက်ဆိုရင်လည်း မမှားဘူးနော်။

နင်က လေးမေလို့ ခေါ်တဲ့ ငါ့မေမေဆီမှာ ကြီးမေ မအားတဲ့အခါ နို့လာစို့ပြီး ငါနဲ့ အတူအိပ်သလို. . .

ငါ့မေမေ မအားတဲ့အခါကျ ကြီးမေဆီမှာ နို့စို့ပြီး နင်နဲ့ အတူအိပ်တယ်။

နို့ကို ငါက နှစ်ခါလည်ကျော်တဲ့အထိ စို့ခွင့်ရကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ နင်ရောငါပါ နွားအိုနောက်ကျ သားလေးတွေ အဖြစ်နဲ့ မိဘရဲ့ ချစ်ခြင်းကို အများဆုံး ရရှိခဲ့ကြလို့ပဲနော်။

နို့ဖြတ်ပြီးတစ်နေ့. .

ငါက နင်တို့အိမ်ကို လူကြီးတွေမသိဘဲ လာတယ်။

နင်က သနပ်ခါးလေး အဖွေးသားနဲ့ လှေကားထစ်လေးမှာ ထိုင်နေတယ်နော်။

သိပ်ချစ်စရာကောင်းတာပဲ။

နို့ဖြတ်ထားတဲ့ ငါတို့နှစ်ယောက်မှာ ခိုလှုံစရာ မိခင်ရင်ခွင်တွေနဲ့ ဝေးသွားပြီဆိုတော့ ယောင်ချာချာနဲ့။

"ရွှန်း. . ."

ငါ ငယ်ငယ်ကတည်းက အပီပြင်ဆုံး ခေါ်နိုင်တဲ့အမည် ရှိတယ်လို့ လူကြီးတွေက တအံ့တသြ အသိအမှတ်ပြုထားတာ အဲသည် ရွှန်းပဲ။

"သားရေး. . . နာ နို့နို့ဆို့ရတော့ဘူး"

နင်က စိတ်မကောင်းဖြစ်နေတာ မျက်ရည်ဝိုင်းနေတဲ့ နင့်မျက်လုံးအစုံက မျက်ရည်စီးချောင်းလေးတွေ ပိုးပိုးပေါက်ပေါက် ပြိုးပြိုးလက်လက် ဖြတ်ဆင်းတယ်။ နင့်ပါးစုံကြီးနှစ်ဖက်ပေါ် မှာ။



www.burmeseclassic.com

www.burmeseclassic.com



"နို့ရဘူးရေ. . . တိတ်တိတ်"

ငါ့ရင်ထဲမှာ နင်ငိုရင် ငိုချင်တဲ့တယ်။ ဒါပေမယ့် မေမေက ယောက်ျားဆို မငိုရဘူးဆိုတဲ့ စကားက ငါ့နားထဲ ဝင်နေတော့ ငါမငို ဘဲနဲ့ နင့်ကို အငိုတိတ်အောင် ချော့တယ်။

"နာရဲ နင့်ရှိပဲ နို့နို့မစို့ရတော့ဘူး"

"ဟီး. . . ဟီး"

"နို့နို့မစို့ရတော့ ဘာဖြစ်ရဲ၊ မုန့်ချားမယ်၊ ရာ. . . နာ မုန့် ဝယ်ကျွေးမယ်"

"ဟီး. . . ဟီး"

"တိတ်. . . တိတ်. . . မီးလေးတိတ်"

ငါက ဘာရယ်မသိဘူး။ နင်ငိုနေတာကို မကြည့်ရက်ဘူး၊ နင့်ကို အငိုတိတ်စေချင်တယ်။ နင့်ပါးစုန့်ကြီးတွေ မို့တက်ပြီး ရယ် မောနေတာကို ကြည့်ချင်တယ်၊ ဒါကြောင့် လူကြီးတွေလို ငါ လုပ် လိုက်တယ်။

"ရွတ်. . . ရွတ်. . . တိတ်တိတ်"

နင့်ပါးမို့မို့ကို ရွတ်ခနဲ နမ်းတယ်။ နမ်းလို့ကောင်းလို့ ထပ်ခါ ထပ်ခါ နမ်းမိတယ်။

အဲဒါကို တွေ့သွားတဲ့ နင့်အစ်ကိုလတ်က ဓာတ်ပုံရိုက်ထား တယ်နော်။

အဲသည်ပုံလေးတွေ နင့်မှာလည်း ရှိတယ်၊ ငါ့မှာလည်း ရှိတယ်။

နင်က အငိုတိတ်ပြီး ငါတို့နှစ်ယောက် လက်တွဲပြီး ပြေး ဆင်းသွားကြတယ်။ ပြီးတော့ မုန့်ဆိုင်တွေကို လျှောက်သွား၊ လက်





ညှိုးထိုးပြီး လိုချင်တာတွေကို ပိုက်ဆံတွေ ထုတ်ပေးပြီး ဝယ်တယ်။ အိမ်ဆိုင်လေးတွေက တစ်ရပ်ကွက်သားချင်း နင်နဲ့ငါ့ကို သိပြီးသား ဆိုတော့ တန်ဖိုးအတိုင်းရော အပိုတွေရော ပေးတယ်။

ပျော်လိုက်တာနော်၊ ပြီးတော့ ညောင်ပင်ကြီးအောက်က သစ်မြစ်ကြီးတွေပေါ်မှာ ထိုင်ပြီး မုန့်တွေ စားကြတယ်။ ခွေးတွေကို လည်း ကျွေးတယ်။ ခွေးတစ်ဖွဲ့ ငါတို့ တစ်ဖွဲ့ပေါ့။ အဲသည်အချိန်မှာ မိုးတွေကလည်း ရွာလာတယ်။ မိုးရွာထဲ ပြေးလွှားဆော့ကစားကြ တယ်။ လူကြီးတွေက လိုက်ခေါ်တော့ တို့နှစ်ယောက် အိမ်ထဲ ဝင်ရ မှာ ကြောက်ပြီး လက်တွဲပြေးလိုက်ကြတာ. . . ဘာပြောကောင်း မလဲ။

နှစ်ယောက်စလုံး မှောက်လျက်လဲလို့ ဒူးကွဲ နှုတ်ခမ်း ပေါက်နဲ့ လေးငါးရက်လောက် ခံလိုက်ရသေးတယ်။

အဲသည် လေးငါးရက်အတွင်း ငါ့ကို မိုးလင်းတာနဲ့ ထွေး ပိုက် ချီပိုးပြီး နင်တို့အိမ်ကို ပို့ပေးထားရတာတဲ့။

ဘာဖြစ်လို့လဲဆိုတော့. . .

"ရွှန်းဆီကို ပို့ပေး" လို့ မိုးလင်းတာနဲ့ အာခေါင်ခြစ်ပြီး ငိုလို့ပဲတဲ့။

အဲသည်အချိန်မှာ မေမေရဲ့ "သားလေးရဲ့. . . ယောက်ျား ဆိုတာ မငိုရဘူး" ဆိုတဲ့စကားဟာ ငါ့အတွက် နားထောင်ကောင်းတဲ့ စကား မဟုတ်တော့ဘူး။

နင်နဲ့ ခွဲနေရခြင်းလောက် ကြီးမားတဲ့သောကဆိုတာ ငါ့ ဘဝမှာ မရှိခဲ့တာ အမှန်ပဲ။

အရွယ်ရောက်လာတော့ သဘာဝက ပေးတဲ့ အသိတရား



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုအနေနဲ့ နင်နဲ့ငါ ငယ်စဉ်ကလို ဖက်လဲတကင်း မရှိတော့ဘူး။ ဒါပေမယ့် ငါ အခင်ဆုံး သူငယ်ချင်းဟာ နင်ပဲ။ နင့်လောက် ချစ်ခင်ရင်းနှီးရတဲ့သူငယ်ချင်း ငါ့လောကမှာ မရှိဘူး။

ခုတော့ တကယ့်အဝေးဆုံးကို နင်က သွားဖို့ ကြိုးစားနေပြီနော်။

ငါ ဘာကြောင့် တုန်လှုပ်နေရတာလဲ ငါ့ကိုယ်ငါ ဆန်းစစ်ကြည့်တယ်။ ငါကြောက်လန့်နေတာလို့ ငါ အဖြေတစ်ခုကို သွားတွေ့တယ်။

ဘာကို ကြောက်လန့်တာလဲ။

ငါ ဆက်လက်စဉ်းစားကြည့်တယ် ရွှန်း။

သည်မှာပဲ ဆက်စပ်ပြီး တွေးမိလိုက်တာက . . .

နင်နဲ့နန္ဒ ယူလိုက်မှာ ကြောက်တယ်။ နန္ဒမဟုတ်ဘဲ အခြားလူဆိုရင်ကော။

ဒါလည်း ငါ လက်ခံနိုင်မှာ မဟုတ်ဘူး။

နင် ဘယ်သူနဲ့မှ လက်မထပ်ရဘူး။

သည်လိုဆို ငါ ဝန်တိုနေတာလား။

ဝန်တိုခြင်းဟာ ဘာသဘောလဲ။ ညီမကို သိပ်ချစ်တဲ့အစ်ကိုတစ်ဦးဟာ ညီမ လင်ယူမှာကို စိုးကြောက်တဲ့ ကြောက်လန့်မှုမျိုးလား။

သည်ထက်များ ပိုနေသလား။

သည်မှာပဲ ငါ့ရဲ့တုန်လှုပ်မှုက ကြီးထွားသွားတယ်။

ငါ မိန်းထဲကို တစ်ခေါက်ပြန်ရောက်တယ်။ သစ်ပုပ်ပင်ကြီးက ထီးတည်းပဲ ရှိနေတယ်။ သူ့အတွက် ရိုးအီနေမှာဖြစ်တဲ့ တက္က





သိုလ်ဇာတ်လမ်းတွေထဲက တစ်ခုတော့ ဖြစ်ပေါ်ဖို့ အစပျိုးနေပြီဟုသူ သိကောင်း သိနေမှာပါလေ။

ငါ သစ်ပုပ်ပင်ကြီးကို ချန်ထားရစ်ခဲ့တယ်။

ငါ ဘယ်ကိုသွားရမလဲ။ ခုချိန်မှာ ငါအတွေ့ချင်ဆုံးက နင်ပဲ မိရွှန်း။

ဒါပေမယ့် ခုအချိန်မှာ ငါ နင်နဲ့ တွေ့လို့မဖြစ်သေးဘူး။ ဒါသဖြစ်နေသူဟာ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တစ်ရပ်ကို ပေးနိုင်မှာမဟုတ်သေးဘူးလို့ ငါထင်တယ်။

ဒါကြောင့် . . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ဟဲလို"

နင့်အသံဖြစ်နေလို့ ငါ့ရဲ့ရင်အစုံဟာ လှုပ်ရှားမှု ပြင်းထန်လာတယ်။ ငါ ရုတ်တရက် စကားပြောလို့ မရနိုင်အောင် ဖြစ်သွားတယ်။

"သားလေးလား"

အံ့သြစရာကောင်းလိုက်တာ။ နင်ဟာ ငါဖုန်းဆက်လိမ့်မယ်လို့ ကြိုတင်သိထားပါလား။

"ပြောလေ သားလေး၊ နင်ဘာပြောမလို့လဲ"





သည်နေ့ကစပြီး နင့်ကို ငယ်စာရင်းက ပယ်လိုက်ပြီလို့ နေ့လယ်တုန်းက ကြေညာခဲ့တဲ့နင်ဟာ အခုတော့လည်း ငါ့ကို ပြန်ခေါ်နေပါလား၊ မရဘူး. . . ဝသုန်ကျော်တို့က အမှတ်သည်းခြေကြီးတဲ့လူစား။

"ခင်ဗျားနဲ့ကျုပ် ပြောစရာစကား မရှိတော့ဘူး၊ ကျုပ်အန်တီမေနဲ့ပဲ စကားပြောချင်တယ်"

နင်နဲ့ငါဆိုရင် သူငယ်ချင်းတွေရဲ့ ရင်းနှီးမှု ရှိနေဦးမယ်။ ဒါကြောင့် ငါ အသုံးအနှုန်းတွေ ပြောင်းလဲပစ်လိုက်တယ်။

"သားလေး. . . နင် ငါ့ကို စိတ်မဆိုးပါနဲ့၊ ငါနဲ့နန္ဒ ဘာမှမဖြစ်ဘူး"

ငါ ဖုန်းကို ချပစ်လိုက်တယ်။

ဘာမှမဖြစ်ဘူးဆိုတဲ့လူတစ်ယောက်အတွက် နာကြည်းပြီး ငါ့ကို ငယ်စာရင်းက ပယ်လိုက်ပြီလို့ နင် ဒေါသတကြီး ပြောထွက်တယ်လား။ ငါမယုံဘူး. . . ဘယ်နည်းနဲ့မှ မယုံကြည်နိုင်ဘူး။ နင်နဲ့နန္ဒဟာ ချစ်သူတွေ ဖြစ်နေကြပါပြီ။ ဖုန်းခေါ်သံ ထွက်လာတယ်။ နင်ပြန်ဆက်တာပဲ ဖြစ်မယ်လို့ ခန့်မှန်းပြီး ငါ တယ်လီဖုန်းပလပ်ကို ဖြုတ်ထားလိုက်တယ်။

သည်လိုလုပ်ရပေမယ့် ငါ့ရင်ထဲမှာ ကျေနပ်မှုကတော့ ပျောက်ဆုံးနေတယ်။

"လေးလေး"

"ဘာလဲကွ သားလေးရ"

"ကျွန်တော် ဆယ့်ကိုးနှစ်ပြည့်ပြီးပြီဆိုတော့ လေးလေးသိတယ်နော်"


www.burmeseclassic.com

www.burmeseclassic.com

"အေးပါကွာ. . . မင်း မကြာခင်ကတောင် ဆယ့်ကိုးနှစ်ပြည့်မွေးနေ့ ပြီးခဲ့မှပဲ၊ နောင်နှစ်အတွက်တောင် မင်းအတွက် တစ်ခုခု ဝယ်ပေးဖို့ အန်တီငယ်နဲ့ တိုင်ပင်နေကြတာ၊ သားလေးက ဘာလိုချင်လို့လဲ၊ ဒီနှစ် ဝယ်ပေးတဲ့ကားကော ကြိုက်ရဲ့လား"

"ကြိုက်ပါတယ်. . . ဒါပေမယ့် လက်ဆောင်က အဓိက မဟုတ်ဘူး၊ မွေးနေ့အတွက် ပြောတာမဟုတ်ဘူး"

"ဘာအတွက် ပြောတာလဲ"

"ကျွန်တော် ဘီယာသောက်ချင်တယ်"

"ဟေ"

"ကျွန်တော်ငယ်ငယ်က လေးလေးဘီယာကို သောက်မယ်ဆိုတုန်းက လေးလေးပြောခဲ့တာ လေးလေး မှတ်မိရဲ့လား"

လေးလေးက ထူးဆန်းတဲ့အကြည့်နဲ့ ကြည့်တယ်။ ပြီးတော့မှ ဟက်ဟက်ပက်ပက် ရယ်ပြီး ဘီယာဖန်ခွက်တစ်ခွက်ကို ထထုတ်ပေးပြီး ဘီယာကို ရေခဲတုံးလေးတွေနဲ့ ရောစပ်ရင်း. . .

"ငါ့တူရင်ထဲက မီးတောက်ကို ဘီယာရည်နဲ့ ငြိမ်းစေမယ်ပေါ့ ဟုတ်လား. . . ရတယ်၊ မင်းငယ်ငယ်က မင်းကို ဘီယာဆိုတာ ဆယ့်ရှစ်နှစ်ပြည့်ပြီးမှ သောက်လို့ရတယ်လို့ ငါပြောတော့ မင်းက လျှာရှည်ပြီး ဘာဖြစ်လို့လဲလို့ ထပ်မေးသေးတယ်လေ"

လေးလေးက ရေခဲအရည်ပျော်စေရေးကို လှုပ်ယမ်းရင်း ထွေထွေနဲ့ ငါ့ကို လေကြောရှည်နေတယ်။

ငါကတော့ ဘီယာဆိုတဲ့အရည်ရဲ့ အရသာဟာ ဘယ်လိုလဲ ဆိုတဲ့သဘောနဲ့ စူးစမ်းနေတာ။

"ဒီတော့ ငါက ဘာဖြစ်လို့လဲဆိုတော့ ဆယ့်ရှစ်နှစ်ပြည့်ပြီး.





မှ မင်းဟာ လူလားမြောက်တဲ့ ယောကျ်ားတစ်ယောက်ဖြစ်လာလို့ ငါက ပြောလိုက်တော့. . ."

"ကျွန်တော်က 'ခုလဲ ကျွန်တော် ယောကျ်ားပဲ. . . လူပဲ' လို့ ပြောခဲ့သေးတယ် မဟုတ်လား"

"ဟတ်. . . ဟား. . . ဟား"

လေးလေးက ရယ်တယ်။ ငါက စိတ်မရှည်ဘဲ လေးလေး လက်က ဖန်ခွက်ကို ယူသောက်လိုက်တယ်။

ဟ. . . ဘယ်လို အရသာကြီးလဲ မသိဘူး၊ ခါးသက်သက်လည်း မဟုတ်၊ ပူတာလည်း ရောယှက်သေးတယ်၊ ဒါပေမယ့် လည်ချောင်းထဲကို ပူဆင်းသွားတယ်။

"သားလေး. . . တစ်ရှိန်ထိုး မသောက်နဲ့ကွ၊ ရေသောက်သလို သောက်ရတာ မဟုတ်ဘူး၊ တစ်ငုံသောက်လိုက်၊ နားလိုက်၊ အမြည်းလေး စားလိုက်နဲ့ ရင်ထဲက ဝေဒနာတွေကို ငြိမ်းအောင် အရသာခံတာကွ"

"ရင်ထဲက အနာဟာ ဘီယာနဲ့ စိမ်လိုက်လို့ ရသလား"

"ရတယ်"

"လေးလေးမှာ ရင်ထဲက အနာရှိလို့လား"

လေးလေးလည်း ဝေနေပြီ။

အန်တီငယ်က မရှိဘူး။ စင်ကာပူကို ကုမ္ပဏီကိစ္စနဲ့ သွားနေတယ်ဆိုတော့ အိမ်မှာ တူဝရီးနှစ်ယောက်တည်း လွတ်လွတ်လပ်လပ်ပဲ။

"ဟ. . . ရှိတာပေါ့ကွ"

"ပြောပြပါဦး. . . ကျွန်တော့်ရင်ထဲက အနာနဲ့ တူသလား


www.burmeseclassic.com

www.burmeseclassic.com

လို့"

ငါလည်း လေးလေး ပြောတဲ့နည်းအရ ဘီယာတစ်ငုံ သောက်လိုက်၊ အမြည်းလေး ဝါးလိုက်၊ စကားပြောလိုက်နဲ့ ဆက်ရက်မင်းစည်းစိမ် တွေ့နေတာ။

"ငါက ရည်းစားအများကြီး ထားခဲ့တာကွ"

"ယောကျာ်းပဲ. . . ထားပေါ့"

"မင်းအန်တီငယ်ကလဲ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်လို့ ခံယူထားသလား မသိပါဘူးကွာ၊ များလိုက်တဲ့ ရည်းစား၊ ဘယ်နှစ်ယောက်မှန်း မသိပါဘူး"

ငါ ရယ်တယ်၊ အန်တီငယ်က ငါ့အဒေါ်အရင်းလေ။ သူ ရည်းစားများခဲ့တာ ငါသိသားပဲ။

"ဒါပေမယ့် အချိန်တန်တော့ နှစ်ဖက်မိဘတွေက ရွှေရွှေချင်း စိန်စိန်ချင်း ထပ်မှ မြတ်တယ်လို့ ယူဆသလားမသိဘူး၊ မင်းအန်တီငယ်နဲ့ ငါ့ကို ပေးစားလိုက်တယ်၊ ခက်တာက သူနဲ့ငါက ရည်းစားမဟုတ်ခဲ့ဘူး၊ ချစ်လို့ ယူခဲ့ကြတာ မဟုတ်ဘူး"

"ဒါပေမယ့် လေးလေးကို အန်တီလေးက ချစ်သားပဲ မဟုတ်လား"

"ဟုတ်ပါတယ်ကွ. . . ငါတို့ဟာ ညားပြီးချစ်ကြတဲ့ လင်မယားပါ၊ ဒါပေမယ့် အိမ်ထောင်သက် ဆယ်နှစ်ကာလမှာ ငါတို့ ဘာပြဿနာမှ ကြီးကြီးကျယ်ကျယ် မရှိခဲ့ဘူး၊ သူလဲ မပွေတော့ဘူး၊ အိမ်ထောင်ရှင်တစ်ဦးအနေနဲ့ ငါ့အပေါ် သစ္စာရှိပါတယ်"

ငါလည်း ထွေလာပြီ။ ခေါင်းထဲမှာ ရီတီရီတီနဲ့ လှိုင်းစီးရသလို ငြိမ့်ငြိမ့်သိမ့်သိမ့်နဲ့။





"ဒါဖြင့် ဘာခံစားနေရတာလဲ"

"မင်းအန်တီငယ်ဟာ ငါ့ရဲ့အလိုလားဆုံး ဆန္ဒတစ်ခုကို မဖြည့်စွမ်းပေးဘူး"

"ဘာလဲ"

"ငါ သားသမီး လိုချင်တယ်"

ငါ အံ့သြရတယ်၊ အန်တီငယ်နဲ့ လေးလေးရဲ့အိမ်ထောင်ရေးအတွင်းမှာ ဖြစ်ပေါ်နေတဲ့ ကြိမ်မီးအုံး ပဋိပက္ခကို ငါ အခုမှ သိရတယ်။

"သူက မယူချင်ဘူး၊ ခု အသက်သုံးဆယ့်ငါး ဖြစ်လာပြီ၊ ဒီအချိန်မှ မယူရင် ဘယ်အချိန်မှ ယူကြမလဲ"

"ကျွန်တော်က ကလေးမရကြလို့ ထင်နေတာ"

"မဟုတ်ဘူး. . . အလှကြိုက်တယ်၊ လွတ်လပ်မှုကို ခုံမင်မက်မောတယ်၊ ကလေးယူလိုက်ရင် သူ့လုပ်ငန်း ထိခိုက်မှာစိုးတယ်၊ သူ သွားချင်သလို မသွားရမှာစိုးတယ်၊ ပြီးတော့ အလှပျက်ပြီး ငါ ပစ်သွားမှာစိုးတယ်တဲ့၊ အဓိပ္ပာယ်မဲ့ စကားတွေနဲ့ ငါ့ကို ဆင်ခြေပေးတယ်၊ မင်းစဉ်းစားကြည့် သားလေး၊ ငါ့ဆန္ဒကို မလိုက်လျောတာ ငါ့ကို မချစ်လို့ပေါ့၊ ငါကတော့ ချစ်လိုက်ရတာ၊ သူနဲ့ ရပြီးကတည်းက ကမ္ဘာပေါ်မှာ ငါ့မိန်းမနဲ့ အမေကလွဲရင် မိန်းမရှိတယ်လို့တောင် မထင်မှတ်တော့တဲ့ကောင်ပါကွာ၊ ခုတော့ ငါ့ရင်ထဲမှာ နာလိုက်တာ သားလေးရာ၊ မင်းအဒေါ် ငါ့ကို ရက်စက်တယ်. . စိမ်းကားတယ်"

"ဒီလိုလဲ မဟုတ်သေးပါဘူး၊ လေးလေးက သေသေချာချာ ပြောပြပါလား"

"ပြောမရလို့ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရင်ထဲက ဝေဒနာတွေ မေ့လျော့သွားတယ်၊ လေးလေးတို့ လင်မယားရဲ့အကြောင်းဟာ ငါ့ခေါင်းထဲ ရောက်လာတယ်။

"ကျွန်တော် ကျောင်းပိတ်တုန်း ရွှေတောင်ပြန်မလို့ လေးလေးရ"

"ဟာကွာ. . . ငါတစ်ယောက်တည်း သားလေးရာ"

"လေးလေးပါ လိုက်ခဲ့လေ"

"မင်းအန်တီငယ် ဖုန်းခေါ်ရင် မရှိဘဲ ဖြစ်နေပါဦးမယ်"

"နေပါစေ. . . ထားပစ်လိုက်၊ သူတောင် လေးလေးဆန္ဒကို မလိုက်လျောဘဲ နေနိုင်သေးတာ၊ ပစ်ထားလိုက်စမ်းပါ၊ ဒါမှ နောင်ကြဉ်သွားမှာ"

လောကကြီးမှာ ငါမသိသေးတာတွေ အများကြီး ရှိသေးပါလား။ အထူးသဖြင့် အချစ်ဆိုတဲ့အရာဟာ လောကကြီးမှာ လျှို့ဝှက်ချက်တွေ အများဆုံးနဲ့ မာယာအများဆုံး အရာတစ်ခု ဖြစ်လိမ့်မယ်။ ငါ ဘာကိုမှ မသိသေးဘူး။

မြတ်ကို စတွေ့တော့ မြတ်ဟာ ထူးခြားတယ်။ ဆံပင်ရှည်ကြီးနဲ့ နွဲ့နွဲ့နှောင်းနှောင်းလေး။ ဘယ်လိုနေနေ ဘယ်လိုထိုင်ထိုင် လှတယ်။ ကျောင်းသားအများစု ပါးစပ်ဖျားမှာ "မြတ်ပန်းပွင့်ဖြူ" "မြတ်ပန်းပွင့်ဖြူ" နဲ့ ရေပန်းစားနေတဲ့ မြတ်ကို ငါစိတ်ဝင်စားခဲ့ပြီး အပြိုင်ကြိုးပမ်းခဲ့တာ ဆယ်တန်းဖြေအပြီးမှာ "မြတ်" အချစ်ကို ရခဲ့တယ်။

မြတ်ဟာ ငါ့ရဲ့ချစ်ဦးသူပဲ။ ငါဟာလည်း မြတ်ရဲ့ချစ်ဦးသူ။ ဒါဟာ မှန်ကန်တဲ့ "အချစ်" တစ်ခု မဟုတ်ဘူးလား။

"ကျွန်တော် မြတ်ကို ချစ်တယ် ထင်တယ်နော် လေးလေး"





"ဟော. . ."

မြတ်အကြောင်းကို ငါပြောပြတယ်။

"မချစ်ဘဲနဲ့ ချစ်သူဖြစ်မလား"

"ဒီလိုဆို လေးလေးရဲ့ချစ်သူတွေကိုကော လေးလေး ချစ်ခဲ့တာပေါ့"

"အင်း. . . ချစ်စရာစရိုက်တစ်မျိုးလေးတွေ ကိုယ်စီကိုယ်ငှ ရှိကြတယ်၊ ဒါကြောင့် ငါချစ်ခဲ့တာ၊ ချစ်သူအဖြစ် တွဲခဲ့တယ်၊ ရိုးသွားတော့ မချစ်တော့ဘူး၊ နောက်တစ်ယောက်. . နောက်တစ်ယောက်နဲ့ ရည်းစားများသွားတော့တာပဲ"

"ကျွန်တော် မြတ်နဲ့ တွဲတာ နှစ်နှစ်ရှိပြီ"

"မရိုးသေးဘူးလား"

"မရိုးသေးဘူးလား. . . ဆန်းသစ်နေသလားဆိုတာ ကျွန်တော် နားမလည်ဘူး"

"ဒါဖြင့် မင်းရင်ထဲက ဘာအနာတရဖြစ်လို့ ဘီယာသောက်ချင်ရတာလဲ"

"မေ့ထားချင်လို့"

"ဟော. . . ဘယ်သူ့ကိုလဲ"

"ရွှန်းကို"

"ဟော"

"ရွှန်းလေးကို မင်း ဘာဖြစ်လို့ မေ့ချင်ရတာလဲ"

အရက်မူး ကျွဲခိုးပေါ်တယ်ဆိုတာ ဟုတ်မှာပဲ၊ ငါ့ရင်ထဲက အကြောင်းအရာတွေကို လေးလေး မမေးလည်းဘဲ ငါပြောချင်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



"ရွှန်း မကောင်းဘူး"

"ဘာမကောင်းတာလဲ"

"သူ ရည်းစားထားနေပြီ လေးလေးရ"

"မင်းတောင် ထားသေးတာပဲ၊ သူလဲ ထားမှာပေါ့။ မင်းနဲ့သူ သက်တူရွယ်တူပဲဟာ၊ ဒါကို မကောင်းဘူးလို့ ပြောလို့ရမလား"

"သူက မိန်းကလေးဗျ၊ ကျွန်တော်နဲ့ လိုက်ပြိုင်လို့ ရမလား"

"ရတယ်. . . အချစ်မှာ ယောကျ်ားမိန်းမ ကန့်သတ်ချက် မရှိဘူး၊ သူလဲ ချစ်တတ်လာလို့ ချစ်တာပဲ၊ မင်းလဲပဲ ချစ်တတ်လာလို့ ချစ်သူထားတာပဲ၊ ဒါ အများတစ်ခု မဟုတ်ဘူး"

လေးလေး ထွေနေလို့ ပြောတာလား၊ တကယ် သတိလက်လွတ် မရှိဘဲ ပြောတာလား၊ ငါဝေခွဲမရပေမယ့် ငါတွေဝေရပြီ။

နင် ချစ်တတ်လာပြီလား။

"ဒါပေမယ့် သူချစ်တာ နန္ဒဗျ၊ နန္ဒဆိုတာ အမ်စီဝမ်းရဲ့ ကင်းဗျ၊ ရည်းစားတွေ မှိုလိုပေါက် ထားတဲ့ကောင်၊ သူလိုကောင်နဲ့မှ ရည်းစားဖြစ်ရတာ ကျွန်တော် အသည်းနာတယ်ဗျာ၊ ယူကျုံးမရ ဖြစ်ရတယ်၊ ရွှန်း သိပ်မိုက်တယ်ဗျာ၊ သူ့ကို အပျော်ချစ် ချစ်တာ"

"ဒီလိုဆို မင်းပြောပြပေါ့၊ နန္ဒဟာ ရွှန်းကို အပျော်ချစ်တာ၊ ရွှန်း ဖြတ်လိုက်,လို့၊ ဒါထက် သူတို့ ချစ်တာ ကြာပြီလား"

"ဟင့်အင်း. . . ဒီနေ့မှ သူတို့အတွဲကို သစ်ပုပ်ပင်အောက်မှာ ကျွန်တော်တွေ့လိုက်တာ၊ ဒါကိုတောင် သူ့ရည်းစားမဟုတ်ဘူး ငြင်းချင်သေးတယ်၊ အလကား. . . သူညာတာ၊ အန်တီမေတို့ကို တိုင်ပြောမှာစိုးလို့သူ ညာတာ၊ သူတို့ ရည်းစားဖြစ်နေကြပါပြီဗျာ. . ဟုတ်ပါတယ်"





"သားလေး"

လေးလေးက ငါ့ပခုံးကို ပုတ်လိုက်တယ် ထင်တယ်။

"လက်စသတ်တော့ မင်းဟာ ရွှန်းအတွက် ခံစားရတာကို၊ ပြောတော့ သူငယ်ချင်းဆို၊ ကျွန်တော့်ရဲ့အမြွှာအစ်မဆို. . . ဖွားဖက်တော်ဆို"

"တော်ပါ လေးလေးရယ်၊ ကျွန်တော် မခံစားနိုင်တော့ဘူး၊ ကျွန်တော့်ရင်အစုံ ပေါက်ကွဲထွက်တော့မယ် ထင်တယ်"

"ဆွေးဆွေးနွေးနွေး ညှိညှိနှိုင်းနှိုင်း လုပ်ကြတာပေါ့ကွာ၊ တော်ပြီ သားလေး. . . မင်းသိပ်များနေပြီ"

"ကျွန်တော် ဆက်သောက်ဦးမယ်၊ ရွှန်းကို မေ့သွားတဲ့အထိ ဆက်သောက်မယ် လေးလေး"

"ဟေ. . ."

"လေးလေး ကျွန်တော့်ကို မတားနဲ့၊ ကျွန်တော် ဆက်သောက်မယ်၊ ရွှန်းကို ကျွန်တော်မေ့ပစ်ရမယ်၊ သူက ကျွန်တော့်ကို ငယ်စာရင်းက ပယ်လိုက်ပြီတဲ့လေ. . . ဟတ်. . . ဟား. . . ဟား၊ ကျွန်တော်က အရေးစိုက်ရမှာတဲ့လား၊ သူကတောင် ကြေညာရဲသေးတာ၊ ကျွန်တော်ယောကျ်ားပါဗျ လေးလေးရ၊ ကြည့်နေ. . . ကျွန်တော်လေ သူ့ကြေညာချက်ကို သူ ပြန်မရုပ်သိမ်းသရွေ့ ကျွန်တော်က လိုက်နာပြမယ်၊ ကြေညာသူကတောင် ကြေညာရဲသေးတာ၊ ကျွန်တော်က ဘာလို့ မလိုက်နာရဲရမှာလဲဗျ၊ ကျွန်တော် ယောကျ်ားပါ"

"အေး. . . ဟုတ်တယ်၊ ယောကျ်ား. . . သောက်ကွာ၊ မင်းလဲ ရွှန်းအတွက် သောက်၊ ငါလဲ မင်းအန်တီလေးအတွက် သောက်



www.burmeseclassic.com

www.burmeseclassic.com



မယ်. . . ချ"

ခံစားချက်တွေ ပြင်းထန်သူချင်းအတူတူ လေးလေးကိုလဲ ငါက မတားဘူး။ လေးလေးကလည်း တွေ့နေပြီဆိုတော့ ငါ့ကို မတားဘဲ နှစ်ယောက်သား သောင်းကျန်းလိုက်တာ။ ပါးစပ်ထဲ တွေ့တဲ့သီချင်းတွေလည်း အော်ဆိုပြီး နောက်ဆုံး ဧည့်ခန်းထဲက ကြမ်းပြင်ပေါ် ခင်းထားတဲ့ မွေးပွကော်ဇောပေါ်မှာ ဂျက်ကီနဲ့အတူ တူဝရီးနှစ်ယောက်စလုံး မှောက်သွားတယ် ထင်တယ်။







## အခန်း (၁၁)

"အမိန့်ရှိပါ"

မြတ်ရဲ့အသံလေးက ချိုအီနွဲ့ဝင်စွာနဲ့ ငါ့နားစည်ကို ရိုက်ခတ်တယ်။

"မြတ်"

"ဩော်. . . မောင်လား၊ ညက မြတ် ဖုန်းဆက်သေးတယ်၊ လိုင်းမဝင်ဘူး"

"ဟုတ်တယ်. . . ပျက်နေလို့၊ ခုမှ ပြင်ပြီးသွားလို့ ဆက်တာ"



www.burmeseclassic.com

www.burmeseclassic.com



မုသားစကားဆိုတာ နှုတ်ဖျားမှာ ရှိတယ်ထင်တယ်၊ ငါ
ပေါ့ပေါ့ပါးပါးပဲ ညာလိုက်မိတယ်။

တိုင်ကပ်နာရီကို ကြည့်လိုက်တော့ ဆယ့်တစ်နာရီတောင်ခွဲနေပြီ။

ညက ဘီယာအရှိန်နဲ့ မှောက်ခဲ့ပြီး နိုးလာတော့ ဆယ်နာရီ၊ ခေါင်းအုံခဲ့ပြီး ပေါက်ကွဲမတတ် ခံစားရတဲ့ ခေါင်းကိုက်ဝေဒနာကို အိမ်ထောင်ထိန်း အဒေါ်ကြီး ဒေါ်နီ တိုက်တဲ့ သံပုရာရည်သောက်၊ ရေချိုးပြီး ရေခဲအိတ် ခေါင်းတင်လို့ မြတ်ဆီကို ဖုန်းဆက်ရတာ။

"မောင် ရွှေတောင်ကို ပြန်ဦးမယ်"

"ဘယ်နေ့လဲ မောင်"

"ဒီညပဲ"

"ရှန်းကော ပါသလား"

"မြတ်"

"အော်လိုက်တာ. . . မြတ် နားထောင်နေပါတယ် မောင်ရဲ့"

"နောက်ဆိုရင် မြတ်နှုတ်ဖျားက ရှန်းဆိုတဲ့အသံ ဘယ်တော့မှ မထွက်နဲ့"

"ဘာဖြစ်လို့လဲ မောင်"

"မောင့်ကို ဘာမှပြန်မမေးနဲ့ မြတ်၊ မောင် ခု မြတ်ကို အသိပေးတာနော်၊ မောင်နဲ့လေးလေး ရွှေတောင်ကို သွားလည်မယ်၊ ပြီးရင် မောင့်သူငယ်ချင်းတွေ ရှိတဲ့ နယ်စုံကို လျှောက်လည်မယ်၊ အဲဒါ မြတ်ကို ချစ်သူတစ်ယောက်အနေနဲ့ အသိပေးတာ"

"ဟုတ်ကဲ့. . . မြတ်အပေါ် ခုလို ဂရုတစိုက် အသိပေးခြင်း





အတွက် မြတ်က ကျေးဇူးတင်ရမှာပေါ့ မောင်"

"မောင့်ကို ခနဲ့တာလား မြတ်"

"ချစ်သူအပေါ် ကျေးဇူးတင်ခြင်းကို ခနဲ့ခြင်းလို့ မောင်သဘောတတ်လာပြီလား"

"မြတ် မောင့်အပေါ် ဘာတွေ မကျေမနပ်ဖြစ်နေတာလဲ"

"မဖြစ်ဝံ့ပါဘူး. . ချစ်သူရဲ့အပြစ်ရှာလာမှုတွေကို ကြိုတင်ကြောက်လန့်စွာနဲ့ သတိထားနေရတဲ့ သိုးငယ်လေး မြတ်ပါ မောင်"

"ဘာ"

"မြတ် ပြောနေတာ ရှင်းရှင်းလေးပါ၊ မောင်က မြတ်အပေါ်က တစ်ချိန်ချိန်မှာ ဝံပုလွေတစ်ကောင်လို အပြစ်ရှာပြီး ခွဲခွာခြင်းအားဆိုတော့မယ်ဆိုတာကို ကြိုသိနေလို့ မြတ်က ဆင်ဆင်ခြင်ခြင်နေရသူပါ မောင်"

"မြတ်. . . တော်တော့၊ မြတ်စကားတွေဟာ မောင့်ကို စော်ကားလွန်းနေပြီ"

"ဆောရီးပဲ မောင်၊ အနာပေါ် တုတ်ချမိသလို ဖြစ်သွားခဲ့ရင် မြတ်ကို ခွင့်လွှတ်ပါ၊ မြတ် မောင့်ကို ချစ်တယ်၊ မောင့်ရဲ့စွန့်လွှတ်မှုကို မြတ် မခံရဲလို့ ပြောမိတာပါ မောင်"

သက်ပြင်းတစ်ချက် ချကာ ရင်တွင်း ဖြစ်ပေါ်လာသော အမည်မသိနိုင်သည့် ခံစားမှု ဝေဒနာတစ်ရပ်ကို ရှင်းထုတ်ပစ်လိုက်ပြီး စိတ်ကို လျှော့ကာ. . .

"မြတ် မောင့်အပေါ် ဘာဖြစ်လို့ သံသယ ဝင်နေရတာလဲ"

"တစ်ခါတစ်ရံတော့လဲ မောင်က ကိုယ့်နှလုံးသားရပ်ဝန်းမှာ ရည်ရာကိုမှ ကိုယ်သိရဲ့လား တွေးမိလို့ပါ မောင်၊ မြတ် အတွေး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရင်လဲ ခွင့်လွှတ်ပါ မောင်၊ ဘာဖြစ်လို့လဲဆိုတော့ မြတ်ဟာ ချစ်သူနဲ့ လက်ထပ်သူဟာ တစ်ယောက်တည်းပဲ ဖြစ်ရမယ်ဆို အစွဲအလမ်း ခံယူချက်ထားတဲ့သူတစ်ယောက် ဖြစ်နေလို့ပါပဲ"

"မြတ်. . . မောင့်ကို ကိုယ့်စိတ်ကို,ကိုယ် နားမလည် တစ်ယောက်အနေနဲ့ စွပ်စွဲတာလား၊ ပြီးတော့ မောင့်ကို မျက်နှာမ သူလို့ ထင်မှတ်ပြီး သံသယ ဝင်နေတာလား"

"မြတ်စကားက အဲဒီလောက်ထိ မရည်စူးပါဘူး၊ မောင် အဲဒီလို ယူဆလို့လား"

"ယူဆတယ်. . . ဒါကြောင့် မောင် မြတ်ကို တစ်ခွန်း ပြောမယ်၊ မောင်လက်ထပ်သူဟာ မြတ်ကလွဲရင် ဘယ်မိန်းမ မဖြစ်စေရဘူးဆိုတာပဲ၊ ကိုင်း. . . မောင် မေမေတို့အတွက် ဈေး ဝယ်စရာရှိတာ သွားဝယ်ဦးမယ်၊ မြတ်ကော လိုက်မလား"

"ဗိုလ်ချုပ်ဈေးလား မောင်"

"အင်း. . . မင်္ဂလာဈေးရော"

"လိုက်မယ်နော်. . . အခုလား"

"အင်း. . . ပြင်ထားလေ၊ မောင် ထမင်းစားပြီး ထွက် မယ်"

"ကောင်းပြီ"

မြတ် ဖုန်းချသွားတော့မှ ငါ ဖုန်းကို ချလိုက်မိတယ်။ မြတ် မှာ စွမ်းအားတစ်မျိုး ရှိနေတယ်။ အဲသည့်စွမ်းအားက ဘာလဲဆိုတာ တော့ မသိဘူး။ ဒါပေမယ့် ငါ့မာနနဲ့ သူကျေနပ်အောင် ကတိစကား တစ်ခွန်း ပေးချင်အောင်တော့ သူ့မှာ ပြောနိုင်စွမ်းအားတစ်ခု ရှိနေ တာ အမှန်ပဲ။





ခုလည်း ကြည့်လေ၊ သူ့ကို ငါ လက်ထပ်ပါ့မယ်လို့ ငါ ကတိပေးလိုက်မိပြီ။

မခံချင်လို့ ပေးလိုက်တဲ့ကတိပဲဖြစ်ဖြစ် ငါဟာ ပေးပြီးတဲ့ ကတိကို တည်အောင် ထိန်းသိမ်းရတော့မယ်။

ဘာဖြစ်လို့လဲဆိုတော့ မေမေက ပြောတယ်။ အဲ. . . ဆုံးမတယ်။ ဆုံးမတယ်ဆိုတာကလည်း နားမှာ စွဲနေအောင် အလျဉ်းသင့်တိုင်း ပြောဆိုဆုံးမတာမျိုးဆိုတော့ နားတင် မကဘူး၊ နှလုံးသားမှာပါ သံမှိုနှက်ထားသလို စွဲမြဲနေတာ။

"သားလေး. . . ယောကျ်ားဆိုတာ ကတိတစ်ခုကို လွယ်လွယ်ကူကူ မပေးရဘူး၊ သေသေချာချာ ဆင်ဆင်ခြင်ခြင် စဉ်းစားပြီးမှ ပေးရတယ်၊ အဲ. . . ပေးပြီးရင်လဲ ပေးပြီးတဲ့ကတိကို တည်အောင် ထိန်းတတ်ရတယ်၊ ဒါမှ ယောကျ်ားပီသတာ" တဲ့။

ခက်တာက ပေါက်ကွဲလွယ်တဲ့ ငါ့ရဲ့ဒေါသစိတ်ပဲ။ သည်ဒေါသစိတ်ဟာ ရှူးရှူးရှဲရှဲ ပေါက်ကွဲပြီး ဆင်ဆင်ခြင်ခြင် စဉ်းစားဖို့ အချိန်မရလိုက်ဘဲ ကတိပေးလွယ်သွားတဲ့အဖြစ်။

လွယ်လွယ်ကူကူ ပေးလိုက်မိတဲ့ကတိအတွက် ငါဟာ ယောကျ်ားပီသအောင် ထိန်းသိမ်းရတော့မယ်။

"မောင်ဝသုန်"

"ဗျာ. . . ဒေါ်နီ"

"မင်း အိပ်နေတုန်းက ရှန်း လာသွားတယ်"

ငါ ဖုန်းဆက်ပြီး ထမင်းစားဖို့ ထမင်းစားခန်းဝင်တော့ အိမ်ထောင်ထိန်း ဒေါ်နီက ငါ့ကို လှမ်းပြောလိုက်တယ်။

"ဟုတ်လား. . . ဘယ်အချိန်လောက်ကလဲ၊ လေးလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com

ကော တွေ့သွားသလား"

"တွေ့မသွားဘူး. . . ဆရာထွက်သွားပြီး မကြာခင်ပဲ ရောက်လာတာ၊ ကိုးနာရီလောက် ထင်တယ်"

"ဘာပြောသွားသေးသလဲ"

"နာရီဝက်လောက်အထိ စောင့်နေသေးတယ်၊ နောက်ဆုံး မစောင့်နိုင်လို့ ပြန်သွားတယ်၊ မင်းနိုးလာရင် သူလာသွားတယ်လို့ ပြောပြဖို့ရယ်. . . တယ်လီဖုန်း ပလပ်ပေါက်ကိုလဲ သူ တပ်ပေးသွားတယ်လို့ ပြောလိုက်ပါလို့ပဲ မှာသွားတယ်"

"ဒါပဲလား ဒေါ်နီ"

"ဒါပါပဲ. . . ဒေါ်နီလဲ မီးဖိုခန်းမှာ ဈေးဝယ်ပစ္စည်းတွေနဲ့ အလုပ်ရှုပ်နေလို့ ဧည့်ခံစကား မပြောလိုက်မိပါဘူးကွယ်"

ဒေါ်နီဟာ အပိုစကား ပြောတတ်သူ မဟုတ်လို့ ငါ သူ့စကားကို ယုံတယ်။

နင် ဘာဖြစ်လို့ ငါ့ကို တွေ့ဖို့ ကြိုးစားနေရတာလဲ။

နန္ဒနဲ့နင် ဘာမှမဖြစ်ပါဘူးလို့ နင် ပြောင်ငြင်းဆန်ဖို့ အတွက်လား။

နန္ဒနဲ့ နင့်အကြောင်း ငါ အန်တီမေနဲ့ အန်ကယ်ဖေကို တိုင်ပြောမှာ ကြောက်တဲ့အတွက်လား။

စိတ်ချပါ. . . ငါ မိန်းမလို မိန်းမရအလုပ် မလုပ်ဘူး။ ငါ့ ပယောဂကြောင့်တော့ လူကြီးတွေ မသိစေရပါဘူး။







## အခန်း(၁၂)

"သားလေးအကြိုက် ပြောင်းဖူးပြုတ်ပူပူလေး စားလိုက်ဦးသား"

မေမေက လသာဆောင်ပေါ်က ဒရင်းဘက်မှာ ထိုင်နေတဲ့ ငါ့ကို ပြောင်းဖူးပြုတ်ပန်းကန်နဲ့ ဆားပန်းကန်လေး လာချပေးရင်း ကြိမ်ခုံဝိုင်းလေးမှာ ဝင်ထိုင်တယ်။

"မေမေ. . . ထိုင်လေ"

ငါက ဒရင်းဘက်ပေါ်က ထပေးဖို့ လုပ်တယ်။

"နေနေ. . . သားလေး ထိုင်၊ မေမေက ခဏပဲ၊ ပန်းကန်း



www.burmeseclassic.com

www.burmeseclassic.com

စင်တွေဘက် ဆင်းဦးမှာ"

ပြောင်းဖူးပြုတ်နံ့လေးက မွှေးပျံ့နေတာပဲ၊ နင့်အကြိုက်လေ ရွှန်း။ နင် ဘာဖြစ်လို့ ရွှေတောင်ကို ပြန်မလာသေးတာလဲ။

"စားလေ သားလေး"

"ဟုတ်ကဲ့ မေမေ"

ငါက ပြောင်းဖူးတစ်ဖူးကို ယူပြီး ဆားသုတ်လိမ်းလိုက်ကယ်။ တစ်မိုက်သာသာ အလွန်ဆုံး ရှိတဲ့ ပြောင်းဖူးသေးသေးလေးတွေရဲ့အချိုဟာ ဆိမ့်နေတာပဲ။

"ရွှန်းလေးလဲ သိပ်ကြိုက်တာ၊ ဘာဖြစ်လို့ ပြန်မလာသေးတာလဲ သားလေး"

"သူ့အမေ မလာသေးလို့နဲ့ တူပါတယ်၊ သားနဲ့သူ လွဲနေလို့ လေးလေး မေးတော့ တစ်ပတ်လောက် ကြာရင်တော့ လာဖြစ်လိမ့်မယ်ထင်လို့ ပြောတာပဲ"

မုသားစကားကိုပါ ဆိုတတ်နေပြီ။ လေးလေးက ငါနဲ့အတူ လိုက်မလာဖြစ်ဘူး။ အန်တီလေး ဖုန်းအခေါ်ကို သူစောင့်နေတယ်ထင်တယ်။

"အငယ်မတို့ အိမ်ထောင်ရေးအခြေအနေကကော သားလေး အဆင်ပြေရဲ့လား၊ သားလေး နေရတာကကော အငယ်မက နိုင်ငံခြားကိုပဲ အိမ်ဦးနဲ့ကြမ်းပြင် လုပ်ပြီး သွားလာနေတာဆိုတော့ စားသောက်ရေးကကော"

"မပူနဲ့ မေမေ၊ ဒေါ်နီပဲ ချက်တာ၊ အန်တီငယ်က ပါးစပ်နဲ့ပဲ အလုပ်လုပ်သွားတာ၊ မေမေ့ကို လေးလေးတို့အကြောင်း ပြောပြရဦးမယ်၊ ဒီလိုပြောခြင်းဟာ အတင်းလို့ မခေါ်နိုင်ပါဘူးနော် မေမေ"

☺ အောင်မြင်စာပေ ☺



မေမေက ပြုံးတယ်။ ပြီးတော့ ငါ့ခေါင်းကို ချစ်စနိုး ပုတ်ပြီး

"မေ့သားလေးက တက္ကသိုလ်ကျောင်းသားကြီးတောင် ဖြစ်နေပြီ၊ ခုထက်ထိ ကလေးဆန်တုန်းပါလား၊ ဆိုရေးရှိက ဆိုအပ်ရာ၏၊ ပြောရေးရှိက ပြောအပ်၏တဲ့၊ အတင်းမဖြစ်ပါဘူး၊ သတင်းအနေနဲ့ မေမေ့ကို သတင်းပေးတယ်လို့ မှတ်ပေါ့"

လေးလေးတို့ လင်မယားနှစ်ယောက်ရဲ့ကြိမ်မီးအုံး အခြေအနေကို ပြောပြလိုက်တယ်ဆိုရင်ပဲ မေမေက. . .

"မဖြစ်သေးပါဘူး. . . အငယ်မ သိပ်မှားနေပြီ၊ သူ စင်ကာပူက ပြန်လာမှ မေမေ သွားဆုံးမလိုက်ဦးမယ်၊ ကိုင်း. . . သားလေး စားစား၊ မေမေ အောက်ဆင်းလိုက်ဦးမယ်"

ငါ ပြောင်းဖူးစားရင်း ရင်ထဲမှာ ပြည့်သလို ဖြစ်သွားတယ်။ မတူဘူး။ ငါ သည်တစ်ခါမှာ တစ်ယောက်တည်း စားဖူးခြင်းပဲ။

နင့်အိမ်မှာ ပြောင်းဖူးပြုတ်ရင် နင်က ပန်းကန်တစ်ချပ်နဲ့ ထည့်လာပြီး ငါ့ဆီကို ပြေးလာတယ်။ ငါနဲ့နင် ညဆိုရင် ခုလို လသာဆောင်မှာ၊ နေ့ဆိုရင် ခြံနှစ်ခုက ခရေပင်ကြီးအောက်မှာ။

အခုတော့ ငါတစ်ယောက်တည်းပါလား။

နင်ပြန်မလာသေးခြင်းကိုပါ ရင်ထဲမှာ သိနေသလိုပဲ။ နင်နန္ဒနဲ့ မခွဲနိုင်ခြင်းဆိုတဲ့ အကြောင်းတရားကလွဲရင် အခြားဘာရှိနိုင်ဦးမှာလဲ။

ငါ ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားရပာယ်။

နင့်နန္ဒက နင့်ကို အတည်ကြံတာမှ ဟုတ်ရဲ့လား။

ငါ့ရင်ထဲမှာ အဲသည်အတွေး ဝင်လာတိုင်း မီးစနဲ့ ထိုးသလို ပူလောင်လိုက်တာ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းဖူးတစ်ဖူးကို တစ်ဝက်ပဲ စားရင်း နင့်ကို သတိရစိတ်နဲ့ ငါ ဆက်စားလို့ မရဘူး။ ငါ ဘယ်လိုလုပ် ဆက်စားလို့ရမှာတဲ့လဲ။ နင်နဲ့ငါ ထုံးစံရှိနေတာ။

"သားလေး. . . ပြောင်းဖူးတွေဟာ တစ်ဖူးနဲ့တစ်ဖူး ဘယ်လောက် အရသာတူတူ တစ်ဖူးတည်းရဲ့အရသာနဲ့တော့ တူမှာမဟုတ်ဘူး"

"အေး. . . ဟုတ်တယ်"

"ဒီတော့ နင်နဲ့ငါ အရသာ အတူတူ စားရအောင် နင်တစ်ဖူးစားရင် တစ်ဝက်ပဲစား"

"ချိုးလိုက်မယ်လေ"

"သေးသေးလေးတွေကို ချိုးမနေပါနဲ့၊ နင်က နင်ယူတဲ့အဖူးကို တစ်ဝက်ပဲစား၊ ငါကလဲ ငါ့အဖူးကို တစ်ဝက်ပဲ စားမယ်၊ ပြီးရင်ကျန်တာကိုလဲ စားမယ်၊ ဒီလိုဆို အရသာတူတူကို နှစ်ယောက်စလုံးသာတူညီမျှ စားရတာပေါ့"

"အေး. . . နင့်သဘောပဲ"

နင်ဟာ ငါ့ကို ဆရာ အင်မတန် လုပ်တာ။ ခုတော့ နင်နန္ဒကို ဆရာလုပ်မှာပေါ့။ နန္ဒကကော နင် ဆရာလုပ်တာကို ငါ့လိုကျေနပ်စွာနဲ့ ခံယူမှာတဲ့လား။

"မွေးလိုက်တာနော်"

"ဒါကြောင့် ဒီပြောင်းဖူးနာမည်ကို နတ်ပြည်မွှေးလို့ ပေးထားကြတာပေါ့"

"လူ့ပြည်တင် မကဘူး၊ နတ်ပြည်တိုင်အောင် မွှေးလို့ပေါ့နော် သားလေး"





"အင်း. . . နင်ကြိုက်ရင် ဘိုးလေးတို့ ကိုင်းထဲ သွားပြီးယာတဲမှာပဲ သွားပြုတ်စားရအောင်"

"အေး. . . သွားမယ်"

ငါတို့နေတဲ့ ညောင်ပိုင်းရပ်အနီးမှာ ရွှေတောင်ဆည် ရှိတယ်။ အဲသည် ဆည်ရေကို အသုံးပြုပြီး စိုက်ထားတဲ့ လယ်တွေယာတွေကလည်း နင့်အမျိုး ငါ့အမျိုးတွေချည်းပဲဆိုတော့ ငယ်ငယ်ကတည်းက စပါးခင်းတွေအကြား ပြေးတမ်းလိုက်တမ်း တူတူပုန်းတမ်း ဆော့ကစားခဲ့တဲ့ နင်နဲ့ငါတို့ရဲ့အတိတ်ခြေရာလေးတွေ ဟပ်နေဆဲ ဖြစ်မှာ ရှုန်း။

ခု ငါတောင် နင်နဲ့ ပတ်သက်တဲ့အရာ အတိတ် သတိရစရာအဖြစ်တွေရဲ့လွှမ်းမိုးမှုကြောင့် ပြောင်းဖူး သုံးလေးဖူးကို တစ်ခြမ်းစီပဲ စားပြီး ချန်ထားတဲ့အဖြစ်ကို ရောက်နေပြီ။

မသိသူတွေကတော့ ငါ့ကို အရူးလို့ ထင်မှာပဲ။

"သားလေးနော်. . . တစ်ဝက်ဆိုလို့ အရင်းချည်းပဲ မစားနဲ့၊ အဖျားနဲ့အရင်း မျှစား"

"ဒီလိုဆို တစ်ခြမ်းပေါ့"

"အေး. . တစ်ခြမ်း. . တစ်ခြမ်း၊ တစ်ဝက်မဟုတ်ဘူး၊ တစ်ခြမ်းကို ငါက ပြောတာ"

နင့်ရဲ့စကားလုံးတိုင်းကိုပါ မမေ့နိုင်ဘူးဆိုတာ နင်ကတော့ သိမှာ မဟုတ်ဘူး။ နင်သိအောင်လည်း ငါမပြောတတ်ဘူး။

နင်နဲ့ငါ့ကြားမှာ တံတိုင်းတစ်ခု ခြားနေပြီ။ အဲသည်တံတိုင်းဟာ ဘာတံတိုင်းလဲ။ မြတ်နဲ့နန္ဒဆိုတဲ့ တံတိုင်းလား၊ မဆိုင်ဘူး ထင်တယ်။



www.burmeseclassic.com

ငါ ဘာမှ မတွေးချင်ဘူး။

"ဟော. . . သားလေး မအိပ်သေးဘူးလား၊ ညဥ့်နက်ပြီလေ"

"ကျွန်တော် အိပ်လို့မရဘူး မမေ"

"ဘာလဲ. . . ရွှန်း ပါမလာလို့လား"

ရွှန်းနဲ့ သိပ်သဘောတူနေတဲ့မမေ ကျေနပ်စေဖို့ ငါ ချော့လဲရောထိုင်လိုက်တယ်။

"ဆိုပါတော့ မမေ"

"ရွှန်းနဲ့သား အခြေအနေကရော တိုးတက်မှု ရှိရဲ့လား"

ရင်ထဲမှာ လှိုက်ခနဲ လှိုင်းထန်လာတယ်။ ထန်လာတဲ့ လှိုင်းတံပိုး ရိုက်ခတ်မှုဟာ နှလုံးသားပြင်ကို အေးတစ်လှည့် နွေးတစ်လှည့် ဖြစ်ပေါ်စေတယ် ရွှန်း။ နင်နဲ့ ပတ်သက်လာရင် ငါခံစားရတဲ့ ဝေဒနာတွေကို တိတိကျကျ အမည်မတပ်နိုင်ဘူး။

"ဘာကို မေးတာလဲ မမေ"

"ခုထက်ထိ မောင်နှမလို သူငယ်ချင်းလိုပဲလား"

"အဲဒီထက် ပိုလို့မရသေးဘူး"

အမှန်တော့ နင့်ကို အဲသည်မေတ္တာထက် ပိုတဲ့မေတ္တာနဲ့ ချစ်တာ။ ဒါပေမယ့် မြတ်ကို ချစ်တဲ့အချစ်နဲ့လည်း မတူဘူး။ မြတ်ကို ချစ်တဲ့အချစ်က ပူပူလောင်လောင် ရှိပေမယ့် မြတ်အတွက် ငါ့နှလုံးသားကို အပူမီးတောက်မှု တစ်ခါမှ မရှိစေဘူး။

နင့်ကိုကျတော့ နန္ဒာရဲ့ ကင်တင်းမှာ တွေ့တုန်းကတစ်ခါ၊ သစ်ပုပ်ပင်အောက်မှာ တွေ့တုန်းကတစ်ခါ ငါ့နှလုံးသား မီးလောင်တိုက် အသွင်းခံလိုက်ရသလိုပဲ။





"သားလေး"

"ဗျာ. . . ."

မမေ ငါ့ပခုံးကို ပုတ်ပြီး ခေါ်လိုက်မှ ငါဟာ အိပ်ရာက ပွတ်နှိုးခံလိုက်ရသူလို ယောင်ယောင်နနဖြစ်သွားတယ်။

"မမေ မေးနေတာ ဖြေလေ"

"ဗျာ. . . မမေ ဘာမေးလိုက်တာလဲ"

"မမေ မေးတာ မကြားရအောင် သားက ဘာတွေ တွေးနေတာလဲ"

"သားနဲ့ရွှန်းဟာ မမေတို့ အန်တီမေတို့ ဖြစ်စေချင်သလို မျိုး ဖြစ်မလာဘူးဆိုရင်ကော မမေတို့ ဘယ်လိုလုပ်ကြမလဲလို့ပါ"

မမေက ပြုံးတယ်။ ပြီးတော့ ငါ့မျက်နှာကို မချိုမချဉ် ကြည့်တယ်။

"ဒါကတော့ ကြိုပြောပြထားလို့ ဘယ်ဖြစ်ပါ့မလဲ"

"ဘာဖြစ်လို့လဲ"

"လူကြီးတွေရဲ့ခြေလှမ်းကို မင်းတို့ ကြိုသိရင် မင်းတို့ ခြေလှမ်းတွေ ဘယ်လိုပြင်ရမလဲဆိုတာ မင်းတို့ သိသွားမှာပေါ့"

"မမေကလဲ. . . ကျွန်တော်တို့က ဘာပြင်စရာရှိသလဲ"

"ထားပါလေ. . . သားလေးကို မမေ ပြောစရာရှိသေးတယ်"

မမေက ခုထက်ထိ ငါ့ကို ကလေးပေါက်စလေးတစ်ယောက်လို မြင်နေဆဲပဲ။ အစ်မသုံးယောက်စလုံးကလည်း အိမ်ထောင်အသီးသီး ကျပြီး သျှောင်နောက် ဆံထုံးပါကုန်ကြပြီဆိုတော့ မှာ ငါတစ်ယောက်တည်း ကျန်တော့ မျက်စိအောက်ကတောင်

www.burmeseclassic.com



အပျောက်မခံချင်ကြဘူး။

"အချစ်ကို ဘယ်လိုနားလည်ပြီလဲ"

အမေနဲ့သား အချစ်အကြောင်း ဆွေးနွေးကြမယ်ဆိုရင် သားဖြစ်သူတွေသာ အရှုံးပေးရမယ် ထင်တယ်။ ဘာဖြစ်လဲဆိုတော့ သားဟာ အမေက မွေးထုတ်ထားလို့ပဲလို့ ငါတွေးပြီး. . .

"ကျွန်တော် နားမလည်သေးပါဘူး မေမေ"

"အေး. . . နားမလည်သေးဘဲနဲ့ ရည်းစားများတော့ သွားမထားလိုက်နဲ့ သားရေ၊ ထားလိုက်မိပြီး ရင်ခုန်ခြင်းအတွေ့မှာ သာယာခြင်းတွေနဲ့ အိမ်ထောင်သည်ဘဝ ရောက်သွားပြီးမှ အမှားကြီး မှားမှန်းသိ၊ နောင်တ,တရားတွေ ရပေမယ့် ပြင်လို့မရတော့ဘူး၊ ဒါကြောင့် စာဆိုတောင် ရှိသေးတယ်၊ အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည်စုတ်ထိုး နောင်ပြင်ရန် ခက်တဲ့အမျိုး ဆိုသလို ပြင်လို့မရတဲ့အမှားတစ်ခုကို သား မကျူးလွန်မိပါစေနဲ့"

"ဟုတ်ကဲ့"

မေမေဟာ ငါနဲ့မြတ် အခြေအနေကိုများ သိနေလို့ သတိပေးတာလားလို့ ငါ မလုံမလဲ ဖြစ်မိတယ်။

"သား အိပ်တော့မယ် မေမေ"

"သား မအိပ်ချင်သေးဘဲနဲ့ မေမေ့မေးခွန်းတွေ ရှောင်ချင်တာနဲ့ အိပ်တော့မလို့လား"

"မေမေကလဲ. . . သား တကယ်အိပ်ချင်လို့ပါ"

မေမေ့ကို လိမ်ညာရတာ ငါ့အတွက် ခက်ခဲတဲ့အလုပ်တစ်ခုပါပဲ။ ဒါပေမယ့် မေမေက ပြုံးပြုံးကြီး ခေါင်းညိတ်ပြီး ခွင့်ပြုလိုက်ပေမယ့် စကားတစ်ခွန်းနဲ့တော့ ငါ့ကို နှုတ်လိုက်သေးတယ်။





"ကိုင်း. . . အိပ်ချင်သပဆိုရင်လဲ အိပ်ရာထဲ ဝင်ပြီး တောင်တွေးမြောက်တွေး လုပ်မပေဦးတော့ သားလေးရေ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၃)

ရွှေတောင်ရောက်ပြီးကတည်းက အိမ်ကို မကပ်ချင်ဘူး။ နင်တို့အိမ်ကို လှမ်းမြင်ရတိုင်း ငါ့ရင်ထဲမှာ ခြောက်ကပ်ကပ်ကြီး ဖြစ်လာတယ်။ ပြီးတော့ ဒေါသစိတ်၊ ခုထက်ထိ ငါ့ရင်ထဲမှာ မျက် တက်တက် ရှိနေဆဲပဲ။

ခရေတွေ တစ်ယောက်တည်း ကောက်ပြီး ကျွတ်ကျွတ် အိတ်လေးထဲကို ထည့်ပြီး စက်ဘီးနင်းပြီး တက်ခဲ့တာ ချမ်းသာကြီး ဘုရားထဲ ရောက်ခဲ့တယ်။

နင့်ခြေရာလေးတွေ. . . နင့်အရိပ်လေးတွေ. . . ငါ့ကို





ခြောက်လှန့်နေတယ်။

ရွှေတောင်တစ်မြို့လုံး နင်နဲ့ငါ မရောက်ဖူးတဲ့နေရာ ရှိရင် သိပ်ကောင်းမှာပဲ။ ဒါမှ အဲသည်နေရာကို သွားပြီး နင့်ကို ငါ့ရင်ထဲ က ထုတ်နိုင်အောင် ကြိုးစားပစ်လိုက်မယ်။

ချမ်းသာကြီးဘုရား ပရိဝုဏ်အတွင်းမှာ ရှိတဲ့ "မဟာ အာရုဇ် ရုပ်ပွားတော်မြတ်"ဟာ ဆုတောင်းပြည့်ဝတယ်ဆိုလို့ နင်နဲ့ငါ အမြဲတမ်းလိုလို စာမေးပွဲဖြေခါနီး ဆုတစ်ခု သွားသွားတောင်းခဲ့ရ တာ "စာမေးပွဲ အောင်ရပါလို၏ အရှင်ဘုရား" လို့လေ။ အခု ငါ ဘာဆုတောင်းရမှန်း မသိဘူး။

ငါ ဘာအလိုရှိဆုံးလဲ။

ငါ့ကိုယ်ငါတောင် ငါ့ရဲ့ဆန္ဒကို ငါမသိဘူး။

ဘုရားရှိခိုးပြီး ခရေပန်းလေးတွေ ကပ်ပြီး ငါ မြစ်ဆိပ်နား မှာ သွားထိုင်နေလိုက်တယ်။

နင်နဲ့ငါ ရှစ်တန်းနှစ်လောက်က လှေငှားပြီး အလယ်ကျွန်း ကို သွားပြီး အဲသည်က ယာခင်းတွေကို လျှောက်လည်ကြတာကို မှတ်မိပြန်တော့လည်း ရင်ထဲမှာ လွမ်းသလိုပဲ ရွှန်းရယ်။

ငါ ဘာလုပ်လုပ် နင်ဟာ ငါ့စိတ်မှာ ရှိနေတယ်။

ငါ ဘယ်သွားသွား နင်ဟာ ငါ့စိတ်ကို စိုးမိုးထားတယ်။

ငါ နင်နဲ့ မသွားဖူးတဲ့နေရာတွေကို ထွက်သွားမှ နင့်အရိပ် ပျောက်လိမ့်မယ် ထင်တယ်။

ငါ မိုးချုပ်ထဲ ဘာအဆောင်းမှ မပါဘဲ စက်ဘီးနင်းပြီး ပြန်လာခဲ့တယ်။

အိမ်ရောက်တော့ မေမေက ငါ့ကို ရေချိုးခိုင်းပြီး အဲဟိုလဲ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတာနဲ့ ကော်ဖီပူပူတစ်ခွက် အရင်တိုက်ရင်း. . .

"သားလေး. . ပြည်အိမ်က ကိုကိုကြီးတပည့်တစ်ယောက် လာပြောတယ်၊ မနက်ဖြန် ရွှန်းလေးတို့ ပြန်လာတော့မယ်တဲ့"

"ဖုန်းဆက်တယ် ထင်တယ်"

"ဟုတ်တယ်. . . ဧည့်သည်တွေလဲ ပါလာမှာမို့လို့ ချက်ပြုတ်ထားဖို့ ပြင်ဆင်ထားဖို့ ကြိုတင်အကြောင်းကြားတာ ဖြစ်မှာပေါ့"

"ဘယ်က ဧည့်သည်တွေလဲ"

"ရွှန်းသူငယ်ချင်းတွေတဲ့"

"သြော်"

ဘာပဲဖြစ်ဖြစ် သည်ညပဲ ခရီးထွက်ဖို့ ငါဆုံးဖြတ်ချက်ချလိုက်တယ်။

"မေမေ ပြောစရာပြီးပြီလား"

"အင်း"

"ကျွန်တော် ပြောစရာရှိနေတယ်"

မေမေက အကဲခတ်တဲ့မျက်ဝန်းတွေနဲ့ ငါ့ကို ကြည့်လာတယ်၊ မတတ်နိုင်ဘူးလေ၊ ပြောင်ညာရတော့မှာပဲ။

"ကျွန်တော် ပြင်ဦးလွင်က ဖိုးမောင် ပဥ္စင်းခံ မီဖို့ ဒီနေ့ည သွားမယ် မေမေ၊ မေမေ လိုက်ဦးမလား"

မေမေ့ကို ပြင်ဦးလွင် သွားမယ်လို့ ရောက်ကတည်းက ကြိုတင်ခွင့်ပန်ထားပြီးသားပဲ။ ဒါပေမယ့် ခုလောက် မြန်ဆန်လိမ့်မယ်လို့ မေမေ မျှော်လင့်ထားပုံ မရဘူး။

"တစ်ရက်နှစ်ရက်လောက် နေလို့မရတော့ဘူးလား"





"သန်ဘက်ခါဆိုတော့ မဖြစ်ဘူး၊ မနက်ဖြန် ရောက်အောင် သွားမှ ဝိုင်းလုပ်ပေးစရာရှိတာ လုပ်ပေးလို့ ရမှာပေါ့ မေမေ"

"သားလေး ဘယ်လောက်ကြာကြာ နေမှာလဲ"

"တစ်ပတ်လောက်"

ငါ့ရဲ့အကြံအစည်တွေကို ဝမ်းနည်းစွာနဲ့ပဲ မေမေ မသိအောင် ဖုံးကွယ်လိုက်တယ်။

"နောက်နှစ်ဆိုရင် ကျွန်တော်လဲ ပဥ္စင်းခံမယ်"

"အေး. . . ဒီနှစ်တောင် လုပ်ချင်တာ၊ မဥ္ဇူက ကိုကိုလေး ပြန်ရောက်မှ လုပ်ပါဆိုလို့"

အန်တီမေ့သား နင့်အစ်ကိုငယ်နဲ့ငါနဲ့ ပဥ္စင်းအတူတူ ခံရ ယ်ဆိုတော့လည်း ကောင်းပါတယ်။ နင့်အိမ်နဲ့ ငါ့အိမ်က ဘယ် သာအခါမှ ကင်းကွာလို့မရဘူး။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်။ က်မိဘတွေက နင့်အစ်ကိုတွေနဲ့ ငါ့အစ်မတွေကို သဘောတူခဲ့ မယ့်လည်း ဘယ်သူကမှ ရေစက်မဆုံခဲ့ကြဘူး။

အဲသည်အခါမှာ အန်တီမေနဲ့ မေမေမှာ သက်ပြင်းကိုယ်စီ ခဲ့ကြပြီး. . .

"အေးလေ. . . သူတို့တွေက သူငယ်ချင်းချစ်နဲ့ပဲ ချစ်ကြ ဆိုတော့လဲ မတတ်နိုင်ဘူးပေါ့တဲ့"

သူတို့ရဲ့ရည်မှန်းချက်တွေ ပျက်ခဲ့သမျှ နောက်ဆုံးမျှော်လင့် က နင်နဲ့ငါပဲ။

ဒါပေမယ့်. . .

နင်နဲ့ငါဟာ သူငယ်ချင်းပဲ။

ဒါတင် မကဘူး။ တစ်ရက်တည်းမွေး၊ နှစ်နာရီသာ ခြား



www.burmeseclassic.com

www.burmeseclassic.com



မွေးခဲ့သူဆိုတော့ ပိုပြီးတော့တောင် ရင်းနှီးသေးတယ်။ နောက် နှီးစို့ဖက်တွေ။

သူငယ်ချင်းထက် ပိုပြီးတော့တောင် ရင်းနှီးတယ်။ မော နှမချစ်မျိုး ပါဝင်ခဲ့တာ။

ဒါကို ပြောင်းလဲလို့ ရမလား။

ပြီးတော့ ငါ မြတ်ကို ပွေ့ဖက်ရဲသလို နင့်ကို ဖက်ရဲ့မှ မဟုတ်ဘူး။ မြတ်ကို နမ်းတဲ့ အနမ်းကြမ်းမျိုး နင့်ကို မနမ်းရဲဘူး

ဒါပေမယ့် နင်ငိုတဲ့အခါ နင်အငိုတိတ်စေဖို့တော့ နင့် ပါးမို့မို့ကို မွှေးကြူချော့ဖို့ ဝန်မလေးဘူး။

ဒါ့အပြင် အိပ်ပျော်နေတဲ့ နင့်ကို ခြင်၊ ယင် နားမှာစိုး ငါမအိပ်ဘဲ ယပ်ခတ်ပေးဖို့ ဝန်မလေးသလို မြတ်ကိုတော့ ခတ်ပေ နိုင်ပါ့မလား။

ဟာ. . . ငါ့ရင်ထဲမှာ အတွေးနဲ့ မေးခွန်းတွေ ရှုပ်ကုန်ပြီ

အချစ်ရဲ့နက်ရှိုင်းမှုကို ငါ့ဉာဏ်နဲ့ ဆုံးဖြတ်လို့ မရသေး မှာ. . .

ငါနဲ့မြတ် ချစ်သူဖြစ်သွားပြီ။

ပြီးတော့ မြတ်ကို လက်ထပ်ဖို့ ကတိပေးပြီးပြီ။

ကတိဆိုတာ ပေးပြီးရင် တည်အောင် ထိန်းသိမ်းရတော မယ်။

"သားလေး"

"ဗျာ. . . မေမေ"

"ငါ့သားကြည့်ရတာ ငူတူတူ ငိုင်တိုင်တိုင်နဲ့ ဘာဖြစ် တာလဲ၊ ဘာတွေများ တွေးစရာတွေ ဒီလောက်ရှိနေတာလဲ"





"မေမေ စိတ်ထင်လို့ပါ။ ကျွန်တော် ဘာမှ တွေးစရာမရှိဘူး၊ အပြင်ဘက် ခဏသွားလိုက်ဦးမယ် မေမေ"

"အတော်ပဲ. . . မေမေလဲ လိုက်မယ်၊ မဉ္ဇူဆီကို ဖုန်းဆက်ပြီး မှာစရာရှိတာလေး မှာချင်လို့"

"လိုက်လေ မေမေ"

မလိုက်နဲ့ ပြောလို့လည်း မေမေက လက်ခံမှာ မဟုတ်ဘူး။

"ကျွန်တော်က ဖိုးမောင်တို့အိမ်အတွက် လက်ဆောင် သွားဝယ်ချင်လို့"

"အေးလေ. . . မေမေပါ လိုက်ဝယ်ပေးမှာပေါ့"

အမှန်တော့ ဖုန်းဆက်ချင်တာ။ မြတ်နဲ့ ဝေးနေရင် မြတ်အပေါ် အချစ်တွေ လျော့ပါးသွားမှာစိုးလို့ တမင်ဆက်သွယ်ဖို့ ဖုန်းဆက်ဖို့ စဉ်းစားတာ။ စာရေးရမှာတော့ အင်မတန် ပျင်းတယ်။ ခုလည်း ကြည့်. . . မြတ်နဲ့ ခွဲခွာပြီး နေတာ လေးငါးရက် ရှိနေပြီ။ မြတ်အပေါ် လွမ်းဆွတ်တဲ့ဝေဒနာ ဖြစ်ပေါ်မလာဘဲ ရွှန်းသာ နေရာတကာ ကြီးစိုးနေတယ်။

ဒါဟာ ရွှန်းနဲ့ငါ အတူတကွ နေထိုင်ကြီးပြင်းခဲ့ရာ နေရာဒေသကြောင့်လား။

ငါ့ရင်ထဲမှာ ရွှန်းနဲ့ ပတ်သက်ပြီး သိပ်နာနေတယ်။

ငါ့ကို ငယ်စာရင်းက ပယ်လိုက်ပြီလို့ ကြေညာရဲတဲ့နင့်ကို ငါအံ့အားသင့်တယ်။ ပြီးတော့ နာတယ်။

"သွားစို့ သားလေး"

ကားပေါ် ရောက်တော့. . .

"ရွှန်းတို့ လာရင် ရွှေတောင်ခေါက်ဆွဲတော့ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်း ချက်ကျွေးရမယ်၊ သားမြန်မြန်ပြန်ခဲ့နော်”


“စိတ်ချပါ မေမေ”

ငါ လူလိမ်လူညာတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်နေပြီ ရှင်း။

ဒါပေမယ့် ငါ့ရဲ့လိမ်ညာခြင်းဟာ ဘယ်သူ့အကျိုးမှ မထိခိုက်ရင်တော့ ငါလိမ်ညာရဲပါတယ်။

အမှန်တော့ ငါ့ရဲ့လိမ်ညာမှုတွေကြောင့် အထိခိုက်ဆုံး လူသားတစ်ယောက် ရှိတယ်ဆိုတာ ငါ နည်းနည်းသဘောပေါက်လာပြီ။ အဲသည်လူသားဟာ ငါကလွဲပြီး အခြားဘယ်သူမှ ဖြစ်မလာနိုင်ဘူးဆိုတာကိုပဲ။





www.burmeseclassic.com







## အခန်း(၁၄)

မြတ် ထင်ထားတာက ဘူတာရုံက ဆင်းဆင်းချင်း လာကြိုသူဟာ မောင်ဖြစ်လိမ့်မယ်လို့။

ဒါပေမယ့် မြတ်ရဲ့ထင်မြင်ချက်ဟာ လွဲမှားသွားပြီ။

ရွှန်းတို့အိမ်က ကားလာကြိုတယ်။ ရွှန်းရဲ့အစ်ကိုကြီး အာကာစိုးကလည်း ကားတစ်စီးနဲ့ လာစောင့်တယ်။

"ဖေဖေကော ကိုကိုကြီး"

"ဖေဖေ မအားလို့"

ရွှန်းက သူ့အဖေကိုပဲ မေးတယ်။ မောင့်ကို မမေးဘူး၊ မြတ်က မေးစေချင်တယ်။ ဒါပေမယ့် ဘယ်သူ့ကိုမှ မရိပ်မိစေချင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ။

"လာ. . . မြတ်"

ရွှန်းနဲ့အတူ လာသာလာခဲ့ရတယ်။ မောင်နဲ့ တွေ့ပါ့မလားနဲ့ တထိတ်ထိတ်နဲ့။ မောင်က ပြောဖူးတယ် မဟုတ်လား။ ရွှေတောင် ခဏသွားပြီးရင် နယ်စုံထွက်မယ်လို့။

ရွှန်းကြည့်ရတာ အခုတလော "သားလေး" ဆိုတဲ့ မောင့် အကြောင်းကို သိပ်မပြောတော့ဘူး။

နန္ဒကို မောင်ထိုးလိုက်တဲ့ကိစ္စမှာ သူ့ဘက်က စိတ်ဆိုးသွားသလိုပဲ။

"ရွှန်း"

ရွှန်းကို အသာလက်တို့ပြီး မေးရတယ်။

"မောင် လာမကြိုပါလား"

"ရှင်ပါမှန်း မသိလို့ နေမှာပါ၊ သိရင် သူလား နေမှာ"

ရွှန်းအမေက ရှေ့ခန်းမှာ ထိုင်တော့ မြတ်တို့ နောက်ခန်းမှာ လွတ်လွတ်လပ်လပ် မောင့်အကြောင်း ပြောဖြစ်တယ်။ ကေသီက ရွှန်းရဲ့သူငယ်ချင်းပဲ။ ဒါပေမယ့် မြတ်နဲ့ပါ ခင်နေသူ ဆိုပါတော့ မောင်။

မြတ်. . ခုလို လွတ်လွတ်လပ်လပ် သွားလို့ရတာက ဒယ်ဒီက နိုင်ငံခြားမှာ အလုပ်သွားလုပ်နေလို့ပဲ။ မာမီလည်း ပါသွားတယ်။ မြတ်ကိုတော့ စိတ်ချရတဲ့ သူ့လူယုံတော်ကြီးတွေနဲ့ အိမ်တစ်လုံးနဲ့ ထားသွားတယ်။ ရွှေတောင်မှာ ကိုးတန်း ဆယ်တန်း နှစ်နှစ်သာ ခနသွားတယ်။ မြတ်မှာ လွတ်လွတ်လပ်လပ် နေခွင့်မရှိဘူး။

ခုလည်း သုံးရက်တည်းပါလို့ အာပေါက်အောင် ဒေါ်စိမ်း





ကို ပြောပြီး ရွှန်းနဲ့ လိုက်ခဲ့ရတာ၊ အဲဒါ ဘာကြောင့်လို့ မောင် ထင်သလဲ။

မောင့်ကို ချစ်လို့ပေါ့။

"မြတ်"

"အင်"

"ရွှေတောင် အထည်ချုပ်စက်ရုံလေ"

"ဪ"

မီးထိန်ထိန်လင်းနေတဲ့ စက်ရုံကြီးကို လှမ်းတွေ့လိုက်ရတယ်။

"အင်းလေ. . . မင်းကလဲ၊ နှစ်နှစ်တောင် နေခဲ့ပြီး ဘာမှ မမှတ်မိပါလား"

"မမှတ်မိဆို အိမ်ထဲက အိမ်ပြင် ထွက်ရသူမဟုတ်တာ"

ဒါကြောင့် ထင်ပါတယ်၊ မြတ်ဘဝအတွက် မောင်ဟာ မင်းသားတစ်ပါးလို ကိုးကွယ်ခံရတာ၊ မောင်နဲ့ တွဲပြီး လူ့လောကကြီးထဲ တိုးဝင်ရတာကိုက မြတ်အတွက် ထူးဆန်းနေတယ်။

"ရောက်ပြီလား"

ကေသီက ကားရပ်တော့ မေးလိုက်တယ်။ မြတ်မှာ မောင်တို့အိမ်ဆိုတာကို မှန်းဆကြည့်လိုက်တယ်။ မောင့်ကို တွေ့ရနိုးလေ။

"ရွှန်းလေး ရောက်လာပြီလား သမီး"

တစ်ဖက်အိမ်ဆီက ကူးလာပြီး လှမ်းနှုတ်ဆက်လိုက်တဲ့ အမျိုးသမီးကြီးကို မြင်မြင်ချင်း မောင့်မေမေလို့ မြတ် အတပ်သိလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မောင်နဲ့ ရုပ်ချင်း ဆင်နေလို့ပဲ။

"ဟုတ်ကဲ့ ကြီးမေ. . . သားလေးကော"



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကပဲ ပြင်ဦးလွင်ကို သွားတယ်"

"ဟင်. . . မပြောမဆိုနဲ့"

ရွှန်းလည်း မကျေမနပ်ဖြစ်သွားတယ်။

မြတ်အတွက်ကတော့ ခြေကုန်လက်ပန်းကျသွားသလိုပါပဲ မောဟိုက်သွားတာပဲ မောင်။

"မေမေ. . ကြီးမေ. . ဒါ သမီးသူငယ်ချင်း မြတ်ပန်းပွင့်ဖြူလေ၊ သူက ကေသီတဲ့၊ မြတ်ဖေဖေက ရွှေတောင်ဆေးရုံမှာ တာဝန်ကျသွားသေးတယ်"

မောင့်မေမေက မြတ်ကို အကဲခတ်တယ်။ မြတ် မောင့်မေမေမျက်လုံးကို မကြိုက်ဘူး။ သူ့အကြည့်က စူးရှသလို စူးစမ်းမှုလည်း ပါတယ်။

မြတ်ကို မယုံသင်္ကာအကြည့်နဲ့ ကြည့်တာ၊ ပြီးတော့ လိုလားတဲ့အကြည့် မဟုတ်ဘူး။

မြတ် အသည်းဆတ်ဆတ်ခါအောင် နာကျင်သွားခဲ့တယ် မောင်။ ယောကျ်ားလေးရှင်ဘက်က မလိုလားခံရတဲ့ မိန်းကလေးတစ်ဦးရဲ့ခံစားချက်က ဘာဖြစ်နိုင်မယ် ထင်သလဲ မောင်။

ခံပြင်းမှုပေါ့။

"ကြီးမေရေ. . . ရွှန်းတို့ ခရီးပန်းလာလို့ နားဦးမယ်နော်"

"အေး. . အေး. . သမီးလေး၊ သမီးလေး အားမှ မင်းရဲ့သားလေးအကြောင်းကို ကြီးမေ ပြောပြရဦးမယ်၊ ပြောစရာတွေ အများကြီးပဲ"

"ဟုတ်ကဲ့. . . နောက်မှ နားထောင်တော့မယ်နော်၊ လာ. . မြတ်. . ကေသီ"





ရွှန်းရဲ့ဦးဆောင်မှုနဲ့ အပေါ်ထပ်ကို တက်ခဲ့လိုက်တယ်။

မြတ် မောင့်မေမေကို နှုတ်မဆက်ခဲ့ဘူး။

မြတ် ရိုင်းသွားရင်လည်း ခွင့်လွှတ်ပါ မောင်။

အိမ်အပေါ်ထပ် ရောက်ရောက်ချင်း. . .

"ဒေါ်ဝသုန်က ဘယ်လိုကြီးလဲကွ၊ မိတ်ဆက်ပေးတာတောင် ကျုပ်တို့ကို အသိအမှတ်မပြုပါလား"

မြတ် ပြောချင်တဲ့စကားကို ကေသီက ပြောလိုက်လို့ ကေသီကို မြတ် ကျေးဇူးတင်လိုက်တာ။

"မဟုတ်ပါဘူးကွာ. . ကြီးမေက သိပ်သဘောကောင်းပါတယ်၊ ရှင်တို့ စိတ်ထင်လို့ပါ"

ရွှန်းက ဖာထေးဖို့ ကြိုးစားနေတာ။ မြတ်ရင်ထဲမှာ သံသယဆူးတစ်ဆူးတော့ စူးဝင်လာပြီ မောင်၊ ဒါကြောင့် သည်ကို လိုက်လာတာလည်း ပါတယ်။

"မြတ်. . . ရှင် ဆွေးသွားပြီလား"

"အေးကွာ. . . သူ ကျုပ်ကို ပြောသွားသားပဲ၊ နယ်စုံ ခရီးထွက်မယ်လို့၊ ဒါပေမယ့် ကျုပ်က ဒီလောက် မြန်မြန်ဆန်ဆန် ထွက်သွားလိမ့်မယ် မထင်လို့ပေါ့"

ရွှန်းကိုတော့ မြတ်အနေနဲ့က ဘာမှ လျှို့ဝှက်ထားစရာ မလိုဘူးလေ၊ ပွင့်ပွင့်လင်းလင်းပဲ ဖွင့်ဟတိုင်ပင်နေကျ၊ ကေသီကတော့ ရွှန်းနဲ့ ပတ်သက်ပြီးမှ ခင်မင်ရသူဆိုတော့ သူ့ရှေ့မှာ ထိန်းထိန်းသိမ်းသိမ်းလေး ပြောရသေးတယ် မောင်။

"ဒါပေမယ့် ရွှန်းကိုတော့ ပြောနေတာပဲ"

"ဟဲ့. . . ဒါကတော့ ကျုပ်က သူ့သမီးလို ဖြစ်နေတာကို၊



www.burmeseclassic.com

www.burmeseclassic.com



သားလေးနဲ့ကျုပ်က သူ့နို့ကို အများဆုံး စို့ခဲ့တာ၊ ကျုပ်အမေနို့က သူ့နို့လောက် မကောင်းတော့ ကျုပ် သူ့နို့ အစို့များခဲ့တာ"

"ဩော်. . . ရာဇဝင်လေးနဲ့ကိုး"

မြတ်က ဒါတွေ သိပြီးသားပဲ။ ကေသီကတော့ ဘယ်လို ကောက်ချက်ချမယ်ဆိုတာ မသိဘူး၊ ကေသီက ရွှန်းနဲ့ ပိုင်အိုင်တီ တက်မှ တွဲတဲ့သူငယ်ချင်း၊ ရွှန်းနဲ့မောင့်အကြောင်း ဂဃနဏ သိသူ မဟုတ်ဘူး။

"ကေသီနဲ့မြတ် ထမင်းဆာပြီလား၊ ရေအရင်ချိုးလိုက်ဦး မလား"

"ရေချိုးပြီးမှ စားတာပေါ့"

မြတ် လေသာဆောင်ဘက် ထွက်ခဲ့တယ်။ မောင်တို့အိမ်ကို လှမ်းကြည့်လိုက်တယ်၊ ညလမ်းမီးနဲ့ အိမ်အလင်းရောင်ဟပ်မှုကြား က ဝိုးတဝါး မြင်တွေ့ရတဲ့မြင်ကွင်းက သစ်ပင်ကြီးတွေ အုံ့ဆိုင်းနေမှု ပဲ။ အဲသည်အပင်ကြီးတွေအောက်မှာပေါ့နော်. . . ရွှန်းနဲ့မောင် ဆော့ကစားခဲ့ဖူးတယ်ဆိုတာ။

မောင်ရယ်. . . ရွှန်းအပေါ် ထားရှိတဲ့ မောင့်မေတ္တာ တရားကို မြတ် ဘယ်လိုနားလည် ကောက်ချက်ချရမယ်ဆိုတာကို တောင် မသိတော့အောင်ပဲ။

"မြတ်"

ရွှန်းက မြတ်ပခုံးကို အသာပုတ်ပြီး ခေါ်လိုက်တယ်။

"ရွှန်း"

"လွမ်းသွားပြီလား"

"အင်းနော်. . . မောင်ရှိရင် သိပ်ကောင်းမှာပဲ"

☺ အောင်မြင်စာပေ ☺



"ဒီကောင် တစ်မျိုးဖြစ်နေတယ်၊ ကျုပ်ကို စိတ်ဆိုးသွားတာ ဖြစ်မယ်"

"အင်းလေ. . . နှမလင်နေ မောင်ဖင်ကျိန်းဆိုတဲ့စကား သေးတာပဲ၊ ရှင့်ကို အတွဲနဲ့ တွေ့လိုက်တော့ ရှက်ရမ်းရမ်းသွားတာ ဖြစ်မယ်"

"ကိုင်း. . . မောင်တော်အကြောင်း နောက်ထား၊ ကေသီ တော့မယ်၊ ရှင် အဆင်သင့်ပြင်ပြီး ချိုးတော့"

"အင်းပါ"

မောင့်ရဲ့မျက်နှာလေးကို မြင်တွေ့ဖို့ မျှော်လင့်ချက်တွေ ငွေကူမှာ ပိုက်ပြီး လာခဲ့ရတဲ့ မြတ်ဟာ မျှော်လင့်ထားသလို မလာတော့ ရင်ထဲမှာ နွမ်းလျပြီး ပျော်ရွှင်မှု ဆိတ်သုဉ်းသွား လို ခံစားလိုက်ရတယ် မောင်။

"မြတ်ရေ. . . ကျုပ်ပြီးပြီဟေ့"

"အေး. . . အေး. . . လာပြီ ကေသီ"

ကေသီအသံ ထွက်လာတာနဲ့ ကမန်းကတန်း အိမ်ထဲကို ဝင်လိုက်တယ်။

မောင်ရယ်. . . မြတ်ဆီကို ဖုန်းဆက်ဖော်တောင် မရဘူး ော်၊ တကယ်ဆို မောင် သည်နေ့သည်ရက်မှာ ရွှေတောင်မှာ ရှိမ ဘူးဆိုရင် မြတ် လိုက်မလာပါဘူး မောင်ရယ်။

ခုတော့. . .

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၅)

ရွှေတောင်နဲ့ပြည် အဝေးပြေးလမ်းမနံဘေးရှိ အိုဆာကာ ရွှေတောင်ခေါက်ဆွဲဆိုင်သည် အလှူပေးသည့်အလား အမြဲမပြတ် လူစည်ကားလျက်ရှိသည်။ မြတ်မိဘများနှင့် နေစဉ်က လက်ဖက်ရည်ဆိုင် ထိုင်ဖူးဖို့ ဝေးစွ၊ အိုဆာကာလို ဆိုင်မျိုးတောင် ထိုင်မစားဖူးခဲ့ပါချေ။ တကယ်တော့ မြတ်သည် အိမ်တွင်းပုန်းသက်သက် ဖြစ်ခဲ့သည်။ ဆိုင်မထိုင်ရသော်ငြား မြတ် စားချင်သည်တို့ကို အိမ်ရှိ အလုပ်သမားများနှင့် တဆင့်ဝယ်ခိုင်း၍ အိမ်မှာ ခမ်းခမ်းနားနား ပြင်ဆင်ကျွေးကာ စားစေခဲ့သည်။ တစ်ဦးတည်းသောသမီး မြတ်ကို





ဘနှစ်ပါးက မျက်စိအောက်က အပျောက်မခံဘဲ အိမ်တွင်းပုန်းမလေးသဖွယ် ထားခဲ့လေသည်။

"ဂျပန်ပြန် အိုဆာကာလေ၊ ဂျပန်ပြည်က ပေးတဲ့ဆုကို ဒီဆိုင်က ရခဲ့တာ၊ ဒါကြောင့် အိုဆာကာ ဖြစ်နေတာ"

မြတ်ရဲ့အတွေးကို ရွှန်းက ရုပ်သိမ်းစေလိုက်တယ်။

"ကောင်းတယ်ကွာ. . . ကျုပ်စားဖူးသမျှ ရွှေတောင်ခေါက်ဆွဲထဲမှာ ဒါ အကောင်းဆုံးပဲ"

ကေသီကတော့ ဘယ်အရာမဆို ပွင့်ပွင့်လင်းလင်းနှင့် ဟောဟောဒိုင်းဒိုင်း ပြောဆိုတတ်သူဖြစ်သည်။

"ကျုပ်ကတော့ စားဖူးပါတယ်၊ ဒါပေမယ့် အိမ်မှာပဲ မေမေတို့က မှာကျွေးတယ်"

မြတ်က အတိတ်ကို သတိရစွာနဲ့ ပြောလိုက်တယ် မောင်။ အမှန်တော့လေ. . . မြတ်က မောင်နဲ့အတူ မောင်နဲ့ရွှန်းတို့ ကျင်လည်ခဲ့သမျှ နေရာလေးတွေကို မောင်နဲ့မြတ်ရဲ့ခြေရာထပ် ဖျက်ဆီးချင်တာ မောင်ရဲ့။

မြတ်ကို စိတ်ပုပ်တယ်လို့ မောင် ပြောမလား။ ပြောတော့ မောင်။ မြတ်က မောင့်ကို သိပ်ချစ်သလောက် မောင်က မြတ်ကို မချစ်ဘူးလို့ မြတ်ထင်နေတယ်။ မောင့်အချစ်ဟာ ရွှန်းအပေါ်မှာပဲ လို့ မြတ် ထင်တယ်။ ထင်တာထက် ယူဆတယ်ဆိုရင် ပိုမှန်တယ်။

"ရှင်ကတော့ ဝသုန်နဲ့ အမြဲရောက်မှာပေါ့"

"အေးလေ. . . အိမ်က လူကြီးတွေ ဝယ်ခိုင်းလဲ ပြေးဝယ်ရတယ်၊ ငါတို့ စားချင်လဲ အိမ်မှာ မစားဘူး၊ ဒီမှာပဲ လာစားနေတာ"

ကေသီက ရိုးရိုးတန်းတန်း မေးတာပဲ ဖြစ်မှာပါ။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းကရော ရိုးရိုးတန်းတန်းပဲ ဖြေတာလား။ ရွှန်းက မောင့်အပေါ် ရိုးသားနိုင်ပါ့မလား။ ရွှန်းစိတ်ကို မြတ် မသိပေမယ့် မောင့်စိတ်ကိုတော့ မြတ် ရိပ်မိလို့ မြတ် သိပ်ခံစားနေရပါတယ် မောင်။

"အေးကွာ. . . ဒီကောင်ရှိရင် ပိုပျော်စရာကောင်းမယ်"

ကေသီက ပြောတော့ ရွှန်းက မြတ်ကို မေးငေါ့ပြီး. . .

"ကျုပ်တို့ ပျော်တာထက် ရွှေမြတ်က အဆပေါင်းများစွာ ပိုပျော်လိမ့်မယ်"

"သူ့အကြောင်း သိပ်မပြောပါနဲ့၊ ကျုပ် လွမ်းလွန်းလို့ အရည်တောင် ပျော်တော့မယ်"

တကယ်ပါ မောင်။ မြတ်လေ. . . မောင့်ကို လွမ်းလွန်းတာလည်း တစ်ကြောင်း၊ မောင့်ကို သံသယ ဝင်နေတာကလည်း တစ်ကြောင်းနဲ့ မြတ်ရင်ထဲမှာလေ မချိတင်ကဲ နာကျင်မှုဝေဒနာကို ခံစားနေရတဲ့သူပါ။

"ကိုင်း. . . နေမပူခင် ယွန်းကြစို့"

ရွှေနတ်တောင်ဘုရားကို မြတ် ရောက်ဖူးပါတယ်။ ဖေဖေတို့နဲ့ပဲ။

ဒါပေမယ့် ခုလို မသွားဖူးဘူး၊ စက်ဘီးမစီးတတ်တဲ့မြတ်ကို ကေသီနဲ့ရွှန်းက တစ်ယောက်တစ်လှည့်စီ တင်နင်းပြီး သွားကြတာ။ ရွှေတောင်နဲ့ လေးမိုင်အကွာမှာ ရှိတဲ့ ရွှေနတ်တောင်ဘုရား လမ်းဘေးဝဲယာက ကုက္ကိုပင်ကြီးတွေ အုပ်မိုးနေလိုက်တာ။ သိပ်သာယာတဲ့လမ်းကလေးပဲ။

စိမ်းညို့နေတဲ့လယ်ကွင်းတွေက ဝဲယာမျက်စိတစ်ဆုံး ရှိနေကြတယ်။





ချော့ခေါ်ဘုရား ရောက်တော့ ကေသီရော ရွှန်းပါ မောဟိုက်နေကြပြီ။ ဘုရားဖူးရင်းနဲ့ ခဏနားကြတယ်။

"ဝါဆိုလပြည့်နဲ့ လပြည့်ကျော်တစ်ရက်ဆို သိပ်စည်တာပဲ၊ ဝါဆိုပန်းခူးထွက်ပြီး ဘုရားမှာ ပန်းလာကပ်ကြတာလေ"

ရွှန်းက တစ်စုံတစ်ဦးကို သတိရနေမှာပါ။ အဲသည်သူဟာ မောင်ကလွဲပြီး ဘယ်သူဖြစ်နိုင်ဦးမှာလဲ။

မြတ် ရွှေတောင်မှာ ကိုးတန်းနဲ့ ဆယ်တန်းနှစ်နှစ်စလုံး ဝါဆိုပန်းခူးကို ရွှန်းက ခေါ်တယ်။ ဒါပေမယ့် မြတ် လိုက်ခွင့်မရလို့ လိုက်ခဲ့ဘူး။

ရွှန်းနဲ့မောင်တို့ သူငယ်ချင်းတစ်သိုက်တော့ သွားကြတယ်။ အဲသည်တုန်းက မြတ်နဲ့မောင် ဘာမှမဖြစ်သေးပေမယ့် မြတ်ဟာ မောင်တို့ ကျောင်းသားအများစုရဲ့ စိတ်ဝင်စားခြင်းကို ခံနေရသူပဲ။ ရွှန်းကတောင် ပြောခဲ့သေးတယ်။

"ရှင်ပါရင် ရှင့်ကို ဝသုန်ကျော်ကပဲ တင်နင်းမှာ၊ ခုတော့ ကောင် ဆွေးသွားပြီ" တဲ့။

ဩော်. . . အဲသည်တုန်းက မောင်ဆွေးခဲ့ပေမယ့် အခုတော့ မြတ်ဆွေးနေပြီ မောင်။

အကြောင်းကံက ဆုံစည်းဖို့ ဖန်လာပြန်တော့လည်း မောင်က တမင်ရှောင်ပုန်းနေတယ်။

မြတ်ကို ပုန်းတာ မဟုတ်ဘူး၊ ရွှန်းကို ပုန်းတာ။

ဘာကြောင့် ရွှန်းကို ပုန်းသလဲဆိုတော့ မြတ်သိနေတော့တယ်။

မြတ်က အိမ်တွင်းပုန်းမလေး ဖြစ်ခဲ့ပေမယ့် လူတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို စာတွေ့အားဖြင့် သိနေတဲ့သူပါ မောင်။ မြတ်တ စာတွေ သိပ်ဖတ်ခဲ့တာကိုး။

"မြတ်. . . ရှင် ငိုနေတယ်"

ချော့ခေါ် ရင်ပြင်တော်ရဲ့ အစွန်းတစ်နေရာက အုတ်ခုံလေးမှာ ထိုင်ရင်း လာခဲ့တဲ့လမ်းကြောင်းလေးကို ငေးမျှော်ရင်းက မောင့်အကြောင်း တွေးမိတိုင်း ရင်မှ စူးရှနာကျင်လာရတဲ့အဖြစ်ကြောင့် မြတ် သောကပွင့်တွေ ကြွေလှုင့်ရတဲ့အဖြစ်ကို မြတ်ကိုယ် မြတ်တောင် သတိမထားမိပါဘူး။

"ဟုတ်လား. . . မျက်လုံးထဲ ပိုးကောင်ဝင်သွားလို့ပါ"

မြတ် မလုံမလဲ မျက်ရည်စများကို လက်ကိုင်ပုဝါနဲ့ သုတ်ရင်း ဖြေလိုက်တော့ ကေသီက အလိုက်မသိတတ်စွာနဲ့. . .

"ဟဲ့. . . ပိုးကောင်က မျက်လုံးနှစ်ဖက်ကို တစ်ပြိုင်နက် ဝင်သွားရသလား. . . ထူးဆန်းလိုက်တာ"

"ပိုးကောင်က အမွှာထင်ပါရဲ့"

ရွှန်းကလည်း ရယ်စရာအဖြစ် ပြောတာ။ ဒါပေမယ့် ကေသီစကားကြောင့် မြတ်နှလုံးအိမ်ဟာ အက်ကွဲမတတ် နာကျင်ခံစားလိုက်ရတယ် မောင်။

"ဟဲ့. . . အမွှာလဲ ဟုတ်ချင်မှဟုတ်မှာ၊ ရှင်နဲ့ဝသုန်လို နှစ်ဖက် သူငယ်ချင်းလဲ ဖြစ်ချင်ဖြစ်မှာပေါ့" တဲ့။

မြတ်လေ မချိပြုံးနဲ့ပဲ ပြုံးလိုက်ရတယ် မောင်။

ရွှန်းက မြတ်ရဲ့ညာဘက်လက်ကို လာပြီး ဖျစ်ညှစ်တယ်။ ပြီးတော့ ပြုံးပြတယ်။ အားပေးတဲ့အပြုံး၊ နှစ်သိမ့်တဲ့အပြုံး။

မြတ် သိပါတယ်။ "ရွှန်းလဲ့ရွှေရည်" ဟာ အင်မတန် မနော





မြူတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ။

ဒါကြောင့် မြတ်ရင်မှာ မချိတင်ကဲ ခံစားနေရတာပေါ့ မောင်။

မြတ်တို့ ရွှေနတ်တောင်ဘုရားကို ဆက်သွားခဲ့ကြတယ်။

"ဝါဆိုပန်းခူးနေ့ဆိုရင် ဒီလမ်းတွေမှာ စက်ဘီးတွေ၊ မြင်းလှည်းတွေ၊ ကားတွေ၊ လမ်းလျှောက်သူတွေနဲ့ ပြည့်နှက်နေတာပေါ့ ကေသီ၊ ခု ကြားရက်မို့ ရှင်းနေတာ"

"ကောင်းပါတယ်. . . ဘုရားကို အေးအေးဆေးဆေး ဖူးရတာပေါ့"

ကေသီနဲ့ရွှန်းတို့က စကားတွေ အမျှင်မပြတ် ပြောနေသလောက် ရွှန်းနောက်မှာ ထိုင်စီးနေတဲ့ မြတ်က ငြိမ်သက်နေတယ်။

မြတ်အတွေးပဲမှာ မောင်ကလွဲပြီး ဘယ်သူရှိနိုင်ဦးမှာလဲ။

နောက် မောင့်ရဲ့ ရွှန်းအပေါ် ထားရှိတဲ့ မေတ္တာတရား။ မြတ်ကို မောင် ကျောင်းလာကြိုတဲ့အခါ မြတ် တစ်ခါတစ်ရံ ကလပ်စ်မိတ်တွေနဲ့ စကားပြောချင်ပြောနေတယ်။

မိန်းကလေးတွေလည်း ရှိတတ်သလို ယောကျ်ားလေးတွေလည်း ရှိတတ်တယ်။ သည်ထဲမှာ တစ်ခါတစ်ရံ နန္ဒတောင် ပါသေး။ နန္ဒက မြတ်ရဲ့ကလပ်စ်မိတ်၊ ပြီးတော့ နန္ဒက အမ်စီဝမ်းရဲ့ကင်းဖြစ်သလို မြတ်က ကွင်းဆိုတော့ လိုက်ဖက်ညီတယ် ဆိုပြီးတော့တောင် သူငယ်ချင်းတွေက စ,ကြသေးတာ။ ဒါပေမယ့် နန္ဒနဲ့မြတ်အပေါ် မောင် ဝန်တိုမှု မရှိဘူး။ မြတ်ကို တစ်ခါမှ ယောကျ်ားလေးတွေနဲ့ စကားမပြောရဘူးလို့ ကန့်ကွက်ဖူးတာ မရှိခဲ့ဖူးပါဘူး။ ခုတော့ မြတ် ဘယ်လိုလုပ် မောင့်အပေါ် ယုံကြည်နိုင်တော့မလဲ။



www.burmeseclassic.com

www.burmeseclassic.com

ရွှန်းနဲ့နန္ဒ တွဲတာ မြင်တော့ ပြောင်းလဲသွားတဲ့ မောင့်မျက်နှာပြင်။ မနာလိုဝန်တိုမှုတွေနဲ့ ပေါက်ကွဲသွားတဲ့မောင်။

မြတ် မတွေးချင်ဘူး မောင်ရယ်။

အချစ်ဆိုတာ ဝန်တိုမှုနဲ့ ကင်းလို့ရနိုင်ပါ့မလား။

မောင့်ကို မြတ် သံသယဝင်ခဲ့ရပြီ။

"မြတ်"

"အင်. ."

"ဘာတွေးနေတာလဲ"

"မောင့်အကြောင်း"

"အေးကွာ. . . သားလေးက တစ်မျိုးပဲ၊ သူ မရှိမှန်းသိရင် နန္ဒကို လိုက်ခွင့်ပေးလိုက်ပါတယ်"

"ဟိတ်ကောင်. . ရှင်နဲ့နန္ဒက"

"အပေါင်းအသင်းတွေပါကွာ"

"ကြည့်လုပ်ဦးနော်. . . နန္ဒက ခပ်ရှုပ်ရှုပ်ပဲ"

ရွှန်းနဲ့မြတ် စကားပြောနေတာကို ကေသီက အစတော့ ဝင်မပြောသေးဘူး။ နောက်မှ. . .

"နန္ဒက ရှုပ်တာမဟုတ်ဘူး၊ နန္ဒကို မိန်းမတွေက လိုက်ရှုပ်တာ၊ ဒါပေမယ့် ကျုပ်သိသလောက်တော့ နန္ဒဟာ ရွှန်းကို တွေ့တော့ ကြွေသွားပြီး ငြိမ်သက်သွားတာ အမှန်ပဲ"

"ဒါဖြင့် ရွှန်းအနေနဲ့ စဉ်းစားသင့်တယ်လို့ ကေသီ ထင်သလား"

မြတ်က ကေသီကို မေးလိုက်တယ်။ ရွှန်းကတော့ ဘာမှ မပြောဘူး။ သူနဲ့ မဆိုင်တဲ့အလား ငြိမ်သက်နေတယ်။ ရွှန်းရင်ထဲမှာ





ဘာရှိနေမယ်ဆိုတာကို မြတ် မသိနိုင်ပါဘူး။ ဒါပေမယ့် ငြိမ်သက်နေတဲ့ ကန်ရေပြင်ဟာ ကြောက်စရာကောင်းတယ်ဆိုတာတော့ သိတယ်။

"အချစ်နဲ့စစ်မှာ ကြားဝင်ခြင်းဟာ မိုက်မဲတယ်တဲ့၊ ဒါပေမယ့် သူငယ်ချင်းအတွက် မိုက်မဲရဲတယ်၊ အဲ. . . ကျုပ်အထင်ပြောရရင် ရွှန်းအတွက် နန္ဒဟာ စဉ်းစားသင့်တဲ့လူထဲမှာ ရှေ့ဆုံးက ပါဝင်တယ်"

"မြတ်ကော"

မြားဦးက မြတ်ဘက်ကို ပြန်လှည့်လာတယ်။

မြတ်အနေနဲ့ စာနာစိတ်နဲ့ ပြောရရင်. . .

"စဉ်းစားခြင်းဟာ ဦးနှောက်အလုပ်ပဲ၊ ကျုပ်ကတော့ နှလုံးသားရဲ့အလိုကိုပဲ လိုက်ချင်တယ်"

"ရှင်တို့ပဲ ပြောကြ၊ ကျုပ်ကတော့ နန္ဒမှ မဟုတ်ဘူး၊ ဘယ်သူ့မှ မစဉ်းစားဘူး၊ အပျိုကြီးပဲ လုပ်မှာ"

"အပြောမကြီးနဲ့နော်. . . အပျိုကြီးလုပ်မယ် ဆိုတဲ့သူတွေပဲ အစောဆုံး အိမ်ထောင်ပြုကုန်ကြတာတွေ အပုံကြီး"

"အေးပါ. . . စောင့်ကြည့်ပေါ့"

မြတ် သူငယ်ချင်းတွေနဲ့ သွားလာရတာ ပျော်ပါတယ်မောင်။ ဒါပေမယ့် မောင့်ကို သတိရစိတ်ကတော့ မြတ်ရင်ထဲမှာ ဖျောက်ဖျက်လို့ မရတာ အမှန်ပဲ။

မြတ်စိတ်နဲ့ မြတ်ကိုယ်သာဆိုရင် မြတ် မောင့်နောက်ကို လိုက်ခဲ့မိမှာပဲ။ ပြင်ဦးလွင်လိုနေရာမျိုးက တည်းခိုစရာဟိုတယ်တွေ ရှိတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကေသီ ပါနေတော့ မကောင်းဘူး။

ရွှန်း ကိစ္စမရှိပါဘူး။ မောင်နဲ့မြတ်အပေါ် နားလည်မှု အပြည့်အဝ ရှိတဲ့ မိန်းကလေး။

"ရောက်ပြီ"

ရွှေနတ်တောင်ဘုရားကို ရောက်တော့ မောင်ရယ်. . . မြတ်လေ. . . ဘုရားဖူးရင်း ဆုတွေအများကြီးကို တောင်းမိသေးတယ်။

ဘုရားရှိခိုးတာ အကြာဆုံး ဖြစ်ရတဲ့အထဲ ဆုတောင်းတာတွေက များနေတော့ မြတ်ကို သူတို့ စိတ်ရှည်လက်ရှည် ထိုင်စောင့်နေကြရတယ်။

ဆုတောင်းတိုင်းသာ ပြည့်မယ်ဆိုရင် လူတွေက အလုပ်မလုပ်ဘဲ ဆုပဲ တောင်းနေကြမှာပေါ့နော် မောင်။

ဒါပေမယ့် မိမိပြုလုပ်ခဲ့တဲ့ ကုသိုလ်တရားနဲ့ ယှဉ်ပြီး အကျိုးပေးလာရင် မှန်ကန်သော သစ္စာပြုမှုနဲ့ ဆုတောင်းရင် ပြည့်ဝတတ်တယ်တဲ့။

ဒါကြောင့် မြတ်လေ. . .

"မောင့်ကို မြတ်သည် မည်သူ့အပေါ်မှာမှ မချစ်ဖူးသော အချစ်နဲ့ ချစ်ခဲ့တာ မှန်ပါတယ်၊ ဒီမှန်ကန်သော သစ္စာတရားကြောင့် မောင်နဲ့မြတ်သည် မလွဲမသွေ ပေါင်းဖက်နိုင်ရပါလို၏အရှင်ဘုရား" လို့။







အခန်း(၁၆)

မြတ်အတွက် ငွဲ့ကွက်စရာ ရှိလာပြီ မောင်။

ရွှန်းကို မတွေ့လို့ မြတ် အသာထလိုက်တယ်။ ကေသီကတော့ မောမောနဲ့ အိပ်မောကျနေပြီ။

မိုးကလည်း တဖွဲဖွဲပေါ့ မောင်။ ဝါဆိုမိုး ဆိုတော့လည်း မိုးက မပြတ်ချင်ဘူး။

ရွှန်းက သူ့အိမ်သူ့ယာဆိုတော့ သူ့မှာ ကိစ္စတွေ များကောင်း များနေမှာပေါ့။ မြတ်ကသာ နိုးပြီး ဘာမှ လုပ်စရာမရှိလို့ ယောင်ချာချာ ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှာ တပ်ဆင်ထားတဲ့ လိုက်ကာကို အသာလှပ်ပြီး မောင့်အိမ်ကို လှမ်းကြည့်လိုက်မိတယ်။ အပင်တွေ အုံ့အုံ့ဆိုင်းဆိုင်းကြားက ပြတင်းပေါက်တွေ ပိတ်ထားတဲ့ မောင်တို့အိမ်ကြီးကို လှမ်းမြင်လိုက်ရတယ်။

တစ်ဆက်တည်းပဲ ခရေပင်အောက်မှာ အဆောင်းမပါဘဲ ပန်းကောက်နေသူတစ်ယောက်ကို တွေ့ရတယ်။

သူက ရွှန်းပဲပေါ့ မောင်။

မြတ်ရင်ထဲမှာ တစ်မျိုးခံစားလိုက်ရတယ်။ ရွှန်းကို ကြည့်ရတာ လွမ်းစရာကောင်းလိုက်တာ။ ရွှန်းမှာ တစ်စုံတစ်ခုကို ပြင်းပြင်းထန်ထန် ခံစားနေရပုံပဲ။

စိတ်နဲ့ကိုယ် မလွတ်ဘဲနဲ့တော့ မိုးရွာထဲမှာ အဆောင်းမပါဘဲ ပန်းကောက်နေမှာ မဟုတ်ဘူး။ ပြီးတော့ လမ်းဘေးက ခရေပင်အောက် မဟုတ်ဘူး။ လုကောက်မယ့်သူ မရှိဘူး။ မိုးတိတ်မှ အေးအေးဆေးဆေး ကောက်လို့ရတယ်။ ခုတော့ ပန်းကောက်လိုက် ငေးလိုက်နဲ့။

မြတ် သိပါတယ်။ အတိတ်လွင်ပြင်ကို ရွှန်း ရောက်ရှိနေပြီဆိုတာ။

ရွှန်းရဲ့အတိတ်လွင်ပြင်မှာ ဘယ်သူရှိနိုင်မလဲ။

သည်နေရာ၊ သည်ဌာန၊ သည်ဝန်းကျင်အရဆိုရင် မောင်ကလွဲပြီး ဘယ်သူရှိနိုင်မှာလဲ။

မြတ် မျက်ဝန်းမှာ မိုးတွေ ညိုလာပြီ မောင်။

မြတ်လေ. . . မောင့်ကို မြတ်တစ်ယောက်တည်းပဲ ချစ်ချင်တယ်။ မြတ်နဲ့ ယှဉ်ပြိုင်ချစ်ရမယ့်သူကို မလိုလားပါဘူး။ ယခင်





က မြတ် သံသယတွေဟာ ခုတော့လည်း ပီပီပြင်ပြင် ဖြစ်သွားပြီ မောင်။

ဒါပေမယ့် ရွှန်းကို မြတ် မမုန်းဘူး၊ သနားတယ်။

ချစ်တတ်သူချင်း စာနာစိတ်နဲ့ သနားတယ် မောင်။

မြတ် ဘာလုပ်ရမလဲ။

မုန့်ကို ဝေစားလို့ ရနိုင်ပေမယ့် အခုကိစ္စက အချစ်ကိစ္စဖြစ်နေတယ်။

အချစ်ကို ဝေစားလို့မရဘူး။

ဒါပေမယ့် မြတ်ဘက်က အားငယ်စရာပါ မောင်။

မြတ်ဘက်မှာ မောင်တစ်ယောက်တည်း ရှိတာ။

ဒါတောင် မြတ် လက်မ မထောင်ရဲဘူး။ မောင့်အချစ်ကို မြတ် မယုံစားရဲဘူး။

မောင့်မိဘတွေက မြတ်ကို လိုလားတာမှ မဟုတ်တာ။ ညနေ မောင့်မေမေက သူတို့အိမ်မှာ ညစာကျွေးမယ်တဲ့။ ရွှန်းကြိုက်တဲ့ဟင်းတွေ ချက်ထားမယ်တဲ့။

မြတ်တို့ ရွှန်းကို မနာလိုမဖြစ်ပါဘူး။ ရွှန်းဟာ မောင့်မိခင်ရဲ့သမီးဆိုရင်လည်း ဟုတ်တာပဲ။

ဒါပေမယ့် မြတ်အပေါ်မှာတော့ အမြင်ရှင်းသင့်တယ်၊ မြတ် မောင့်ကို ချစ်ခြင်းဟာ အပြစ်ရှိသလား။

မောင် မြတ်ကို နှစ်နှစ်ကျော် လိုက်ခဲ့ရတာ။ မြတ်နှလုံးသားကို မြတ် သေသေချာချာ မေးကြည့်ပြီးမှ မြတ်ကိုယ်တိုင်လည်း မောင့်ကို ချစ်နေမှန်း သိလို့ လက်ခံခဲ့တာပါ။ ဒါကို မောင်အသိဆုံးပါ။



www.burmeseclassic.com

www.burmeseclassic.com



မြတ်. . . အချစ်ဆိုတာကို စိတ်ကူးယဉ်တတ်စအရွယ်ကတည်းက မြတ်ရဲ့ချစ်သူနဲ့ လက်ထပ်သူဟာ တစ်ဦးတည်းပဲဖြစ်ရမယ်။ 'ပေတစ်သီး ကျီးတစ်သား' လို အချစ်မျိုးနဲ့ မြတ်ဟာ ယောကျာ်းတစ်ယောက်ကိုပဲ ချစ်တတ်ရမယ်လို့ ဆုံးဖြတ်ခဲ့ရသူပါ မောင်။

ခုအချိန်ထိတော့ အခြေအနေတွေအားလုံးဟာ မြတ်အတွက် သိပ်ကို သိမ်ငယ်စရာကောင်းနေတယ်။

"မြတ်"

ကေသီ အနားရောက်လာမှန်း မသိလိုက်ဘူး။ ကေသီ ပခုံးကို ပုတ်ပြီး မြတ်ကို ခေါ်လိုက်ချိန်မှာ မြတ်ရဲ့မျက်ရည်စတွေကို လျှို့ဝှက်ဖျက်ဆီးဖို့အချိန် မြတ် မရလိုက်ဘူး။

"ရှင်ငိုနေသလား. . . ဘာဖြစ်လို့လဲ"

မြတ်အတွက် အကောင်းဆုံးသောအဖြေတစ်ခုကို မြတ်ပေးလိုက်ပါတယ်။

"မောင့်ကို သိပ်လွမ်းလို့ပါ"

"ရှင်ကလဲ သည်းပွါ၊ ရှင့်ကို ကြည့်ပြီး ကျုပ်တော့ ရည်းစားထားချင်စိတ်တောင် ကုန်တယ်၊ အချစ်ကို မကိုးကွယ်စမ်းပါနဲ့ကွာ၊ အချစ်အရေးအခင်းမှာလေ. . အချစ်ကြီးတဲ့သူတွေဟာ ခံရစမြဲပဲ"

"မတတ်နိုင်ဘူး ကေသီ၊ ကျုပ်က သိပ်ကို ချစ်မိနေပြီ"

မျက်ရည်စတွေကို သိမ်းပြီး ရယ်သလို မောသလို ပြောခြင်းနဲ့ ရင်ထဲက အပူကို ငြိမ်းစေလိုက်တယ်။

"ကောင်းကွာ၊ ဟင်. . . ဟိုတစ်ယောက်ကလဲ ဘာဖြစ်နေတာလဲ"



BURMESE CLASSIC .com



ကေသီက ရွှန်းကို မြင်သွားတယ်။ ရွှန်းက တကယ့်ကို အတိတ်နဲ့ စကားပြောနေတာ။ ခရေပွင့်ဖွေးဖွေးလေးတွေကို လက်ခုပ်ထဲ ထည့်ထားပြီး ငြိမ်သက်နေတယ်။

"ကျုပ်ကတော့ ဒီက အပြန် စိတ်ကျန်းမာရေးဆေးရုံကို သွားရတော့မယ် ထင်တယ်"

မြတ်က မျက်ရည်ကို သုတ်ပြီး ရယ်သလိုမောသလိုနဲ့. . .

"သွားလေ. . . အဖော်လိုရင် လိုက်ပို့ပေးမယ်"

"ဟုတ်မယ်. . . ရှင်ရော ရွှန်းကိုရော ခေါ်သွားရမယ်၊ လာ. . . ခရေသွားကောက်ရအောင်၊ ထီးတော့ ယူသွားမယ်၊ ကျုပ်တို့က ရွှန်းလောက်တော့ မရင့်ကျက်သေးဘူးဆိုတော့. . ."

မြတ်နဲ့ကေသီလည်း ထီးကိုယ်စီဆွဲပြီး ဆင်းကြတယ်။

ရွှန်းရဲ့စိတ်ကူးယဉ်ကမ္ဘာလေးကို မြတ် မဖျက်ဆီးချင်ပါဘူး မောင်။ ဒါပေမယ့် ကေသီ ဦးဆောင်ရာနောက်ကို မြတ် လိုက်ခဲ့လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၅)

"နှာစေးနေပြီ မဟုတ်လား သမီးလေး၊ ပိန်းရိုးဟင်းခါး ပူပူလေး သောက်လိုက်၊ ကြီးမေတော့ ထင်လိုက်သား၊ ငယ်ငယ်ကတည်းက မိုးရွာထဲမှာ ဆော့တတ်တဲ့ ကလေးနှစ်ယောက်၊ ရွှန်းများ ခရေဆင်းကောက်နေဦးမလားလို့၊ မအားတာနဲ့ ထမကြည့်ဖြစ်တာ"

မောင့်မေမေက ရွှန်းရွှန်းကို ဝေနေတာပဲ၊ မြတ်နဲ့ကေသီကိုတော့ ဝတ်ကျေတန်းကျေပဲ။

"စားကြနော် သမီးတို့ . . . အားမနာနဲ့၊ သူငယ်ချင်းတွေကို ထည့်ပေးနော်"





ဆိုတဲ့ စကားလေးတစ်ခွန်းနဲ့တင် ပြီးသွားတာ။

"ရွှန်းအကြိုက်လေ . . . ပုစွန်သုပ်"

"ဝက်သားနီချက်က ရွှန်းရော သားလေးရော အကြိုက်ပဲ"

"ပြောင်းဖူးကြော်လေ . . . ထမင်းစားပြီးတာတောင် ကျန်တဲ့ပန်းကန်ကိုမှ သွားပြီး ခရေပင်အောက်မှာ သွားစားကြတဲ့ ကလေးနှစ်ယောက်"

စသည်ဖြင့် စကားတွေကလေ ဇာတိပြနေပါပြီ။ မြတ် နားလည်ပါတယ်။

အဆိုးဆုံးက . . .

"မဥ္ဇူရေ . . . မှတ်မိသေးရဲ့လား၊ သားငလေး အရွယ်ရောက်လာစ အသံလဲ ပြောင်းစအရွယ်လေ၊ ဒီလိုပဲ ခရေတွေ ဖွေးနေအောင် ကြွေတုန်းက"

"ဟုတ်ပါ့ . . . ပန်းတွေကို သူတို့နှစ်ယောက် ကောက်ကြပြီး ပျောက်သွားတာ၊ ပြန်လာတော့ သားလေးက ကျန်တဲ့ခရေတွေကို အကုံးရှည်ကြီး သီလာတယ်၊ ရွှန်းက သရက်သီး ဝမ်းပျဉ်းလေးတွေကို စားဖို့ ခူးနေတယ်လေ"

မြတ်သိစေချင်လို့ တမင်ရည်ညွှန်းတာတော့ မဟုတ်တန်ပါဘူး မောင်။ မြတ်ရင်ထဲမှာတော့ ထမင်းတစ်လုတ် မျိုကျစေဖို့ မနည်းကြိုးပမ်းနေရတယ်။

သိလျက်သားနဲ့ ပြောတာဆိုရင်တော့ ရက်စက်လိုက်ကြတာလို့ပဲ မြတ် ပြောချင်တော့တာပဲ မောင်။

ကေသီကတော့ မြတ်ခြေဖျားကို သူ့ခြေဖျားနဲ့ လှမ်းတို့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပန်းသီနေတဲ့ သားလေးဆီကို အန်တီတို့နှစ်ယောက်က တစ်ပြိုင်နက် ရောက်သွားပြီး၊ ဟယ်. . ခရေကုံးလေးက လှလိုက်တာ၊ ကြီးမေဖို့လား. . မေမေဖို့လားနဲ့ မေးကြတာပေါ့။ သားလေးက မျက်နှာကြီးရဲ့ စိတ်အိုက်ပြီး ရွှန်းဆီကို ထွက်ပြေးသွားပြီး ရွှန်းကို ပန်းပေးလိုက်တာ ကြီးမေမျက်စိထဲမှာ ခုထိ မြင်ယောင်နေတုန်းပဲ"

ရွှန်းက မျက်နှာပျက်သွားပြီး ပိန်းရိုးဟင်းခါးကို တရှုးရှုးနဲ့ ငုံ့သောက်နေတယ်။

မြတ် ငိုချင်လိုက်တာ မောင်ရယ်။

ကေသီက မြတ်ကို ခြေနဲ့ ဆက်ထိုး သတိပေးတယ်။

မြတ် သဘောပေါက်သွားပါပြီ။

မောင့်မေမေဟာ ရွှန်းကလွဲရင် ဘယ်မိန်းကလေးကိုမှ ချွေးမတော်ချင်တာ မဟုတ်ဘူးဆိုတာရယ်၊ ရွှန်းမေမေဟာ မောင်ကလွဲရင် ဘယ်ယောကျ်ားလေးကိုမှ သမက်မတော်ချင်ဘူးဆိုတာကို။

ပိုပြီးသေချာသွားတာက ထမင်းစားပြီး ရေနွေးကြမ်းနဲ့ ငှက်ပျောသီး ဆန္ဒွင်းမကင်းနဲ့ ကောက်ညှင်းဆန္ဒွင်းမကင်း စားတဲ့အခါပဲ။

"သမီးတို့ကိုလည်း အန်တီတို့က အကူအညီတစ်ခု တောင်းရဦးမယ်"

ရွှန်းမေမေက စပြောတယ်။ ကေသီက ရေလိုက်ငါးလိုက်နဲ့

"ဟုတ်ကဲ့. . . ပြောပါ အန်တီ၊ ဘာများပါလိမ့်"

"အန်တီတို့က သားလေးနဲ့ သမီးလေးရွှန်းကို အချိန်တန်ရင် လက်ထပ်ပေးဖို့ ရည်ရွယ်ပြီးသား"

မြတ်လေ မနည်းကို ဟန်ဆောင်ပြီး နေရတယ်။ ကေသီက





"ဟုတ်လား"

လို့ တအံ့တဩလေသံနဲ့ မေးလိုက်တယ်။ အဲသည်အချိန်မှာ ရွှန်းက ရှိမနေဘူး။ ရေနွေးသွားထည့်နေတယ်။

"ရွှန်းတစ်ယောက် ခြေလှမ်းမှားတာနဲ့ အန်တီ့ကို အကြောင်းကြားဖို့ မမေ့ကြပါနဲ့"

"ရွှန်းအမေလိုပဲ အန်တီ့သားလေးကိုလဲ၊ အင်းလေ. . . ယောကျ်ားလေးဆိုတော့ သိပ်တော့ ပြောလို့မရဘူး၊ ရုပ်ချော ဥစ္စာပေါဆိုတော့ ဖမ်းချင်ကြတဲ့သူတွေ ရှိကောင်းရှိလိမ့်မယ်၊ တွဲပါစေ. . ဘယ်နှစ်ယောက်တွဲတွဲ ယောကျ်ားလေးဘက်က နာတယ်မရှိဘူး ဆိုပေမယ့် အန်တီကတော့ သဘောမတူနိုင်ဘူး၊ သားလေးဟာ ရွှန်းကလွဲရင် ဘယ်မိန်းမကလေးနဲ့မှ ရည်းစားအဖြစ် မပြောနဲ့၊ သူငယ်ချင်းအဖြစ် တွဲတာတောင် မကြိုက်ဘူး၊ ကြားလို့ကတော့ နှစ်ယောက်စလုံး တစ်ခါတည်းကို ပေးစားပစ်လိုက်မယ်၊ ကျောင်းပြီးတာတွေဘာတွေ စောင့်မနေနိုင်တော့ဘူး၊ ဟုတ်တယ်နော် မညို"

"ဟုတ်ပါ့. . . ဒါကြောင့် ဒီက သမီးတို့ကိုပဲ အန်တီတို့က အားကိုးရမှာ"

"စိတ်သာချ အန်တီ၊ ဦးစံရှားထက် သာစေရမယ်"

ကေသီကတော့ မှင်သေသေနဲ့ပေါ့ မောင်။ မြတ်ကတော့ ပျက်နေတဲ့မျက်နှာကို လူကြီးတွေ မရိပ်မိစေဖို့ ဟန်လုပ်နေရတယ်။

မြတ်ကိုတော့ ကြိုးဝိုင်းထဲ စိန်ခေါ်ပြီး အလဲထိုးနေကြတာ။ ကြည့်ပါဦး. . . မောင့်ကို ရုပ်ချော ဥစ္စာပေါမို့လို့ ဖမ်းချင်ကြတဲ့သူတွေ အများကြီးတဲ့။

မြတ်ကို မြတ်မိဘတွေက ရွှေတွေ စိန်တွေ အထပ်ထပ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



မွမ်းမံထားတဲ့ ရွှေအိမ်စံ လှောင်ချိုင့်ထဲမှာ တယုတယ မြတ်နိုးတန်ဖိုးထားတဲ့ ရွှေမင်းသမီးလေးပါ မောင်။

ဒါကို မောင်က စက်ဘီးလေးတစ်စီးနဲ့ မြတ်ကို ရွှန်းနဲ့တဆင့် ချစ်သဝဏ်လွှာတွေ ပါးပြီး ရအောင်ပိုးခဲ့ရတာ။

မြတ်က မောင့်ကို ဖမ်းတာလား။

မောင်က မြတ်ကို ဖမ်းတာလား။


မောင်နဲ့ မြတ်နဲ့ကြားမှာ သည်လို အတွေးအခေါ်တွေ အယူအဆတွေ မရှိသင့်ဘူးလို့ ထင်ပါတယ်။

သည်အချိန်မှာ ရွှန်း ဝင်လာလို့ စကားစ ပြတ်သွားတယ်။ အဲ. . . မောင်တို့အိမ်က ပြန်လာပြီးတဲ့ညမှာပဲ ရွှန်းနဲ့မြတ် လသာဆောင်မှာ စကားတွေ အကြာကြီး ပြောဖြစ်ကြတယ် မောင်။

ကေသီက ခုံသမာဓိ တရားသူကြီးတစ်ဦးလို ကြားက သမာသမတ်ရှိစွာနဲ့ ရပ်တည်ပေးပါတယ်။

ဒါပေမယ့် မြတ်ရင်ထဲမှာတော့ မောင်နဲ့ ပတ်သက်ပြီး အချစ်မီးတောက်နေပြီ။ ဘယ်လိုမှ မငြိမ်းအေးနိုင်တော့ဘူး။





www.burmeseclassic.com








## အခန်း(၁၀)

မြတ်ပန်းပွင့်ဖြူ အိမ်ကတော့ ကိုယ့်ကို တလွဲထင်မှာပဲ။ ခဏခဏ ဖုန်းဆက်ရလွန်းလို့ မြတ်ပန်းပွင့်ဖြူနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့မှပဲ သက်ပြင်းချနိုင်တော့တယ်။

"မြတ်ပန်းပွင့်ဖြူလား"

"ဩော်. . . . ကိုနန္ဒကျော်ခေါင်လား"

"ဟုတ်ပါတယ်"

"ဒီလိုဆို ဒေါ်စိမ်းပြောတဲ့ သူငယ်လေးတစ်ယောက် ခဏခဏ ဆက်နေတယ်ဆိုတာ"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . ကျွန်တော်ပါပဲ"

"ဪ"

"ခင်ဗျားနဲ့ အတူတူ ရွှေရည်. . အဲ. . ရွှန်းလဲ့ရွှေရည် ပြန်လာသလား သိချင်လို့ပါ"

"ပါတော့ပါတယ်. . . ဒါပေမယ့် တစ်ပတ်ပဲ နေပြီး သူပြန်သွားမှာ"

ကိုယ့်ရင်ခုန်သံတွေ မြန်လာတယ်။ မင်းနဲ့ တွေ့ရတော့မယ် ရွှေရည်။ မင်းနဲ့ ကျောင်းပိတ်ပြီးကတည်းက တွေ့ခွင့်မရဘဲ မင်းအိမ်ရှေ့က ဖြတ်သန်းရင်း မင်းမျက်နှာလေး မြင်ရနိုးနဲ့ စောင့်ကြည့်ခဲ့ရတာကတစ်မျိုး၊ တယ်လီဖုန်းဆက်ရင်း မင်းရဲ့အသံလေးကို အလွမ်းပြေ နားထောင်ရတာတစ်မျိုးနဲ့ ဖြေသိမ့်နေခဲ့တာ။ မင်း ရွှေတောင်ကို ပြန်သွားတဲ့ လေးငါးရက်လောက်မှာ ကိုယ်လေ မနေတတ်မထိုင်တတ်နဲ့ ရွှေတောင်ကို လိုက်ဖို့တောင် စဉ်းစားသေးတယ်။

"ကျေးဇူးတင်တယ် မြတ်ပန်းပွင့်ဖြူ။ ကိုယ် သူ့ဆီ ဖုန်းဆက်လိုက်ဦးမယ်"

"အင်း. . . ရောဂါပဲ"

"စာနာပေါ့ဗျာ"

"စာနာပါတယ်. . . ရှင်နဲ့ကျွန်မဟာ ဘဝတူတာပဲ"

"မြတ်ပန်းပွင့်ဖြူ ဘာကို ဆိုလိုတာလဲ"

"ဪ. . . ကိုနန္ဒကျော်ခေါ်ဝ်ကလဲ၊ ချစ်သူအပေါ် ချစ်တတ်တာချင်း တူညီလို့ ဘဝတူတယ် ပြောတာပါ"

"အေးဗျာ. . . ခင်ဗျားလူဟာ ခင်ဗျားရှိနေရဲ့နဲ့ ကျွန်တော်နဲ့ ရွှေရည်အပေါ် သဝန်တိုလွန်းတာတော့ လွန်တယ်ဗျာ"





"ဒါကတော့ ရွှန်းက သူ့နှမလို ဖြစ်နေတာကိုး"

မြတ်ပန်းပွင့်ဖြူ၏ ချစ်သူအပေါ် ဖာထေးမှုကို ကိုယ် နားလည် သဘောပေါက် ခွင့်လွှတ်ပါတယ် ရွှေရည်။

"ခင်ဗျားပြောသလို ဖြစ်ပါစေလို့ပဲ ကျွန်တော် ဆုတောင်းရမှာပေါ့ဗျာ"

"ဟုတ်ပါတယ် ကိုနန္ဒကျော်ခေါင်"

"ကျေးဇူးပြုပြီး အဲဒီကိုနန္ဒကျော်ခေါင်ကို ရုပ်သိမ်းပြီး ကျွန်တော်တို့က ရွယ်တူတွေပဲ၊ နန္ဒလို့ ခေါ်ပါလား"

"ဒီလိုဆို ကျွန်မကိုလဲ အများခေါ်သလို မြတ်ပဲ ခေါ်ပေါ့"

"ကောင်းပြီလေ မြတ်၊ ကျွန်တော် မြတ်ကို ရွှေရည်နဲ့ ပတ်သက်ပြီး အကူအညီတောင်းနေရမှာဆိုတော့ ရင်းရင်းနှီးနှီးပဲပေါ့"

"ကျွန်မ တတ်နိုင်သမျှ ကူညီပါ့မယ်၊ ခု နန္ဒ ဘာပြောစရာရှိသေးလဲ၊ မရှိရင် ကျွန်မ ဖုန်းချလိုက်တော့မယ်၊ နန္ဒလဲ ရွှေရည့်ဆီ ဆက်ချင်ရောပေါ့"

"အိုကေ"

မြတ်ပန်းပွင့်ဖြူဟာ နားလည်မှု ရှိသော မိန်းကလေးတစ်ယောက် ဖြစ်တဲ့အတွက် ဝသုန်ကျော် ကံကောင်းပါတယ်။

တကယ်ဆို ချောမောလှပပြီး ကြွယ်ဝချမ်းသာရုံမက ပညာတတ် အသိုင်းအဝိုင်းထဲမှာလည်း ပေါက်ဖွားလာတဲ့ တစ်ဦးတည်းသောသမီးလည်း ဖြစ်သည့် မြတ်ပန်းပွင့်ဖြူကို ပိုင်ဆိုင်ခွင့်ရထားသော ဝသုန်ကျော်အနေနှင့် ဘာမှ တွေဝေစရာ မရှိဘူးလို့ ကိုယ်ထင်တယ် ရွှေရည်။

ရွှေရည့်ဖုန်းနံပါတ်ကို လှည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲလို"

"ရွှေရည်"

"သြော်. . . နန္ဒ"

"ရွှေရည် ပြန်ရောက်ပြီနော်"

"ဟုတ်တယ် နန္ဒ"

"ကျွန်တော် ရွှေတောင်ကို လိုက်ခဲ့ချင်တာ"

"အမယ်လေး. . . မလုပ်လိုက်ပါနဲ့၊ ရာဇဝတ်အိုး တုတ်နဲ့ထိုးသလို ဖြစ်သွားပါ့မယ်"

"ရွှေရည် ဘာကိုဆိုလိုတာလဲ"

"သြော်. . . ကျွန်မ မိဘတွေက ယောကျ်ားလေးသူငယ်ချင်းတွေ ဘာတွေဆိုရင် သားလေးကလွဲရင် ယုံတာမဟုတ်ဘူး၊ ရည်းစားထားတယ် ထင်ပြီး ချုပ်ချယ်လို့ လွတ်လပ်ခွင့် ဆုံးရှုံးသွားမှာစိုးလို့ပါ"

"ဝသုန်ကျော်ကများ ပြန်တိုင်သေးလို့လား"

"သားလေးမှာ အဲဒီလိုအကျင့် မရှိဘူး"

ကိုယ့်ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားတယ်။ မင်းဟာ ဝသုန်ကျော်အပေါ် ဆတ်ဆတ်ထိမခံတတ်ပါလား။ ကိုယ် ရင်မောလိုက်တာ ရွှေရည်။

ဒါပေမယ့် ကိုယ့်မှာ ဆုံးဖြတ်ချက်တစ်ခု ရှိနေတယ်လေ။ အဲသည် ဆုံးဖြတ်ချက်ကို သစ်ပုပ်ပင်ကြီး သိတယ်။

"ဒီလိုဆို ကိုယ် ဝသုန်ကျော်ကို ကျေးဇူးတင်ရမှာပေါ့"

"ကိုင်း. . . သားလေးကိစ္စ အသာထားပြီး ဖုန်းဆက်တဲ့ကိစ္စကို ပြောပါဦး"





"ကိုယ် ရွှေရည်နဲ့ တွေ့ချင်တယ်"

"ကိစ္စက"

"ရွှေရည့်မျက်နှာလေးကို မြင်တွေ့ချင်နေတဲ့ကိစ္စပဲ၊ ကိုယ် အိမ်လာလည်ခွင့် ရှိမလား"

"ခက်တယ် နန္ဒရယ်၊ မေမေတို့က ယောကျ်ားလေးတွေ လာလည်ရင် မေးမြန်းစစ်ဆေးလို့ကို ဆုံးမှာမဟုတ်ဘူး"

ကိုယ့်ရင်ထဲ မောဟိုက်သွားတယ်။

"ဒီလိုဆိုရင်လဲ ထုံးစံအတိုင်း လျှောက်ပြန်သံပေး ခြေအေး ဝမ်းရောင်ပဲ လုပ်ရမှာပေါ့"

"ဒီလိုလုပ်ပါလား နန္ဒ၊ ကျွန်မလဲ နန္ဒနဲ့ တွေ့ချင်ပါတယ်၊ မနက်ဖြန် ကျွန်မ လှည်းတန်းဈေးမှာ အင်္ကျီချုပ်စရာ ရှိတယ်၊ အဲဒါ လမ်းထိပ်မှာ နေ့လည်တစ်နာရီ စောင့်နေ၊ ကားမယူလာနဲ့. . . လိုင်းကားနဲ့ သွားမယ်"

"အဲဒီလိုတော့ မလုပ်ပါနဲ့၊ လိုင်းကားစီးရင် ရွှေရည် ပင်ပန်းမှာပေါ့"

"ကျွန်မ နန္ဒကားကို စီးဖို့ သတ္တိမွေးရဦးမယ်"

"ကောင်းပြီ. . . ကိုယ်စောင့်နေမယ်"

"ဒါပဲနော် နန္ဒ၊ ကျွန်မ ပင်ပန်းလာလို့ အိပ်တော့မယ်"

"ကောင်းပြီလေ. . . အိပ်မက်လှလှ မက်ပါစေ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

ရွှေရည့်ဘက်က ဖုန်းချသံအဆုံးမှာ ကိုယ့်ရင်ထဲမှာ လှစ်ဟာသွားတဲ့ လေဟာပြင်တစ်ခုလို ဖြစ်သွားတယ်။

ဒါပေမယ့် မနက်ဖြန် ရွှေရည်နဲ့ တွေ့ခွင့်ရမယ်ဆိုတဲ့ မျှော်


www.burmeseclassic.com

www.burmeseclassic.com

လင့်ချက်ဟာ ကိုယ့်အတွက် အဓိပ္ပါယ်ရှိသောဘဝမှာ လူဖြစ်ရကျိုးနပ်တဲ့လူလို ခံစားရတယ်။

အချစ်နတ် ဖမ်းစားခြင်း ခံနေရတဲ့အချိန်မှာတော့ အချစ်နဲ့ ပတ်သက်လာသမျှ မျှော်လင့်ချက်ရောင်ခြည်တွေဟာ ကိုယ့်ဘဝရဲ့ရှင်သန်မှု လင်းရောင်ခြည်တန်းတွေလို့ အချစ်ရူးကိုယ် ယူဆပါရစေ ရွှေရည်။







## အခန်း (၁၉)

ကိုယ့်ရင်ခုန်သံတွေ အဆမတန် မြန်လာတယ်။ ကျယ်ပြန့်သော မြက်နုလွင်ပြင်ကို တွေ့မြင်စားသုံးခွင့်ရသော မြင်းရိုင်းတစ်ကောင်ရဲ့ လွတ်လပ်စွာ ခုန်ပေါက်မှုမျိုး ကိုယ့်နှလုံးသားအိမ်မှာ ဖြစ်ပေါ်ခံစားနေရတယ်။

ရွှေရည်. . . မင်းလျှောက်လာပြီ။ မိုင်လိုရောင် အင်္ကျီလေးနဲ့ မင်းအသားအရေဟာ ဟပ်နေတာပဲ။ မင်းလမ်းလျှောက်ပုံတစ်မျိုးပဲ။ နွဲ့တာလည်း မဟုတ်ဘူး။ ယောကျာ်းလေး မဆန်ဘူး။ ဒါပေမယ့် စတိုင်တစ်မျိုး ရှိတယ်။ မြူးမြူးကြွကြွနိုင်တဲ့ လျှောက်လှမ်းမှုမျိုး ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်း လမ်းလျှောက်လာတာကို မြင်ရတာနဲ့ ကိုယ့်ရင်မှာ တက်ကြွလာတယ်၊ လန်းဆန်းလာတယ်။

ပြီးတော့ မင်းရဲ့မျက်နှာ။ အမြဲ ဆွဲဖြစ်တယ်။ စိတ်ဆိုးရင်တောင် ပုပ်သိုးမှု မနိုင်တဲ့ မင်းရဲ့မျက်နှာလေးဟာ ကိုယ့်ရဲ့ကြေးမုံ တစ်ချပ်အဖြစ် ပိုင်ဆိုင်ချင်တယ်။

"စောင့်နေရတာ ကြာပြီလား"

"ဆယ့်နှစ်မိနစ်ပဲ"

"ကားဘာဖြစ်လို့ ယူလာတာလဲ"

"ရွှေရည် လိုင်းကားနဲ့ စီးနိုင်ပါ့မလား၊ ရွှေရည့်ကားကော"

"မေမေ ယူသွားလို့၊ ရွှေရည် ကြားကားစီးချင်လို့"

"လူကျပ်တယ်. . . မူးလိမ့်မယ်"

"တစ်ခါမှ မစီးဖူးလို့ စီးချင်တယ်၊ ပြီးတော့ နန္ဒပါနေတာပဲ"

ရွှေရည်. . . မင်းဟာ တဇွတ်ထိုးညာဉ်လေးတွေ ရှိတယ်နော်၊ ဒါလည်း တစ်မျိုးချစ်စရာကောင်းတယ်။

"ဒီလိုဆို ခဏနော်"

ကိုယ်က စေတနာနဲ့ပါ။ မင်း တစ်ခုခုဖြစ်မှာကို အင်မတန်စိုးရိမ်တဲ့သူ။ ဒါကြောင့် ကားဆီကို လျှောက်ပြီး ဒရိုင်ဘာကို လှည်းတန်းဈေးက သွားစောင့်နေဖို့ ပြောလိုက်တယ်။ ကြားကားစီးခြင်း ဒုက္ခကို ကိုယ်နားမလည်ပါဘူး။ ဒါပေမယ့် ကိုးတန်းဆယ်တန်းနှစ် ကျောင်းပြေးတဲ့အခါမျိုးမှာ သူငယ်ချင်းတွေနဲ့အတူ စီးဖူးတယ်။ အစတော့ မင်းလိုပဲ အတွေ့အကြုံသစ် လိုချင်တာနဲ့ စီးခဲ့တာ။ ဒါပေမယ့် တစ်ခါနှစ်ခါ၊ သုံးလေးခါလောက်လည်း ရောက်ရော ဒုက္ခကို မခံစားချင်တော့ဘူး။





အဲသည်အကြောင်းကို မင်းကို ပြောပြတော့ မင်းက ပြုံးတယ်လေ။

"ကောင်းတယ် နန္ဒ၊ ကျွန်မ ဒုက္ခကို ခံစားကြည့်ချင်တယ်"

"ဒုက္ခဆိုတာ ခံစားလို့ ကောင်းတဲ့အရာမှ မဟုတ်တာ"

"ဒါဖြင့် နန္ဒက ဒုက္ခရောက်မှာ ကြောက်တဲ့လူစားပေါ့"

"ဟုတ်တယ်. . . ဒါကြောင့် ဒုက္ခမရောက်အောင် အမြဲကြိုးစားတဲ့သူ"

"ဒုက္ခဆိုတာ ဘာကိုဆိုလိုတာလဲ"

"ကိုယ် သာမန်လူသားအနေနဲ့. . . အဲ. . လောကီနယ်က မကင်းနိုင်တဲ့ ပုထုဇဉ်လူသားတစ်ဦးအနေနဲ့ ပြောရရင် အနေဆင်းရဲခြင်းဒုက္ခ၊ အစားဆင်းရဲခြင်းဒုက္ခ၊ အဝတ်ဆင်းရဲခြင်းဒုက္ခ၊ အသွားဆင်းရဲခြင်းဒုက္ခ၊ ဒါတွေကို မခံစားနိုင်ဘူး"

"တရားမရှိလိုက်တာ"

"တရားရှိတယ် မရှိဘူးဆိုတာတော့ ကိုယ့်ကိုယ်ကို ဝေဖန်မပိုင်းခြားတတ်ပါဘူး။ ဒါပေမယ့် ကိုယ်ဆင်းရဲခြင်းနဲ့ ကင်းအောင်ကြိုးစားမယ်၊ လောကဓံ ရိုက်ပုတ်လိုက်လို့ ဆင်းရဲခြင်း ကြုံတွေ့ရတဲ့တိုင်အောင် အဲဒါဟာ တဒင်္ဂပဲ ဖြစ်စေရမယ်၊ လုံ့လ၊ ဝီရိယအားနဲ့ ကံတရားကို တူးဖော်ယူမယ်လို့ ဆုံးဖြတ်ထားတယ်"

ရွှေရည်က ကိုယ့်ကို ကြည့်တယ်။ ပြီးတော့ ပြုံးတယ်။

"ဘာပြုံးတာလဲ"

"နန္ဒ ပြောတဲ့ထဲမှာ ချစ်သူနဲ့ ကွေကွင်းရခြင်းဆိုတဲ့ ဒုက္ခဆင်းရဲ မပါသေးလို့ပါ"

"အဲဒီကံကြမ္မာကတော့ ရွှေရည့်အပေါ်မှာ မူတည်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"အဲဒီဒုက္ခ ကြုံတွေ့ရရင်ကော"

"ရွှေရည် လက်မထပ်မချင်း ကိုယ့်မှာ ကြိုးစားပိုင်ခွင့် ရှိပါတယ်"

"ဟော. . . ကားလာပြီ"

လေးဆယ့်ငါး ကြားကားလေးဟာ ကိုယ်တို့ရှေ့ ထိုးရပ်တယ်။ ရှေ့ခန်းက ဘုန်းကြီးတစ်ပါး ပါလာလို့ ရွှေရည် တက်လို့မရဘူး။

"နောက်ကားမှ စီးပါလား"

"ဘာဖြစ်လို့လဲ"

"ရွှေရည် ရှေ့ခန်းထိုင်လို့ရအောင်"

"ဟင့်အင်း. . . နောက်မှာပဲ စီးမယ်၊ ချောင်တာပဲ"

ရွှေရည်က ပြောမရဘူး၊ ကားရပ်မယ့်နေရာဘက်ကို ခပ်သုတ်သုတ် လျှောက်သွားတော့ ကိုယ်က အပြေးတစ်ပိုင်းနဲ့ ရွှေရည့်နောက်နားက ကပ်တက်တယ်၊ စပယ်ယာရဲ့လက်နဲ့ ဖေးမမှု မခံရအောင် အကာအကွယ်ပြုထားရတယ်။

"ဘေးမှာထိုင် ရွှေရည်"

တော်သေးတယ်၊ ဘေးမှာ နေရာရလို့၊ ဒါပေမယ့် ကပ်ကပ်ကျပ်ကျပ်ရယ်။ ကိုယ့်ခန္ဓာကိုယ်ကို ကျုံ့ထားလို့ရရင် ကျုံ့ထားလိုက်ချင်ပါတယ်။ ရွှေရည်နဲ့ ဘေးချင်းထိကပ်နေရတဲ့ အနေအထားကို ကိုယ် သိပ်စိတ်ကျဉ်းကျပ်တယ်။

ရွှေရည်ရဲ့မျက်နှာလေးက မပျက်ဘူး။ လန်းဆန်းနေတာပဲ။ ဒါပေမယ့် အလယ်ခုံလေးတွေမှာ တာမွေဈေးက ဈေးသိမ်းပြီး ပြန်





လာဟန်တူတဲ့ ငါးသည်တွေ ပါလာတယ်။ ရွှေရည် မျက်နှာပျက်စပြီ။

ကိုယ် ကမန်းကတန်းနဲ့ လွယ်အိတ်ထဲမှာ အသင့်ယူဆောင်လာတဲ့ ရှုဆေးဘူးလေး ပေးလိုက်တယ်။

ရွှေရည်က လှမ်းယူပြီး နှာခေါင်းဝမှာ တေ့ထားတယ်။

"နှစ်ရှ"

"အင်း"

"အန်ချင်တယ်"

"ခဏ"

လွယ်အိတ်ထဲက ကျွတ်ကျွတ်အိတ်သစ်လေး နှိုက်ပြီး အဝဟပေးလိုက်တယ်။

မျက်နှာနီရဲပြီး ချွေးစေးတွေ ထွက်နေတဲ့ ရွှေရည်ဟာ ဟန်ဆောင်နိုင်ဘဲ လေတွေ ပျို့အန်တယ်။ ဒါတွေက လေယာဉ်စီးတဲ့အခါမှာ မေမေငယ်ငယ်က ကိုယ့်ကို ပြုစုတဲ့အတိုင်း ပြုစုတာ။ ပြီးတော့ အဲဒီကျွတ်ကျွတ်အိတ်ကလေးကို ထိပ်ချည်ပြီး စက္ကူအိတ်ထဲထည့်ပြီး ထိပ်ကို လိပ်ပြီး ရွှေရည့်ကို ခေတ္တကိုင်ထားခိုင်းလိုက်တယ်၊ နောက် လွယ်အိတ်ထဲက ရေခဲစိမ် ရေမွှေးမျက်နှာသုတ်ပဝါလေးကို ဖောက်ပေးပြီး ရွှေရည့်လက်ထဲကို ထည့်ပေးလိုက်တယ်။ ပြီးမှ ရွှေရည့်လက်ထဲက အိတ်ကို ကိုယ်လှမ်းယူကိုင်ထားလိုက်တယ်။

ရွှေရည်က သူမမျက်နှာပြင်အနှံ့ ရေခဲစိမ် မျက်နှာသုတ်ပဝါနဲ့ ပွတ်တိုက်လိုက်တယ်။

နွမ်းလျတဲ့ မင်းမျက်နှာလေး အတန်ငယ် လန်းဆန်းလာပြီ ရှုဆေးဘူးလေး ရှူရင်း ကိုယ့်ပခုံးစွန်းကို မှီလာတယ်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ခပ်တိုးတိုးလေး ပြောတယ်။

"နန္ဒ"

"အင်"

"ရှင်ဟာ သိပ်ကို အားကိုးချင်စရာကောင်းတဲ့ ယောကျ်ား တစ်ယောက်ပဲ"

ကိုယ့်ရင်ထဲ လှိုက်ခနဲ ဖိုခနဲ ဖြစ်သွားတယ်။ ဖေဖေက ကိုယ့်မေမေကို ပြုစုသလိုမျိုး၊ ကိုယ့်မေမေက ကိုယ့်ကို ပြုစုသလိုမျိုး မင်းကို ပြုစုတာ။ မင်းရဲ့အသိအမှတ်ပြုမှုကို လိုချင်လို့ မဟုတ်ဘူး။

မင်းဟာ နယ်ကနေ တက္ကသိုလ် လာတက်တာ။ ကိုယ်ပိုင်ကား စီးတယ်၊ လိုင်းကား တစ်ခါမှ စီးတာ မတွေ့ဖူးဘူး။ ဒါကြောင့် မင်းအခြေအနေကို ကိုယ် ကြိုတင်တွက်ဆမိလို့ ကြိုတင်ပြင်ဆင်မှုတွေ ကိုယ်လုပ်လာခဲ့တာ။

ကိုယ့်အဖေနဲ့အမေ နှစ်ဦးစလုံးက ဆရာဝန်လေ။ ဖေဖေက တော့ နှလုံးအထူးကုသမားတော်ကြီး၊ မေမေကတော့ သာမန် အမ်ဘီဘီအက်စ် ဘွဲ့တစ်လုံးနဲ့ ဖေဖေ့ရဲ့ဆေးခန်းမှာ ကူရင်း အိမ်ရှင်မကောင်း၊ မိခင်ကောင်းတစ်ဦးအနေနဲ့ အိမ်ထောင့်တာဝန် ကို မလစ်ဟင်းအောင် ဆောင်ရွက်ပေးနေတဲ့ ဆရာဝန်တစ်ဦးပဲဆိုပါ တော့။ သည်တော့ ကိုယ်ဟာ မင်းကို ပြုစုတတ်တယ်။ ဒါ အဆန်း တော့ မဟုတ်ဘူး။

ဒါပေမယ့် ဆန်းတာက ကိုယ့်ရဲ့ချစ်ခြင်းပဲ။ မင်းကို မြင်မြင်ချင်း ချစ်ခဲ့မိတယ်။ မင်းကိုမှ မရရင် ကိုယ်ဟာ ရူးသွပ်သွားနိုင် တယ်။

"ကျေးဇူးတင်ပါတယ်"





"ဟင်း. . . အဲဒါ ကျွန်မပြောရမယ့်စကားလေ"

"မဟုတ်ဘူး. . . ကိုယ်ပြောရမှာ"

"ဘြော်"

"ဟုတ်တယ်. . . စောစောက ပြောလိုက်တဲ့ မင်းစကား အတွက်"

"အို. . ."

"ထာဝရ အားကိုးနိုင်ပါတယ်"

"ကြိုးစားပါ့မယ်"

ကားထဲက ခရီးသည်တွေက ကိုယ်တို့နှစ်ဦးကို ကွက်ကြည့် ကွက်ကြည့်နဲ့။

ကိုယ်ပျော်လာတယ်။ ရွှေရည်က ပြုံးနေတယ်။

အဲသည်နေ့ကို ကိုယ်ဘယ်မေ့နိုင်မလဲ။

ကားပေါ်က ဆင်းတော့ ကိုယ်အရင်ဆင်းပြီး ရွှေရည်ကို ကူညီတယ်။ အမိုက်ပုံးထဲမှာ ရွှေရည့်အန်ဖတ်ထုပ်ကို စွန့်ပစ်တော့

"နန္ဒက စည်းကမ်းရှိတယ်နော်"

"စည်းကမ်းဆိုတာ လူ့တန်ဖိုးလေ"

"ကိုင်း. . . ရွှေရည် ဘယ်သွားမှာလဲ"

"တိမ်လွှာမှာ အင်္ကျီရွေးမယ်"

"နောက်တော့ကော"

"အသီးအနှံ ဝယ်မယ်၊ ပြီးရင် အအေးသောက်ပြီး ပြန် မယ်"

"ဘာနဲ့ ပြန်မလဲ"

"ဟိုကားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရည် လက်ညှိုးထိုးပြတဲ့နေရာကို ကြည့်လိုက်မိတော့ . .

ကိုယ်က ဟာခနဲ အသံထွက်အောင် အံ့သြဝမ်းသာသွားမိတယ်။

ကိုယ့်ကား ဖြစ်နေတယ်။

"ရွှေရည် သတ္တိမွေးပြီးပြီလား"

"အင်း"

"ဘယ်တုန်းကလဲ"

"နန္ဒနဲ့ အတူတူ လိုင်းကားစီးပြီးကတည်းက"

"အိုး"

"နန္ဒ. . . ပြီးရင် ကျွန်မ တောင်ဥက္ကလာပက ကေသီ့အိမ်ကို သွားချင်တယ်. . . ပို့ပေးနိုင်မလား"

"ပို့ပေးနိုင်ပါတယ်. . . ဘယ်ကိုသွားသွား ပို့ပေးဖို့ အဆင်သင့်ပဲ၊ ခဏနေဉ်. . . ဒရိုင်ဘာကို ပြန်လွှတ်လိုက်မယ်"

"ဘာဖြစ်လို့လဲ"

"ရွှေရည်နဲ့ နှစ်ယောက်တည်းပဲ သွားချင်လို့"

"ပိုတယ်"

ရွှေရည်က မျက်စောင်းထိုးတယ်။ သိပ်ကို လှတဲ့ မျက်စောင်းလေးပဲ။ ရွှေရည်ကို ကိုယ် တိုးလို့တောင် ချစ်သွားမိတယ်။ မင်းကို မရရင် ကိုယ်ရှုံးနိုင်တယ်ဆိုတဲ့အထင်ဟာ ပိုမိုသေချာသွားပြီ။







# အခန်း (၂၀)

"မေမေနဲ့ဖေဖေ့ကို သား မေးစရာတွေ ရှိနေတယ်"

ညနေစာ ထမင်းစားဝိုင်းမှာ ကိုယ်တို့သားအဖသုံးယောက် ...စည်းခွင့်ကို ဖေဖေကိုယ်တိုင် ဖန်တီးပေးထားတယ်။

ညနေစာကို ငါးနာရီမှာ စားတယ်။ အစာကြေတယ်လို့ ...ဖေက ယူဆတယ်။ တကယ်လို့ ဖိတ်ကြားထားတဲ့ ညစာစားပွဲတွေ ...ရင်လည်း အဲသည် ညစာစားပွဲတွေပါ တက်နိုင်အောင် အိမ်မှာ ...ာ့ နည်းနည်းဖြစ်ဖြစ် စားသွားပြီး တစ်ယောက်လိုအပ်ချင် ...စ်ယောက်က ဖြည့်ဆည်းနိုင်အောင် သားအဖသုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



ညနေစာကို လက်ဆုံစားရမယ်လို့ ဖေဖေက သတ်မှတ်ပေးထား တာ။

"ထူးထူးဆန်းဆန်းပါလား"

ဖေဖေက ကိုယ့်ကို ပြုံးပြုံးကြီး လှမ်းကြည့်တယ်။ မေမေက တော့ ကိုယ့်ပန်းကန်ထဲကို အရိုးထွင်ထားတဲ့ ငါးဖတ်ကလေးတွေ ထည့်ပေးရင်း. . .

"ဘာများလဲ သားရဲ့"

"ဖေဖေနဲ့မေမေက ချစ်လို့ ယူခဲ့တာလား၊ မိဘတွေ ပေးစား လို့ ယူခဲ့တာလား"

ဖေဖေ ရယ်တယ်။

မေမေက မျက်စောင်းထိုးတယ်။

"ဟာ. . ."

ကိုယ့်ရင်ထဲ လှိုက်ဖိုပြီး ပျော်သွားတယ်။

မေမေ ဖေဖေ့ကို ထိုးတဲ့ မျက်စောင်းမျိုးက နေ့ခင်းက နွေရည် ကိုယ့်ကို ထိုးခဲ့တဲ့ မျက်စောင်းနဲ့ အတူတူပဲ။

"မင်းမေမေက မန္တလေး ဆေးတက္ကသိုလ်က၊ ပြီးတော့ ဖေဖေက ရန်ကုန်က၊ မိဘတွေက ဖေဖေ့ကို ဘွဲ့ရပြီးပြီးချင်း မင်း အမေနဲ့ သဘောတူတယ်၊ သွားကြည့်ခိုင်းလို့ ဖေဖေ သွားကြည့်တာ"

"မောင်နော်. . . သားလေးကို"

"အမှန်တရားကို သားသိသင့်တယ်"

"အဲဒီအချိန်မှာ သားအမေက ရည်းစားနဲ့ခင်ဗျ"

"ဒီတော့ မေမေက ဖေဖေ့ကို ငြင်းရောလား"

"မငြင်းပါဘူး. . . ဖေဖေနဲ့ နှစ်ယောက်ချင်း တွေ့တော့





သူ့မှာ ရည်းစားရှိတဲ့အကြောင်းနဲ့ သူ့ရည်းစားက ကျောက်ပွဲစား ယောင်ယောင် ဘာယောင်ယောင်လေ၊ မိဘတွေက သဘောမတူလို့ ဖေဖေနဲ့ အမြန်ဆုံး စီစဉ်တာ၊ ဒါကို သားမေမေက သိတယ်၊ ဖေဖေ့ ကိုလဲ မငြင်းဘူး၊ အမှန်အတိုင်းလဲ ဖွင့်ပြောတယ်၊ သူ့ရည်းစား ကျောက်အောင်ရင် လာတောင်းမယ်၊ တစ်နှစ်လောက် စောင့်ပြီးမှ မလာရင် လက်ထပ်ခွင့်ပေးမယ် ပြောတယ်"

"ဖေဖေက လက်ခံရောလား"

"လက်ခံတယ်"

"ဘာဖြစ်လို့လဲ"

"သားမေမေကို ဖေဖေက မြင်မြင်ချင်း ချစ်သွားလို့ပဲ"

မေမေက ရယ်တယ်။ ဒါပေမယ့် မေမေ့မျက်နှာလေးဟာ ငယ်မူငယ်သွေး ကြွပြီး ပါးပြင်လေး နီရဲနေပုံဟာ သိပ်ကို ကြည့်လို့ လှတာပဲ။ ကျက်သရေလည်း ရှိတယ်။

"ဒီလိုနဲ့ တစ်နှစ်တောင် မပြည့်ဘဲ ခြောက်လလောက်မှာ သားမေမေဘက်က လက်ထပ်ဖို့ တောင်းဆိုလာတယ်"

"မေမေက သားဖေဖေကို တမင် တစ်နှစ်လို့ ပြောပေမယ့် ဟိုကောင်ကို ချိန်းထားတာ၊ အဲ. . . မေမေ့ကို လာတောင်းဖို့ အချိန် ပေးထားတာက နှစ်နှစ်လေ၊ သားဖေဖေ လာတောင်းချိန်နဲ့ဆို ခြောက်လပဲ ကျန်တော့တယ်၊ ခြောက်လပြည့်ပြီး ပေါ်မလာဘူး၊ သတင်းတွေကတော့ မိန်းမရှုပ်တယ်၊ မိန်းမလဲ ယူထားသလိုလိုနဲ့ မေမေ စိတ်ကုန်သွားပြီး မေမေ့ဘက်က သစ္စာရှိရှိ စောင့်ဆိုင်းချိန်လဲ လွန်မြောက်သွားပြီလေ၊ ဒါကြောင့် ဖေဖေ့ကို မေမေ လက်ခံလိုက် တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက မေမေ့ကို ယုံကြည်သလား၊ ဟို . . ရည်းစားရှိပြီး သား မိန်းမအနေနဲ့ . . ဟို . . ဘာညာ ကန်တော့နော် သား သိချင်လို့"

"ဟာ . . . ဖေဖေက ဆရာဝန်ပဲ သားရဲ့၊ ပြီးတော့ မေမေ့ကို ဖေဖေ ယုံကြည်တယ်၊ နောက်တစ်ချက်က ဖေဖေ့ချစ်ခြင်းဟာ ခွင့်လွှတ်ခြင်းလဲ ပါနေတယ်"

"သားက မေမေ့ကို ရည်းစားထားခဲ့ဖူးတယ်ဆိုတာနဲ့ အထင်သေးတာလား၊ မေမေက ချစ်သူကို ယုံစားပြီး ပုံအပ်တဲ့မိန်းမမျိုး မဟုတ်လို့ နှစ်ကိုယ်တူ နီးချင်ရင် ကြိုးစားလေ၊ မိန်းမတစ်ယောက်ကို တင့်တောင်းတင့်တယ် ထားနိုင်အောင် ရှာဖွေဖို့ နှစ်နှစ် အချိန်ပေးပြီး လွှတ်လိုက်တာ၊ မေမေ့ဘက်က သစ္စာရှိရှိ စောင့်တယ်၊ မလာလို့ သားဖေဖေနဲ့ လက်ထပ်တာ"

"တကယ်လို့ ပြန်လာခဲ့ပြီး မေမေ့ကို လာတောင်းရင်ကော"

"အဲဒီအခါမျိုးကျတော့လဲ သူက ကိုယ့်ကို တကယ်မေတ္တာရှိတာ ပေါ်လွင်ပြီဆိုတော့ တစ်မျိုးပေါ့၊ သူ့ရှာဖွေမှုဟာ ရိုးသားသလား နောက်ကြောင်းရှင်းသလား စုံစမ်းပြီး မေမေအပေါ် တကယ်ချစ် တကယ်မြတ်နိုးတယ် မှန်ရင် လက်ထပ်မှာပေါ့"

ဖေဖေ့မျက်နှာကို လှမ်းကြည့်လိုက်တော့ ဖေဖေက မျက်နှာမပျက်တဲ့အပြင် ကျေနပ်ပြုံးနဲ့ ကြည့်နေတယ်။

"ဒီလိုဆို မေမေက နှလုံးသားထက် ဦးနှောက်ကို ဦးစားပေးခဲ့တာပဲ"

"နှလုံးသား ဟုတ်လား၊ အချစ်ပါလို့ ယူဆပြီး လူပွေလူရှုပ်





အလုပ်ကို လက်ကြောတင်းအောင် မလုပ်တဲ့ လူတစ်ယောက်ကို ကိုယ့်ဘဝ ပုံအပ်လောက်အောင် မိုက်မဲခြင်းကို နှလုံးသားအလို လိုက်တဲ့ အချစ်သူရဲကောင်းအနေနဲ့ ဂုဏ်ယူတဲ့မိန်းမဟာ အင်မတန် မိုက်မဲခြင်း၊ ဒါမှမဟုတ် ရူးသွပ်ခြင်း၊ ဒါမှမဟုတ် မွှန်နေခြင်းသာ ဖြစ်လိမ့်မယ် သားရေ၊ မေမေ့မှာ ပညာဉာဏ် ရှိတယ်၊ စဉ်းစား ဆင်ခြင်လိုက်တဲ့အခါမှာ သားဖေဖေကို အမြန်ဆုံး လက်ထပ်ချင် လာတယ်"

"အားကိုးချင်လာတာလား မေမေ"

ကိုယ်လိုချင်တဲ့စကားကို အလျင်စလို မေးလိုက်မိတယ်။

မေမေက ရှက်ပြုံးနဲ့ . .

"ဆိုပါတော့ . . အဲ . . ဒီထက်နက်ရှိုင်းစွာ ပြောရရင် မေမေ့ဘဝ လုံခြုံနွေးထွေး အေးချမ်းမှု ပေးနိုင်မယ့်သူဟာ သားဖေဖေပဲလို့ ယူဆမိတာလဲ ပါတယ်"

"ဒီလိုဆို မေမေက ဖေဖေ့ကို ချစ်လို့ ယူခဲ့တာ မဟုတ်ဘူးပေါ့"

"ဟုတ်တယ် . . . ဒါပေမယ့် ခုချိန်မှာ မေမေ အချစ်ဆုံးလူဟာ သားဖေဖေပဲ"

ဖေဖေက ဟက်ခနဲ တစ်ချက်ရယ်တယ်။ ပြီးတော့ မေမေ့အား . . .

"ကျေးဇူးတင်တယ် အေးရယ်"

"ဟင် . . . သားမဟုတ်ဘူးလား"

"တစ်ဦးတည်းသော သားလေးပဲ၊ ငုံထားမတတ် ချစ်တာပေါ့၊ ဒါပေမယ့် သားသမီးဆိုတာ ညှို့သည်ပဲ၊ မိဘရင်ခွင်မှာ ခေတ္တ



www.burmeseclassic.com

www.burmeseclassic.com

ပဲ နားခိုတာ၊ အတောင်လက်စုံတော့ ပျံသန်းကြမှာပဲ၊ ခုတောင် လမ်းစရှာနေလို့ ဒီစကားတွေ မေးတာ မဟုတ်ဘူးလား"

"မေမေက စကားလွှဲတာ၊ ဖေဖေ့ကို သားထက် ပိုချစ်ရင် ချစ်တယ်ပေါ့၊ ဖေဖေကလဲ ဒီလိုပဲ မဟုတ်လား၊ သားထက် မေမေ့ကို ပိုချစ်တယ် မဟုတ်လား. . . ပြော"

"မတူဘူးကွ. . . မေတ္တာအရေအတွက် ကိန်းဂဏန်းချင်း ကမှ မတူညီတာ၊ ဒါပေမယ့် ခုချိန်မှာ သားအတွက် ဖေဖေရော မေမေရော အသက်ပေးရမယ်ဆိုရင်တောင် ပေးဖို့ ဝန်မလေးဘူး ဆိုရင် သားယုံမလား၊ အေးလေ. . . သား မိဘ,ဘဝကို ရောက်မှ သားနားလည်ပါလိမ့်မယ်"

"ကိုင်း. . . သားမေးတာတွေကို ဖေဖေနဲ့မေမေက မခြွင်း မချန် ဖြေပြီးပြီ၊ ခု မေမေတို့အလှည့် ရောက်ပြီ၊ မေမေတို့ မေးတာကို သားဖြေတော့"

ကိုယ့်ရှူး ကိုယ်ပြန်ပတ်ပြီ ထင်ပါရဲ့လို့ စိတ်ထဲမှာ ရေရွတ်လိုက်တယ်။ ဒါပေမယ့် ကိုယ်မလန့်ပါဘူး။ ကိုယ် ဘာကိုမှ အမှားအယွင်း မလုပ်ခဲ့ဖူးဘူးလေ။

"သား မှန်မှန်ဖြေနော်"

"သား မညာတတ်တာ မေမေသိပါတယ်"

"သား အချစ်ရေးကို စိတ်ဝင်စားလာပြီဆိုတော့ သား နှစ်နှစ်ကာကာ ချစ်ရမယ့်သူ တွေ့လာပြီလား"

ကိုယ့်ဆီကို မိန်းကလေးတွေက စပြီး ဖုန်းဆက်တာတွေ မိတ်ဖွဲ့တာတွေ ရှိသဲ့သဲ့ဖုန်းတွေ လာတာ မေမေတို့ အသိပဲ။

"သားစိတ်ဝင်စားနေတဲ့ မိန်းကလေးတစ်ယောက်တော့





ရှိနေပြီ မေမေ"

"တယ်ဟုတ်ပါလား"

"ဘယ်သူလဲ. . . ဘယ်ကျောင်းကလဲ"

ဖေဖေနဲ့မေမေ့ဆီက အသံတွေ တစ်ပြိုင်နက် ထွက်ပေါ်လာတယ်။

"သူ့ကို သားကသာ ပရိုပို့စ် လုပ်ထားတာ၊ သူ့ဆီက ရက်စ်အော်နီး မသိသေးဘူး"

"ဟင်း. . ."

"ဒါပေမယ့် မေမေနဲ့ဖေဖေ့ကို သား တစ်ခုတောင်းဆိုချင်တာက သူ့ဆီက ဖုန်းဆက်လာခဲ့ရင် သားကို အမြန်ဆုံး ပြောပေးဖို့ မမေ့ဖို့ပါပဲ"

"သူက ဘယ်သူလဲဆိုတာ ပြောထားဦးမှပေါ့"

"ရွှန်းလဲ့ရွှေရည်တဲ့"

"ရွှန်းလဲ့ရွှေရည်"

ဖေဖေက နာမည်လေးကို ရွတ်ကြည့်ပြီး ကျေနပ်သလိုပဲ။

မေမေကလည်း. . .

"ဗုဒ္ဓဟူးသမီး ထင်တယ်၊ သားက စနေဆိုတော့ မဆိုးဘူး၊ ဒန်းလှပဲ. . . ကောင်းတယ်၊ ချောရဲ့လား"

"နာမည်နဲ့ လိုက်အောင် ရွှေရောင်ဝင်းအိနေပြီး သိပ်ကို ဆွဲဖြစ်ပြီး ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးပဲ"

ကိုယ်က မိဘတွေကို မရှက်ဘူး။ မိဘတွေကလည်း ကိုယ့်ကို သူငယ်ချင်းလိုလည်း ရင်းနှီးအောင် ထားတယ်။

"မေမေ တွေ့ဖူးချင်လိုက်တာ၊ သားတို့ကျောင်းကလား"


www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး . . ဝိုင်အိုင်တီက"

"ဘယ်လိုလုပ် တွေ့ကြတာလဲ"

မေမေကတော့ မိန်းမသားပီပီ စပ်စုတယ်။

"သားတို့ကျောင်းက မြတ်ပန်းပွင့်ဖြူနဲ့ သူနဲ့က သူငယ်ချင်း၊ အဲဒီမြတ်ပန်းပွင့်ဖြူဆီ အလာမှာ သားက မြင်လိုက်ပြီး စွဲသွားတာ"

"မြတ်ပန်းပွင့်ဖြူ . . ဒီနာမည် ကြားဖူးပါတယ်"

"ဩော် . . . အေးကလဲ၊ ဟိုကောင် ဝဏ္ဏလေ၊ မနှစ်က တောင် အမေရိကား သွားခါနီး ဒင်နာလုပ်လို့ အေးနဲ့မောင် သွားပါရော၊ သူ့သမီးလေးလေ . . . ဆံပင်ရှည်လေးနဲ့ ချောချောလေးဟာရော"

"ဟုတ်ပြီ . . . အေး မှတ်မိပြီ၊ သမီးလေးက ချောတာ မှန်နေတာပဲ၊ အေးတောင် သမီးတော်ချင် ပြောပါရော"

"တော်ပါပြီ . . . မြတ်နဲ့သားက သူငယ်ချင်း၊ ဒါပဲနော် မေမေ၊ ရွှေရည်ကလွဲရင် ဘယ်သူ့ကိုမှ သမီးမတော်ချင်ရဘူး"

"မေမေမှ သားရွှေရည်ကို မတွေ့ဖူးသေးဘဲ၊ မေမေ့အနေနဲ့ ကိုယ့်သားကို အလှဆုံး၊ အချောဆုံး၊ အလိမ္မာဆုံး မိန်းကလေးတစ်ယောက်နဲ့ သဘောတူချင်တာပေါ့"

"တွေ့ချင်ရင် မေမေအိမ်မှာ တစ်ခုခု စီစဉ်လေ၊ သား သူငယ်ချင်းတွေကို ဘုန်းကြီးဆွမ်းကျွေးဆိုပြီး ဖိတ်မယ်၊ သူနဲ့မြတ်ကိုပါ ဖိတ်မယ်"

"အတော်ပဲ . . . ဝါဆိုသင်္ကန်း ကပ်မယ်"

"ဒီလိုဆိုရင် ဒီအပတ်ထဲ လုပ်မှ ဖြစ်မယ် မေမေ၊ ရွှေရည်က ရှေ့အပတ် ရွှေတောင်ပြန်ဦးမှာ"





"ရွှေတောင်သူလား"

"ဟုတ်တယ် မေမေ"

"မေမေတောင် သားမိန်းကလေးကို စိတ်ဝင်စားလာပြီ"

"ဖိန်းနွဲ့ခါ စနေနေ့၊ ကဲ . . . အဲဒီနေ့ပဲ လုပ်လိုက်ပါလား"

"ကောင်းသားပဲ . . . မောင် အားတယ် မဟုတ်လား"

"အားပါတယ် . . . ဆေးခန်းက ညနေပဲ"

"ဒီလိုဆို သားဖိတ်ပေတော့ . . . နေ့ဆွမ်းပဲ"

"ဝဏ္ဏသမီးကိုပါ ဖိတ်နော် သား"

"စိတ်ချပါ . . . သူပါမှ ရွှေရည်က လိုက်လာဖို့ သေချာတာ"

ကိုယ်လေ . . . သိပ်ကို ပျော်သွားခဲ့တာ။ မိဘတွေက ကိုယ့်ဘက်က ဘာကိုမှ ပြဿနာ မရှိဘူး။ အေးအေးဆေးဆေးပဲ။

ရွှေရည့်ဘက်ကသာ . . .

ရွှေရည်သာ အခရာပါ။

ဘာပဲဖြစ်ဖြစ် ရွှေရည့်ဆီက အားကိုးခြင်းဟာ ကိုယ့်အတွက် မျှော်လင့်ချက်ပါပဲ။

"သား . . . ရွှေရည့်မိဘတွေက ဘာများလုပ်သလဲ"

"စက်ရက်ကန်းတွေနဲ့ လယ်မြေတွေ ပိုင်ဆိုင်တာပဲ၊ ချမ်းသာတာတော့ ချမ်းသာတာပဲ"

"ဒါတွေက အရေးမကြီးပါဘူး၊ သားမြတ်နိုးတဲ့ မိန်းကလေးဟာ ချမ်းသာဆင်းရဲ အဓိက မဟုတ်ပါဘူး၊ အကျင့်စာရိတ္တ ကောင်းမွန်ပြီး ပညာတတ်ဖို့ပဲ အရေးကြီးပါတယ်"

"ကျေးဇူးတင်ပါတယ် ဖေဖေနဲ့မေမေ၊ သားသိပ်ပျော်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီ”

ကိုယ်ဟာ မိဘတွေနဲ့ ပတ်သက်လာရင် ခုထက်ထိ ကလေး လိုပါပဲ။ မေမေ့ရင်ခွင်ကို တိုးဝှေ့ပြီး လိုချင်တာကို ပူဆာတတ်တုန်း ပါပဲ။

ခု ရွှေရည်ကို ကိုယ်လိုချင်တယ်။ ဒါပေမယ့် ဖေဖေနဲ့မေမေ ဝယ်ပေးရုံနဲ့ မရနိုင်ဘူး။

ရွှေရည့်ကို ပိုင်ဆိုင်ဖို့အတွက် ရွှေရည်သာ အခရာ ဖြစ်နေ တယ်။

ခေါင်းအမြန်ဆုံး ညိတ်လိုက်ပါတော့လား ရွှေရည်ရယ်။







အခန်း (၂၁)

ကိုယ့်လောက် ပျော်တဲ့သူ ကမ္ဘာမှာ မရှိနိုင်ဘူး။ ရှိရင် ကိုယ် စိန်ခေါ်ရဲတယ်။

ရွှေရည်နဲ့မြတ်က အတူလာတယ်။ ဖေဖေနဲ့မေမေက အရမ်းကို ပျူငှာတယ်။

စားသောက်ပြီး ပြန်မယ်လုပ်တော့ ကိုယ့်ကို ဖေဖေက လိုက်ပို့ခိုင်းတယ်။ ဒါပေမယ့် ရွှေရည်က ကျေးဇူးတင်ကြောင်း ပြော ကာ ငြင်းဆန်ပြီး မြတ်ကားနဲ့ပဲ ပြန်သွားတယ်။

ရွှေရည် ပြန်သွားပြီးတာနဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားက ရွေးတတ်သားပဲ၊ ဆွဲဆောင်မှုရှိတဲ့ မိန်းကလေး ပဲ"

"ဆံပင်တိုတို၊ အရပ်မြင့်မြင့်၊ သူ့အသားဝင်းအိအိလေးနဲ့ ကိုက စတိုင်တစ်မျိုးနဲ့ ဆွဲဆောင်မှု ရှိတယ်. . . ချစ်စရာလေး"

"ကျေးဇူးတင်ပါတယ်. . ဖေဖေရော မေမေရော သဘော ကျတယ်နော်၊ သားဝမ်းသာလိုက်တာဗျာ၊ ဒါကြောင့် မေမေတို့ကို ချစ်ရတာ"

တကယ်ပါ။ အဲသည်နေ့က မေမေ့ကိုရော ဖေဖေ့ကိုပါ ဖက်နမ်းပစ်လိုက်တယ်။

ကိုယ့်ဘက်ကတော့ ရာခိုင်နှုန်းပြည့်နဲ့ မေတ္တာမိုးတွေက ထစ်ချုန်းနေပြီ ရွှေရည်။

ရွှေရည့်ဘက်ကသာ. . .

"မြတ်ပန်းပွင့်ဖြူလဲ လှတာပဲ၊ ပိုတောင် ချောပြီး ကျက် သရေ ရှိသလိုပဲ"

ဖေဖေက အထွန့်တက်သေးတယ်။

မြတ်မှာ ရည်းစားရှိတယ်လို့ ကိုယ်မပြောပါဘူး။ ပြောလိုက် လို့ ဖေဖေက သူ့သူငယ်ချင်းကို သတင်းမပေးဘူး မပြောနိုင်ဘူး။ မြတ်နဲ့ ဝသုန်ကျော်ရဲ့လွတ်လပ်ခွင့်မှာ ကိုယ့်ပယောဂ မပါစေရဘူး။

"တစ်မျိုးစီပေါ့ ဖေကြီးရယ်"

"ဖူးစာကံပေါ့လေ"

"ကျောင်းပြီးမှ လက်ထပ်ကြနော် သား၊ ဒီကြားထဲ စေ့စပ် ချင်တဲ့အချိန်ကိုသာ ကြိုပြောထား"

ကိုယ် ရယ်လိုက်တယ်။





"သားဘက်ကသာ သေချာနေတာ၊ သူ့ဘက်က ဘာမှ တုံ့ပြန်သေးဘူးလေ"

"ဟုတ်သားပဲ အဖေကြီးနှယ်၊ မုန့်ဆီကြော်က ဘယ်ဆီ မှန်း မသိဘူး၊ နှုတ်ခမ်းနာနဲ့ တည့်ပါ့မလားဆိုသလို ဖြစ်နေပြီ"

ကိုယ်လေ. . . သည်အကြောင်းတွေကို ရွှေရည့်ကို ပြောပြ ချင်လိုက်တာ။

ကိုယ့်မိဘတွေက ရွှေရည့်ကို ကိုယ့်လိုပဲ သဘောကျ တန်ဖိုးထားကြတဲ့အကြောင်း။

သည်လိုဆို ရွှေရည် ဝမ်းသာမှာလား။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၂)

"နန္ဒကို ကျွန်မ ပြောစရာစကားတွေ ရှိနေကယ်၊ ကျွန်မက မနက်ဖြန် မနက်ခြောက်နာရီခွဲမှာ ရွှေတိဂုံဘုရားက ဗုဒ္ဓဟူးဂြိုဟ်ထောင့်မှာ စောင့်နေပါ"

လို့ ညက ရွှေရည် ဖုန်းဆက်ပြောတယ်နော်။

ကိုယ်လေ အိပ်ပျော်အောင် မနည်းကြိုးပမ်းရတယ်။

နံနက်ငါးနာရီ နှိုးစက်သံပေးပြီး ထ,ခဲ့တာ ခြောက်နာရီ လောက်မှာ ဗုဒ္ဓဟူးဂြိုဟ်ထောင့်ကို ကိုယ်အရောက်ဖြစ်နေပြီ။

သိပ်မစောင့်ရဘူး။ မိနစ်နှစ်ဆယ်လောက်မှာ ရွှေရည် ရောက်လာတယ်။





"ဘယ်အချိန်ကတည်းက ရောက်တာလဲ"

"ခြောက်နာရီ"

"ဘုရားရှိခိုးပြီးပြီလား"

"ပြီးပါပြီ"

"ခဏနော်"

"ရပါတယ်"

ရွှေရည် ဘုရားရှိခိုးတာကို ကိုယ်ထိုင်စောင့်ပေးရင်း ရွှေရည်ကို ငေးကြည့်မိတယ်။ ကြည်လင်လန်းဆန်းနေတတ်တဲ့ ရွှေရည့် မျက်နှာလေးမှာ သောကရိပ်လေး ယှက်သန်းနေသလိုပဲ။

သိပ်ကြာကြာမရှိခိုးပါဘူး။ ဩကာသ ကန်တော့ခန်း လောက်ပဲ ထင်တယ်။ ရွှေရည် ရှိခိုးပြီးတော့ ကိုယ်တို့ ဘုရားရင်ပြင် တော်မှာ လက်ယာရစ် ပတ်ပြီး စကားပြောကြတယ်။

"ကျွန်မပြောချင်တာက ကျွန်မနဲ့ သားလေးအခြေအနေကို နန္ဒ သေသေချာချာ သိထားစေချင်တယ်၊ ပြီးတော့ ကျွန်မတို့မိဘ တွေရဲ့သဘောထားပေါ့။ အဲဒါ နန္ဒ နားထောင်နိုင်ပါ့မလားလို့လဲ ကျွန်မက သိချင်သေးတယ်"

"နားထောင်နိုင်ပါတယ်၊ အဲ. . . နားထောင်ချင်ပါတယ်လို့ ပြောရင် ပိုလုံလောက်ပါတယ်၊ ကိုယ်က ရွှေရည်နဲ့ ပတ်သက်လာတဲ့ သူ မှန်သမျှကို စိတ်ဝင်စားပါတယ်"

ရွှေရည်က ပြုံးတယ်။

"ကျွန်မ နန္ဒကို ယုံကြည်ပါတယ်၊ ဒါကြောင့် ကျွန်မ ရင်းရင်းနှီးနှီး ဖွင့်ဟတိုင်ပင်တာပေါ့၊ ကျွန်မနဲ့ သားလေးတို့ဟာ ဘိုးစဉ်ဘောင်ဆက် ရင်းနှီးအကျွမ်းတဝင် ရှိကြတဲ့မိသားစုက



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဖွားလာကြတာ၊ အိမ်ချင်း ခြံချင်းကပ်လျက်ပဲ"

"ရွှေတောင်မှာပဲလား"

"ဟုတ်တယ် . . . ရွှေတောင် ညောင်ဝိုင်းရပ်မှာ စီးပွားရေး လုပ်ငန်းချင်းလဲ အတူတူပဲ၊ ခြင်ထောင်ဇာ ပိတ်ဖြူနဲ့ ချည်ခွေ လုံချည်၊ စည်းလုံချည်တွေ ရက်တယ်၊ ခြံတွေ လယ်တွေလဲ ရှိတာ ပေါ့"

"မိရိုးဖလာလုပ်ငန်းရပ်ပေါ့"

"ဟုတ်ပါတယ် . . . ဒါပေမယ့် စီးပွားပြိုင်ဘက်အနေနဲ့ မနာလို ဝန်တိုခြင်းမျိုး လုံးဝမရှိကြဘဲနဲ့ တိုင်တိုင်ပင်ပင် ညီညီ နိုင်းနိုင်းနဲ့ ချစ်ချစ်ခင်ခင် နေခဲ့ကြတာ၊ သားပေး သမီးယူလဲ ဖြစ်ချင် ကြတယ်"

"ဪ . . ."

ကိုယ့်ရင်ထဲမှာ လျှပ်လိုင်း အသေးစားလေး လှုပ်ခတ်စ ပြုလိုက်ပြီ။ သည်လောက်ဆို ကိုယ်ရိပ်မိပါပြီ။ ဒါပေမယ့် ရွှေရည့် စကားကို ကိုယ်နားထောင်ချင်တယ်။ အဓိက,က ရွှေရည့်ရဲ့ သဘော ထား မှတ်လား။

"အနီးစပ်ဆုံး ပြောရရင်တော့ ခု ကျွန်မတို့ နောက်ဆုံး မျိုးဆက်မှာပဲ ပြောတော့မယ် နန္ဒ၊ ကျွန်မမှာ အစ်ကိုသုံးယောက် ရှိတယ်၊ သားလေးမှာက အစ်မနှစ်ယောက် ရှိတယ်၊ သူတို့တွေက သက်တူရွယ်တူတွေလေ၊ ငယ်သူငယ်ချင်းတွေ၊ နှစ်ဖက်မိဘတွေက သိပ်ကိုဖြစ်စေချင်တယ်၊ ဒါပေမယ့် အချိန်တန် အရွယ်ရောက်တော့ ကိုယ်ကြိုက်ရာ ကိုယ်ယူပြီး အသီးသီး အိမ်ထောင်ရက်သား ကျကုန် ကြတယ်၊ ခုထက်ထိတော့ မောင်နှမလို သူငယ်ချင်းလို ရင်းနှီးနေကြ





န်းပါပဲ၊ မိဘတွေ မျှော်မှန်းသလိုတော့ ဖြစ်မလာကြဘူးပေါ့၊ အဲဒါ ဖက်မိဘရဲ့နောက်ဆုံးမျှော်လင့်ချက်က ကျွန်မနဲ့ သားလေးပေါ် ာ ဖြစ်လာတယ်"

ကိုယ့်ရင်ထဲမှာ ဆွေးသွားပြီ။

"နန္ဒ . . ."

"ကိုယ်နားထောင်နေပါတယ်"

"ဘာဖြစ်လို့ မျက်နှာပျက်သွားတာလဲ"

"ဪ . . . ရွှေရည်ရယ်၊ ကိုယ်က ချစ်ရသူပဲ၊ ချစ်သူနဲ့ ဆေးဖို့စကားတွေ နားထောင်တဲ့အခါ ပြုံးနိုင်ဖို့အင်အားကို မမွေးရ သေးလို့ပါ"

"ဪ . . . နန္ဒရယ်၊ ကျွန်မ စကားမဆုံးသေးပါဘူး"

"ပြောပါ ရွှေရည်"

"သားလေးနဲ့ကျွန်မဟာ တစ်ရက်တည်း မွေးခဲ့တာဆိုတော့ အမွှာလို ဖြစ်နေတာ၊ ကျွန်မမေမေ မအားတဲ့အခါ ကျွန်မဟာ သားလေးမေမေရဲ့နို့ကို စို့ခဲ့သလို သားလေးဟာလဲ ကျွန်မမေမေရဲ့နို့ ကို စို့ပြီး ကြီးပြင်းလာရသူပါပဲ၊ အဲဒီလောက်အထိ ကျွန်မနဲ့ သားလေး ာ ရင်းနှီးခဲ့ပါတယ်"

"ဒီလိုနဲ့ပဲ ကျွန်မတို့ဟာ မောင်နှမလို အရွယ်ရောက်ခဲ့တာ၊ အရွယ်ရောက်လာပြန်တော့လဲ သားလေးက မြတ်ကို စိတ်ဝင်စား တယ်၊ ကျွန်မအကူအညီနဲ့ မြတ်နဲ့ ချစ်သူဘဝ ရောက်သွားတာ၊ ါကို နန္ဒ သိတယ်နော်"

"သိပါတယ်"

"ဒါပေမယ့် ဘယ်သူက သတင်းပေးသလဲ မသိဘူး၊ မြတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သားလေး သတင်းကို ကြီးမေက ကြားတယ်၊ မေမေကလဲ ကြားပြီး ကျွန်မကိုပါ သတိပေးတယ်၊ သားလေးနဲ့ကျွန်မကို လက်ထပ်ပေးဖို့ အစီအစဉ် ရှိတယ်ဆိုပြီး ဒီအပတ် အပြန်မှာ ဖွင့်ပြောတယ်"

"ရွှေရည်က ခေါင်းညိတ်ခဲ့သလား"

"ဟင့်အင်း. . . ခေါင်းလဲ မညိတ်ဘူး၊ ခေါင်းလဲ မခါဘူး ဒီအတိုင်းပဲ နေခဲ့တယ်၊ ဘာဖြစ်လို့ ဒီလိုနေတယ်လို့ နန္ဒ ထင်လဲ"

"ဒီလိုပဲ နေသင့်ပါတယ်"

"ဟုတ်တယ်. . . ခေါင်းညိတ်ခဲ့ရင် ကတိပြုရာရောက် သလို ငြင်းဆန်ပြန်ရင်လဲ အတင်းအကျပ် စီစဉ်လိုက်ရင် ခက်မယ်"

"ဒီအကြောင်းတွေ ဝသုန်ကျော် သိလား"

"သိတော့ သိမယ်၊ ဒါပေမယ့်. . အဲ. . အတိအလင်းတော့ သိမှာမဟုတ်ဘူး ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ သားလေးက ပြင်ဦးလွင် တက်သွားလို့ပဲ၊ အဲ. . . သိသွားတာက မြတ်ပဲ"

"ဩော်"

ကိုယ့်အနေနဲ့ မြတ်ပန်းပွင့်ဖြူရဲ့အပြုံးက အခုတလော မတောက်ပခြင်းကို ခုမှပဲ သဘောပေါက်တော့တယ်။

"ဒီတော့ မြတ်က ဘယ်လိုဆုံးဖြတ်သလဲ"

"နန္ဒ. . ."

ရွှေရည်က ရပ်ပြီး ကိုယ့်ကို ခေါ်တော့ ကိုယ်လည်း ရပ် လိုက်တယ်။ ရွှေရည်မျက်လုံးအိမ်မှာ မျက်ရည်စတွေနဲ့ပါလား။

ဒါပေမယ့် မျက်ဝန်းလေးက တောက်ပနေတယ်။

"ပြောလေ ရွှေရည်"

"ကျွန်မကို ဘယ်လို အတိုင်းအတာအထိ ချစ်တာလဲ"





"နောက်ဆုံးထွက်သက်အထိ ပိုင်ဆိုင်သွားဖို့ ချစ်တာ"

"ကျွန်မ အချစ်ကို ခွဲခွဲခြားခြား နားမလည်သေးပါဘူး၊ ဒါပေမယ့် ကျွန်မ သားလေးအပေါ်မှာ သံယောဇဉ်ရှိတယ်၊ အဲဒီလိုပဲ. . . သားလေးဟာလဲ ကျွန်မအပေါ်မှာ သိပ်သံယောဇဉ် ရှိတယ်၊ အဲဒီသံယောဇဉ်ဟာ ဘယ်လိုမေတ္တာမျိုးလဲဆိုတာ ကျွန်မ ခွဲခြားတတ်ဘူး"

"အဲဒါကို အချစ်လို့ မယူဆဘူးလား"

ရွှေရည်က ဝင်းဖန့်ဖန့် မျက်လုံးကြီးနဲ့ ကိုယ့်ကို ကြည့်တယ်။

"မသိဘူး. . . နန္ဒ ယူဆချင်သလို ယူဆလေ၊ ဒါပေမယ့် သားလေးနဲ့ မြတ်ကိုပဲ လက်ထပ်စေချင်တယ်၊ ဒါက ကျွန်မရဲ့ဆန္ဒပဲ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ မြတ်က သားလေးကို သိပ်ချစ် တယ်ဆိုတာ ကျွန်မ သိနေလို့ပဲ"

အချစ်နဲ့စစ်မှာ တရားတယ် မတရားတယ်ဆိုတာ မရှိဘူး ဆိုပေမယ့် ကိုယ့်အချစ်ကို သွေးဆောင်မယူချင်ဘူး၊ ဒါကြောင့် ဒီလိုပဲ နန္ဒက "မြတ်အချစ်ထက် မလျော့တဲ့အချစ်နဲ့ ရွှေရည်ကို ချစ်တာပါ" ဆိုတဲ့စကားကို ရင်ထဲမှာပဲ ထားလိုက်တယ်၊ ဘာဖြစ်လို့ လဲဆိုတော့ ရွှေရည်ရဲ့စိတ်ကို ကိုယ် နားလည်စ ပြုလာပြီ။ ရွှေရည့် အချစ်ဟာ သားလေးဆိုတဲ့ ဝသုန်ကျော်အပေါ်မှာ အများဆုံး ရှိနေ တယ်ဆိုတာပါပဲ။

သံယောဇဉ်နဲ့ နွယ်လာတဲ့အချစ်ဟာ သိပ်ကို ခိုင်မာတယ်။

"ပြီးတော့ သားလေးဟာ မြတ်ကို လက်ထပ်ဖို့ ကတိပေးပြီး ပြီ၊ အပြစ်ကင်းစင်ပြီး အင်မတန် သန့်စင်တဲ့ မြတ်ပန်းပွင့်ဖြူဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com

တော်ဝင်ပန်းလေးရဲ့နှလုံးသားကိုမှ ချစ်ပန်းနှက် စိုက်ပြီးတာ၊ ဒီတော့ သားလေးဟာ ယောကျ်ားကောင်း ပီသရမယ်၊ သူ အသည်းအသန် လိုက်ခဲ့တဲ့မြတ်နဲ့ သူ့ကို လက်ထပ်ဖို့အထိ ရည်ရွယ်ပြီးမှ ချစ်ခဲ့တဲ့ မြတ်တို့ရဲ့ချစ်ခြင်းဟာ လက်ထပ်ခြင်းအထိ တည်စေရမယ်၊ ဒီတော့ ကျွန်မဟာ သူတို့အတွက် အနှောင့်အယှက် မဖြစ်စေရဘူး၊ ကျွန်မ ကြောင့် မြတ်ရဲ့နှလုံးသားမှာ အနာတရ မဖြစ်စေရဘူး"

"မြတ်က သံသယ ဝင်နေလို့လား"

"မဟုတ်ဘူး. . . မြတ်ကို သားလေးမေမေက စိန်ခေါ်လိုက် တာ၊ သားလေးနဲ့ လက်ထပ်သူဟာ ရွှန်းကလွဲရင် ဘယ်သူမှ မဖြစ် စေရဘူးလို့ စိန်ခေါ်လိုက်တာ၊ မြတ် ဘယ်လောက်ခံစားရမယ် ဆိုတာ နန္ဒ စဉ်းစားကြည့်လေ၊ ကျွန်မ မြတ်ကို စာနာတယ်၊ ကျွန်မ သာ မြတ်နေရာမှာဆိုရင် မိန်းမမာနနဲ့ စိန်ခေါ်လိုက်သူရဲ့သားကို ရအောင်ယူပစ်လိုက်မိမှာပဲ"

"ကိုယ့်မိဘတွေက ရွှေရည်ကို စိန်မခေါ်ဘူး၊ သမီးပဲ ခေါ် ချင်တာတဲ့"

"ကျေးဇူးတင်ပါတယ် နန္ဒ"

ရွှေရည်နဲ့ကိုယ် ရင်ပြင်တော် တစ်ပတ်ပြည့်သွားပြီ။ နေက လည်း နည်းနည်းတော့ အပူရှိန်လေး တက်လာပြီ။ ဒါပေမယ့် ပြန် မယ့်စကား မပြောသေးဘူး။ ဆက်လျှောက်ရင်း စကားဆက်ပြော ကြတယ်။

"လူ့စိတ်ဆိုတာ အခက်သားပဲ၊ မြတ်က သူ့အပေါ် သား လေးမိဘတွေ မလိုလားမှန်း သိရတော့ သိပ်ခံစားရရှာတာ၊ သူ နောက်ဆုတ်ပေးဖို့အထိ သူစဉ်းစားရှာပါတယ်"





"ဟုတ်မှာ. . . သူ့ပုံစံက အေးအေးဆေးဆေးနဲ့ သဘော ကောင်းတဲ့ရုပ်ပဲ"

"ကျွန်မ ဆုံးဖြတ်ချက်တစ်ခု ချနိုင်ဖို့ အတော်စဉ်းစားခဲ့ တာ၊ ဒါပေမယ့် အချစ်ကိုတော့ နားမလည်သေးလို့ နန္ဒကို ချစ်တယ် လို့ ကျွန်မ အဖြေမပေးချင်သေးဘူး၊ အဲ. . . ဒါပေမယ့် အားလုံးက သိထားစေချင်တာက နန္ဒနဲ့ကျွန်မဟာ ချစ်သူတွေအဖြစ်ကိုပါပဲ"

"ကိုယ် သဘောပေါက်ပါတယ်၊ ကိုယ်ဟာ မင်းရဲ့ ဟန် ဆောင်ချစ်သူပေါ့၊ ဟုတ်လား ရွှေရည်"

"ဒါကို ကျွန်မ တော်တော်စဉ်းစားရသေးတယ်၊ ကျွန်မနဲ့ သားလေးကိစ္စကို လူကြီးတွေက ဇွတ်စီစဉ်ပါပြီတဲ့၊ သားလေးက သူ့မှာ ချစ်သူရှိတယ်. . မြတ်လို့ ပြတ်သားစွာ ပြောတဲ့အချိန်မှာ ကျွန်မကလဲ ကျွန်မမှာ နန္ဒဆိုတဲ့ချစ်သူ ရှိပါတယ်လို့ ပြောခဲ့ရင် လူကြီးတွေ ဘာတတ်နိုင်မလဲ"

"တတ်နိုင်ပါတယ်. . . ရွှေရည်တို့နှစ်ယောက်ကို ဇွတ် ပေးစားလိုက်မှာပေါ့"

"အဲဒီလောက်အထိတော့ တဇွတ်ထိုး လုပ်မှာ မဟုတ်ပါ ဘူး"

"လုပ်ခဲ့ရင်ကော"

"သားလေးနဲ့မြတ် လက်ထပ်လိုက်ကြပေါ့"

"ကိုယ်တို့နှစ်ယောက်ကကော"

"အဲဒီအချိန်မှာ နန္ဒကို ကျွန်မ လက်ထပ်ဖို့လောက်အထိ ချစ်ချင် ချစ်လာရင် လက်ထပ်လိုက်တာပေါ့"

"အခု ဟန်ဆောင်ချစ်သူအဖြစ်ကကော"



www.burmeseclassic.com

www.burmeseclassic.com



"နန္ဒကို ယုံကြည်လို့လေ၊ ပြီးတော့ နန္ဒဟာ ချစ်သူအဖြစ် အားကိုးနိုင်တဲ့ အရည်အချင်းလေးတွေ ရှိနေတယ်လဲ ထင်လို့"

"ဒါဖြင့် တကယ်ပဲ အားကိုးလိုက်ပါလား"

"ကျွန်မ နှလုံးသားကို ကျွန်မ ပြန်မေးကြည့်လိုက်ဦးမယ်"

"ဘယ်လိုမေးမှာလဲ"

"အားကိုးတာလား အချစ်လားလို့"

ရွှေရည်ရယ်. . . ကိုယ် သည်ထက်ပိုပြီး စကားမပြောနိုင်တော့ဘူး။ ကိုယ့်နှလုံးအိမ်မှာ မွန်းကျပ်နေပြီ။

ကိုယ် ရွှေရည့်ကို လက်လွှတ်ဆုံးရှုံးရမှာ ကြောက်တယ်။

ရွှေရည့်ကို ကိုယ့်ဘဝ တစ်သက်တာလုံးအတွက် မြတ်မြတ်နိုးနိုး ပိုင်ဆိုင်သွားချင်တာ။

"နန္ဒဟာ အခွင့်အရေးသမား မဟုတ်လို့ ကျွန်မက ယုံကြည်အားကိုးတာနော်"

"ကိုယ်နားလည်သွားပြီ"

"နန္ဒ ကျေနပ်ရဲ့လား"

"ရွှေရည့်အခက်အခဲကို ဖြေရှင်းပေးခွင့်ရတာကိုပဲ ကျေနပ်ရပါပြီ"

"ကျွန်မ စိတ်ကူးယဉ်များ 'သိပ်ဆန်နေပြီလားတော့ မသိဘူး နန္ဒရယ်၊ ကျွန်မလေ. . . ကျွန်မ ခံစားနေရတာတွေကို တစ်စုံတစ်ယောက်ကို မျှဝေပေးချင်တယ်၊ သက်သာရာ သက်သာကြောင်း ရင်ဖွင့်ရရင်ပဲ ကျေနပ်ပါတယ်၊ ခု ကျွန်မမှာ တိုင်ပင်ဖော် မရှိဘူး၊ မြတ်ကိုလဲ ကျွန်မသနားတယ်၊ ကျွန်မ ဘာလုပ်ရမှန်း မသိအောင်ပါပဲ"





"ရွှေရည် ကိုယ့်ကို ချစ်သူအနေနဲ့ ဟန်ဆောင်မတွဲလဲ သူငယ်ချင်းအနေနဲ့ ရွှေရည့်အခက်အခဲကို ကူညီဖြေရှင်းပေးချင်တဲ့ ဆန္ဒ ကိုယ့်မှာ ရှိပါတယ်၊ ဒါပေမယ့် ဘာကိုမှ အလောသုံးဆယ် မစီစဉ်နိုင်သေးပါဘူး၊ ဒီကြားထဲ ရွှေရည် စဉ်းစားပါဦး"

"ကျေးဇူးတင်ပါတယ် နန္ဒ၊ ရွှေရည် ပြန်တော့မယ်"

"ရွှေရည် ဘာနဲ့ လာတာလဲ၊ ဘာနဲ့ ပြန်မှာလဲ"

"တက္ကစီနဲ့ လာတာ၊ တက္ကစီပဲ ငှားပြန်လိုက်တော့မယ်"

"နိုး. . . နိုး. . . နန္ဒရဲ့ရွှေရည်ဟာ ချစ်သူတွေလေ၊ ရွှေရည့်ကို နန္ဒ လိုက်ပို့ပေးမယ်"

"အိမ်အထိ ပို့ရဲသလား"

"ပို့ရဲပါတယ်. . . ရွှေရည် ခွင့်ပြုရင်ပေါ့၊ ကိုယ့်ဘက်မှာ မလုံမလဲ ဖြစ်စရာ ဘာမှမရှိဘူး၊ ရွှေရည်ကို အနက်ရှိုင်းဆုံးသော၊ နူးညံ့ဆုံးသော၊ အသိမ်မွေ့ဆုံးသော၊ အင်းအားအကြီးမားဆုံးသော အရာတွေနဲ့ သစ္စာရှိစွာ ချစ်မြတ်နိုးသွားမယ့်နန္ဒဟာ ရွှေရည့်အသိုင်းအဝိုင်းရော ဝသုန်ကျော်တို့ အသိုင်းအဝိုင်းကိုပါ စိန်ခေါ်ရဲတယ်"

ကိုယ် အပြောကို ရွှေရည်က မျက်စောင်းလေးနဲ့ တုံ့ပြန်ပြီး

"ဒါဖြင့် အိမ်အထိ လိုက်ပို့"

"အိမ်ထဲကို ဝင်ထိုင်ဖို့ ရွှေရည် ဖိတ်ခေါ်ရင်လဲ ကိုယ်ထိုင်ရဲတယ်နော်"

"ဟင့်အင်း. . . ပထမအဆင့်အနေနဲ့ အိမ်ရှေ့မှာပဲ ရပ်ပေးလိုက်၊ ရွှေရည် ဆင်းပြီးပြီးချင်း ပြန်ထွက်သွားလိုက်၊ ဖေဖေ ရောက်နေပြီလေ၊ သမီး ဘယ်သူ့ကားနဲ့ ပြန်လာတာလဲ၊ ဘယ်ကကောင်လေးလဲ မေးလိမ့်မယ်၊ အဲဒီအခါ နန္ဒပါ၊ မြတ်နဲ့ ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သမီးနဲ့ပါ သူငယ်ချင်းဖြစ်နေတာ၊ ဘုရားပေါ်မှာ တွေ့လို့ လိုက်ပို့တာပါ ဘာညာနဲ့ ရှီးလိုက်မယ်"

"ကိုယ်လေ. . . ရွှေရည် ဘာပြောပြော လက်ခံတယ်၊ သဘောကျတယ်"

"ကောင်းတယ်"

"ညကိုးနာရီလောက် ကိုယ် ဖုန်းဆက်မယ်"

"ကောင်းသားပဲ"

"အဲဒီအခါ ရွှေရည် ကိုယ့်ကို ဘယ်လိုခေါ်မှာလဲ"

"အင်း. . . သစ်လွင်တဲ့ အခေါ်အဝေါ်တစ်ခု ခေါ်စေချင်တယ်ပေါ့"

"ချစ်သူချင်းလေ"

ကိုယ်က ရွှေရည်ကို ကျီစယ်တာသက်သက်ပါ။ ရွှေရည်ကလည်း နောက်တတ်တယ်။

"ဒီလိုဆို အသစ်လွင်ဆုံး ခေါ်လိုက်မယ်"

"ခေါ်လေ"

"နန္ဒ"

"ဗျား"

ကိုယ်တို့နှစ်ယောက် ရယ်သံလေးတွေဟာ ပတ်ဝန်းကျင်ကို လွင့်ပျံ့သွားတယ်။ ဘုရားဖူးတွေက ကိုယ်တို့ကို မှတ်ချက်ချမှာပါ။

"သိပ်လိုက်တဲ့အတွဲလေး" လို့။







## အခန်း [၂၃]

ကိုယ်က ရွှေရည်နဲ့ တွေ့ဆုံပြီး ရွှေရည် ဘာတွေပြောတယ်ဆိုတာကို မေမေ့ကို မပြောပြဘူး။

ဒါပေမယ့် ရွှေရည်ဟာ ကိုယ့်ကို စဉ်းစားနေတဲ့အကြောင်းကိုတော့ အသိပေးထားလိုက်တယ်။

"အချိန်တွေ ရှိပါသေးတယ်၊ ပညာစုံမှ ကြင်ရာစုံတာကောင်းတယ်"

လို့ မေမေကတော့ ဆုံးမတာပဲ။

ဒါပေမယ့် အချိန်နဲ့ဒီရေဟာ လူကို မစောင့်တတ်သလို



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတဲ့အရာဟာ တားဆီးလို့ရတဲ့အရာ မဟုတ်ဘူးလေ။ သူ ပေါက်ချင်တဲ့အချိန်မှာ ပေါက်ဖွားလာတာပဲ။ ကိုယ်လည်း မတတ်နိုင်ဘူး။ အချိန်တန် အရွယ်ရောက် လူလားတော့ မြောက်ပြီးပဲ။ အသက်ပဲ နှစ်ဆယ်ပြည့်ပြီ။

"မနက်ဖြန် ကျောင်းဖွင့်တော့မယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ကျောင်းစာလဲ ကြိုးစားဦးနော်၊ ဝိုင်အိုင်တီဘက်ချည်းပဲ ခြေဦးလှည့်မနေနဲ့"

"စိတ်ချပါ မေမေ၊ ကျောင်းစာလဲ ကြိုးစားမယ်၊ ဝိုင်အိုင်တီဘက်လဲ နေ့တိုင်းရောက်မယ်"

ကိုယ်က မညာတတ်ဘူးလေ။ အမှန်အတိုင်းပဲ ဖြေလိုက်တာ။ မေမေက မျက်စောင်းထိုးပြီး . . .

"စာမေးပွဲ ကျရင်လား . . မေမေနဲ့ အတွေ့ပဲ"

"မေမေ့သားလောကမှာ စာမေးပွဲ ကျတာ ရှိခဲ့လို့လား မေမေ"

"အရင်တုန်းက သားမှာ အချစ်မရှိသေးဘူးလေ၊ ကျောင်းစာသာ အဓိက၊ ကျောင်းစာသာ ပထမ ဖြစ်နေတာကို"

"မစိုးရိမ်ပါနဲ့ မေမေရယ်၊ ရွှေရည်ကလဲ ပညာလိုလားတဲ့ မိန်းကလေးတစ်ယောက်ပါ"

"မေမေ သိပါတယ်"

ထိုအချိန်မှာ တယ်လီဖုန်းမြည်သံ ထွက်လာလို့ ကိုယ် ကမန်းကတန်း ပြေးထိုင်တယ်။

ရွှေရည်နဲ့ နားလည်မှု ရှိပြီးကတည်းက ဖုန်းလာတိုင်း





ရွှေရည့်ထံမှ ဖုန်းလားလို့ မျှော်လင့်ချက်တွေနဲ့ ရင်ခုန်ရတာ ကိုယ့်အတွက် အလုပ်တစ်ခုပါ။

"ဟဲလို"

"ငါ ဝသုန်ကျော်ပဲ နန္ဒ"

ကိုယ့်နားထဲကို မာကျောကျောအသံတစ်ခု ဝင်ဆောင့်လိုက်တယ်။

"ဆို . . ဘာကိစ္စလဲ"

"မင်းနဲ့ရွှန်း ဖြစ်နေပြီလားလို့ ငါသိချင်တယ်"

"သိချင်ရင် ရွှေရည့်ကို မေးပေါ့ကွ"

ဝသုန်ကျော်ကို ချစ်ခင်နိုင်အောင် စိတ်ထား အတော်ကို မွေးမြူရလိမ့်မယ်ဆိုတာ ကိုယ့်ကိုယ်ကို သဘောပေါက်မိလိုက်ပြီ။

"ဟေ့ကောင် . . မင်း ယောကျ်ားမဟုတ်လား၊ ငါမေးတာက ရှင်းရှင်းလေး၊ မင်း ယောကျ်ားဆို ဖြေရဲရမှာပေါ့ကွ"

ရင့်သီးလိုက်တဲ့ ဝသုန်ကျော်ရယ်၊ နှုတ်ကြမ်းတော့ အမိတဲ့၊ ငါ အမေထိခိုက်မှာစိုးလို့ ဒေါသကို မျိုသိပ်ပြီး ဘာမှပြန်မပြောလိုက်ဘဲနဲ့ . . .

"ကောင်းပြီ . . ငါဖြေမယ်"

". . . . . . . . . . . ."

"ဟုတ်တယ်"

"ဘာကွ"

ဝသုန်ကျော်ရဲ့ထိတ်လန့်တကြားအော်သံဟာ ဖုန်းခွက်ကို တောင် ပေါက်ကွဲလွင့်ထွက်သွားတော့မလား ထင်ရလောက်တယ်။

"မင်းဘာသိချင်သေးလဲ ဝသုန်ကျော်"



www.burmeseclassic.com

www.burmeseclassic.com



"ဂျလောက်"

ဖုန်းခွက်ကို ဆောင့်ချလိုက်သံဟာလည်း ကိုယ့်နားစည်ကို ထစ်ချုန်းစေတယ်။

ကိုယ် တယ်လီဖုန်းကို ချလိုက်တဲ့တိုင်အောင် ဝသုန်ကျော်ရဲ့ နှလုံးသား ထစ်ချုန်းသံကြီးဟာ ပျောက်ပျက်မသွားဘူး။

ချက်ချင်းပဲ ကိုယ် ဖုန်းကောက်လှည့်လိုက်တယ်။

"ဟဲလို"

ရွှေရည်မဟုတ်ဘူး။ မိန်းမသံ ခပ်ကြီးကြီး။ ရွှေရည့်အမေ ဖြစ်နိုင်တယ်။

"ရွှန်းလဲ့ရွှေရည်နဲ့ တွေ့ချင်လို့ပါ"

"ဘယ်သူဆက်တယ်လို့ အန်တီပြောပေးရမလဲ"

မြန်မာမိဘတွေရဲ့ မေးပိုင်ခွင့်တစ်ရပ်အနေနဲ့ ကိုယ် နားလည်ပါတယ်။

"နန္ဒ ဆက်တယ်လို့ ပြောပေးပါခင်ဗျာ"

ကိုယ့်အနေနဲ့ကတော့ အင်မတန် ဆက်ဆံရေး နူးညံ့သိမ်မွေ့ယဉ်ကျေးတဲ့ မိဘနှစ်ပါးရဲ့သွန်သင်ဆုံးမမှုနဲ့ ကြီးပြင်းလာရတော့ လူတကာကို ယဉ်ယဉ်ကျေးကျေးပဲ ဆက်ဆံတတ်ပါတယ်။

"အေး. . . ခဏကိုင်ထား"

ရွှေရည့်မိခင်ရဲ့အသံက မာကျောသွားတယ်။ နန္ဒဆိုတဲ့ ကောင်လေးကို သူ့သမီးနဲ့ မသက်ဆိုင်ဖြစ်ပြီး အလိုမကျစိတ် ဝင်နေပေလိမ့်မယ်။ ဒါကိုလည်း ကိုယ် နားလည်ခွင့်လွှတ်နိုင်ပါတယ် ရွှေရည်။

"နန္ဒ"





"ရွှေရည်. . . ကိုယ်ပြောစရာရှိတယ်၊ ရွှေရည့်နားမှာ ရွှေရည့်အမေ ရှိနေတယ် မဟုတ်လား"

"အင်း"

"ဒီလိုဆို ကိုယ်ပဲ ပြောမယ်၊ စောစောက ဝသုန်ကျော် ကိုယ့်ကို ဖုန်းဆက်တယ်"

"ဟုတ်လား. . . ဘာတဲ့လဲ"

"မင်းနဲ့ရွှန်း ဖြစ်နေကြပြီလားလို့ မေးတယ်"

"ဒီတော့ ဘာပြောလိုက်သလဲ"

"ကိုယ်က ရုတ်တရက်တော့ ဘာဖြေရမှန်း မသိဘူး၊ နောက်တော့ ရွှေရည်ပြောတာ သတိရပြီး ဟုတ်တယ်လို့ ဖြေလိုက်တယ်"

"အင်း. . . ကောင်းတယ်"

ရွှေရည့်အသံက အေးစက်နေတယ်လို့ ထင်တယ်။ ဒါလည်း ဖြစ်သင့်ပါတယ်လေ။ မင်းအနားမှာ စောင့်ပြီး အကဲခတ်သူ ရှိနေတော့ မင်းပြောချင်တာတွေကို လွတ်လွတ်လပ်လပ် ဘယ်ပြောခွင့်ရှိမှာလဲ။

"ကိုယ် မမှားပါဘူးနော်"

"အင်း. . . မနက်ဖြန် ကျောင်းတက်မှာလား"

"တက်မှာပေါ့. . . ရွှေရည့်ကို လာကြိုပေးရဦးမလား"

"ရပါတယ်. . . မကြီးနဲ့ အိမ်က ကားအားတယ်"

"ဒါဖြင့် လာတွေ့မယ်"

"အင်း. . . ဒါပဲနော်"

"အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချသွားပြီးတဲ့အခါမှာ ကိုယ့်ရင်ထဲ ငြိမ်းချမ်းမှုတစ်ရ တော့ ရလိုက်ပါတယ်။ ရွှေရည်နဲ့ကိုယ် ချစ်သူဖြစ်တယ်ဆိုတာ ဝသု ကျော် သိသွားပြီ။

သည်အခါမှ သူ့ရဲ့အဖြတ္တဟာ ဘယ်လိုပွင့်ထွက်လာမယ် ဆိုတာ ကိုယ်စောင့်ကြည့်ချင်တယ်။





www.burmeseclassic.com








## အခန်း [၂၄]

မိုးဥတု၏ရနံ့ကို ရရှိစပြုလာသဖြင့် ပိတောက်တို့ ပွင့်အာစ ပြုလေပြီ။

မြတ်ပန်းပွင့်ဖြူ နှစ်သက်သော ပိတောက်တို့သည် ယနေ့လား. . မနက်ဖြန်လား။ တစ်နေ့နေ့တော့ ဖြစ်မည်။ မိုးရေစက်တို့ကို သောက်သုံးခွင့်ရကာ ပွင့်လန်းလာလိမ့်မည်။

ထိုအခါ မြတ်တို့ခြံထဲမှာ ရှိသော ပိတောက်ပင်တို့သည် ပင်လုံးကျွတ်မျှ ဝေဆာဖူးပွင့်ပေတော့မည်။

တစ်နှစ်မှာ တစ်ခါသာ ပွင့်သော ပိတောက်ကို မြတ်နိုး တတ်သကဲ့သို့ တစ်သက်မှာ တစ်ယောက်တည်းကိုသာ ချစ်တတ်



www.burmeseclassic.com

www.burmeseclassic.com



သော သူ့အနေဖြင့် ဝသုန်ကျော်ကို သည်းခံနားလည်စွာ ဆက်ဆံခဲ့သည်ဖြစ်ရာ ချစ်သက်တမ်း ငါးနှစ်မြောက်သွားခဲ့လေပြီ။

သူ၏မိဘများလည်း မကြာခင် ရက်ပိုင်းအတွင်း အမိမြန်မာပြည်ကို အပြီးပြန်ရောက်လာပေတော့မည်။

မိဘများ ပြန်လာလျှင် မောင့်အကြောင်း ဖွင့်ပြောကာ မောင် ကျောင်းပြီးတာနှင့် လက်ထပ်ထားလိုက်မည်ဟု။

မောင်ကကော လက်ခံနိုင်ပါ့မလားဟု သူတွေးကြည့်သည်နှင့် ရင်ထဲ၌ နာကျင်လာသည်။

အံ့ဩစရာကောင်းသည်က မောင်နှုတ်ခွန်းသည် ယခင်ကဲ့သို့ စကားမပြောတော့ဘဲ နှစ်ဖက်မိဘများရှေ့၌သာ လက်ရမ်းလက်ဆ မလွှဲသာ မရှောင်သာ သဘောမျိုး ပြောခြင်းမှအပ မျက်ကွယ်၌ မခေါ်ခြင်းဖြစ်သည်။

မြတ်ပန်းပွင့်ဖြူ သည်အတွက် ဝမ်းသာရမည်လား၊ ဝမ်းနည်းရမည်လား မသိခဲ့။

"မြတ်ရေ. . . မောင်ဝသုန် ရောက်နေတယ်"

"အိုး. . . ကားလဲ မတွေ့လိုက်ပါလား"

သူ ပြတင်းပေါက်နားမှ ခွာကာ မှန်တင်ခုံရှေ့ ရပ်လိုက်သည်။ မောင် မြတ်နိုးသော ဆံပင်ရှည်ကြီးကို ဘီးဖြင့် တစ်ချက်နှစ်ချက် သပ်လိုက်သေးသည်။ မျက်နှာကတော့ စောစောကမှ သနပ်ခါးရေကျဲလေး ပွတ်ထားသဖြင့် ပြုပြင်စရာ မလို။ အောက်ထပ်သို့ ခပ်သွက်သွက်ကလေး ဆင်းလိုက်သည်။

"မောင် စောင့်နေရတာ ကြာပြီလား"

"ခုပဲရောက်တာပါ"





ဝသုန်ကျော်က အေးဆေးစွာဖြင့် ထရပ်လိုက်သည်။ မြတ်ပန်းပွင့်ဖြူ၏ အေးဆေး၍ ကျက်သရေရှိသောအလှကို သူ အကဲခတ်လိုက်သည်။

"မြတ် ဘာလုပ်နေတာလဲ"

"မြတ် ပိတောက်ပင်ကြီးကို ငေးကြည့်နေတာ၊ မိုးရွာရင် ပွင့်တော့မှာ မောင်ရဲ့"

"မြတ်က ပိတောက်ကြိုက်တယ်လား"

"သိပ်ကြိုက်တာပဲ"

"ဒီလိုဆိုရင်. . လာ. . မောင် ပိတောက်တွေ ခူးခဲ့တယ်၊ မောင် မြတ်ကိုလဲ ပန်ပေးမယ်၊ ဘုရားမှာလဲ သွားလှူရအောင်"

မြတ်ပန်းပွင့်ဖြူရင်ထဲ လှိုက်ခနဲ ဝမ်းသာသွားသည်။ ချစ်သူ၏အရေးတယူ ရှိမှုကို မလိုလားသောမိန်းမ ရှိနိုင်ပါ့မလား။

"မြတ် အကျႌ"

"မလဲပါနဲ့. . . လှပြီးသားပဲ၊ မောင်တို့ သွားမယ့်ဘုရားက ကျိုက်ခေါက်ပဲ"

"မောင့်သဘောလေ"

ချစ်သူပြုံးပြုံးမှာကို အင်မတန် ကြောက်သော မြတ်ပန်းပွင့်ဖြူက မိန်းမဝတ် စပို့ရှပ် ခရမ်းပြာလေးနှင့် အင်ဒိုနီးရှားပါတိတ် ခရမ်းပြာလေးကို ဝတ်ဆင်လျက်သားနှင့်ပင် ဒေါ်စိမ်းကို. . .

"မောင်နဲ့ ဘုရားလိုက်သွားဦးမယ် ကြီးစိမ်း"

"ဪ. . . ကြီးစိမ်း. . . ခဏ"

ဝသုန်ကျော်က ကားထဲမှ ပိတောက်တစ်မွှေ့ကို ယူကာ ဒေါ်စိမ်းလက်ထဲသို့ ထည့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က ရန်ကုန်မှာ မိုးမရွာဘဲနဲ့ ဘယ်က ပိတောက်တွေ ရလာတာလဲ မောင်ဝသုန်"

"မှော်ဘီက"

"ဟုတ်တယ်. . . ကျွန်တော် ညက မှော်ဘီမှာ အိပ်တယ် အဲဒီမှာ မိုးဖွဲဖွဲရွာပြီး ပိတောက်တွေ ပွင့်တာနဲ့ မြတ်ကို သတိရပြီး လာပို့တာ"

မြတ်ပန်းပွင့်ဖြူရင်ထဲ ကျေးဇူးတင်သွားသည်နှင့်အမျှ အသည်းထဲ၌ တုန်နေအောင်ချစ်သော ချစ်သူအပေါ် တိုး၍ပင် ချစ်သွားပြန်သည်။

"ကျေးဇူးပဲ မောင်ဝသုန်"

"သွားမယ်နော်"

"ဒီမှာပဲ မနက်စာ ပြန်စားကြနော်"

"မလုပ်နဲ့ ကြီးစိမ်း၊ ညနေစာမှ စားမယ်၊ ကျွန်တော် မြတ်ကို တစ်နေ့လုံး ခေါ်သွားမှာ"

"အို"

မြတ်ပန်းပွင့်ဖြူ ရင်ခုန်သံစဉ်ရိုင်း မြန်ဆန်သွားသည်။ မောင်သည် သူ့အား ယခုလို အချိန်ကြာကြာ ခေါ်သွားခြင်းမျိုး မရှိခဲ့ဖူးပါ။

ဝသုန်ကျော်က ပန်းနုရောင်ပြေးသွားသော မြတ်ပန်းပွင့်ဖြူ၏ပါးပြင်လေးကို တစ်ချက်ကြည့်ပြီး ကားကို မောင်းထွက်ခဲ့လိုက်သည်။ မြတ်ပန်းပွင့်ဖြူနှင့် သူ၏ချစ်သက်တမ်း ငါးနှစ်ပြည့်တော့မည်။ မြတ်ပန်းပွင့်ဖြူထံမှ သူ ဖုန်းမဆက်ခြင်းကိစ္စနှင့် ပတ်သက်ပြီး စိတ်ကောက်ခဲ့သည်မှအပ နောက်ပိုင်း သူ့စိတ်ကို အနှောင့်အယှက်





ဖြစ်စေမည့်ကိစ္စမျိုး လုံးဝမပြုမူ မပြောဆိုတော့ပေ။

"မောင်"

"ဘာလဲ မြတ်"

"မောင် မှော်ဘီကို ဘာသွားလုပ်တာလဲဟင်"

"မောင့်သူငယ်ချင်းဆီ သွားလည်တာ"

"ဘယ်သူလဲ. . . ဖိုးမောင်လား"

"ဟုတ်တယ်"

မြတ်ပန်းပွင့်ဖြူ ထို့ထက်ပို၍ မမေးတော့ပေ။ ချစ်သူ မကြိုက်မှာစိုး၍လည်း ဖြစ်သည်။

"မြတ်ကို မောင် ပန်းပန်ပေးချင်တယ်. . . ဖြစ်မလား"

"ခဏနေဦး မောင်. . . မြို့လယ်ကောင်ကြီးမှာ"

"ဟင့်အင်း. . . မောင်က အခုပဲ ပန်းပန်ပေးချင်တာ"

တဇွတ်ထိုးနိုင်သော ဝသုန်ကျော်၏စိတ်ကို မြတ်ပန်းပွင့်ဖြူ နားလည်သဖြင့်. . .

"မောင့်သဘောလေ"

ချစ်သူအလိုဟူသမျှ လိုက်လျောချင်သည်မှာ ချစ်သူတိုင်း၏သဘာဝတရားတစ်ခု ဖြစ်ပေလိမ့်မည်။

ဝသုန်ကျော်က ကားကို လမ်းဘေး၌ ကပ်ရပ်လိုက်သည်။ စည်ပင်သာယာက ချက်ချင်းပင် အခွန်လာကောက်ခံ၏။ သူက အကျႌအိတ်ကပ်ထဲမှ ဆယ်တန်တစ်ရွက် ထုတ်ပေးကာ. . .

"ဖြတ်မနေနဲ့. . . ခုပဲ ထွက်မှာ"

ဟု ပြောပြီး မြတ်ပန်းပွင့်ဖြူအတွက် ရွေးချယ်ထားသော အလှဆုံး အခက်လေးကို သူမ၏ခေါင်း၌ ထိုးပန်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ထိုပိတောက်ခက်အား နမ်းရှိုက်ပြီး. . .

"မြတ်ကို မောင်ချစ်တယ်"

စကားအဆုံး၌ ကားကို ပြန်မောင်းထွက်လိုက်သည်။

စည်ပင်သာယာရေးဝန်ထမ်းက စပ်ဖြဲဖြဲနှင့် ကျန်ခဲ့သည်။

မြတ်ပန်းပွင့်ဖြူ မျက်နှာက စတော်ဘယ်ရီရောင် ပြေးလျှက် လိုက်ပါလာသည်။

အမှန်တော့ ရှက်ရတာချင်း အတူတူ မောင်သည် ပန်းကို မနမ်းဘဲ ပါးကို နမ်းတာကမှ ရှက်ရကျိုးနပ်မည်ထင်ပါသည်။ ယခုတော့ မြတ်နိုးသော ပိတောက်ကိုပင် မနာလိုချင် ဖြစ်ရသည်။

"မြတ်"

"မောင်"

"ကျိုက်ခေါက်ဘုရားဖူးပြီးရင် မောင်တို့ သူငယ်ချင်းအိမ် သွားမယ်"

မြတ်ပန်းပွင့်ဖြူ ရင်ခုန်သွားသည်။ မောင်သည် အခွင့်အရေးသမား မဟုတ်ပါ။

"သက်ကိုလေ. . . မြတ် သိတယ်မဟုတ်လား"

"သိပါတယ် မောင်ရဲ့"

"အင်း. . . သူတို့အိမ်မှာ မောင်တို့ မနက်စာ စားမယ်၊ သူတို့အိမ်နားက တစ်ထပ်တိုက်ပုလေးတစ်လုံး ငှားမယ်တဲ့"

မြတ်ပန်းပွင့်ဖြူ တအံ့တဩဖြစ်သွားသည်။ မောင် ဘာတွေလျှောက်လုပ်နေတာလဲဟု သူမေးလိုက်ချင်သည်။

"နှစ်ချုပ်နဲ့တဲ့. . . အဲဒါ မောင်ငှားထားမလို့"

"ဘာဖြစ်လို့လဲ"





"လိုအပ်လာရင် မောင်နဲ့မြတ် နေဖို့ပေါ့"

"အို. . ."

"ဟုတ်တယ်. . . မပြောနိုင်ဘူးလေ မြတ်၊ မောင်တို့ နောက်ဆုံးနှစ် ရောက်လာပြီ၊ အိမ်ထောင်ရေးအတွက် လူကြီးတွေက စီစဉ်လာနိုင်တယ်၊ အဲဒီအခါမှာ မောင်ဟာ မြတ်အတွက် အဆင်သင့် ပြင်ဆင်ထားသင့်တယ် ထင်လို့ပေါ့"

"မောင်ရယ်"

မြတ်ပန်းပွင့်ဖြူရင်ထဲ နင့်ခနဲ လှိုက်လှဲဝမ်းသာ ပီတိဖြာသွားရသည်။ မောင့်အပေါ်၌ တိတ်တခိုး သံသယ ထားရှိခဲ့ခြင်းအတွက်လည်း စိတ်မကောင်းဖြစ်သွားရသည်။

"မောင် မြတ်ကို သိပ်ချစ်သလားဟင်"

"ဟာ. . . ရှုံးလိုက်တာ မြတ်ရယ်၊ ချစ်လို့ ချစ်သူဖြစ်ခဲ့ကြပြီပဲ"

"လက်ထပ်မှာကလဲ ချစ်လို့ပေါ့နော်"

"မြတ်ရယ်. . . မေးစရာမလိုတဲ့ မေးခွန်းတွေကို နောက် မောင်နဲ့မြတ်ကြားမှာ မမေးမိပါစေနဲ့ကွာ"

မြတ်ပန်းပွင့်ဖြူကို ဝသုန်ကျော် သနားသည်။ မြတ်သည် သူ၏အငြိုးအငြင်ကို လုံးဝမခံ။ သူ၏အကြိုက် လိုက်လျောကာ ပြဿနာ မဖြစ်ရေးကို ကြိုးပမ်းခဲ့ရှာသည်။

"မောင့်ကို မြတ် ပြောရဦးမယ်"

"ပြောလေ မြတ်"

"ညက ဖေဖေတို့ဆီက ဖုန်းလာတယ်"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ရှေ့အပတ်ထဲ ပြန်ရောက်မယ်တဲ့"

"အလည်လား"

"အပြီးပြန်လာမှာ"

"ကောင်းတာပေါ့"

"ကောင်းတယ် မလုပ်နဲ့ မောင်၊ လေယာဉ်ကွင်းကို မောင် မြတ်နဲ့အတူ လိုက်ကြိုရမှာ"

"အဲဒါမှ ပြဿနာပဲ မြတ်"

"ဘာဖြစ်လို့လဲ မောင်"

"မနက်ဖြန် မောင် ရွှေတောင်ကို ပြန်ရမှာ"

"ဟင်"

မြတ်ပန်းပွင့်ဖြူ အားလျော့သွားသည်။ သူကတော့ မေမေ့အား မောင့်အကြောင်း ပြောပြီးသားဖြစ်သည်။ ဖေဖေတို့ဘက်ကတော့ သူသဘောကျ ပြီးတာပဲဟု သဘောထားကြသည်။

မြတ်ပန်းပွင့်ဖြူ မျက်နှာညှိုးရော်သွားခြင်းအတွက် ဝသုန်ကျော် စိတ်မကောင်းဖြစ်သွားသည်။

အမှန်တော့ မြတ်ပန်းပွင့်ဖြူဆန္ဒကို သူ လိုက်လျောချင်သည်။

ယခုကိစ္စက လေးလေးနှင့် အန်တီငယ်တို့က ရှားရှားပါးပါး သမီးရတနာ ရပြီး နားသ,မင်္ဂလာ ပြုလုပ်ချင်သည်။ သူ့ကိုပင် ပဥ္စင်းထပ်တက်ခိုင်းချင်သည်။ သူ လက်မခံခဲ့။ ကျောင်းကလည်း နောက်ဆုံးနှစ် ရောက်နေပြီဖြစ်ရာ နှစ်ဖက်မိဘတွေ၏ တိုးတိုးတိတ်တိတ် ကြိတ်လှုပ်ရှားနေမှုကို သူ မသက်သာချင်။

"အလှူရက် တစ်ရက်နှစ်ရက်ပါပဲ၊ အဲဒီရက်နဲ့ မြတ်မိဘ-





တွေ လာတာနဲ့ တိုက်ဆိုင်ခဲ့ရင်တော့လဲ မောင့်ကို ခွင့်လွှတ်ပါ၊ မတိုက်ခဲ့ရင် မောင် ချက်ချင်းပြန်လာပြီး လိုက်ကြိုပေးမယ်"

"ကျေးဇူးတင်ပါတယ် မောင်"

"ချစ်သူချင်း ပြောရမယ့်စကားလားကွာ. . မြတ်ကလည်း၊ သူစိမ်းသိပ်ဆန်တယ်"

"မြတ် မေ့သွားလို့ပါ မောင်"

အမှန်တော့ မောင့်ထံမှ ထိုစကားမျိုး ကြားရခြင်းအတွက် ကျေးဇူးတင်ရသည်မှာ အမှန်ပင်။ တကယ်တော့ သူသည် မောင်နှင့်ပတ်သက်၍ အဆုံးစွန်အထိ တွက်ထားပြီးသား ဖြစ်သည်။

"ဖြစ်နိုင်ရင် မောင်က မြတ်ကို တစ်ခါတည်း ခေါ်သွားချင်တာ"

မြတ်ပန်းပွင့်ဖြူရင်ထဲ ကြည်နူးသွားသည်။ တကယ်ဆို မြတ်အနေဖြင့် မောင့်ကို စိတ်မချတော့။ လက်ထပ်ထားချင်ပြီ။ ထိုစကားကို သူ စပြောလိုက်လျှင် မောင် အထင်သေးသွားနိုင်သည်။ မောင့်ဂုဏ်သိက္ခာအပေါ် စော်ကားရာ ရောက်သွားမှာကိုလည်း စိုးရိမ်ပြန်သည်။ ထို့ကြောင့် မောင့်ထံမှ ပြောလာမည့် လက်ထပ်စကားကို မြတ် စောင့်မျှော်နေခဲ့ခြင်းဖြစ်သည်။

"မောင်ခေါ်ရင် လိုက်နိုင်ဖို့ မြတ်ဘက်က အမြဲအသင့်ရှိနေမှာပါ မောင်"

"တစ်ခုတော့ မောင် စိတ်မကောင်းဘူး မြတ်ရယ်"

"ဘာကိုလဲ မောင်"

"မြတ်နဲ့မောင် လက်ထပ်မယ့်နေရာမှာ မောင့်ဘက်က လိုလားမှု မရှိတဲ့အတွက် မိသားဖသားပီပီ မြတ်ကို မောင် တောင်း



www.burmeseclassic.com

www.burmeseclassic.com



ရမ်းလက်ထပ်နိုင်မှာ မဟုတ်ဘူး၊ ဒီတော့ မြတ်ဘက်ကလဲ တင်းမာနိုင်တယ်၊ ဒါကြောင့် မောင် မြတ်ကို ခိုးပြီး တရားရုံးတစ်ခုမှာ လက်ထပ်ခြင်းကလွဲပြီး ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာလက်ထပ်ပွဲ လုပ်ပေးနိုင်မှာ မဟုတ်ဘူး. . . ဒီအတွက်ပါ”

“မောင်က မြတ်ကို သက်သက်မဲ့ အထင်သေးတာပဲ၊ မြတ်လိုချင်တာ ခမ်းနားတဲ့လက်ထပ်ပွဲ မဟုတ်ဘူး မောင်၊ အချစ်နဲ့ တည်ဆောက်တဲ့ အိမ်ထောင်ရေးပါ”

“မြတ်လိုချင်တာ ဖြစ်စေရမှာပါ”

“မြတ် မောင့်ကို သိပ်ချစ်ပါတယ်၊ မောင်ကလဲ မြတ် ချစ်သလို ပြန်ချစ်ရင် ကျေနပ်ပါပြီ၊ အဲဒါ မြတ်ဘဝရဲ့ပြည့်စုံခြင်းပါ မောင်”

မြတ်ပန်းပွင့်ဖြူ မောင့်ပခုံးထက်သို့ ခေါင်းတင် မှီနွဲ့လိုက်သည်။

ကားထဲ၌ မောင်ဖူးဆွတ်လာသော ပိတောက်ရနံ့တို့သည် သင်းထုံကြိုင်လှိုင်လျက်ရှိသည်။

ဝသုန်ကျော်အနေဖြင့် မြတ်ပန်းပွင့်ဖြူကို လက်ထပ်ရန် ဆုံးဖြတ်ချက် ချထားပြီးသားဖြစ်သည်။

ထိုဆုံးဖြတ်ချက်အတွက် သူကျေနပ်သည်။ သို့သော် လိုက်လှဲသော ပျော်ရွှင်မှုတစ်ရပ် သူ့မှာ မရရှိသည်မှာတော့ သေချာသည်။ သူ့ကိုယ်သူ အသိဆုံးဖြစ်သည်။ သို့သော်. . .







## အခန်း (၂၅)

“သမီး”

“ရှင်”

“ဒါက ဘယ်လဲ၊ ညနေပဲ ရွှေတောင်သွားမယ့်ဟာ”

“ဘွားဘွားတို့ မှာတာတွေ သတိရလို့ သွားဝယ်မလို့ မေမေ”

“မေမေလဲ လိုက်မယ်”

ရွှန်းလဲ့ရွှေရည် စိတ်ညစ်သွားသည်။ မေမေ ပါလာမှတော့ နန္ဒနှင့် ဘယ်လိုလုပ် တွေ့ရမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ရင်လဲ မြန်မြန်လုပ် မေမေရာ"

မီးဖိုချောင်က ထွက်လာသော မေမေ့အတွက် ဟင်းအိုးကိစ္စ ပြီးချင်မှပြီးမည်။ ဖေဖေကလည်း ရှိနေသည်ဆိုတော့။

"မလိုက်တော့ပါဘူး. . . ဟင်းအိုးက တန်းလန်းနဲ့၊ သစ်ခွထုံးခြောက်ရောင် ရရင် ဝယ်ခဲ့လိုက် သမီး"

"အပင်လိုက်လား"

"အေးလေ. . . အပင်လိုက်ပဲ ဝယ်ခဲ့ပေါ့၊ အလျှုက ခြောက်ရက်လောက် လိုသေးတာပဲ၊ ပြီးရင် ဘွားဘွား သစ်ခွရုံအတွက် အပင်ရသွားတာပေါ့"

"ဒါဖြင့် ရွှန်း သွားမယ်. . . ဘာမှာဦးမလဲ"

"မမှာတော့ဘူး. . . မြန်မြန်ပြန်လာခဲ့"

"ဟုတ်"

ရွှန်းလဲ့ရွှေရည် ကားပေါ် ရောက်မှ သက်ပြင်းချနိုင်တော့သည်။

လမ်းထိပ်မှာ နန္ဒ ကားစောင့်နေမည်။ သူ့ကား ထွက်လာလျှင် နန္ဒ မယောင်မလည်နှင့် နောက်ယောင်ခံလိုက်မည်။ စားသောက်ဆိုင်တစ်ခုသို့ သွားကာ စားသောက်ရင်း စကားပြောကြမည်။

ရွှန်းလဲ့ရွှေရည် ကားထွက်လာသည်ကို သူ လှမ်းမြင်လိုက်ရတော့မှ ရင်အေးသွားသည်။ သူ့အနေဖြင့် သူမနှင့် ပတ်သက်လေတိုင်း စိတ်မောရပေါင်း များလေပြီ။

ရွှန်းလဲ့ရွှေရည် ကားရှင်းနေသဖြင့် နန္ဒကားဘေး ယှဉ်ရပ်ကာ. . .





"ဗိုလ်ချုပ်ဈေး ခဏသွားမယ်၊ ပြီးရင် ကန်တော်ကြီး သွားပြီး စကားပြောကြမယ်၊ အဲဒီအစီအစဉ်ကြိုက်ရဲ့လား"

"အိုကေ"

"အိုကေ" ကလွဲပြီး နန္ဒကျော်ခေါင်၌ ငြင်းဆန်နိုင်သောအင်အားမှ မရှိဘဲ။ အချစ်ရေးအချစ်ရာ၌ ချစ်တတ်သူ အစွဲအလမ်းကြီးသူတို့သည် နစ်နာရစမြဲ ဖြစ်သည်။ နန္ဒကျော်ခေါင်အနေဖြင့် ရွှန်းလဲ့ရွှေရည်အပေါ် အချစ်ကြီးချစ်မိ၍ သူမအလိုဆန္ဒ ဟူသမျှကို ငြင်းမဆန် လိုက်လျောခဲ့စမြဲ ဖြစ်သည်။

လေးနှစ်ကျော်တိုင်အောင် အမြဲ တတွဲတွဲ ရှိခဲ့သော်လည်း သူမထံမှ ယနေ့ထက်တိုင် သူ့အား ချစ်သည်ဟူသောအဖြေကို မရခဲ့သေးပါ။

သို့သော် သူမ၏အပြုအမူကလေးများသည် သူ့အပေါ် တစ်နေ့တစ်ခြား တိုးတက်သော ရင်းနှီးမှုကို ပေးခဲ့သည်။

သူနှင့် တရားဝင်ချစ်သူအဖြစ် ကြေညာကာ တွဲနေသည့်တိုင်အောင် ရွှန်းလဲ့ရွှေရည်၏အလှ၌ ယစ်မူးသူတွေ ရှိနေဆဲ။ အဆိုးဆုံးက ဘီအက်စ်ဘွဲ့နှင့် ကျောင်းပြီးသွားပြီး ကိုယ်ပိုင်ကုမ္ပဏီတစ်ခုထောင်ကာ ကြီးပွားနေသော ဇော်မောင်က အဆိုးဆုံးပင်။

ထိုကိစ္စနှင့် ပတ်သက်၍ ရွှန်းလဲ့ရွှေရည်ကို သူမေးစရာစကားတွေ ရှိနေသည်။

ဈေးရောက်သောအခါ ရွှန်းလဲ့ရွှေရည် ကားနောက်နား၌ သူ့ကား ရပ်ထားလိုက်သည်။

"လာ. . . နန္ဒ၊ ဆေးဆိုင် အရင်သွားမယ်၊ ပြီးရင် ပန်းဝယ် ပြီးရင် ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ခြေလှမ်းသွက်သွက်လှမ်းသည်။ သူကလည်း သူမနှင့်အတူ လိုက်လှမ်းသည်။

"ထွက်လာခါနီးမှ မေမေက လိုက်ဦးမယ် လုပ်လို့ စိတ်ညစ်သွားတာ"

"ဘုရားမ,တာပဲ"

"မဟုတ်ဘူး. . . ဟင်းအိုးမ,တာ၊ ဟင်းအိုးတန်းလန်းနဲ့လေ၊ ဖေဖေကလဲ တစ်ခါတစ်ရံမှ ရန်ကုန်တက်လာတာဆိုတော့ မေမေ့လက်ရာမှ"

"အဲဒါ သက်သက် အဘွားကြီးကို ညာခိုင်းနေတာ၊ ကိုယ့်အလှည့်ကျရင်တော့ ရွှေရည့်ကို မီးဖိုထဲ ဝင်မခိုင်းရက်ပါဘူး"

"ကွက်ရှင်မအောက်နဲ့လေ. . . ဘယ်သူက လက်ထပ်မယ် ပြောသေးလို့လဲ"

"အငိုက်ဖမ်းကြည့်တာပေါ့"

ရွှန်းလဲ့ရွှေရည် မျက်စောင်းလှလှလေးတစ်ချက် သူ့ရင်သို့ ထိမှန်လာသည်။ ဆေးဝယ်ပြီးလျှင် သစ်ခွပန်းပင်နှင့် ပန်းများ ဝယ်သည်။

"ဘာအတွက်လဲ"

"အဲဒီအတွက် နန္ဒနဲ့ ပြောစရာရှိနေတာ"

"ဩော်. . . ပေး၊ ပန်းပင်တော့ ကိုယ်သယ်ပေးမယ်၊ နုနုရွရွပန်းကိုတော့ ရွှေရည်ပဲ သယ်တော့၊ ရွှေရည် ပန်ဖို့တော့ မဟုတ်ပါဘူး"

"ဆံပင်လဲ ကြည့်ဦး"

"ဘယ်တော့ အရှည်ထားမှာလဲ"





"ဝါသနာမပါဘူး. . . မကြိုက်ရင် စဉ်းစားနော်၊ အချိန်တွေ အများကြီး ရှိသေးတယ်"

"ဝါသနာ မပါဘူး"

ကားပေါ် ရောက်သည်နှင့် ရွှေဆင့်နောက်ဆင့် ထွက်ခဲ့ကြသည်။

ကန်တော်ကြီးဟိုတယ်ထဲ ဝင်ခဲ့ကာ ရေစပ်နား စားပွဲခုံဆိုင်ကာ နေ့လယ်စာ ထမင်းအတွက် မှာလိုက်သည်။

"ဖေဖေက ထမင်းစားအမီ ပြန်ခဲ့တဲ့. . . မှာလိုက်သေးတယ်"

"မိဘစကား တော်တော်နားထောင်တယ်ပေါ့"

"အင်း. . . သမီးအလိမ္မာလေးလေ"

"ရွှေရည်ကို မေးစရာရှိနေတယ်၊ ဒါပေမယ့် ရွှေရည် ပြောစရာရှိတာ အရင်ပြော"

ရွှန်းလဲ့ရွှေရည် နန္ဒ၏ချောမောလှပ၍ ယောကျ်ားပီသ ခံ့ညားသောရုပ်သွင်ကို ငေးကြည့်လိုက်သည်။

နန္ဒက သားလေးထက် ပို၍ချောသည်။ သားလေးက ချောသည် မဟုတ်။ အသားညိုဘက်သို့ သမ်းကာ မေးရိုးလေးနှင့် ခံ့ညားရုံသာ ရှိသည်။

"ပြောလေ ရွှေရည်"

"ဘယ်က စပြောရမလဲလို့ စဉ်းစားနေတာ"

"ပန်းဝယ်ရတဲ့အကြောင်းက စမယ်"

"ဩော်. . . ဟုတ်တယ်၊ ရွှေတောင်မှာ ရှင်ပြု ပွဲခင်းနားသမက်လာ ရှိတယ်၊ ထုံးစံအတိုင်း နှစ်အိမ်ပေါင်းပေါ့၊ ကျွန်မတို့



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုသုံးဦးက ပေါက်ဖွားလာတဲ့သားတွေ ကိုရင်ဝတ်မယ်၊ သမီးတွေက နားသ,မယ်၊ သားလေးတို့ အစ်မတွေက ပေါက်ဖွားလာတာရော၊ သားလေး အခုနေတဲ့အိမ်က အဒေါ်ငယ်ယောက်ျား လေးလေးက ပဥ္စင်းခံမယ်၊ သမီးက သုံးနှစ်ရှိပြီ၊ သူ့ကိုပါ နားသ,မယ်. . အကြီးအကျယ်ပဲပေါ့"

"ဒီလိုဆို ကိုယ့်ကို ဖိတ်မှာလား"

"စားမေးပွဲ နီးနေပြီ၊ ကျောင်းတက်ရက်ကလဲ ဖြစ်နေတော့ ဘယ်သူ့ကိုမှ ဖိတ်မနေပါနဲ့တော့လို့ မေမေက ပြောတာပဲ"

"ရွှေရည့်အမေက အကြားအမြင်ရှိပုံပဲ"

"နန္ဒကလဲ"

"ဒါဖြင့် ရွှေရည် ဘယ်တော့ သွားမှာလဲ"

"သန်ဘက်ခါ"

"ကိုယ် လိုက်ချင်လိုက်တာ"

ရွှန်းလဲ့ရွှေရည် စဉ်းစားလိုက်သည်။ အခုံတလော မေမေနှင့်ကြီးမေတို့၏ခြေလှမ်းတွေ စိပ်နေသည်။ အကြံအစည် တစ်ခုခုရှိနေပုံရသည်။ နန္ဒ မိမိအနားမှာ ရှိနေလျှင် ကောင်းမည်လား။

"သားလေး သူငယ်ချင်းတွေတော့ လာချင်လာလိမ့်မယ်၊ နန္ဒနဲ့ ခင်တာ ဘယ်သူရှိသလဲ"

"ဖိုးမောင်တော့ ရှိတယ်၊ သူနဲ့ကိုယ်က စိန်ပေါလ်က ဆယ်တန်း အောင်ကြတာ"

"ဒီလိုဆိုရင် ဖိုးမောင်နဲ့ လိုက်ရင် လိုက်ခဲ့လေ၊ ဖိုးမောင်နဲ့ သားလေးက အတွဲဆုံးပဲ"

"အိုကေ"





"ကိုင်း. . . ကျွန်မ ပြောစရာကုန်ပြီ၊ နန္ဒ ဘာပြောမှာလဲ"

"မေးမှာ"

"နန္ဒ. . ဘာမေးမှာလဲ၊ မေးလေ"

"ဇော်မောင်ကို သိသလား"

"သိတယ်. . . ကျွန်မသူငယ်ချင်းတွေကတောင် သူ့ကို နာမည်ပေးထားသေးတယ်. . . ဖွဲကြောင်တဲ့လေ"

"ဘာဖြစ်လို့လဲ"

"နန္ဒကို တစ်ခါမှ မပြောမိဘူးလား၊ အင်းလေ. . . ကျွန်မအာရုံထဲကို ဝင်လာလောက်သူ မဟုတ်တော့လဲ ကျွန်မ နန္ဒကို မပြောမိတာ ဖြစ်ပါလိမ့်မယ်"

နန္ဒကျော်ခေါင် စိတ်ဝင်စားသွားသည်။ သူကြားထားသော သတင်းများ အမှန်ပင် ဖြစ်နိုင်သည်။

"သူ့အကြောင်းကို ကိုယ်ကြားထားတာ ရှိတယ်၊ အဲဒါ ရွှေရည့်ကို မေးမယ်၊ မေးခွင့်ပြုမလား"

"မေးစမ်းပါ နန္ဒရယ်"

"သူ ရွှေရည့်ကို လိုက်နေတယ်ဆို"

"ဖတ်စ်ရီးယားကတည်းက"

"မိဘတွေဆီ နားဖောက်ဖို့ ကြိုးစားတယ်ဆိုတာကကော"

"အဲဒါလဲ မှန်တာပဲ"

နန္ဒကျော်ခေါင် မောဟိုက်သွားသည်။ ရွှန်းလဲ့ရွှေရည်က ပြုံးသည်။ နန္ဒသည် မိမိအား အလွန်ချစ်ရှာသည်ဟု သူ ကောင်းကောင်း သိသည်။

"သိတဲ့အတိုင်းပဲလေ. . . မေမေတို့က သားလေးလေးလွှဲရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူနဲ့မှ သဘောတူတာ မဟုတ်တော့ သူ့လဲ ဆုတ်ပြန်ပေါ့"

နန္ဒကျော်ခေါင်ရင်ထဲ မီးတောက်လာသည်။ ခက်သည်က ရွှန်းလဲ့ရွှေရည်။ သူမသည် ယနေ့ထက်ထိ မိမိအား ချစ်တယ်ဟု တစ်ခွန်းမပြော။

"ကိုယ် လာတောင်းရင်ကော"

"မပြောတတ်ဘူး"

"ကိုယ့်အကြောင်း ရွှေရည့်ကို တစ်ခွန်းမှ မမေးဘူးလား"

"တစ်ခါပဲ မေးဖူးတယ်၊ နောက် လုံးဝမမေးတော့ဘူး။ တမင် ကြိုးရှည်ရှည်နဲ့ လှန်ထားတာလို့ ကျွန်မတော့ ထင်တာပဲ။ သမီးတစ်ကောင် နွားတစ်ထောင်လေ"

ရွှန်းလဲ့ရွှေရည် တမင်ရယ်စရာအဖြစ် ပြောလိုက်ခြင်း ဖြစ်သည်။ နန္ဒကို ဒုက္ခပေးမိခြင်းအတွက် တစ်ခါတစ်ရံ နောင်တရမိသည်။ အမှန်တော့ နန္ဒသည် မိမိ၏အသုံးချခံသက်သက်ဖြစ်သည်။

ထူးဆန်းသည်က သားလေး။ မိမိအား မိဘများရှေ့တွင် မလွှဲမရှောင်သာ ကြုံတွေ့ရသည့်အခါမှအပ ကွယ်ရာတွင် မျက်နှာချင်းဆိုင် တိုးသည့်တိုင်အောင် စကားမပြော။ ရှောင်လွှဲသွားသည်။

ငယ်စဉ်ကလို မဟုတ်တော့၊ အပြုံးအရယ် နည်းသွားခဲ့သည်။

"ရွှေရည်က လိမ္မာပါတယ်ဆိုတာ မိဘတွေ မသိသေးလို့ပါ"

"ဘာလိမ္မာတာလဲ"

"ခုချိန်ထိ ရည်းစားထားမှ မထားသေးတာ. . . လိမ္မာတာပေါ့"

"မှားနေပြီ. . . ကျွန်မမှာ ရည်းစားရှိတယ်လေ၊ ရှင် မသိ





ဘူးလား၊ မသိရင် မြဲမြဲမှတ်ထား၊ အဲဒီလူဟာ နန္ဒကျော်ခေါင်တဲ့"

"ဟုတ်လား. . . မှတ်ထားလိုက်ပါ့မယ်"

ထိုစကားလေးများနှင့် နန္ဒကျော်ခေါင် ကျေနပ်နှစ်သိမ့်မှု ရနေရသည်။

"ရွှေရည်"

"အင်"

"ဇော်မောင်ကို သတိထားနော်"

"ဘာဖြစ်လို့လဲ"

"မေဟွား ညစာစားပွဲတစ်ခုမှာ ကြုံးဝါးနေသံ ကြားတယ်၊ မူးမူးရူးရူးနဲ့လေ၊ ဩော်. . . သူ ယူမယ့်မိန်းမက မယ်တွေထက် လှရမယ်၊ ပညာလဲ တတ်ရမယ်ဆိုတော့ ကျန်သူငယ်ချင်းတွေက ခုထက်ထိ ရွှန်းလဲ့ရွှေရည်တုန်းပဲလားလို့ မေးတယ်"

"ဒီတော့. . ."

"ဟုတ်တယ်. . . အနုနည်းနဲ့ မရရင် အကြမ်းနည်းနဲ့ပေါ့လို့ ပြောသံကြားတယ်၊ သူ့အပေါင်းအသင်းတွေကလဲ ဝိုင်းမြှောက်ပေးနေကြတယ်"

"နန္ဒ ကြားခဲ့တာလား"

"မဟုတ်ဘူး. . . ဖေဖေကြားခဲ့တာ၊ ဖေဖေက ကိုယ့်ကို သတိပေးတယ်၊ အသွားအလာ သတိထားဖို့ ရွှေရည့်ကိုလဲ သတိပေးဖို့ ရွှေရည်တစ်ယောက်တည်း ကားမောင်းပြီး လျှောက်မသွားခိုင်းနဲ့ပါ ပါတယ်"

ရွှန်းလဲ့ရွှေရည် ရင်ထဲမှာ တစ်မျိုးဖြစ်သွားသည်။ နန္ဒနှင့် ဆက်နွယ်ကာ နန္ဒမိဘများကပါ မိမိကို ချစ်ခင်နှစ်သက်နေကြခြင်း



www.burmeseclassic.com

www.burmeseclassic.com

သည် မိမိ၏အတိတ်ကုသိုလ်ကံကြောင့်လား။

"ကောင်းပြီလေ. . . ကျွန်မ အသွားအလာ ဆင်ခြင်ပါ့မယ်၊ ဗိုဗိုယို ရုပ်ရှင်တွေကလွဲလို့ ကျွန်မကလဲ တစ်ယောက်တည်း လူပြတ်တဲ့နေရာ သွားစရာမရှိသလို အဖေမူးလဲလို့ အမေမူးလို့ ခေါ်စရာအကြောင်းကလဲ မရှိဘူးဆိုတော့ ဘယ်လိုနည်းနဲ့များ ခေါ်နိုင်သလဲဟင်၊ နန္ဒ သိရင် ပြောပါဦး"

"ဆေးခတ်ပြီး ခေါ်နိုင်တယ်၊ ကျွေးတိုင်းလဲ မစားနဲ့၊ သူငယ်ချင်း အရင်းအချာတွေပါဆိုပြီး ညဘက်ပါတီပွဲတွေ ဘာတွေလဲ မလိုက်နဲ့"

"ဒီလိုဆို ပြန်တော့မယ်"

ရွှန်းလဲ့ရွှေရည်က ထရပ်လိုက်သည်။ နန္ဒကျော်ခေါင် ရုတ်တရက် အံ့အားသင့်သွားသည်။ မိမိဘာများ အမှားပြောမိပါလိမ့်ဟု. . .။

"ဘာ. . . ဘာဖြစ်လို့လဲ ရွှေရည်"

"ကျွေးတိုင်းလဲ မစားနဲ့ဆို"

"ချစ်သူကျွေးရင်တော့ သေဆေးတောင် စားရဲရတာပေါ့"

"ဘယ်မှာလဲ ချစ်သူ"

ရွှန်းလဲ့ရွှေရည် ပြန်ထိုင်ပြီး နန္ဒကျော်ခေါင်ကို စေ့စေ့ကြည့်ကာ မေးလိုက်သည်။

နန္ဒကျော်ခေါင်က သူ၏ရင်ဘတ်ကို သူပုတ်ကာ. . .

"ဒီမှာလေ. . . နန္ဒကျော်ခေါင်တဲ့"

"ချစ်သူမဟုတ်ပါဘူး. . . ရည်းစားသနဲ"

"ချစ်သူပါ. . . မင်းကို တစ်ဖက်သတ် စွဲစွဲလမ်းလမ်းကို





ချစ်နေတဲ့ချစ်သူ"

"ကျွန်မလဲ အဲဒီလို ပြောတတ်ချင်လိုက်တာ"

"ပြောတတ်ချင်ရင် ပြောလေ. . . ရပါတယ်"

"ဟင့်အင်း. . . နှလုံးသား မပါတဲ့စကားမျိုး ကျွန်မ မပြောချင်ပါဘူး"

နန္ဒကျော်ခေါင် သက်ပြင်းချလိုက်သည်။ ဆို့တက်လာသော သောကကို လိမ္မော်ရည် သောက်ကာ ဖြေရှင်းလိုက်သည်။ သို့သော် တခြားစီပင်။

ရွှေရည် သူ့အား ဘာကြောင့် မချစ်နိုင်သေးသနည်း ဆိုသည်ကို သူ အလိုလို သိရှိနေတော့လည်း အခက်သားပင်။

မိမိသည် သိပ်ကို နွားကျလွန်းနေပြီလား၊ မဆိုင်ပါဘူးလေ။ အချစ်၌ သာသည်နာသည် မရှိပါဘူး။

"ရွှေရည့်နှလုံးသားစကားကို ကိုယ်ကြားချင်လိုက်တာ"

ရွှန်းလဲ့ရွှေရည် သက်ပြင်းချလိုက်သည်။ စိတ်တွင်းကတော့

"မကြားချင်ပါနဲ့ နန္ဒရယ်၊ ကြားရင် မင်း သိပ်ကို စိတ်ထိခိုက်သွားမှာပေါ့" ဟု. . .။


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၆)

"ရွှန်း . . . သားလေးကားနဲ့ လိုက်ခဲ့၊ သူ လာခေါ်လိမ့်မယ်"

မေမေပြောသွားသောစကားကြောင့် ရွှန်းလဲ့ရွှေရည် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

သွားခါနီး ပစ္စည်းတွေနဲ့ ကားက မဆံ့နိုင်အောင် ဖြစ်သွားရသည်။ အိမ်ကလည်း သော့စောင့်။

"မေမေတို့ကလဲ ဘာမှန်းလဲ မသိဘူး"

ရွှန်းလဲ့ရွှေရည် ရေရွတ်နေကျစကားကိုသာ ရေရွတ်လိုက်သည်။





သော့ပိတ်ကာ သော့ယူသွားခြင်းအားဖြင့် ရွှန်းလဲ့ရွှေရည် ဖုန်းဆက်ဖို့ရာ အခွင့်မသာတော့။ အကယ်၍ အခွင့်သာပါက နန္ဒဆီ ဖုန်းဆက်လိုက်မည်။ နန္ဒကို ပို့ခိုင်းလိုက်ပြီး ပြည်မှာ တည်းကာ ရဟန်းခံ ရှင်ပြု နားသ,သို့ ဖိုးမောင်တို့နှင့်အတူ လာလိုက်ရုံသာ ရှိတော့သည်။

ယခုတော့ မေမေတို့ကားက အထွက် သားလေးကားက အဝင်ဖြစ်သည်။

သားလေးကား၏နောက်ခန်းထဲ၌လည်း ပစ္စည်းတွေက အပြည့်ဖြစ်သည်။ သားလေးတစ်ယောက်တည်းဖြစ်သည်။

"တက်"

ရှေ့ခန်းတံခါးကို တွန်းမဖွင့်ပေးချေ။ ယခင်တုန်းက သည်လိုပဲလား။

ရွှန်းလဲ့ရွှေရည် ပေကတ်ရပ်နေလိုက်သည်။

"ဘာလုပ်တာလဲ၊ တက်လေ. . . အချိန်မရှိဘူး"

"အရင်တုန်းက ဒီလိုပဲလား"

ရွှန်းလဲ့ရွှေရည် ပြန်မေးလိုက်သည်။

ဝသုန်ကျော်ကလည်း မခံပါ။

"နင်ကကော. . . အရင်တုန်းကနဲ့ တူလို့လား"

"ငါက ဘာပြောင်းလဲနေလို့လဲ"

"နင့်ကိုယ်နင် အသိဆုံးဖြစ်မှာပါ၊ ကဲ. . . တက်တော်မူပါ"

ဝသုန်ကျော်က အလျှော့ပေးကာ တံခါးကို တွန်းဖွင့်ပေးလိုက်သည်။

ရွှန်းလဲ့ရွှေရည် ကားပေါ် တက်ထိုင်ကာ တံခါးကို ဆောင့်



www.burmeseclassic.com

www.burmeseclassic.com



ပိတ်လိုက်သည်။

"ဖြည်းဖြည်းလုပ်ပါဟ. . . နင့်အကောင်ကား မဟုတ်တိုင်း"

"ငါ့အကောင်လို့ မပြောနဲ့၊ နန္ဒက လူ၊ လူ့စိတ်အပြည့်အဝရှိတဲ့သူ"

"ဘယ်သူကကော မရှိလို့လဲ"

"ဒါတော့ ဘယ်သိမှာလဲ"

ဝသုန်ကျော်သည် ဘာမှ ဖက်ပြိုင်မပြောတော့ဘဲ ကားကို မောင်းထွက်ခဲ့သည်။ ရွှန်းနဲ့သူ မိဘများကွယ်ရာ၌ နှစ်ယောက်ချင်း ပြန်လည်တွေ့ဆုံခြင်းနှင့် စကားပြောခြင်းပင်ဖြစ်သည်။

လေးနှစ်ကာလအထိ သူတို့ နေနိုင်ခဲ့ကြသည်။ ငယ်စာရင်းအပယ်ခံရသူ မိမိအနေဖြင့် ဘာများ ထောက်ထားစရာ လိုတော့သနည်း။

"ဖြစ်နိုင်ရင် နင် ကူညီရဲမယ်ဆိုရင်ပေါ့ သားလေးရယ်၊ ငါ တစ်ခုတောင်းဆိုချင်တယ်"

"ဘာလဲ ပြော"

"နင် အခု ငါ့ကို နန္ဒဆီ ပို့ပေး"

"ဘာ. . ."

ဝသုန်ကျော်၏ဒေါသများ အုံအဆွခံလိုက်ရသည်။

"ဟုတ်တယ်. . . ငါ နန္ဒကို ပို့နိုင်းမယ်၊ ရွှေတောင်အဝင်နားအထိ ပို့နိုင်းမယ်၊ နင်က အဲဒီက စောင့်နေ၊ ပြီးတော့မှ နင်နဲ့ငါ ဟန်မပျက် အိမ်ဝင်ကြမှာပေါ့"

"တော်စမ်း မိရွှန်း၊ နင် ဒီလောက်အထိ၊ ငါမပြောလိုက်ချင်





ဘူး၊ မပို့ပေးနိုင်ဘူး၊ အလျှုအတန်းရက်မှာ နင်နဲ့ငါ ဘာမှ ပြဿနာ မဖြစ်ချင်ဘူး၊ နင်နဲ့ငါ ဟန်မပျက် နေနိုင်မှ လူကြီးတွေ မျက်စိလည်သွားမှာ၊ ဒါကို နင်နားလည်ရဲ့လား"

ရွှန်းလဲ့ရွှေရည် ရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။ သားလေး မိမိအား ပြန်လည်စကားပြောခြင်း၏အကြောင်းရင်းကို သိလိုက်ရသည်။

"မေမေတို့က နင်နဲ့ငါ့ကို အတင်းအကျပ် စီစဉ်နိုင်တယ်လို့ နင်က ဆိုလိုတာလား"

"အင်း"

"ငါတို့က အရုပ်တွေမှ မဟုတ်ဘဲ"

"ဘာပဲဖြစ်ဖြစ် ခုချိန်မှာ နင်နဲ့ငါဟာ ဝေးကွာနေလို့ မဖြစ်တော့ဘူးလို့ ငါသဘောပေါက်သလို နင်လဲ သဘောပေါက်ထားပါ။ ဒါမှ ငါတို့ ဘာကို စီစဉ်သင့်သလဲဆိုတာ စဉ်းစားနိုင်မယ်. . . တိုင်ပင်နိုင်မယ်"

"အင်း. . . ငါနားလည်ပါပြီ"

နှစ်ဦးသား စကားစ ပြတ်သွားသည်။

ဝသုန်ကျော်က ကားကို ဂရုတစိုက် မောင်းနေသည်။

ရွှန်းလဲ့ရွှေရည်က ဝသုန်ကျော်အား အကဲခတ်လိုက်၏။ ငယ်စဉ်ကတည်းကစပြီး မိမိ မှန်လို အရိပ်တကြည့်ကြည့် ကြည့်ခဲ့ရသော သားလေး၏မျက်နှာသည် လူကြီးပုံ ပေါက်နေ၏။ သူ၏ အတွင်းစိတ် အရှုတ္တသန္တာန်ကို ဖမ်းကြည့်၍မရနိုင်တော့။

မိမိ၌ ရည်းစားရှိခြင်းကို စိတ်ဆိုးပြီး မခေါ်နိုင် မပြောနိုင်ဖြစ်ရခြင်းသည် မောင်နှမချစ်၏ဝန်တိုခြင်း ဖြစ်နိုင်ပါသလား။



www.burmeseclassic.com

www.burmeseclassic.com



"သားလေး"

"ဘာလဲ"

"ရှင်နဲ့မြတ် ဘယ်တော့ လက်ထပ်မှာလဲ"

"နှင်နဲ့ငါ့ကို ပေးစားတဲ့နေ့"

ရွှန်းလဲ့ရွှေရည် အော်ဟစ်၍သာ ငိုလိုက်ချင်ပါသည်။

သို့သော်. . .

"ကောင်းပါတယ်. . . အကူအညီလိုချင်ရင်လဲ ပြောပေါ့"

"မလိုပါဘူး. . . ငါ မြတ်အတွက် အားလုံးစီစဉ်ပြီးသားပါ"

"ဩော်. . . နန္ဒကလဲ"

"တော်. . . နှင့်အကောင်အကြောင်း ငါ့ကို လာမပြောနဲ့၊ ငါနားမထောင်ချင်ဘူး"

"ဘာဖြစ်လို့လဲ"

ဝသုန်ကျော် အဖြေရခက်သွားသည်။ ရွှန်းလဲ့ရွှေရည် သိပ်ကို နားလည်ပါသည်။ သို့သော် ကားမောင်းနေသော သားလေး၏ စိတ်အာရုံ ထွေပြားသွားမှာ စိုးရိမ်သဖြင့် စိတ်ကို လျှော့ချကာ. . .

"အေးလေ. . . နှင်မကြိုက်ရင် မပြောတော့ပါဘူး သားလေးရယ်"

ရွှန်းလဲ့ရွှေရည် လေသံပျော့လေးနှင့် ပြောလိုက်သည်။

ဝသုန်ကျော် ဆတ်ခနဲ တုန်ခါသွားသည်။

အချစ်ကို တန်ဖိုးထားတတ်သောသူများ ဖြစ်ပါလျက် အချစ်ကို အလွယ်တကူ စိုက်ထူမိလျက်သား ဖြစ်သွားခဲ့သည်မှာ မိမိ၏ပေါ့ဆမှုဟု ဝသုန်ကျော် နောင်တနှင့်အတူ သိရှိခဲ့သည်မှာ ကြာပြီ။ သို့သော် ထိုနောင်တ,တရားကို ဖျောက်ဖျက်ပစ်လိုက်သည်။





မြတ်၏ သူ့အပေါ် မြတ်နိုးသောအကြည့်နှင့် ကြည့်တတ်သည့် မျက်ဝန်းလေးသည် သူ့အတွေးအိမ်တွင်းသို့ ဖျတ်ခနဲ ဝင်ရောက်လာသည်။

"မြတ်က နှင့်ကို သိပ်ချစ်တာပဲနော် သားလေး"

"အင်း"

"နှင် ကံကောင်းပါတယ်"

နှင်ကကောဟု ပြောလိုသော်လည်း မျိုသိပ်လိုက်သည်။ နန္ဒကျော်ခေါင်နှင့် ပတ်သက်၍ သူ ဘာမှ မကြားချင်ပါ။ အထူးသဖြင့် ရွှန်း၏ပါးစပ်မှ နန္ဒ. . နန္ဒဟု တစ်လုံးထွက်တိုင်း သူ့အသည်းနှလုံးကို ဓားသွားထက်ထက်နှင့် အမွှန်းခံရသကဲ့သို့ နာကျင်သော ဝေဒနာတစ်ရပ်ကို သူခံစားရပေလိမ့်မည်။

"မြတ် မိဘတွေတောင် ပြန်လာတော့မှာ၊ အဲဒါ မြတ်က လေယာဉ်ကွင်းကို လိုက်ကြိုစေချင်တာ"

"အလှူရက်နဲ့ တိုက်လို့လား"

"ဒီအပတ်အတွင်း ရောက်မယ်၊ ရောက်မယ့်နေ့ ဖုန်းဆက်မယ်လို့ ပြောတာပဲ၊ ငါလဲ ပြည်က သူငယ်ချင်းလိပ်စာ ပေးထားတယ်"

"အလှူရက်နဲ့ တိုက်ရင်ကော"

"တိုက်ရင်တော့ သူကလဲ မလာပါနဲ့လို့ ပြောတာပဲ၊ အင်းလေ. . . နောက်တော့ တွေ့ကြရမှာပဲ"

"မြတ်တော့ စိတ်မကောင်းဖြစ်မှာပဲ"

"ဘယ်တတ်နိုင်မလဲ"

သူနှင့်သားလေး နဂိုအနေအထားသို့ ပြန်လည်ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

ရွှန်းလဲ့ရွှေရည် စဉ်းစားလိုက်သည်။ သူ အဓိက မေးချင်သောအချက်ကို မေးရန် သင့်မသင့်။

ဘာပဲဖြစ်ဖြစ် အခြေအနေ ပေးတုန်း မေးလိုက်တာ ကောင်းမည်။

"သားလေး"

"ဘာလဲ"

"နင် ငါ့ကို ဘာဖြစ်လို့ မခေါ်ဘဲ ရှောင်ရှောင်နေရတာလဲ ဟင်"

ဝသုန်ကျော် ကားကို လမ်းဘေးသို့ ထိုးရပ်လိုက်သည်။

"ဘာဖြစ်လို့လဲ ဟုတ်လား ရွှန်း"

"ဟုတ်တယ်လေ"

"နင် ဟန်ဆောင်နေတာလား"

ဝသုန်ကျော် ရွှန်းလဲ့ရွှေရည်၏မျက်ဝန်းကို စူးစိုက်ကြည့်ကာ အဖြေရှာသည်။ သူမ၏မျက်ဝန်းက အပြစ်ကင်းစင်နေသည်။ ဟန်ဆောင်ရိပ် မတွေ့ရ၊ ဖုံးကွယ်ရိပ် မတွေ့ရ။

"နင် တကယ်မသိဘူးလား"

"အင်း"

"နင် ညာနေတာပါ၊ ကိုယ့်ပါးစပ်က ပြောလိုက်တဲ့စကားကို ကိုယ်မသိဘူးဆိုတာ နင်ညာနေတာပါ"

ထိုစဉ် လမ်းဘေးသို့ ကားတစ်စီး ထိုးဆိုက်လာသည်။ ရွှန်းလဲ့ရွှေရည် ထိတ်ခနဲ ဖြစ်သွားသည်။ နန္ဒ၏သတိပေးစကားကို အမှတ်ရကာ စိုးရိမ်စိတ်နှင့် ထိတ်လန့်တကြား ဖြစ်သွားသည်နှင့်





အမျှ တားဆီးချိန် မရလိုက်။ မြန်ဆန်လွန်းလှသည်။

"သားလေး"

သားလေးတံခါးဆီမှ လက်တစ်ဖက်နှင့်လက်ကိုင်ပုဝါသည် သားလေး၏နှာခေါင်းကို အုပ်ပြီးသားဖြစ်ကာ. . .

"အား"

စူးရှသောအနံ့နှင့်အတူ မိမိ၏မျက်နှာပြင်သို့လည်း အုပ်မိုးခံလိုက်ရချိန်တွင် မှုန်နောက်ကာ အမှောင်ထုအတွင်းသို့ ကျရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၅]

"သား . . ဘယ်လိုလဲ၊ ဆုံးဖြတ်ပြီးပြီလား"

နန္ဒကျော်ခေါင်က ဖခင်၏အမေးကို ဆတ်ခနဲ ခေါင်းညိတ်ကာ ဖြေလိုက်သည်။

"ဟုတ်ကဲ့ . . . သားကို လိုက်သွားခွင့်ပြုပါ"

"ကောင်းပြီ . . . ရွှေတောင်ဆေးရုံက ဆရာဝန်ကြီးဟာ ဖေဖေ့တပည့်တစ်ဦးပဲ၊ သား အဲဒီမှာပဲတည်း၊ ဖေဖေ စာရေးပေးလိုက်မယ်၊ ဖုန်းလဲ ဆက်ထားပေးမယ်၊ တခြားဘယ်မှာမှ မတည်းနဲ့ ပြီးတော့ သားသူငယ်ချင်းတစ်ယောက် အဖော်ခေါ် သွားရမယ်"

"ဖြစ်ပွါ့မလား မောင်ရယ်၊ အန္တရာယ်တွေဘာတွေများ





ဖြစ်ခဲ့ရင် . . ."

"မဖြစ်ပါဘူးကွာ . . . ဖြစ်စရာအကြောင်းလဲ ရှိမှမရှိတော့ဘာ၊ ဟိုကောင်တွေကို ဖမ်းလိုက်ပြီမဟုတ်လား"

"ဟုတ်တယ် . . . တိုက်ကြီးရဲစခန်းမှာ ချုပ်ထားတယ် ကြားတာပဲ"

"ကလေးမလေးနဲ့ ကောင်လေးက မေ့ဆေးပဲ မဟုတ်လား၊ တခြားဘာအန္တရာယ်ကော ဖြစ်သေးလဲ"

"မဖြစ်ဘူးလို့ ပြောတာပဲ"

"ကိုင်း . . . ဘာပဲဖြစ်ဖြစ် သတိတော့ မလစ်စေနဲ့၊ ချစ်သူကို စိုးရိမ်လို့ လိုက်သွားပြီး သတင်းကြားလို့ သတင်းမေးတယ်ဆိုတာ ဖြစ်သင့်တဲ့ကိစ္စတစ်ခုပဲ၊ အမေကြီး ဘာမှစိတ်မပူပါနဲ့၊ သားကို အဝတ်အစားလေးဘာလေး ထည့်ပေးလိုက်ပါဦး"

နန္ဒကျော်ခေါင် ရင်ထဲမှာ အပူမီးတောက်နေသည်။ စောစောကတင် တိုက်ကြီးရဲစခန်းမှ သူငယ်ချင်းက ဖုန်းဆက်ကာ သတင်းပေးသည်။

တိုက်ကြီးရဲစခန်းသို့ ရွှန်းလဲ့ရွှေရည် မိခင်က အမော တကော လာတိုင်သည်။ သူ့သမီးအား အစမှ ခေါ်ဆောင်သွားမှု၊ ဖခင်နှင့်အစ်ကိုများက ထိုကားနောက်သို့ လိုက်သွားသည်ဆိုသည် နှင့် ရဲစခန်းက ချက်ချင်းပင် ကားတစ်စီး ချောဆွဲကာ လိုက်ရသည်။ မကြာခင် ဖမ်းဆီးမိလာခဲ့သည်။ ရွှန်းလဲ့ရွှေရည်နှင့် ဝသုန်ကျော်ကို တော့ ဆေးရုံသို့ ပို့ကာ မေ့ဆေးပြယ်စေရေး ကြိုးပမ်းသည် ဟူသော သတင်းဖြစ်သည်။ ရွှန်းလဲ့ရွှေရည်အား မေ့ဆေးပေးကာ ဖမ်းဆီး ခေါ်ဆောင်သွားသူမှာ ဇော်မောင်နှင့် သူ့တပည့်လေးဦး ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



တဲ့။

"သားရေ"

"ဗျာ"

"ဖိုးထူးပဲ ခေါ်သွားတော့"

ဒရိုင်ဘာဖိုးထူးကို ခေါ်သွားရန် ဖေဖေက စဉ်းစားမိဟန်တူသည်။

"ပြီးတော့ ကားကို သားကိုယ်တိုင် မမောင်းနဲ့နော်၊ လုံးဝမမောင်းနဲ့"

"ဟုတ်ကဲ့ပါ ဖေဖေ"

"အခု ဘယ်နှစ်နာရီရှိပြီလဲ"

"တစ်နာရီ"

"ဒါဖြင့် သွားတော့၊ မိုးမချုပ်ခင် ရောက်မှာ၊ ပုံမှန်ပဲ မောင်းသွားခိုင်း"

မိခင်ပေးထားသော အတက်ချီကွေ့စ်ကို ဖိုးထူးက ကားပေါ် တင်လိုက်သည်။ ဖိုးထူးလည်း ခရီးဆောင်အိတ်တစ်လုံးကို ကားနောက်ခန်းသို့ ထည့်လိုက်သည်။

နန္ဒကျော်ခေါင်က မိဘနှစ်ပါးကို ကန်တော့ပြီး ကားပေါ် တက်လိုက်သည်။

"ညရောက်ရင် ဖုန်းဆက်"

"ဟုတ်ကဲ့ မေမေ"

မိဘနှစ်ပါးက လက်ပြကာ ကျန်ရစ်ခဲ့ကြသည်။ နားလည်မှုရှိသော မိဘနှစ်ပါးကို နန္ဒကျော်ခေါင် သိပ်ကို ကျေးဇူးတင်သွားသည်။





ရွှန်းလဲ့ရွှေရည် ဘာများဖြစ်သွားသေးသနည်းဟု သူ သိပ်သိချင်သည်။ ဝသုန်ကျော်နှင့် ရွှန်းလဲ့ရွှေရည် နှစ်ယောက်တည်း သွားကြသည်။ ပတ်ဝန်းကျင်က မိမိတို့ကို ရန်မူတော့မည်ကို မသိရအောင် သူတို့သည် ဝန်းကျင်ကို မေ့နေရလောက်အောင် ဘာတွေများ ဖြစ်နေကြသလဲ။

နန္ဒကျော်ခေါင် မိမိအတွေးရိုင်းကို မိမိလက်မခံနိုင် ဖြစ်သဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။

"ဘာလဲ လူလေး"

"ဗျာ"

"ဘာဖြစ်လို့ ခေါင်းခါသလဲ"

"ဘာမှမဟုတ်ပါဘူး ဦးဖိုးထူးရာ"

"ဩော်. . . အေးအေး"

နန္ဒကျော်ခေါင် ရင်ထဲမှာ ပူလောင်နေပြီ။ ရွှန်းလဲ့ရွှေရည်သည် သူ၏အချစ်ကို နားလည်နိုင်လျှင် သိပ်ကောင်းမည်။

မေတ္တာသည် အသွားအပြန် ရှိသည်ဆို။ ယခုတော့ တစ်ဖက်သတ်အချစ်ဟာ တစ်ဖက်သတ်ပါပဲ။ တစ်ဖက်သတ်အချစ်၏ ဆိုးရွားခြင်းသည် ရင်အတွင်းရှိ နှလုံးအိမ်တစ်ခုလုံးကို ဝါးမျိုလောင်မြိုက်လျက်ရှိလေပြီ။ အချစ်ကြောင့် စိုးရိမ်ပူပန်ခြင်းကို နန္ဒကျော်ခေါင် ဘယ်အထိများ ခံစားနိုင်မည်နည်း။

ခံနိုင်မှုအားအင် ကုန်ဆုံးသွားလျှင်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

ကောင်းကင်ယံတစ်ခုလုံး မည်းမှောင်လာသည်။

"ဒုက္ခပါပဲ. . . မိုးက ရွာများ ရွာဦးတော့မယ့်ပုံပဲ၊ အလှူကြီးနေ့ ရွာရင် ဒုက္ခပါပဲ"

"မေမေတို့က ဘာစိတ်ကူးပေါက်ပြီး မေလထဲ ရွေးရတာလဲ မသိဘူး"

"ဟဲ့. . . အားလုံး အားကြတဲ့အချိန်ရယ်၊ ရက်ကောင်းတဲ့ရက် ရွေးပြီးလုပ်ရတာပဲ"

ရွှန်းလဲ့ရွှေရည် ဘာမှမပြောတော့။ ကွန်းသေတ္တာကြီးများ





ထဲတွင် သေချာစွာ သိမ်းဆည်းထားသော ပန်းကန်များကို ထုတ်ပေးနေလိုက်သည်။

"ဘုန်းကြီးကျောင်းမှာ လုပ်မယ်လဲ ဆိုသေးတယ်"

"ဘုန်းကြီးကျောင်းက မနက်ပဲ ကျွေးမှာ၊ ညနေရောက်တော့ ပါးစပ်အပေါင်းသား ထားရမှာလား"

ရွှန်းလဲ့ရွှေရည် ဇက်ကလေးကို ပုကာ လျှာကလေး တစ်လစ် လုပ်လိုက်သည်။ အိမ်ရှိ အလုပ်သမားများက ဝိုင်းဝန်းကူညီလုပ်ကိုင်သည်။ ရက်ကန်းစက်ကို ခေတ္တပိတ်ထားလိုက်သည်။

အိမ်နှစ်အိမ်စလုံးလည်း ဧည့်သည်များနှင့် ပြည့်နေသည်။ ရွှန်းလဲ့ရွှေရည် ပန်းကန်များကို ထုတ်အပြီးတွင် လေသာဆောင်ဘက်သို့ ထွက်ခဲ့သည်။ ထိုစဉ် သူ၏မြင်ကွင်းထဲ သားလေး ရောက်လာသည်။

သားလေး ခရေပင်အောက်သို့ ရောက်နေသည်။ ခရေပွင့်လေးတွေ ကောက်နေသည်။

ရွှန်းလဲ့ရွှေရည် ရင်ခုန်သံ မြန်လာသည်။ သားလေး ခရေကို မမေ့ပါလား။ ချက်ချင်းပင် အောက်သို့ ပြေးဆင်းသွားချင်ပါသည်။ သို့သော် မနေ့ကအဖြစ်ကို ပြန်တွေးကြည့်သောအခါ တုန်လှုပ်မှုက မပျောက်ချင်သေး။ တစ်ဆက်တည်းဆိုသလို နန္ဒကို သတိရလိုက်မိသည်။

နန္ဒ အတန်တန် သတိပေးလိုက်သည့်ကြားက မိမိ သတိလက်လွတ် ဖြစ်ရသည်။ သားလေးနှင့် ပတ်သက်လာလျှင် မိမိသည် အရာရာကို မေ့လျော့တတ်လွန်းသည်။ ကားတစ်စီး မိမိတို့ကား နောက် နောက်ယောင်ခံ လိုက်လာသည်ကိုလည်း သတိမပြုမိခဲ့။


www.burmeseclassic.com

www.burmeseclassic.com



အနားရပ်ပြီး ဆင်းလာသည်ကိုလည်း မသိခဲ့။ သားလေး နောက်နားမှ သန်မာသော လက်တစ်ဖက် လှစ်ခနဲ ပေါ်လာပြီး နှာခေါင်းကို လှမ်းအပိတ်လိုက်မှ သိလိုက်သည်။

ဇော်မောင်နဲ့အဖွဲ့ဟု သိလိုက်စဉ် မိမိလည်း အချုပ်ခံလိုက်ရပြီး မေ့ဆေးကြောင့် မေ့သွားခဲ့သည်။

သတိရလာတော့ တိုက်ကြီး မြို့နယ်ပြည်သူ့ဆေးရုံပေါ်၌ ဖြစ်နေသည်။

မိမိအား စိုးရိမ်တကြီး မိုးကြည့်နေသော သားလေးကို တွေ့လိုက်ရသည်။

"သားလေး"

"ရွှန်း"

ရုတ်တရက် ဝမ်းသာဝမ်းနည်း ဖော်မပြတတ်သော ဝေဒနာတစ်ရပ် ရုတ်တရက်အထဲ၌ မိုက်ခနဲဖြစ်သွားရာ သားလေး က စိုးရိမ်တကြီး လှမ်းပွေ့လိုက်သည်။

အဖြစ်အပျက်က တဒင်္ဂသာ ဖြစ်သည်။ သို့သော် မိမိ၏ မျက်ရည်စက်များက သားလေး၏ရင်ဘတ်ကို ပူနွေးသွားစေသလို

မိမိကို သူ့ရင်ထဲမှ အသာဆွဲခွာထုတ်လိုက်သော သား လေးကြောင့် သားလေးကို မော့အကြည့်တွင် မိမိ၏နဖူးပေါ်သို့ နွေးထွေးစိုစွတ်သော မျက်ရည်စက်များ ကျဆင်းလာခြင်းဖြစ်သည်။

"သားလေး"

သားလေးက သူဖက်တွယ်ထားသော လက်များကို ဖြုတ် ကာ ကျောခိုင်းထွက်သွားလေသည်။

သားလေး၏မျက်ရည်စက်များက သားလေး၏နှလုံးသား





ကို ဖွင့်ဟသွားခဲ့လေပြီ။

ရွှန်းလဲ့ရွှေရည် မျက်ရည်စများကို သုတ်လိုက်သည်။

မိုးစက်မိုးပေါက်လေးများက နွေသရုပ်သဏ္ဍာန်ကို ဖောက် ထွင်းရန် ကြိုးစားလာလေပြီ။

မိုးစက်ကလေးများက မြေပြင်သို့ အဆင်းတွင် မြေသား များ ခွဲဖြာသွားလေသည်။

သားလေးသည် ခရေပင်အောက်၌ ငြိမ်သက်နေလေသည်။ ခရေပင်ကြီးက လေယူရာ တိမ်းယိမ်းကာ လေအနွေ့၌ မိမိအား လက်ယပ်ခေါ်လေပြီ။ ခရေပွင့်ကလေးများက ဖွေးခနဲ မြေပြင်သို့ ဆင်းသက်ကာ မိမိအား သွေးဆောင်ပေးနေသည်။ ထိုအရာအား လုံးသည် အတိတ်ကို ခေါ်ဆောင်ပေးနေသည်။ သို့သော် သားလေး က မလှုပ်မယှက်ဖြင့်။ သူ့စိတ်သည် သူ၏ခန္ဓာကိုယ်တွင်း၌ပင် ရှိပါလေစ။

ရွှန်းလဲ့ရွှေရည် အောက်ထပ်သို့ ပြေးဆင်းခဲ့လေသည်။ ခရေပင်ကြီးအောက်သို့ ရောက်သွားသည့်တိုင်အောင် သားလေးက မော့မကြည့်။ ခေါင်းငိုက်စိုက်ချကာ ငြိမ်သက်နေဆဲ။ သူ့လက်ထဲ တွင် ခရေပွင့်ကလေးများကို ဆုပ်ကိုင်ထားလျက်။

"သားလေး"

ဝသုန်ကျော် ခေါင်းထောင်လိုက်သည်။ ရွှန်း၏အသံသည် သူ့ရင်ထဲသို့ စိမ့်ဝင်သွားသည်။

"ရွှန်း"

"မိုးရွာနေပြီလေ သားလေးရဲ့"

"မိုးရွာတာ ဆန်းသလား ရွှန်း"



www.burmeseclassic.com

www.burmeseclassic.com



"မိုးမိနေရင် သန့်ဘက်ခါ အလှူကြီးနေ့လေ၊ နင့်သူငယ်ချင်းတွေ လာဦးမှာလား"

"အင်း . . . ဖိုးမောင်နဲ့ သက်ကိုတို့တော့ လိုက်လာကြလိမ့်မယ်"

ဝသုန်ကျော်က ခရေပန်းလေးများကို လိုက်ကောက်ရင်း ဖြေလိုက်သည်။ သူ့ရင်တွင်းက အပူကို ရွှန်းမသိစေချင်တော့။ အားလုံးက ပြီးဆုံးသွားလေပြီ။

"ရွှန်း"

"ဘာလဲ သားလေး"

"ပန်းတွေ ကောက်ပြီးရင် သီမယ်၊ ပြီးရင် နင်နဲ့ငါ ရွှေတောင်မှာ ရှိသမျှ ဘုရားတွေကို သွားကပ်မယ်"

"အေး . . . ကောင်းသားပဲ"

ငယ်ဘဝကို ခေတ္တပြန်လည်ရယူထားလိုက်ရန် နှစ်ဦးသား မတိုင်ပင်ဘဲ ဆုံးဖြတ်ပြီးသားဖြစ်နေကြသည်။

သားလေး ပန်းကောက်ပေးသည်။

ရွှန်းက သီသည်။

"ရွှန်း"

"ဘာလဲ"

"နင် ငါ့ကို ငယ်စာရင်းက ပယ်လိုက်ပြီဆိုပြီး ခု ငါ့ကို ဘာဖြစ်လို့ ပြန်လက်ခံတာလဲ"

"ဟင် . . ."

ရွှန်းလဲ့ရွှေရည် အံ့အားသင့်သွားသည်။

"ငါက ပြောခဲ့တယ်"





ဝသုန်ကျော်က မျက်မှောင်ချီကာ . . .

"ကိုယ့်စကားကို မမှတ်မိရအောင် နင်ရူးနေသလား ရွှန်း"

"အေး . . . ငါ ခုတော့ မရူးသေးဘူး ထင်တာပဲ၊ ဒါပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ရူးသွားနိုင်တယ် ထင်တာပဲ"

"နင် ဘာတွေ ပြောနေတာလဲ မိရွှန်းရယ်"

"ကဲပါလေ . . . ထားပါတော့၊ နင်ပြောတဲ့စကားကို ငါ ပြောခဲ့တယ်ဆိုတာ ဘယ်တုန်းကလဲ"

"သစ်ပုပ်ပင်အောက်မှာ ငါက နင့်အကောင်ကို ထိုးလိုက်တဲ့နေ့က"

ရွှန်းလဲ့ရွှေရည် မှတ်မိသွားလေပြီ။

"သြော် . . . ဒါကြောင့်ကိုး"

ထိုနေ့မှစ၍ သားလေးသည် မိမိအား ရှောင်ရှားသွားခဲ့ခြင်းမှာ မိမိထင်သလို နန္ဒနှင့် အထင်မှား၍ မဟုတ်ဘဲ မိမိစကားကြောင့် နာသွားခဲ့ခြင်းပါလားဟု ယခုမှ သဘောပေါက်တော့သည်။

"ငါ နင်တို့ ရန်ဆက်ဖြစ်မှာစိုးလို့ အမှုမဲ့အမှတ်မဲ့ တားဆီးလိုက်တဲ့စကားပါ သားလေးရယ်၊ နင်က ဒါကို အမှတ်ထားတယ်လား"

"ဟုတ်တယ် . . . နင်က အမှုမဲ့အမှတ်မဲ့ ပြောလိုက်ပေမယ့် ငါ့ရင်ထဲမှာလေ အမှတ်တရအဖြစ် နာကျင်သွားခဲ့တယ်၊ နင်ဟာ သူစိမ်းယောကျ်ားတစ်ဦးနဲ့ ပတ်သက်ပြီး ငါ့အပေါ်မှာ အဲဒီလောက်အထိ ပြင်းပြင်းထန်ထန် ပြောရက်လေခြင်းဆိုတဲ့ ဝေဒနာဟာ ငါ့နှလုံးသားအိမ်မှာ အခုထက်ထိ အနာတရ ဖြစ်နေတုန်းပဲ မိရွှန်း"

ရွှန်းလဲ့ရွှေရည် ခရေသီကုံးနေသော လက်ကလေးများ



www.burmeseclassic.com

www.burmeseclassic.com



တုန်ခါလာသည်။ မျက်ရည်စက်တို့သည် ခရေပွင့်များအပေါ်သို့ ခုန်ပေါက်ဆင်းသက်ကုန်ကြသည်။

"ရွှန်း . . နင် ငိုနေတယ်"

ရွှန်းလဲ့ရွှေရည် ရင်ထဲက သောကမီးကို မနည်းကြိုးစား၍ ငြိမ်းသတ်လိုက်သည်။ သားလေး၏နှလုံးအိမ်ကို မမြင်တွေ့မိခဲ့ခြင်းကို မိမိကိုယ်ကိုမိမိ ညံ့ဖျင်းရကောင်းလားဟူသော ဒေါသကလည်း လိုက်တက်လာသည်။

စိတ်ရူးလေပွေနောက်ကို ကောက်ကောက်ပါကာ ထင်တိုင်းကျဲခဲ့သည့်အဖြစ်အတွက်လည်း နောင်တ,တရားကို ရင်ဝယ် ပိုက်လိုက်မိသည်။

ရွှန်းလဲ့ရွှေရည် မျက်ရည်စများကို ဝသုန်ကျော် မကြည့်ရက်ပါ။

သုတ်ပေးရန် ရွယ်လိုက်ပြီးမှ ကြားတွင် လက်နှစ်ဖက်က ဖမ်းဆီးတားမြစ်လိုက်သလို ခံစားလိုက်ရသည်။

ထိုလက်နှစ်ဖက်သည် မြတ်ပန်းပွင့်ဖြူနှင့် နန္ဒကျော်ခေါင်တို့၏လက်များကလွဲ၍ တခြား မည်သူ့လက်များမှ မဖြစ်နိုင်ချေ။

သားလေး သက်ပြင်းချကာ ထိုင်ရာမှ ထလိုက်ပြီး သူ့အား ခေါ်သည်။

"လာ. . . မိုးရွာနေတယ်၊ အိမ်ရှေ့ဆင်ဝင်အောက်ကို သွားရအောင်"

ရွှန်းလဲ့ရွှေရည်က ဆန်ခါခုံးလေးကို ယူကာ ဝသုန်ကျော် နောက်သို့ လိုက်ခဲ့လိုက်သည်။ ယခုမှ မိုးရွာခြင်းကို သတိပြုမိတယ် လား သားလေးရယ်ဟု ရွှန်းလဲ့ရွှေရည် မေးလိုက်ချင်သည်။





တကယ်တော့ သူတို့သည် ရင့်ကျက်ခြင်း မရှိသော နှလုံးသားကို ရင့်ကျက်သယောင်ရှိသော ဦးနှောက်ဖြင့် ထိန်းချုပ်ကြခြင်း ဖြစ်သည်။

အကယ်၍ လွန်ခဲ့သော လေးနှစ်ကျော်ကာလက ဆယ်ကျော်သက်ရွယ်၏ရင်ခုန်သံကို အချစ်မဟုတ်ပါဘူး။ အနေနီးစပ်လို့ပါ၊ အရွယ်ပြောင်းလာလို့ပါ၊ ငယ်သံယောဇဉ်ကြောင့်ပါ ဟူသော အတွေးတို့ကို နှလုံးသားက တားဆီးရန် မရင့်ကျက်သေးဘူး ထင်ပါသည်။

ယခုတော့ နားလည်ပြီ။ ရွှန်းလဲ့ရွှေရည် သံယောဇဉ် အရှိဆုံးလူသား အချစ်နိုင်ဆုံးလူသားမှာ သားလေးကလွဲပြီး အခြား မည်သူမှ မဖြစ်နိုင်ဟု ရွှန်းလဲ့ရွှေရည် နားလည်သွားခဲ့ပြီ။ မနေ့က. . မနေ့က. . ဟုတ်သည်။ တိုက်ကြီးမြို့နယ်ဆေးရုံပေါ်၌ သတိရလျှင် ရချင်း ခေါင်းထဲ ဝင်လာသည့်နှလုံးသားမှ နက်ရှိုင်းသော စိုးရိမ်မှုဖြင့် သတိရလိုက်သည်က သားလေး။

ထို့အတူ သားလေးသည်လည်း ရွှန်းဆိုသော မိန်းကလေးသာ တစ်ခုခု ဖြစ်သွားခဲ့ပါလျှင်. . . သတိမလည်လာဘဲ သေဆုံးသွားခဲ့ပါလျှင် ရွှန်းနဲ့အတူ လိုက်သေဖို့ရာအထိ ဆုံးဖြတ်ပြီးသား။ ငယ်ကတည်းက စွဲခဲ့သော၊ သံယောဇဉ် အရှိဆုံးသော ရွှန်းအတွက် အကာအကွယ် မပေးနိုင်အောင် မိုက်ကန်းလွန်းသော သူ့အတွက် ရွှန်းနှင့်အတူ သေခြင်းဟူသော ပြစ်ဒဏ်ကလွဲပြီး တခြားဘာကိုမှ ရယူရန် မလိုချေ။

ရွှန်း သတိရလာတော့ ဝမ်းသာလွန်းသဖြင့် မျက်ရည်များ လည်သည်။ အချစ်နှင့် အဝေးဆုံးသို့ ရောက်ရှိခဲ့ရသော မိမိ၏



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရပ်ကြောင့် နောင်တဖြင့် ဝမ်းနည်းသည်။

နှစ်ဦးသား တစ်ယောက်၏နှလုံးသားကို တစ်ယောက် သိမြင်ခဲ့ကြသည်။

သို့သော်. . .

ကံကြမ္မာကို မိမိတို့ လေပွေရူးနှင့်အတူ ဖန်တီးခဲ့ကြသည်။

"ပန်းတွေ သီလို့ပါလား"

ရွှန်းလဲ့ရွှေရည်၏မိခင်က သူတို့နှစ်ဦး၏ တိုးတက်လာသော အခြေအနေကို ကျေနပ်သည့်အလား ကြည်သာစွာ မေးသည်။

"ဟုတ်တယ် အန်တီမေ၊ ထုံးစံအတိုင်း ဘုရားတွေမှာ လိုက်လှူမလို့"

"အေး. . . ကောင်းတယ်. . . ကောင်းတယ်"

"အန်တီမေနဲ့ မေမေ ပန်ဖို့ တစ်ကုံးသီထားခဲ့မယ်နော်"

"အေး. . . အေး"

ရွှန်းလဲ့ရွှေရည်က သားလေးနှင့် မေမေ စကားပြောသည့်ကြားသို့ လုံးဝ ဝင်မပြောချေ။

အနာဂတ်အတွက် ထပ်မံ အမှားမရှိဖို့ အရေးကြီးသည်။

"ကားယူလိုက်ဦးမယ်"

"စက်ဘီးနဲ့ပဲ သွားရအောင်၊ ကားတွေ မအားဘူးထင်တယ်၊ စောစောကတောင် ပြည်ဘက် သွားမယ်၊ ပြောနေသံ ကြားသေးတယ်"

"ဒါဖြင့် စက်ဘီးနဲ့ပဲ သွားမယ်လေ. . . ထီးယူခဲ့နော်"

"ဟင့်အင်း"





စိတ်လွတ်လွတ်လပ်လပ် သားလေးနှင့်အတူ လျှောက်လည်ချင်သည်။ လောလောဆယ် ဘာမှ မစဉ်းစားချင်သေး။ မြတ်ပန်းပွင့်ဖြူရော နန္ဒကျော်ခေါင်ရော မေ့ထားလိုက်သည်။

ယခုကတည်းက မောင်နှမချစ် သူငယ်ချင်းချစ်ဖြင့် ချစ်ခဲ့ရသော သားလေးနှင့်ရွှန်းတို့ နှစ်ယောက်တည်း ဤကမ္ဘာလောကကြီး၌ ရှိသည်ဟူသော ခံယူချက်ဖြင့် လည်ပတ်ချင်သည်။

ငယ်ငယ်ကတည်းက သူတို့ ပတ်ဝန်းကျင်တို့ မှုခဲ့သည်မှ မဟုတ်တာ။

မိုးရွာခြင်းကိုလည်း အဆောင်းမပါဘဲ အံတုကာ ပျော်ပျော်ပါးပါး ကစားခဲ့ဖူးသည်။

နေပူခြင်းကိုလည်း မစိုးရွံ့ဘဲ အတူလက်တွဲ ဆော့ကစားနေရလျှင် ကျေနပ်သည်။

ဆောင်းတွင်းနှင်းမှုန်ကြား၌ ချွေးသံတလုံးလုံးနှင့်အတူ ဆော့ကစားနေရလျှင် ထမင်းမေ့ ဟင်းမေ့။

ငယ်သူတို့၏ဘဝကို ပြန်လည်ရယူချင်စမ်းပါဘိ။

စက်ဘီးကိုယ်စီ နင်းကာ ထွက်ခဲ့ကြသည်။

ရွှေမျက်မှန်ဘုရား၌ နောက်မှ ကပ်ပါလာသော ကားတစ်စီးသည် မိမိတို့စက်ဘီးကို ကျော်တက်ကာ ရပ်လိုက်သည်။

ရွှန်းလဲ့ရွှေရည် ရင်ထဲ ပျော်ရွှင်မှုလေး ဆိတ်သုဉ်းသွားသည်။ သို့သော် နန္ဒကျော်ခေါင်၏နှလုံးသားကို သိမြင်စာနာနားလည်စိတ်ကြောင့် စက်ဘီးကို ရပ်ကာ ဒေါက်ထောက်လိုက်သည်။

ဝသုန်ကျော်၏မျက်နှာ တည်ကာ ရှုသိုးသိုးဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးကို မရပ်ဘဲ. . .

"ငါ ဘုရားရှေ့မှာ စောင့်နေမယ်"

ဝသုန်ကျော် ရှောင်ထွက်သွားတာလား။ ရှောင်သွားခြင်းက အဓိပ္ပာယ်နှစ်ရပ်ရှိတယ်။ ချစ်သူချင်း ပြောစရာရှိ ပြောပါစေဟူသော သိတတ်နားလည်သည့် စာနာမှုဖြင့် ရှောင်ထွက်သွားခြင်းက တစ်နည်း၊ ချစ်သူချင်း တွေ့ဆုံမှုကို မကြည့်ရက် မမြင်ရက် မရှုဆိတ်နိုင်လွန်းသဖြင့် ရှောင်ထွက်သွားခြင်းက တစ်ရပ်။ ထိုနှစ်ရပ်အနက် ဘယ်အရာဖြစ်နိုင်သနည်းကိုတော့ ရွှန်းလဲ့ရွှေရည် ရုတ်တရက် မခွဲခြားတတ်ပါ။

နန္ဒကျော်ခေါင်က ကားပေါ်မှ ဆင်းလိုက်သည်။

"ရွှေရည် ဘာမှမဖြစ်ဘူးနော်"

သူ့မျက်နှာက စိုးရိမ်မှုအပြည့်နှင့် မေးလိုက်သည်။ မေးခွန်းက ဇော်မောင်တို့၏လက်ချက်ဖြစ်ကြောင်း သိရှိပြီးသားဖြစ်လိမ့်မည်။

"ဘာမှမဖြစ်ပါဘူး. . . သတင်းကလဲ မြန်လှချည်လား"

"တိုက်ကြီးရဲစခန်းဝင်းမှာ ကိုယ့်သူငယ်ချင်းတစ်ယောက်ရှိတယ်လေ၊ သူဖုန်းဆက်လို့ သိသိချင်း ကိုယ်လိုက်လာခဲ့တာ"

"ဟုတ်လား. . . ဘယ်တုန်းက ရောက်တာလဲ၊ ဘယ်မှာတည်းသလဲ"

မေးခွန်းနှစ်ခုကို ဆက်တိုက်ထုတ်လိုက်သည်။

"မနေ့ညက ရောက်တယ်"

အံ့သြခြင်းကြီးစွာဖြင့် ရွှန်းလဲ့ရွှေရည် နန္ဒကျော်ခေါင်ကို ကြည့်လိုက်သည်။ ချစ်သူအပေါ် စိုးရိမ်ကြီးစွာဖြင့် ရောက်ရှိလာ





သောနန္ဒကို ရွှန်းလဲ့ရွှေရည် ရင်ဝကို ဆီးကြိုမကာန်ရက်ပါ။

"ဟုတ်လား. . . ကျွန်မကို ဘာဖြစ်လို့ မဆက်သွယ်တာလဲ"

"ဆက်သွယ်ဖို့ အခွင့်အရေး မသာလို့ပါ၊ အဲ. . . တည်းတာက ဒီက ဆရာဝန်ကြီး ဦးကျော်ဝင်းအိမ်မှာ"

"ဟုတ်လား. . . မြတ်တို့ နေခဲ့တဲ့အိမ်ပဲ၊ လာလေ. . . ဘုရားဖူးရင်း စကားပြောရအောင်"

နန္ဒကျော်ခေါင်က ခေါင်းညိတ်လိုက်သည်။ ဦးဖိုးထူးအားကားကို ကားရပ်၍ ရသောနေရာ၌ ရပ်ရန် ပြောပြီး ရွှန်းလဲ့ရွှေရည်၏စက်ဘီးကို ယူတွန်းကာ ရွှေမျက်မှန် ဘုရားဝင်းအတွင်းသို့ ယှဉ်လျက် ဝင်ခဲ့ကြသည်။

"မေမေ့ကားက ရှေ့ကလေ၊ နောက်က ကျွန်မနဲ့သားလေးကား၊ ပစ္စည်းတွေက များတော့ မဆံ့ကြတော့ဘူးလေ၊ ဒါကြောင့် သားလေးကားနဲ့ ကျွန်မ လိုက်ရတာ၊ ဒါကို ရှေ့ကနေ မေမေတို့ကားက ကျွန်မတို့ကား ပါမလာတာနဲ့ ရပ်စောင့်တယ်၊ ကြာတာနဲ့ လှည့်အလာမှာ မေ့လဲနေတဲ့ သားလေးကိုပဲ တွေ့ပြီး ကျွန်မကို မတွေ့လို့ လိုက်လဲလိုက်၊ ရဲစခန်းလဲ ဝင်တိုင်နဲ့ မှော်ဘီနားမှာ ပြန်မိတယ်ဆိုပါတော့"

ရွှန်းလဲ့ရွှေရည်က စိုးရိမ်တကြီး လိုက်လာသော နန္ဒကို ကျေနပ်အောင် ရှင်းပြလိုက်သည်။ လိုက်ရကျိုးနပ်ပါစေ။ ချစ်နေသူအတွက် စိုးရိမ်တကြီးဖြစ်သော နန္ဒကို စာနာ နားလည်မိပါသည်။

"ရွှန်း"

သားလေးက ဘုရားကို ပုဆိန်ပေါက် ရှိခိုးပြီး ထလာသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ ပန်းကုံးတစ်ဝက်ကို သူ့လက်ထဲ ထည့်လိုက်သည်။

"နင်တို့ သွားချင်တဲ့ဆီ သွားလိုက်ကြ၊ ညနေလေးနာရီခွဲမှာ ဆုတောင်းပြည့်မှာ ငါစောင့်နေမယ်၊ သတိဝီရိယနဲ့လဲ သွားဦး"

ရွှန်းလဲ့ရွှေရည် ဘာမှပြန်မပြောနိုင်မီ သားလေး ထွက်သွားသည်။

ခရေကုံးတစ်ဝက်ကို သူ ယူဆောင်သွားသည်။ ရင်ထဲ၌ နွမ်းလျမောဟိုက်ကာ သောက,က ဆို့တက်လာသဖြင့် ငိုချင်စိတ်ဖြင့် ကြေကွဲရိပ်တို့က နှလုံးသားပြင်၌ ဖြစ်ပေါ်လာသည်။

ဘုရားစင်ရှေ့ ကြည့်လိုက်သောအခါ ခရေကုံးတစ်ကုံးကို တွေ့ရသည်။

နန္ဒကျော်ခေါင် ရင်ထဲ၌ နာကျင်လာသည်။ ညှိုးရိပ်ဆင်သွားသော ရွှန်းလဲ့ရွှေရည်၏မျက်လုံးများက သူမ၏နှလုံးသားကို ဖွင့်ပြနေသည်။

ငယ်ကျွမ်းပေါ်၌ ထားရှိသော မေတ္တာထုထည် ပမာဏသည် မသေးကြောင်း သိရသည်။

ရွှန်းလဲ့ရွှေရည် တဒင်္ဂအားဖြင့်တော့ နန္ဒကျော်ခေါင်ကို မေ့သွားသည်။ သားလေး တင်ထားသော ခရေကုံး၏နံဘေး၌ ယှဉ်တွဲကာ ခရေတစ်ကုံးကို သွားတင်လိုက်သည်။

ထို့နောက် နန္ဒကျော်ခေါင်နံဘေး၌ ကျုံ့ကျုံ့လေး ထိုင်ကာ ရှိခိုးလိုက်သည်။

ချစ်သူအပေါ် အပြစ်မယူရက်အောင် ချစ်တတ်သော နန္ဒကျော်ခေါင်အနေဖြင့် နာကျင်သော ရင်ဖြင့် ခွင့်လွှတ်စိတ်ကိုသာ





မွေးမြူသည်းခံလျက်. . .

"ဖြစ်လေရာဘဝ၌ ကိုယ်ကသာ ချစ်ရသောသူ မဖြစ်ပါရစေနဲ့ဘုရား"

ဟု ဆုတောင်းလိုက်မိလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၉)

ဝသုန်ကျော်အနေဖြင့် နောက်ဆုံးမျှော်လင့်ချက်တို့သည် သဲထဲရေသွန် ဖြစ်သွားရသည်။ ရွှန်းနဲ့အတူ ငယ်ဘဝက ပျော်ရွှင်မှုမျိုးကို ရယူပိုင်ဆိုင်ကာ ဘဝတစ်သက်တာအတွက် အမှတ်တရအဖြစ် သိမ်းဆည်းထားလိုသောဆန္ဒသည် ပျောက်ကွယ်သွားသည်။

သူ နောက်ဆုံးနှစ် စာမေးပွဲ ဖြေပြီးသည့်နေ့မှာပင် မြတ်အား လက်ထပ်ရန် ရည်စူးထားသည်။

အဘယ်ကြောင့်ဆိုသော် စိတ်ပြောင်းသွားမှာစိုး၍ဖြစ်သည်။ အပြစ်ကင်းစင်သော မြတ်အပေါ် သစ်စိမ်းချိုး မချိုးချင်ပါ။





နှစ်ဖက်မိဘတွေက ရွှန်းနှင့်သူ့အား စာမေးပွဲပြီးသည်နှင့် စီစဉ်ပေးကြလိမ့်မည်။ မိဘများ၏အစီအစဉ်ထက် သူ့နှလုံးသားအိမ်၌ တည်နေသော ရွှန်းကို လက်ခံနိုင်ခြင်း မခံနိုင်ခြင်းသည် သူ မသေချာ။

သို့သော်. . .

သူ့အနေဖြင့် ရွှန်းကို အသက်တမျှ ချစ်နေခြင်းပင်။

အသက်တမျှ ချစ်နေသူနှင့် အတူနေရဖို့အရေး၌ မိမိကြိုးပမ်းစရာ မလို။ မိဘတွေ အစီအစဉ်ကို မသိကျိုးကျွန်ပြုကာ မှိန်းနေလိုက်လျှင် ကိစ္စပြီးသွားမည်။ မိမိပယောဂ မပါခြင်းအတွက် မြတ်အား ထားခဲ့ခြင်းအပေါ်၌ လိပ်ပြာသန့်နိုင်မည်။

ဒါ ယောကျ်ားကောင်းအလုပ်လား။

သူ မသိတော့။

သူနဲ့မြတ်ကိစ္စ အသာထား. . .

ရွှန်းနဲ့နန္ဒကိစ္စကကော. . .

နန္ဒသည် ရွှန်းအား အတော်ချစ်သည်ဟု မြွေမြွေချင်း ခြေမြင်မိသည်။

ယခုပဲကြည့်. . . လိုက်လာပြီ။

ဘယ်လိုအနေအထားမျိုး အခက်အခဲမျိုး ရှိနေပါစေ။ ရွှန်းအတွက် ရွှန်းကို ရယူဖို့အတွက် နန္ဒမှာ စွန့်လွှတ်စွန့်စားရဲသောသတ္တိတွေ အပြည့်ရှိနေသည်။

ဝသုန်ကျော်သည် နှစ်ကိုပ်ရှစ်ဆူ ဆုတောင်းပြည့်ဘုရား၌ ငုတ်တုတ်ထိုင်စောင့်ရင်း အတွေးတို့က ယောက်ယက်ခတ်နေသည်။

ချိန်းထားသည့်အချိန်ထက် မိနစ်နှစ်ဆယ်ကို စွန်းသောလေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ တစ်ခါတည်းများ လိုက်ပြေးသွားကြပြီလား။

သူ့ရင်ထဲ မီးတောက်နေပြီ။

နှစ်ဆယ့်ငါးမိနစ်။ ရွှန်းတစ်ယောက်တည်း စက်ဘီးနင်းလာသည်။ သူ့ရင်ထဲမှ အလုံးကြီး ကျသွားသည်။

အချစ်နှင့်စစ်၌ တရားသည် မတရားသည် မရှိဘူး။ သူဘာကို ငဲ့ကွက်ရမည်နည်း။ ဘယ်သူ့ကိုပဲ ငဲ့ကွက်စရာ လိုသနည်း။ ရယူပိုင်ဆိုင်ခြင်းသာ အဓိက မဟုတ်လား။

"စောင့်နေတာ ကြာပြီလား သားလေး"

"နင်တို့ ဘယ်လျှောက်သွားနေတာလဲ"

"ရွှေနတ်တောင်"

"ဪ. ."

ချစ်သူတွေ တွေ့ဆုံကြသည်ပဲ၊ ရွှေနတ်တောင်လို မြို့နှင့် လေးမိုင်အကွာမှာ ရှိသော ဘုရားသို့သာ သွားရောက်ဖူးမြော်ပြီး အေးအေးဆေးဆေး စကားပြောကြမည်ပေါ့။ ဘယ်မြို့ထဲ၌ လှည့်ပတ်နေမည်နည်း။

ဝသုန်ကျော် စကားမပြောဘဲ စက်ဘီးကိုသာ နင်းလိုက်သည်။

ရွှန်းလဲ့ရွှေရည် သားလေး၏မျက်နှာ မကောင်းမှုကို သိပါသည်။ ဘယ်လိုဖြေရှင်းရမှန်း မသိ။ စက်ဘီးကို အမီလိုက်နင်းရင်း

"သားလေး"

"ဘာလဲ"

"နင်နဲ့ငါ စကားပြောချင်သေးတယ်၊ ရွှေတောင်ဆည်ဘက် ဆက်နင်းသွားမယ်ဟာ"





"ဘာလဲ. . . နင့်အကောင်အကြောင်းလား"

"နင်ကလဲဟာ. . . နန္ဒဟာ နင့်ရန်သူ မဟုတ်ပါဘူး"

ရွှန်းလဲ့ရွှေရည်အနေဖြင့် သားလေး ပြီးလျှင် အရင်းနှီးဆုံး ပေါင်းသင်းခဲ့သည့် ယောကျ်ားလေးမှာ နန္ဒသာဖြစ်သည်။ နန္ဒ၏ စိတ်ရင်းသဘောထားနှင့် အချစ်စွမ်းအားကိုလည်း သိထားပြီး ဖြစ်သဖြင့် နန္ဒဘက်က အကာအကွယ်ပြုချင်သည်။ ဒါလည်း အမှန်တရားဖြစ်သည်။

"ရန်သူမဟုတ်လို့ ခက်နေတာပေါ့၊ ရန်သူဆို စိန်ခေါ်ပြီး အပြတ်ဖိုက်ပစ်လိုက်ချင်တယ်"

"ဘာဖြစ်လို့လဲ"

"နင့်အနားမှာ ရှိနေလို့ပေါ့"

ဝသုန်ကျော်က မထူးတော့ပြီဖြစ်၍ ဖွင့်ဟလိုက်သည်။ အမှန်တကယ်လည်း ရွှန်း၏အနားတွင် ရှိသော နန္ဒကျော်ခေါင်အပေါ် မနာလိုမုန်းတီးစိတ်က ရင်ထဲ၌ အပြည့်ရှိသည်။ သို့သော် ရွှန်းလဲ့ရွှေရည်၏ စိတ်ချမ်းသာမှုကို မဖျက်ဆီးလိုပါ။ ပြီးတော့ နန္ဒကျော်ခေါင်သည် အပြစ်မရှိ။ မိဘဆွေမျိုးအသိုက်အဝန်းအနေနှင့်ရော ကိုယ်ပိုင်အရည်အချင်းအနေနဲ့ရော ဘာမှ ဆိုဖွယ်ရာ မရှိ။

ယခင် မိန်းကလေးများနှင့် တတွဲတွဲ ရှိသည်ကလည်း မိန်းကလေးများက လိုက်လျှောခြင်းဟု ဖိုးမောင်က ပြောပြခဲ့သဖြင့် နန္ဒကျော်ခေါင်နှင့် ပတ်သက်၍ အပြစ်တို့သည် မြူမျှပင် မရှိတော့။

သည်တော့ ရွှန်းအတွက် ဝမ်းသာရမည်လား ဝမ်းနည်းရမည်လား မသိအောင် ဖြစ်သွားခဲ့သည်။ ရွှန်း၏စကားတစ်ခွန်းကြောင့် ရွှန်းအပေါ် နာကြည်းကာ ဥပေက္ခာပြုထားသည့်ကြားက



www.burmeseclassic.com

www.burmeseclassic.com

ရွှန်းအပါး၌ နန္ဒ ရှိနေခြင်းကို စိတ်ချလက်ချ ဖြစ်သွားခဲ့သည်မှာ အမှန်ပင်။

"ဟဲ့. . . ကလေးတွေ ဘယ်လဲ"

"မလာသေးဘူး ဘွားဘွား၊ ဆည်ဘက် သွားမလို့"

"မိုးတွေ ညို့လို့"

ရွှန်း၏အဘွားက လှမ်းအော်၍ မေးနေသေးသည်။

"ပန်းတွေကော"

"နင်လှူခဲ့တဲ့ ဘုရားတိုင်းမှာ ငါလိုက်လှူခဲ့တယ်"

"နန္ဒက ဘာမှမပြောဘူးလား"

"မပြောပါဘူး. . . နန္ဒက နားလည်မှု အပြည့်ရှိတယ်"

"နင်က အထင်ကြီးတယ်ပေါ့"

"ဟုတ်တယ်. . . အထင်ကြီးလို့ သူ့အချစ်ကို ငါလက်ခံခဲ့တာပေါ့"

ရွှန်းလဲ့ရွှေရည် နန္ဒနှင့် မိမိအကြောင်းရင်းမှန်ကို သားလေးအား ဖွင့်ပြောရန် သင့်မသင့် စဉ်းစားလိုက်သည်။ သို့သော် မြတ်ပန်းပွင့်ဖြူ၏ ရွှေတောင်လိုက်လည်စဉ် မိမိအား ငိုရှိုက်ကာ ရင်ဖွင့်သွားခဲ့သည့်စကားကို ကြားတိုင်း တွန့်ဆုတ်ခဲ့ရသည်။

"ရွှန်းရယ်. . . မြတ်လေ မောင့်ကို သိပ်ချစ်တာ၊ မောင်နဲ့သာ လွဲခဲ့ရင် မြတ်ဘဝဟာ မတွေးဝံ့အောင်ပဲ၊ သေချင်လဲ သေနိုင်တယ်၊ မသေရင်လဲ ရူးသွပ်သွားနိုင်တယ်၊ တစ်ခုခုတော့ ဖြစ်မှာကျိန်းသေတယ်၊ မြတ်ဟာလေ... ပိတောက်ပန်းကိုမှ နှစ်ခြိုက်တတ်သလို တစ်သက်မှာ တစ်ခါပဲ ချစ်ခဲ့တဲ့ မောင်ကလွဲရင် အစားထိုးချစ်နိုင်မယ့်မိန်းမမျိုးလဲ မဟုတ်ပါဘူး"





"ရွှန်း"

"ဘာလဲ"

"နင် ဘာတွေ စဉ်းစားနေတာလဲ၊ ငါမေးတာ ဖြေလေ"

"ဟင်. . . နင် ဘာမေးလိုက်တယ်"

"နင်နဲ့နန္ဒ ဘယ်တော့ ယူမှာလဲလို့"

အဲဒီအတွက် မတိုင်ပင်ရသေးဘူး"

"ဘာ"

ချစ်သူတွေမှ မဟုတ်ကြဘဲ၊ ဘယ်တိုင်ပင်လို့ ဖြစ်ပါ့မလဲဟု ပြောလိုက်ချင်သည်။ သို့သော်. . . .

"နင်ကလဲ. . . အလကားနေရင်း ဒေါသကြီးနေတယ်၊ ငါတို့ တကယ်မတိုင်ပင်ရသေးဘူး၊ ယောကျ်ားယူတယ်ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်ဘဲ၊ အဲ. . . ရည်းစားထားတာတော့ လွယ်လို့ ငါထားလိုက်မိပြီ၊ ယူဖို့တော့ ငါအချိန်ယူဦးမှာပေါ့"

"နင် စကားကို အဲဒီလို ပေါ့ပျက်ပျက် မပြောနဲ့ ရွှန်း၊ ရည်းစားထားတာကို ကလေးကစားစရာလို သဘောထားလို့ရတာ မဟုတ်ဘူး"

"ငါသိတယ်"

ရွှေတောင်ဆည်နား ရောက်သဖြင့် စက်ဘီးများကို ထားခဲ့ပြီး ဆည်ပေါ်၌ လမ်းလျှောက်ရင်း စကားဆက်ကြသည်။ ကန်ရေပြင်ကို ဖြတ်သန်းတိုက်ခိုက်လာသော လေအေးအေးလေးသည် သူတို့၏အပူလှိုင်းထန်နေသော နှလုံးသားကို အေးငြိမ်းအောင် မစွမ်းဆောင်နိုင်ပါချေ။

"ရွှန်း. . . ငါ နင့်ကို မေးစရာစကားတွေ ရှိတယ်၊ ဒါပေ


www.burmeseclassic.com

www.burmeseclassic.com


မယ့် ငါ့ရင်ထဲမှာ မဆန့်တော့တဲ့စကားတွေဟာ နင့်ကို ငါ မပြောပြတတ်သလို ပြောလို့လဲ မထွက်ဘူး”

ရွှန်းလဲ့ရည် နားလည်ပါသည်။ သားလေး၏နှလုံးသားကို သိမြင်ပြီး ဖြစ်နေ၍ သားလေး၏နှလုံးသားစကားကို နားလည်သည်။

“ငါဟာ ဆုံးဖြတ်ချက် မြန်တဲ့သူတစ်ယောက်အဖြစ် မြတ်ကို ချစ်တယ်ထင်ပြီး သူငယ်ချင်းတွေနဲ့အပြိုင် လိုက်ခဲ့ကြတာ၊ ငါက. . . မြတ်အချစ်ကို ရခဲ့တာကိုပဲ ဂုဏ်ယူစရာတစ်ရပ်အနေနဲ့ ငါက ဂုဏ်ယူခဲ့သေးတယ်၊ ဒါပေမယ့် အဲဒါ မှားယွင်းသွားပြီးဆိုတာ ငါသိလိုက်ရတဲ့အချိန်ဟာ ဘယ်အချိန်လဲ သိလား”

“မြတ်သိရင် စိတ်မကောင်း ဖြစ်သွားဦးမယ်၊ သူ့မှာ နှလုံးအားနည်းတဲ့ရောဂါ ရှိတာ နင်သိရဲ့လား”

“ဟုတ်လား. . . ငါမသိပါလား၊ မြတ်ကလဲ ငါ့ကို မပြောဖူးပါဘူး”

“ကြီးစိမ်းက မြတ်ကွယ်ရာမှာ ငါ့ကို ပြောပြတာ၊ သူ စိတ်ချမ်းသာနေရင် ရောဂါက ဘာမှမဖြစ်ဘူး၊ သူ့အဖေတွေက နိုင်ငံခြားမှာ ငါးနှစ်အလုပ်သွားလုပ်တာတောင် သူ မလိုက်ဘူးဆိုလို့ သူ့အလိုလိုက်ပြီး ထားခဲ့တာသာ ကြည့်လေ၊ စိတ်ချရတဲ့ သမားတော်နဲ့ အပ်ပြီး ထွက်သွားတာ၊ သူတို့ ရှာဖွေသမျှဟာ သူ့သမီးအတွက် စိတ်ချမ်းသာစေရေးနဲ့ နောက်ကြောင်းအေးဖို့အတွက်ပဲ၊ ဒါတွေ နင့်ကို မြတ်က ပြောမပြဘူးလား”

“မြတ်က အေးတယ်၊ သူပြောတတ်တာ ငါ့ကို သူ ဘယ်လောက် ချစ်တယ်ဆိုတာပဲ”



ဝသုန်ကျော်စိတ်ထဲ မြတ်ကို အသနားပိုသွားရပြန်သည်၊ ရွှန်းလဲ့ရွှေရည်ကလည်း မြတ်၏ တစ်ဖက်သတ် ကြိုးပမ်းမှု၌ တစ်ကိုယ်ကောင်းဆန်သူ မဟုတ်ဘူးဟု ပိုမိုသိမြင်ကာ သနားရသည်၊ အချစ်ကို ရယူလိုမှုတွင် နည်းမျိုးစုံနှင့် ကြိုးပမ်းမှု ရှိကြသည်။ မြတ်ကတော့ ဇချစ်ဖြင့်သာ သားလေး၏အချစ်ကို ရယူထားသည်။

“သားလေးက မြတ်ကို မချစ်ဘူးလား”

“မြတ်မှာ အပြစ်မရှိဘူး”

ရွှန်းလဲ့ရွှေရည် သားလေးအပေါ် မကျေမချမ်းဖြစ်သွားသည်။

“ဘာလဲ. . . နင်က မြတ်အပေါ် ဝံ့ပုလွှေလို အပြစ်ရှာနည်းနဲ့ ရှာဖို့ စဉ်းစားသေးတယ်ပေါ့”

“ငါ အဲဒီလောက် မယုတ်ညံ့ဘူး”

“ဒါဖြင့် နင်ဘာဖြစ်နေတာလဲ”

“ငါ တွေဝေနေတာ၊ အချစ်ဆိုတဲ့အရာဟာ ဒီလောက်အထိ ဘဝကိုပါ စိုးမိုးခြယ်လှယ်နိုင်လိမ့်မယ်မှန်း ငါ မသိခဲ့ဘူး”

“လူပဲဟာ. . . လူဆိုတာ တန်ဖိုးရှိအောင် နေတတ်မှ လူပီသတာ၊ ကိုယ်စိတ်ချမ်းသာမှုအတွက် သူတစ်ပါးအကျိုး ထိခိုက်နစ်နာပျက်စီးသွားမယ်ဆိုရင်လဲ ကောင်းပါ့မလား. . . လူပီသနိုင်ပါဦးမလား”

ရွှန်းလဲ့ရွှေရည် စကားတို့သည် ဝသုန်ကျော်၏ရင်တွင်း စကားတို့ ပေါ်ထွက်မလာစေရေးအတွက် ဟန့်တားလိုက်သကဲ့သို့ ဖြစ်သည်။

“ယောကျ်ားဆိုတာ ပိုပြီး ကိုယ်ကျိုးစွန့်နိုင်ရမယ်ဆိုတာ


www.burmeseclassic.com

www.burmeseclassic.com



ငါနားလည်ပါတယ်၊ ပြီးတော့ စကားတည်ရတယ်၊ နှလုံးသားကို လိမ်ညာတဲ့စကား ဖြစ်ပါစေ၊ တစ်ဖက်သူ အကျိုးမယုတ်စေဖို့ တည်အောင် ထိန်းသိမ်းရမယ်လို့ ငါထင်ပါတယ်"

"သားလေး. . . ရှင်းရှင်းအတိုင်း ပြောကြရအောင်ဟာ၊ နင်နဲ့ငါ နှစ်ယောက်တည်းပဲ ပွင့်ပွင့်လင်းလင်းပေါ့ဟာ၊ မလိမ်မညာကြေး ငါတို့ ပြောကြမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါတို့မှာ တစ်စုံတစ်ခုအတွက်. . အဲ. . သစ္စာတရားအတွက် ထိန်းချုပ်ပြီး စကားပြောနေရတာ ပင်ပန်းလှပါတယ်၊ ပြောပြီးသွားတဲ့စကားတွေအတွက်လဲ ဒီနေရာမှာပဲ မြှုပ်နှံလိုက်တော့မယ်"

ရွှန်းလဲ့ရွှေရည် ဆက်လက်သည်းမခံနိုင်တော့။ ဟန်ဆောင်မှု၊ ဖုံးကွယ်မှုတို့အတွက် ရင်မှာ နာကျင်လေးလံလှပြီ။

ဝသုန်ကျော်လည်း ထိုနည်းတူစွာ ရှိလိမ့်မည်ဟု ရွှန်းလဲ့ရွှေရည် ယုံကြည်သည်။

သို့သော်. . .

"ဖွင့်ဟမပြောဘဲ သိကြရင် ပိုမကောင်းဘူးလား ရွှန်း"

သားလေးက အေးဆေးစွာ ပြောလိုက်သည်။ ယောကျ်ားများသည် မိန်းမများထက် ပို၍ခံနိုင်ရည်ရှိသည်ဟု ရွှန်းလဲ့ရွှေရည် ကောက်ချက်ချရမလို ဖြစ်နေသည်။

သို့သော်. . .

"အဲ့ပုန်းအပူကို ရင်မှာ သိမ်းဆည်းထားသူတစ်ယောက်အတွက် နှလုံးသားကို စူးနေတဲ့ ဆူးတစ်ချောင်းကို သိမ်းဆည်းထားခြင်းနဲ့ တူမနေနိုင်ဘူးလား သားလေးရယ်"

ရွှန်းလဲ့ရွှေရည်အတွက် သိပ်ကို ကြိုးစားရမည်။ မိန်းမသား





ဖြစ်နေသော မိမိဘက်က စတင်ဖွင့်ဟ ကြေညာနိုင်ဖို့ရာ ခက်ခဲပါသည်။

"ရွှန်း. . . နင် ဘာကို ဆိုလိုသလဲဆိုတာ ငါနားလည်သလို နင့်ကို ဘာကြောင့် ငါ့ရင်ထဲက စကားတွေကို ထုတ်ဟ မပြောလိုက်သလဲဆိုတာကို နင် နားလည်လိုက်စမ်းပါ မိရွှန်းရယ်"

သားလေးက ရွှန်းလဲ့ရွှေရည်၏မျက်ဝန်းကို စိုက်ကြည့်လိုက်သည်။

ရွှန်းလဲ့ရွှေရည်၏မျက်ဝန်း၌ သောကပွင့်တွေ ကြွေလွင့်လာသည်။

ထိုအချိန်၌ မိုးစက်မိုးပေါက်တို့သည် တိမ်ယံထက်က ခုန်ပေါက်ဆင်းကာ ကမ္ဘာမြေကြီးကို မိုးဥတု၏သဏ္ဍာန်သရုပ် ပီပြင်စေရေးကို အားသွန်ကြိုးပမ်းလာလေပြီ။

ဝသုန်ကျော်သည် ကန်ပေါင်တွင် ထိုင်နေရာမှ ထလိုက်သည်။ ရွှန်းလဲ့ရွှေရည်က မထသေး။

ဝသုန်ကျော်က လက်ကမ်းလိုက်သည်။

ရွှန်းလဲ့ရွှေရည်က မော့ကြည့်သည်။ နှလုံးသား တိမ်ညို့မည်းကြောင့် သောက မိုးရည်မိုးပေါက်တို့က မျက်ဝန်းတစ်ဝိုက်ရွာသွန်းနေလေပြီ။

"ရွှန်း"

". . . . . . . ."

ဝသုန်ကျော် ငယ်ကျွမ်းချစ်သူလေးကို ဖြေသာစေနိုင်သော စကားတစ်ခွန်းဖြင့် နှစ်သိမ့်ချင်ပါသည်။ ထိုစကားတစ်ခွန်းကြောင့် ချစ်သူမြတ်အပေါ် သစ္စာမဲ့ရာ ကျရောက်မည်ဆိုပါကလည်း သစ္စာ



www.burmeseclassic.com

www.burmeseclassic.com



တော် စူးချင်စူးပါစေတော့၊ ရွှန်းအတွက် သူ. . .

"ရွှန်း. . . လောကကြီးမှာ ချစ်တိုင်းလဲ မညားကြသူတွေ အများကြီး ရှိတယ်ဆိုတာကို အဖော်ညှိပြီး ဖြေသာအောင် နေလိုက်ပါ။ ကိုယ်ရွေးချယ်ထားပြီးသားလမ်းအတွက် ကိုယ်ပဲ လျှောက်တတ်အောင် လျှောက်လိုက်ပါနော်၊ ငါလေ. . ငါ. . နင့်ကို"

သားလေး၏မျက်ဝန်း၌ သောကမိုး ရွာသွန်းခြင်း ရှိမရှိကို ရွှန်းလဲ့ရွှေရည် ကွဲကွဲပြားပြား မမြင်တွေ့ပါ။ သဲသဲမဲမဲမိုးက သူတို့၏ သောကမိုးရည်မိုးစက်တို့ကို ဖုံးကွယ်ပေးရန် ကြိုးပမ်းနေကြသည်။

"ရွှန်း"

သားလေးက အိတ်ကပ်ထဲမှ ခရေကုံးလေးကို ထုတ်ယူလိုက်သည်။

"ငါ့နှလုံးသားနဲ့ အနီးကပ်ဆုံးမှာ ရှိနေတဲ့ခရေကုံးလေးလေ၊ ငါ့နှလုံးသားငွေ့ကို သူ ခိုလှုံထားတယ်၊ သူက နင့်ကို ငါ့ကိုယ်စား ပြောပြလိမ့်မယ်၊ ဒါပေမယ့် သူပြောပြတာတွေဟာ နင့်ကို ရယူပိုင်ဆိုင်လိုမှုအတွက် ငါ့ရဲ့သွေးဆောင်မှု မဟုတ်ပါဘူး၊ နင့်ကို သူ ကဗျာတစ်ပုဒ်ပဲ ရွတ်ပြမှာပါ"

"သားလေးရယ်"

ပြောလိုက်ပါလား သားလေးရယ်။ နင့်ကို ငါသိပ်ချစ်တယ်လို့လေ။ ဒါမှ ငါလည်း "နင့်ကို ငါသိပ်ချစ်တာပဲ၊ ငါလေ. . နန္ဒရဲ့ ချစ်သူ မဟုတ်ဘူး၊ မြတ် ငါနဲ့နင့်အပေါ် သံသယ ကင်းစေဖို့အတွက် နင် မြတ်ကို ချစ်နေခဲ့ရင်လည်း ငါ့ကို ငဲ့ကွက်မှု မရှိစေဖို့အတွက် ငါ နန္ဒကို ချစ်သူအဖြစ် ဟန်ဆောင်တွဲခဲ့တာပါ သားလေးရယ်" ဟု ဖွင့်ပြောဖြစ်ချင် ပြောဖြစ်လိမ့်မည်။





ယခုတော့. . .

သားလေးသည် ငယ်စဉ်ကလို ဘယ်အချိန်က ယူလာမှန်းမသိသော ကလစ်နှင့် ခရေကုံးလေးကို သူ၏တိုနန့်နန့်ဆံပင်လေး၌ ပန်ဆင်ပေးလိုက်သည်။

"ရွှန်း"

လက်ချင်း တွဲကာ ဆည်ပေါင်ပေါ် လျှောက်လာရင်း သားလေးက ခေါ်လိုက်သည်။

"သားလေး"

"နင် ကြားရဲ့လား"

"ဘာလဲ"

"ခရေကုံးလေးက ဦးရဲဒင်ရဲ့ကစားရွှယ် ဆိုတဲ့ကဗျာလေးကို ရွတ်ပြနေတယ်"

"သားလေးရယ်"

ရွှန်းလဲ့ရွှေရည်သည် ဝသုန်ကျော်၏လက်ကို ပြန်လည်ဖျစ်ညှစ်လိုက်သည်။ ဤကဗျာလေးကို ရွှန်းလဲ့ရွှေရည် သိပ်သိသည်။ သားလေးကလည်း သိနေသည်ဆိုတော့ "ချစ်တယ်" ဟူသောစကားထက် ပို၍လေးနက်ခြင်းကို ဆောင်ပေသည်ဟု. . .။

"ငါ နင့်ကို ကျေနပ်ပါတယ်"

"ငါလဲ ကျေနပ်ပါတယ်၊ ဘယ်ဘဝရောက်ရောက် ငါ့တို့ဟာ သူငယ်ချင်းချစ် မောင်နှမချစ်မျိုးနဲ့ တစ်ဦးအခက်အခဲ တစ်ဦးဖြေရှင်းပေးကြစတမ်းနော်"

"အင်း"

မျက်ရည်ကြားက ပြိုင်တူပြုံးလိုက်ကြသည်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးကိုယ်စီနင်းကာ ငယ်ကတည်းက ပြေးလွှားဆော့ကစားခဲ့ကြသော နေရာဟောင်းလေး ဟူသမျှကို နှုတ်ဆက်လိုက်ကြသည်။

လယ်ကွင်းကို ဖြတ်သန်းတိုက်ခိုက်လာသော လေနှင့်အတူ မိုးစက်တို့၏ထိမှန်မှုကို ဥပေက္ခာပြုလျက်။ ရွှန်းလဲ့ရွှေရည် နှလုံးအိမ်နှင့် သားလေး၏နှလုံးအိမ်မှ ရေရွတ်ပြသော ကဗျာလေးကို နားဆင်လျက်. . .။

ရွှေစည်းခုံ သုံးအိမ်နှောပါလို့
မယ်ရောပ မောင်နဲ့ကွယ်
ကြောက်ခမန်း ညောင်နန်းဖဝေလေဝေပ
အထွေထွေ တစ္ဆေကို မေးပါလို့
ပြောတဲ့အရွယ်
အင်းမနေ၊ မြေမနင်းရယ်နဲ့
ဓါးကြီးခေါက်ရင်း၊ တုတ်ပီတ်တယ်
စိတ်လှုပ်မယ်လို့ မကြံရစ်
လသာသာ ညအခါမှာ ဖန်တို့လို့
တန်တို့နော် မဆိုရပါဘူး
ကစားရှယ် ငယ်ကတည်းက
ခွဲတဲ့အချစ်။







# အခန်း (၃၀)

"ဟဲလို"

"မောင်"

မြတ်ပန်းပွင့်ဖြူ ငိုရှိုက်ရင်း ထူးလိုက်သံကို ကြားလိုက်ရသဖြင့် ဝသုန်ကျော် စိုးရိမ်သွားသည်။

"မြတ်. . . မြတ် ဘာဖြစ်လို့လဲ"

". . . . ."

"မြတ်"

"မောင်ဝသုန် . . ကြီးစိမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"မြတ်. . မြတ်ဘာဖြစ်လို့လဲ"

ကြီးစိမ်းပါ ငိုသံပါနေသည်။ တစ်စုံတစ်ခုတော့ ဖြစ်ပြီ

ဝသုန်ကျော် သိလိုက်ရသည်။

"မင်းအလျှုက ဘယ်နေ့လဲ"

"မနက်ဖြန်လေ"

"ပြီးပြီးချင်း ပြန်လာခဲ့ပါလား သားရယ်"

"ကြီးစိမ်း တစ်ခုခု ဖြစ်နေပြီထင်တယ်၊ ကျွန်တော့်ကို ပြော

ပါ"

ဝသုန်ကျော် ရင်၌ ပူလောင်လှပြီ။

"မြတ်. . မြတ်တို့ မိဘနှစ်ပါးစလုံး စီးလာတဲ့လေယာ

ပျက်ကျပြီး မီးလောင်ပေါက်ကွဲလို့"

"ဗျာ. . . ဟာ"

ကြီးစိမ်း ဆက်မပြောနိုင်ဘဲ ငိုရှိုက်ပြီး ဖုန်းချလိုက်သည်

"သားလေးရေ. . . ပြန်ရအောင်"

မေမေ့အသံက ပေါ်ထွက်လာသည်။ ဟန်မပျက်စေ

မျက်နှာကို ပြင်လိုက်သည်။ ဖုန်းချလိုက်ပြီး. . .

"ဟုတ်ကဲ့ မေမေ"

ပြည်ရှိ ရွှန်းလဲ့ရွှေရည်တို့ အစ်ကိုအိမ်မှ သားအမိ နှ

ယောက် ပြန်ခဲ့ကြသည်။

"သားလေး"

"ဗျာ. . . မေမေ"

"မေမေလဲ သားလေးကို မေးမယ်. . မေးမယ်နဲ့ မမေး

ဘူး"





ဝသုန်ကျော် မြတ်ထံ ရောက်နေသောစိတ်ကို ရုပ်သိမ်း၍ မရသေး။ မိခင် မရိပ်မိစေရေးအတွက် အလိုက်သင့် ဖြေနေရသည်။

"ဘာများလဲ မေမေ"

"ဩော်. . . သားလေးလေးနဲ့ အန်တီငယ်တို့ အိမ်ထောင်ရေးကို ကြည့်စမ်း"

ဝသုန်ကျော် လေးလေး၏ကိုယ်စား မေမေ့အား ရင်ဖွင့်ပြခဲ့သဖြင့် မေမေက သူ့ညီမ အန်တီငယ်ကို ခေါ်ကာ ရှင်းပြဆုံးမခဲ့သည်။ အန်တီငယ် နားဝင်ကာ လေးလေးလိုချင်သော သားသမီးကို ယူပေးခဲ့ရာ ယခု သမီးလေးပင် နားထွင်းမင်္ဂလာ လုပ်တော့မည်။ နောက်ထပ်သားတစ်ယောက်က အခါလည်ကျော်နှင့် အိမ်ထောင်ရေး သိပ်ကို ချမ်းမြေ့စရာကောင်းခဲ့သည်ကို အတူနေသော ဝသုန်ကျော်သာ အသိဆုံးဖြစ်သည်။

"ဘယ်လောက် သာယာသလဲဆိုတော့"

"ဟုတ်ကဲ့. . . သားသိပါတယ်"

"ဒါတောင် သူတို့နှစ်ဦးဟာ သိကြမြင်ဖူးကြတာ မဟုတ်ဘူးနော်၊ မိဘပေးစားလို့ ယူခဲ့ကြတာ"

"ဘာများလဲလို့. . . သားသိပါတယ် မေမေရဲ့"

"သားသိရင် သား ဆင်ခြင်နိုင်ရမယ်၊ မိဘ သဘောတူသူ သူရင် မိဘတွေရဲ့ဖေးမမှုနဲ့ သားတို့ရဲ့အိမ်ထောင်ရေးဟာ အဆင်ပြေပြီး ချမ်းမြေ့မှုကို အမြဲရလိမ့်မယ်လို့ သား မယုံကြည်ဘူးလား"

ဝသုန်ကျော် မိခင် ဘာကိုဆိုလိုသနည်း ဆိုသည်ကို သဘောပေါက်ပါသည်။ သို့သော် အလိုက်သင့်ပင်. . .

"ယုံကြည်ပါတယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"ယုံကြည်ရင် သားနဲ့ရွှန်း လက်ထပ်ရမယ်"

"ဗျာ"

ဝသုန်ကျော် စိတ်လှုပ်ရှားမှုကို ငြိမ်သက်စေရန် မနည်းကြိုးပမ်းလိုက်ပြီး. . .

"ဘယ်တော့လဲ မေမေ"

"အခုပဲ"

"ဗျာ. . ."

ဝသုန်ကျော် ကားကို ထိုးရပ်လိုက်သည်။

"မေမေ့ကို ရန်မူတဲ့အကြည့်နဲ့ မကြည့်နဲ့စမ်း သားလေး မင်းနဲ့မြတ်ပန်းပွင့်ဖြူ ရွှန်းနဲ့နန္ဒ အသီးသီး ရည်းစားဖြစ်နေကြတာ မေမေတို့ သိတယ်၊ တမင် မသိဟန်ပြုပြီး ကြိုးရှည်ရှည်နဲ့ လှန်ထားကြတာ"

ဝသုန်ကျော် ကားကို ပြန်မောင်းလိုက်သည်။

"မနေ့ကပဲ နန္ဒ လိုက်လာပြီး ရွှန်းနဲ့နန္ဒနဲ့ တွေ့ကြတယ် မင်းက ရှောင်ပေးတယ်၊ ဒါတွေ ငါတို့ သတင်းရထားပြီးသား ရွှေတောင်မှာ ဘယ်နေရာမှာ အပ်ကျတယ်ဆိုတာကအစ ငါတို့ သိပြီးသား"

"ရွှန်းက သားကို လက်ခံနိုင်ပါ့မလား"

"ဒါ မင်းအလုပ် မဟုတ်ဘူး သားလေး၊ ခုဆိုရင် မင်းရဲ့ အန်တီမေက ရွှန်းကို နားချပြီးလောက်ပြီ"

"အကျပ်ကိုင်တာပါ"

"ဘာ. . အေး. . မင်းတို့ ထင်ချင်သလိုထင်၊ မင်းသာ ငါ့ စကား နားမထောင်ဘူးဆိုရင် ငါ ကားပေါ်က ခုန်ချဖို့ ဝန်မလေး





ဘူး"

"သားကို ငရဲမပေးပါနဲ့"

ပွဲကြမ်းနေပြီဆိုတော့ ဝသုန်ကျော် စိတ်လျှော့လိုက်မှ ဖြစ်မည်ကို နားလည်သည်။

"ငရဲတွေ ကြီးမှာ ကြောက်ရင် မိဘစိတ်ဆင်းရဲအောင် မလုပ်ပါနဲ့"

"ဟုတ်ကဲ့. . . မေမေတို့က သက်သက်အစိုးရိမ်ကြီးနေတာ၊ သားအနေနဲ့က ရွှန်းကို ငယ်ငယ်ကတည်းက အမြွှာမောင်နှမလို ချစ်ခဲ့ကြတာပဲ၊ ရွှန်းနဲ့ မလွှဲမရှောင်သာလို့ ယူလိုက်ရတယ်ဆိုရင်တောင် မြတ်အပေါ် သစ္စာသွေဖည်ရာ မရောက်တော့ဘူးပေါ့၊ ကျေးဇူးတင်ပါတယ် မေမေ"

ဝသုန်ကျော်က စပ်ဖြဲဖြဲ လုပ်ကာ ပြောလိုက်သည်။ သူ၏မိခင် ဒေါ်ဝသုန် အံ့အားသင့်သွားသည်။ ဝသုန်ကျော်ထံမှ ထိုစကားမျိုး ကြားရလိမ့်မည်ဟု မျှော်လင့်မထားသောကြောင့် ဖြစ်သည်။

"ထင်တော့ ထင်သားပဲ၊ မင်းတို့အချင်းချင်းဟာ မောင်နှမလို ဖြစ်နေကြတော့ စကားအစရခက်ပြီး လမ်းကြောင်းတွေ လွဲကုန်ကြတာလို့"

"အသေအချာပဲ မေမေ၊ မေမေတို့က အခုလို အလိုက်သိတော့ သားလေးတို့ ထားခဲ့တဲ့ ချစ်သူအသီးသီးပေါ်မှာ သစ္စာဖောက်သူ ကတိမတည်သူ မဖြစ်နိုင်တော့ဘူးပေါ့နော် မေမေ. . . ဟုတ်လား"

ဝသုန်ကျော်က နားမလည်ဟန်ဖြင့် အယုံသွင်းလိုက်သည်။ ဒေါ်ဝသုန်အနေဖြင့် သားလေးနှင့်ရွှန်း သံယောဇဉ်နှောင်ကြိုးကို



www.burmeseclassic.com

www.burmeseclassic.com



သိရှိပြီးဖြစ်သဖြင့်. . .

"ဒါပေါ့. . . ဒီဇာတ်လမ်းမှာ နှစ်ဖက်မိဘတွေကပဲ လူကြမ်းပေါ့၊ မင်းတို့ကတော့ အလိမ္မာလေးတွေလေ"

"သား ပျော်လိုက်တာ မေမေရာ၊ သား ရွှန်းကို သိပ်ချစ်တာ"

ဝသုန်ကျော် စိတ်ထဲ ရှိသမျှကို ဖွင့်ဟလိုက်သည်။ ဒေါ်ဝသုန် ယုံကြည်သွားသည်။

"မေမေတို့က ကြိုတင်ကြံစည်မှုလား"

"ဟုတ်တယ်. . . မင်းတို့ကို ကျောင်းပြီးအောင် ထားရင် မင်းတို့ အသီးသီး လိုက်ပြေးသွားရင် ခက်မယ်၊ ဒါကြောင့် မဍ္ဍူတို့နဲ့ တိုင်ပင်ပြီး တိုးတိုးတိတ်တိတ် ကြိတ်စီစဉ်ထားခဲ့တာ၊ ကံကြီးလို့ ရွှန်းဟာ ဟိုလူယုတ်မာကောင်လက်ထဲ မရောက်တယ်"

ဇော်မောင့်လက်ထဲမှ ရွှန်းသည် သီသီကလေး လွတ်ခဲ့ရသည်။ ထိုစဉ်ကစ၍ သူသည် ရွှန်းကို စိတ်မချနိုင်တော့။ သို့သော်သူပြီးလျှင် စိတ်အချရဆုံးသူမှာ နန္ဒဖြစ်သည်ဟူတော့ သူယုံကြည်သည်။ ညောင်ဝိုင်းရပ်သို့ ဝင်လာသည်နှင့် သူ၏ရင်အစုံသည် မြင်းရိုင်းတစ်ကောင်လို ခုန်ပေါက်လာသည်။

"နှစ်ဖက်မိဘဆွေမျိုး အဘိုးအဘွားတွေနဲ့ ရှေ့နေရှေ့ရပ်၊ တရားသူကြီး၊ ရပ်ကွက်လူကြီးတွေပါ မဍ္ဍူတို့အိမ်မှာ အဆင်သင့်ဖြစ်နေကြပြီ"

"မေမေတို့ကတော့ နမူနာပါပဲဗျာလို့ စံတင်ရမလို ဖြစ်နေပြီ"

ဝသုန်ကျော် ဟန်မပျက် အပြုံးစွက်၍ ပြောလိုက်သည်။





မီးထိန်ထိန်လင်းနေသော အိမ်ကြီးနှစ်လုံးနှင့် ဆွေမျိုးစုတို့က ကျွတ်ကျွတ်ညံနေသည်။

"ဒုက္ခပါပဲ. . . ဘုန်းကြီးကျောင်းမှာ ညသွားမအိပ်ကြဘူးလား"

"သွားမှာပေါ့. . . ဒီကကိစ္စပြီးမှ"

"တော်ပါသေးရဲ့"

"သားလေးနော်. . သိပ်မကဲနဲ့၊ မနက်ဖြန် အလှူရှိတယ်၊ မင်းတို့အတွက်တော့ ဖိန်းနွှဲခါမှ နှစ်အိမ်စလုံးမှာ တစ်အိမ်မှာအရက်ဆွမ်း၊ တစ်အိမ်က နေ့ဆွမ်းကပ်ပြီး မင်္ဂလာဆွမ်းကျွေးမယ်၊ မင်းတို့ စာမေးပွဲပြီးမှ ဧည့်ခံပွဲ လုပ်မယ်"

"ဒါကြောင့် လက်ဦးဆရာ မည်ထိုက်စွာ ပုပ္ပာစရိယ မိနှင့်ဖလို့ ဆိုကြတာ ဖြစ်မယ်၊ မေမေတို့က လက်ဦးလို့လေ"

"ဒီကောင်လေးနော်. . . ပြောင်ချော်ချော်နဲ့"

"ဟာ. . . အချစ်ဆုံးလေးကို ရတော့မှာ မပျော်ဘဲ နေပါ့မလား"

ဝသုန်ကျော်က ခြောက်ကပ်စွာ ရယ်လိုက်သည်။

"ဒီကောင်လေး တော်တော်အူမြူးနေ၊ ငါ့နှယ် မနည်းစည်းရုံးရမလား အောက်မေ့တယ်"

"ချစ်တာကိုး မေမေရဲ့"

ဝသုန်ကျော်က မိခင်၏ပါးကို ရွှတ်ခနဲ နမ်းပြီး ကားရပ်ကာ ကားပေါ်မှ ဆင်းလိုက်သည်။

ဧည့်ခန်းအရောက်၌ နှစ်ဖက်မိဘ ဘိုးဘွားအစုံအလင်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှန်းလဲ့ရွှေရည်က မိခင်နှင့်ဖခင်ကြားတွင် ခေါင်းငုံ့ထိုင်လျက် အရာရာကို လက်မြှောက်အရှုံးပေးကာ အကျဉ်းအကျပ်ထဲ ရောက်နေရှာသည့်ဟန်။







## အခန်း(၃၁)

ရွှန်းလဲ့ရွှေရည် သားလေးအား အားကိုးတကြီး မော့ကြည့်လိုက်သည်။ သားလေးက ပြုံးပြသည်။ သားလေးအပြုံးက အားပေးသောအပြုံး၊ နှစ်သိမ့်သောအပြုံးဖြစ်သည်။

"လာ. . . သားလေး"

ရွှန်း၏မိခင် ဒေါ်မဥ္စူက သားလေး ထိုင်နိုင်ရန် သူမ၏နေရာ ထပေးလိုက်သည်။ အဆင်သင့် ပြင်ဆင်ပြီးသား စာချုပ်ကို ရွှန်း၏ခဲအိုရှေ့နေက သူတို့နှစ်ဦးရှေ့ ယူကာ လက်မှတ်ရေးထိုးခိုင်းသည်။

ဝသုန်ကျော် ကြည့်လိုက်သည်။ နှစ်ဖက်မိဘတွေအား သက်


www.burmeseclassic.com

www.burmeseclassic.com

သေအဖြစ် လက်မှတ်ထိုးပေးပြီးသားဖြစ်သည်။

ဝသုန်ကျော်က ခပ်ပြုံးပြုံးပင် စာချုပ်နှစ်စောင်စလုံး၌ လက်မှတ်အရင်ထိုးလိုက်သည်။ ပြီးတော့. . .

"ရော့. . . ရွှန်း ထိုးလိုက်"

ဖောင်တိန်ရော စာချုပ်ရော ကမ်းပေးလိုက်သည်။

ရွှန်းလဲ့ရွှေရည် ဘာမှနားမလည်။ သားလေး၏အကြံအစည် အဆုံးအဖြတ်ကို မည်ကဲ့သို့မှ မသိရှိနိုင်သေး။ သို့သော် မလှုံသာ မလွန်သာသော အခြေအနေ ဖြစ်သောကြောင့် ဘာမှ မမေးသာသေးဘဲ တုန်ယင်သောလက်ဖြင့် သတို့သမီးနေရာတွင် လက်မှတ်ရေးထိုးလိုက်သည်။

သူငယ်ချင်းများနှင့် အမျိုးများက လက်ခုပ်သြဘာတီးကာ သားလေးနဲ့ရွှန်း အိုအောင်မင်းအောင် ပေါင်းရပါစေဟု ဆုတောင်းကြသည်။

"ကိုင်း. . . ဖေဖေတို့ကို ကန်တော့ရအောင်"

ရွှန်းလဲ့ရွှေရည် သားလေးကို နားမလည်နိုင်တော့ချေ။ သားလေး၏မျက်နှာသည် တည်ငြိမ်ကာ သွက်သွက်လက်လက် ရှိသည်။ နှစ်ဖက်လူကြီးမိဘများကို ကန်တော့ပြီး အသင့်ပြင်ဆင်ထားသော ညစာစားပွဲကို စားစဉ်. . .

"ဒါနဲ့တင် မရဘူးနော်"

ဖိုးမောင် ပြောလိုက်သည်။ သားလေးက. . .

"အေးပါကွာ၊ လာ. . မင်းတို့အတွက် ပြင်ပေးပါ့မယ်၊ ဒါပေမယ့် မင်းသွားဝယ်ကွာ"

ဟု ဆိုကာ အိတ်ကပ်ကို စမ်းလိုက်သည်။





"အိမ်မှာ ဧည့်သည်တွေ ရှိတယ်လေ သားလေး"

"လုံလောက်ရဲ့လား. . . သား သွားကြည့်ပြီး ပြင်လိုက်ဦးမယ်၊ ပြီးရင် သောက်ချင်သူ အမျိုးသားများ ကြွခဲ့ပါလို့"

"ဒီကောင်"

ပျော်ရွှင်နေပုံရသော အရှက်မရှိသော သားဖြစ်သူကို ဖခင်က ကျေနပ်စွာ မြည်တမ်းလိုက်သည်။ မိဘတွေ ယခုမှ စိတ်အေးသွားကြသည်။ နှစ်အိမ်ထောင် ပေါင်းစည်းရေးအတွက် ကြိုးပမ်းမှုသည် သားလေးနဲ့ရွှန်းလက်ထက် ရောက်မှ အဆုံးသတ်သွားတော့သည်။

"သိပ်တော့ မသောက်ကြနဲ့ကွာ၊ မနက်ဖြန် အလှူကြီး ရှိသေးတယ်"

ရွှေတောင်ရှိ သားလေးနှင့် ရွှန်းတို့၏သူငယ်ချင်း သုံးလေးဦးမျှက သူတို့နှစ်ဦးအတွက် ပြင်ဆင်ထားသော အပေါ်ထပ် အိပ်ခန်းဝ၌ ရွှေကြိုးတားရန် ပြင်ဆင်နေကြသည်။

ရွှန်းလဲ့ရွှေရည် အိပ်မက်နေတာလားဟူ၍ပင် ထင်ယောင်ထင်မှား ဖြစ်လေသည်။ အမျိုးများက အလှူပေးမည့် ဘုန်းကြီးကျောင်းသို့ သွားသူက သွားနှင့်ဆိုတော့ နှစ်အိမ်စလုံး လူရှင်းသွားသည်။

"ဟေ့. . . လာကြ၊ နောက်မှ ကြိုးတား၊ စားကြသောက်ကြမယ်"

သားလေးနှင့် ရွှန်းတို့၏ငယ်သူငယ်ချင်းတစ်ဦးက လှမ်းခေါ်သည်။ သားလေး ပြန်လာသည်။ ဖိုးမောင် ပါမလာသေး။

"သားလေးရေ. . . သားကား ဖေဖေတို့ကို ခဏငှားပါဦး


www.burmeseclassic.com

www.burmeseclassic.com

ကွာ၊ ဘုန်းကြီးကျောင်းမှာ ပြင်ထားဆင်ထားတာလေး သွားကြည့်လိုက်ဦးမယ်"

သူတို့နှစ်ဦးအပေါ် စိတ်ချလက်ချ ရှိသွားဟန်ဖြင့် အလှူအတန်းကိစ္စဆီသို့ အာရုံပြန်ရောက်သွားကြသည့် မိဘများက ဘုန်းကြီးကျောင်း သွားရန် ပြင်ဆင်ကြသည်။

"ကား ဖိုးမောင် ယူသွားတယ်"

"အိမ်မှာ ဘီယာဘူးတွေ ရှိတယ်မဟုတ်လား"

"ဒီကောင်က ဝီစကီမှ သောက်ချင်တယ်ဆိုလို့ သူ့ကိုပဲ ရှာခိုင်းလိုက်တယ်"

"လူငယ်တွေ လွတ်လွတ်လပ်လပ် နေပါစေ၊ လာ. . . ကိုဘကျော်၊ ကျွန်တော်တို့ကားနဲ့ပဲ သွားကြမယ်"

"အိုကေ"

မိဘလေးဦး ထွက်သွားမှ ဝသုန်ကျော် သက်ပြင်းချလိုက်သည်။ ဝသုန်ကျော်က ငြိမ်သက်စွာ ထိုင်ရင်း ဖြစ်ပေါ်လာသည့် ပြောင်းလဲမှု၏မြန်ဆန်မှုကို သုံးသပ်၍မရဘဲ တုန်လှုပ်နေပုံရသော ရွှန်းလဲ့ရွှေရည်နားသို့ ကပ်ထိုင်လိုက်သည်။

"ဟိတ်. . . ဒီလိုမကဲနဲ့လေ၊ များတို့ ရှက်တယ်"

သူငယ်ချင်းများက စသည်။ ငယ်သူငယ်ချင်းများကတော့ သားလေးနှင့် ရွှန်းအတွက် ပျော်ရွှင်ကာ အထူးကျေနပ်နေမည်။

သက်ကိုနှင့် ဖိုးမောင်ကတော့ ဝသုန်ကျော်နှင့် မြတ်ပန်းပွင့်ဖြူ၊ ရွှန်းလဲ့ရွှေရည်နှင့် နန္ဒကျော်ခေါင်ကိုသာ ချစ်သူချင်း လက်ထပ်စေချင်သည့်ဆန္ဒ ရှိကြပေမည်။

"ကိုင်း. . . မင်းတို့ စားကြသောက်ကြဦးကွာ၊ ငါတို့. . ."





"ဘာလဲ. . . မင်းတို့ အိပ်တော့မလို့လား၊ မရဘူး မောင်ရင်၊ အိပ်ခန်းကို ငါတို့ပဲ ပြင်ဆင်ထားရတာ၊ သော့က ငါတို့ဆီမှာ၊ ရွှေကြိုးတားမယ်၊ ငါတို့ ကျေနပ်မှ မင်းတို့ ဝင်ရမှာ"

"မဟုတ်ပါဘူးကွာ. . . ငါတို့ရဲ့ချစ်သက်သေ ခရေပန်းလေးတွေကို သွားကောက်မလို့"

"ဘာလုပ်ဖို့လဲ"

"အိပ်ရာပေါ် ဖြန့်ကျဲပြီး ပန်းမွေ့ရာ ခင်းမလို့ဟ. . . သိပြီလား"

ဝသုန်ကျော်က ခပ်ရွတ်ရွတ် ပြောလိုက်သည်။ ပျော်တတ်နောက်တတ်သော သူငယ်ချင်းက. . .

"ပန်းလေးတွေကို သနားလိုက်တာဟယ်"

ဝသုန်ကျော် ရွှန်းလဲ့ရွှေရည်လက်ကို ဆွဲကာ ခရေပင်အောက်သို့ ခေါ်ခဲ့သည်။

ရွှန်းလဲ့ရွှေရည် လက်ဖျားတွေ အေးစက်နေသည်။

"ဖိုးမောင်ကလဲ ကြာလိုက်တာ"

ဝသုန်ကျော်က လမ်းသို့ လှမ်းမျှော်ရင်း ပြောလိုက်သည်။ သူ့စိတ်တွေ သိပ်လှုပ်ရှားနေသည်။ သူ လျင်မြန်စွာ ချလိုက်ရသော ဆုံးဖြတ်ချက်အတွက် သူ နောင်တမရချင်။ ထို့ကြောင့် အစီအစဉ်ချောမောရန် အာရုံထွေပြားလျက်။

"ဘာတွေ ဖြစ်ကုန်ပြီလဲ သားလေး"

"ရွှန်း. . . ငါ့ကို ခွင့်လွှတ်နော်"

"ဘာကိုလဲ"

"နှင့်သဘောထားကို ရယူချိန် မရလိုက်လို့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဖိုးမောင် လာပြီ"

ဖိုးမောင်က ကားကို အိမ်ရှေ့လမ်းမ၌ ကွေ့ကာ ရပ်လိုက်သည်။

"လာ. . ."

ဝသုန်ကျော်က ရွှန်းလဲ့ရွှေရည်လက်ကို ဆွဲကာ ကားရှိရာသို့ သွားလိုက်သည်။

"ရလာလားဟေ့"

"ရတယ် သားလေးရေ၊ အန်တီတို့က မင်းနဲ့ရွှန်း ဘုန်းကြီးကျောင်းကို လိုက်ခဲ့တဲ့"

"ဟာကွာ. . . ဘာလုပ်ဖို့လဲ"

"ဆရာတော်ကို ကန်တော့ဖို့တဲ့လေ"

ဝသုန်ကျော်က သုန်မှုန်ကာ. . .

"နောက်နေ့မှ ကန်တော့လဲ ရလျက်သားနဲ့၊ ဘွားတော်တို့က ရစ်သလား မမေးနဲ့၊ လာ. . . ရွှန်း"

ဝသုန်ကျော် ရွှန်းလက်ကို ဆွဲကာ ကားပေါ် တက်စေသည်။ ပြီးတော့. . .

"ဖိုးမောင်နဲ့သက်ကို. . . ဒီကောင်တွေ ကြည့်ညွှန်ထားလိုက်"

"စိတ်သာချ. . . ငါတို့ ထိန်းထားလိုက်မယ်၊ အမှောက်ပဲ"

"မမှောက်ဘူးဟေ့. . . ကြိုးတားဖို့အထိတော့ သတိလေးချန်ထားတယ်"

မိန်းကလေးတွေက ဘုန်းကြီးကျောင်းသို့ အများစု လိုက်ပါ





သွားကြသည်။ အိမ်၌ ကျောက်ကျောကျိုမည့်သူသာ ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။

"ဩော်. . . စာချုပ်ယူသွားဦး၊ ဆရာတော်က ဘာလုပ်ပေးမလို့ ဆိုလား"

ဖိုးမောင်က စားပွဲပေါ်က လက်ထပ်စာချုပ် ထည့်ထားသောစာအိတ်ကို ယူကာ ကားဆီသို့ ပြေးပို့လိုက်သည်။

"သိုင်းခ်ကျူး ဖိုးမောင်"

"ဂွတ်လပ်ခ် သူငယ်ချင်းတို့. . . သွားကြတော့"

ဝသုန်ကျော် ကားကို တစ်ရှိန်ထိုး မောင်းထွက်ခဲ့လိုက်သည်။ ခုချိန်ထိ ရွှန်းလဲ့ရွှေရည် နားမလည်သေး။ ဘုန်းကြီးကျောင်းသွားမည့်လမ်းသို့ မချိုးကွေ့ဘဲ ဟိုင်းဝေးလမ်းမပေါ်တွင် ဦးတည်ကာ ပြေးလျက်။

"သားလေး"

"ရွှန်း"

"နင် ဘာတွေ လျှောက်လုပ်နေတာလဲ"

"လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကို ငါလုပ်တာပါ၊ နင် နောက်တော့ ငါ့ကို နားလည်သွားမှာပါ"

"ငါ အခု နားလည်ချင်တယ် သားလေး"

"ဟိုမှာ နန္ဒကား၊ သူ နင့်ကို စောင့်နေတယ်၊ နင်လိုက်သွားရမယ်"

"ဘာ"

"ငါ မြတ်ကို လက်ထပ်မှ ဖြစ်တော့မယ်၊ မြတ်ဒါနားကို အမြန်ဆုံးရောက်အောင် ငါသွားရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းလဲ့ရွှေရည် ရင်၌ မီးတောင်ပေါက်ကွဲသည့်အလား တုန်ခါပေါက်ကွဲသွားသည်။

နန္ဒကျော်ခေါင်၏ကားကို ကျော်ကာ သားလေး ရပ်လိုက်သည်။ ရွှန်းလဲ့ရွှေရည် အံကို ကြိတ်ကာ ကားပေါ်မှ ဆင်းလိုက်သည်။

"ရော့. . . နန္ဒ"

"သိုင်းခ်ကျူး ဝသုန်"

"ငါ သွားနှင့်တော့မယ်"

"အေး. . . ဂွတ်လပ်ခ် နန္ဒ"

သားလေး ရွှန်းကို လှမ်းကြည့်လိုက်သည်။ ရွှန်းလဲ့ရွှေရည် ဆတ်ခနဲ ကျောခိုင်းလိုက်သည်။

သားလေး၏အဆုံးအဖြတ်အတွက် မိမိက ဘာဖြစ်၍ လက်မခံနိုင်ရမည်နည်း။ လက်ခံနိုင်ပါသည်။ သို့သော် ကျဆင်းလာသော မျက်ရည်စများကို သားလေး မမြင်စေချင်ပါ။ သားလေး သူ့ချစ်သူထံသို့ နောက်ကြောင်းအေးဆေးစွာ သွားပါစေတော့။

"ရွှန်း. . ငါသွားပြီ၊ ဂွတ်လပ်ခ် ရွှန်း"

ဝသုန်ကျော် ကားဆီသို့ ပြေးတက်ကာ တစ်ရှိန်ထိုး မောင်းထွက်သွားသည်။

ရွှန်းလဲ့ရွှေရည်၏ပါးပြင်တို့ဝယ် သောကမြစ်နှစ်စင်း အရှိန်ပြင်းစွာ စီးဆင်းလျက်။







## အခန်း [၃၂]

နန္ဒကျော်ခေါင် ရွှန်းလဲ့ရွှေရည်နှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

"ရွှေရည်"

စာချုပ်အိတ်ကို နန္ဒကျော်ခေါင် ကမ်းပေးလိုက်သည်။

ရွှန်းလဲ့ရွှေရည်က မျက်ရည်ကြားက လှမ်းယူလိုက်သည်။

"ကားပေါ် တက်ကြလေ ကလေးတို့၊ လူကြီးတွေ ရိပ်မိပြီး နောက်က လိုက်လာရင် ပြဿနာတက်ကုန်မယ်"

ဦးလေးဖိုးထူးက ကားစက်နှိုးထားရင်းက လှမ်းသတိပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ရွှေရည့်ကို ကိုယ်နားလည်ပါတယ်၊ သိမ်းထားချင် သိမ်းထားပါ"

ရွှန်းလဲ့ရွှေရည် မဲ့လိုက်သည်။ ရွှန်းလဲ့ရွှေရည်၏အသည်းသည် မပျော့ပါ။ ဖြစ်သင့်ဖြစ်ထိုက်တာကို ရွေးချယ်သွားသူ၊ လုပ်သွားသူ သားလေးနည်းတူ မိမိကရော ဘာဖြစ်လို့ မလုပ်နိုင်ရမည်နည်း။

မီးထိန်ထိန်လင်းနေသော ရွှေတောင်အထည်စက်ရုံကို လှမ်းမြင်နေရသည်။ သားလေး၏ကားနောက်မီးနီနီလေးသည် ဝေး၍ဝေး၍သွားလေပြီ။

"နန္ဒ"

"ရွှေရည်"

"နန္ဒကို ရွှေရည် လက်ထပ်မယ်"

ပြောပြောဆိုဆို လက်ထပ်စာချုပ်နှစ်ခုကို ပူးကာ အစိတ်စိတ် အမွှာမွှာ ဖြလိုက်သည်။ စာချုပ်၏အပိုင်းအစလေးများသည် ကားလမ်းပေါ် ဝယ် လေသင့်ရာ လိုက်ပါပြေးလွှားလျက်။

နန္ဒကျော်ခေါင် မချိပြုံးကို အားပေးပြုံး ဖြစ်အောင် ဖန်တီးကာ ပြုံးလိုက်ပြီး ရွှန်းလဲ့ရွှေရည်ကို တွဲကာ ကားတံခါးဖွင့်၍ တင်ပေးလိုက်သည်။

"နန္ဒ"

"ရွှေရည်"

"ရွှေရည့်ကို အမြဲတမ်း နားလည်ခွင့်လွှတ်ပေးပါ"

"ကိုယ် နားလည်ခွင့်လွှတ်ပေးပါတယ် ရွှေရည်"





နန္ဒကျော်ခေါင်၏ရင်ခွင်သို့ ရွှန်းလဲ့ရွှေရည် တိုးဝင်ကာ သောကမျက်ရည်စက်တို့ကို အားပါးတရ သွန်ချလိုက်လေသည်။

နန္ဒကျော်ခေါင်က ထွေးပိုက်ကာ အားပေးရင်း ရွှန်းလဲ့ရွှေရည် အငိုတိတ်သွားလျှင် ပထမဦးဆုံး ပြောရန်စကားကို စဉ်းစားလိုက်သည်။

မြတ်၏မိဘနှစ်ပါးစလုံး လေယာဉ်ပျက်ကျကာ ဆုံးပါးသွားသည့်အကြောင်းကို အရင်ပြောရမည်လား။

ဖိုးမောင်မှတဆင့် သားလေးက ဆက်သွယ်ခိုင်းကာ သူ့အား ရွှန်းလဲ့ရွှေရည်ကို တစ်ခါတည်း ခိုးသွားရန်အတွက် ရွှေတောင်ချည်မျှင်နှင့် အထည်ချုပ်စက်ရုံရှေ့က အဝေးပြေးလမ်းမပေါ်၌ စောင့်ခိုင်းခြင်းအကြောင်းကိုလား။

ဒါမှမဟုတ် ရွှေရည်အား အဘယ်မျှ ချစ်ကြောင်းကိုလား။

ဘာပဲဖြစ်ဖြစ် ဝသုန်ကျော်ကိုတော့ ကျေးဇူးတင်သွားသည်။ သစ်ပုပ်ပင်အောက်၌ သူ့ကို ထိုးလိုက်သဖြင့် ထွက်ခဲ့သော သွေးစများကို သုတ်ခဲ့သည့် ရွှန်းလဲ့ရွှေရည် ပုဝါလေးကတော့ဖြင့် မိမိ၏အိတ်ကပ်ထဲဝယ် ရွှေရည့်မျက်ရည်များကြောင့် မွန်းနေရှာပေတော့မည်ဟု . . .။

မြပုလဲခင်



www.burmeseclassic.com